www.burmeseclassic.com

# ဂျူး

# အိပ်မက်တို့စေရာ



Art & Design

www.burmeseclassic.com

www.burmeseclassic.com

အမှတ် (၄၀)၊ (၄)လွှာ၊ ဓမ္မစိန္တာလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎-၅၄၀၀၄၆

www.burmeseclassic.com

www.burmeseclassic.com

စာအုပ် (၂)

# ကျွန်း

## အိပ်မက်တို့စေရာ

အမှတ်(၄၀)၊ (၄)လွှာ၊ ဓမ္မစိန္တာလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
- ၅၄၀၀၄၆

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၈၄/၂၀၀၂ (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၇၉၉/၂၀၀၂ (၉)

မျက်နှာဖုံးပန်းချီ

**Art & Design**

**ThanDarKyawMaung**

ပုံနှိပ်ခြင်း

ပထမအကြိမ်

ထုတ်ဝေသည့်ကာလ

နိုဝင်ဘာလ၊ ၂၀၀၂ ခုနှစ်

အုပ်ရေ

(၅၀၀)

အတွင်းဖလင်

ဇင်ဦးနှင့်ညီများ

ထုတ်ဝေသူ

ဦးသန်းမောင်၊ မိုးဝေစာပေ(၀၅၄၈)

အမှတ်(၁၇၈)၊ ဦးချစ်မောင်လမ်း၊ ဂွတ္တလစ်လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းသားပုံနှိပ်သူ

ဦးခင်မောင်မြင့်၊ တွတ်ပီရောင်စုံပုံနှိပ်တိုက်(၀၆၇၀၂)

အမှတ်(၄/က)အဝေရာလမ်း၊ ဘောက်ထော်ရန်ကင်း၊ ရန်ကုန်မြို့။

တစ်အုပ်

၅၀၀ကျပ်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူမဆို တစ်ချိန်တုန်းက ကိုယ့်ဘဝအတွက် ....မျှော်လင့်ချက်
အိပ်မက်ကလေးတွေ မက်ခဲ့ဖူးမှာပါ။
အဲဒီထဲက တချို့ကတော့ သူတို့ အိပ်မက်တွေရဲ့ ခေါ်ဆောင်ရာကို
လိုက်ပါပြီး မဖြစ်မနေကြိုးစားကြတယ်။
အလွန်ကံကောင်းတဲ့လူတွေကျတော့.... သူတို့မက်ခဲ့တဲ့အိပ်မက်တွေ
အတိုင်း ဘဝကို ပုံဖော် တည်ဆောက်ခွင့်ရကြတယ်။
တချို့သူတွေကတော့ ကြီးလာတဲ့အခါ.... အိပ်မက်တွေကိုမေ့လျော့
သွားတတ်ကြတယ်။
တချို့လူတွေကတော့...သူတို့ရဲ့ ပျက်ပြယ်ခဲ့တဲ့ အိပ်မက်တွေကို
ဘယ်တော့မှ မေ့မပစ်နိုင်ကြဘူး။
တချို့သူတွေကတော့... ကိုယ့်အိပ်မက်တွေကို ဘေးချိတ်ပြီး
တခြားသူရဲ့ အိပ်မက်တွေကို အကောင်အထည် ဖော်ပေးနေကြရ
ရှာတယ်။
ဘယ်လိုပဲဖြစ်ဖြစ်...အိပ်မက်တွေသာ အမှန်တကယ် ဖြစ်ခွင့်ရမယ်
ဆိုရင်
မဖြစ်ချင်တဲ့သူ ဘယ်နှစ်ယောက်များ ရှိပါ့မလဲ ....။
အိပ်မက်တွေရဲ့ စေရာလမ်းကို လှမ်းဖို့ အခွင့်သာခဲ့မယ်ဆိုရင်...
မလှမ်းဘဲ နေမယ့်သူ ဘယ်နှစ်ယောက်များ ရှိပါ့မလဲ....။

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဝင်းထဲကို ဝင်လိုက်သည်နှင့် အမည်ဖော်ရန်ခက်ခဲသော ခံစားမှုတစ်ခုကို ခံစားလိုက်ရသည်။ ပြည်လမ်းနံဘေးရှိ ဆေးတက္ကသိုလ် (၁)။ တစ်ချိန်က ကိုယ်နဲ့အလွန်ရင်းနှီးကျွမ်းဝင်ခဲ့တဲ့၊ အမှတ်ရစရာတွေ များလွန်းလှတဲ့ နေရာလေး။ဒါပေမဲ့အခုတော့ ဒီနေရာက သူနှင့်ဘာမှမဆိုင်တော့။ သူ့ထက်များစွာ ငယ်နုသော မျက်နှာကလေးများက ဒီနေရာကို ပိုင်စိုးထားကြပြီလေ။

မရောက်တာကြာ၍ အနေစိမ်းသလို ဖြစ်နေသော ကျောင်းထဲသို့ လှမ်းဝင်ရန် ခြေလှမ်းရှံ့ကာ တွန့်ဆုတ်နေမိသည်။ အားတင်းကာ လှမ်းဝင်လိုက်စဉ် အပေါ်ထပ်သို့တက်သည့် လှေကားနံရံကို ကပ်ကာချထားသော ခုံတန်းတွင်ထိုင်နေကြသည့် ကျောင်းသူတချို့က သူ့ကို စူးစမ်းသလို လှမ်းကြည့်ကြသည်။ အခုတော့ သူက ဒီနယ်မြေမှာ မျက်နှာစိမ်းဖြစ်နေပြီမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ထိုင်နေတဲ့နေရာရှေ့ကနေ အမျိုးသမီးနားနေခန်းနားအထိ တောက်လျှောက်လွတ်နေတဲ့ နေရာကျယ်ထဲမှာ သူတို့ဆေးတက္ကသိုလ် ကျောင်းသားတစ်စု ကလေးဆန်စွာ ဘောလုံးကန်ခဲ့ကြဖူးတာကို ပြန်တွေး မိရင်းပြုံးချင်လာသည်။ ကျောင်းသားဘဝကို ပြန်တွေးမိတော့ ရင်ထဲမှာ လန်းဆန်းပေါ့ပါးလာသည်။ စက္ကင်းအမ်ဘီ(ခေါ်)ဆေးတက္ကသိုလ်ဒုတိယနှစ် တွင် စာများလွန်း၍ စိတ်ညစ်ရသည်ဆိုသော်လည်း ပျော်စရာအချိန်တွေက သိပ်တော့မရှားပါးခဲ့ကြပါ။ အခုတော့ သူတို့သူငယ်ချင်းတွေအားလုံး တစ် ယောက် တစ်နေရာစီမှာ။ တကယ့်ဘဝအမောတွေကို ရင်ဆိုင်ရမှ ကျောင်းသား ဘဝဆိုတာ ပျော်စရာအကောင်းဆုံးအချိန်ပါလားဟု နားလည်သိရှိခံစားရ တော့သည်။

အမျိုးသားနားနေခန်းဘက်သို့ ယောင်ချာချာဖြင့် လျှောက်လာမိ ပြီးမှ ဒီအထဲမှာ မိမိနဲ့ရွယ်တူ တစ်ဦးတစ်ယောက်မှ ရှိမနေနိုင်ကြောင်း သတိ ရကာ ပြန်လှည့်ထွက်ခဲ့သည်။ ဘယ်ကိုသွားရင် ကောင်းမလဲ။ ဆရာ၊ ဆရာမ တွေဆီ သွားရင်ကောင်းမလား။ ဒီမှာ သူသိသော ဆရာ၊ ဆရာမတွေမှ ရှိသေးရဲ့လား မသိ။ သူတို့ရဲ့ ဆရာကြီး ဆရာမကြီး အတော်များများတော့ ပင်စင်ယူကုန်ကြပြီဟု ကြားသည်။ အချို့ကလည်း အခြားဆေးတက္ကသိုလ် များသို့ ပြောင်းရွှေ့ကာ တာဝန်ထမ်းဆောင်နေကြရသည်တဲ့။ အခုအချိန်မှာ ကိုယ်နှင့်ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသူတစ်ယောက်ယောက်ကို တွေ့မြင်လိုစိတ် အလွန်အမင်း ပြင်းပြလာမိသည်။ နေ့လယ်အားလပ်ချိန်မို့ ကျောင်းကန်တင်း ထဲတွင် ရှုပ်ပွဆူညံနေသည်။ ကန်တင်းထဲမှာ မျက်နှာသိ တစ်ယောက်တလေ များ တွေ့လေမလားဆိုသော မျှော်လင့်ချက်ကလေးဖြင့် မျက်နှာများကို လိုက်လံရှာဖွေကြည့်မိသည်။ ဘယ်သူတစ်ဦးတစ်ယောက်မှပင် မမြင်။

www.burmeseclassic.com

www.burmeseclassic.com



ကန်တင်းကို ကျောခိုင်းကာ ကော်ရစ်ဒါအတိုင်း ဆက်လျှောက်လာခဲ့မိသည်။ နေရာတွေအားလုံးနှင့် ရင်းနှီးစွာ ထဲထဲဝင်ဝင်သိနေပါလျက်နှင့် အရမ်းစိမ်းနေသလို ခံစားနေရသည်။ ဖစ်ဆီယိုလော်ဂျီ(ဇီဝကမ္မဗေဒ)ဌာနထဲ ဝင်ရင် ကောင်းမလား။ အနက်တမိ(ခန္ဓာဗေဒ)ဌာနထဲ ဝင်ရင်ကောင်းမလား။ အဲဒီအထဲမှာမိမိသိသူတစ်ယောက်လောက်တော့အနည်းဆုံးတွေ့နိုင်မည်ထင်သည်။ အသိစိတ်ကင်းမဲ့စွာ တဖြည်းဖြည်းလျှောက်လာရင်း လူသေအလောင်းများ ထားရှိ၊ ခွဲစိတ်ရာ အခန်းများဘက်သို့ ရောက်မှန်းမသိဘဲ ရောက်လာသည်။ သူတို့ကျောင်းက ရန်ကုန်ပင်မတက္ကသိုလ်ကြီးလို မကျယ်ဝန်းသဖြင့် တစ်နေရာက လှမ်းကြည့်လျှင် တစ်ကျောင်းလုံးနီးပါး မြင်နေရသည်။ ဖွဲ့ဆိုညွှန်းစရာလည်း များများစားစား မရှိပါ။ သို့သော် ... အမှတ်ရစရာတွေကတော့ သူ့ရင်ထဲမှာ အပြည့်ရှိနေသည်။ သူ ကျောင်းသားဘဝက "ဒီလောက်လွမ်းစရာမကောင်းလှတဲ့ကျောင်းကို ဘယ်တော့မှ ပြန်မလွမ်းဘူးဟေ့ . . ." ဟု ကြွေးကြော်ခဲ့ဖူးသည်။ ကျောင်းပြီးကာ အလုပ်စဝင်ကတည်းက သူ့စကားကို သူဖျက်ကာ ဒီကျောင်းကို မကြာခဏ လွမ်းနေမိသည်။ ထို့ကြောင့်လည်း ရည်ရွယ်ချက်မရှိဘဲ ဒီဘက်ကို လမ်းကြုံတုန်း ကျောင်းထဲသို့ တစ်ခေါက်လောက် ဝင်ကြည့်ချင်စိတ်ပေါ်လာကာ ဝင်ခဲ့မိခြင်းဖြစ်သည်။ အခုတော့ သူတစ်ယောက်တည်း ယောင်ချာချာဖြစ်ကာ စကားပြောဖော်တစ်ယောက်လောက်ကို အလွန်အမင်း တောင့်တလာမိသည်။ "ဟိုတုန်းကဆို ငါတို့က ဒီနေရာမှာ ဘယ်လို"ဆိုပြီး ပြောချင်လာမိသည်။

အနက်တမီဒဇက်ရှင်ခန်း(ခန္ဓာဗေဒခွဲစိတ်ခန်း)တွေထဲကို လှမ်းကြည့်လိုက်မိသည်။ အရင်အတိုင်း ဘာမှ မပြောင်းလဲပါဘဲ။ လွမ်းဆွတ်

www.burmeseclassic.com

www.burmeseclassic.com



တမ်းတစိတ်တွေက သူ တားဆီးနိုင်စွမ်းမရှိမီ သူ့ရင်ထဲကို အရှိန်အဟုန်ပြင်းပြင်းနှင့် ချဉ်းနင်းဝင်ရောက်နှင့်နေပြီ။ ရင်ထဲနင့်ခနဲ ခံစားလိုက်ရသည်။ သူ့ရဲ့အမှတ်ရစရာအားလုံးထဲက မမေ့နိုင်ဆုံး အဖြစ်အပျက်တစ်ခုကလည်း ဒီအနက်တမိ ဒဇက်ရှင်ခန်းထဲမှာပဲ စတင်ခဲ့တာ မဟုတ်လား။ အချစ်ဆုံးသူနဲ့ စတင်ဆုံဆည်းခဲ့တဲ့နေရာ။ အချစ်ဆိုတဲ့အရာကို သူ စတင်ခံစားတတ်ခဲ့တဲ့ နေ့ကလေးတစ်နေ့ .....။

အခုတော့ ....။ သူတို့ တကယ်ကို ပြန်မဆုံနိုင်အောင် ဝေးခဲ့ကြပြီလား။ မယုံနိုင်တဲ့အဖြစ်အပျက်တွေနဲ့ ပျက်စီးခဲ့တဲ့ မျှော်လင့်ချက်တွေအကြောင်းကို သူပြန်မတွေးချင်တော့။ တကယ်လို့ အပျော်ဆုံးအချိန်တွေကို နောက်တစ်ကြိမ်လောက် ပြန်ရနိုင်ခွင့်ရှိမယ်ဆိုရင် သူ ဒီတစ်ကြိမ်မှာ လွတ်ထွက်မသွားအောင် အသေအချာ ဖမ်းဆုပ်ထားမိမှာပဲ။ ဝေးကွာသွားစေမယ့် အခြေအနေတွေကိုသာ သူ ကြိုတင်မြင်ခဲ့ရင် အချစ်ရဆုံးသူကို သူ့အနားက ထွက်ခွာသွားဖို့ သူ ဘယ်လိုနည်းနဲ့မှ ခွင့်ပြုခဲ့မှာ မဟုတ်ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

"ဟာ ....ငါ အနက်တမီဒဇက်ရှင်ခန်းထဲမှာ မျက်မှန်ကျန်ခဲ့ပြီကွ..."

ဘတ်စ်ကားဂိတ်ရောက်မှာ သူ့အမြင်တွေ မှုန်ဝါးဝါးဖြစ်နေကြောင်း သတိပြုမိသည်။

"မင်းလုပ်လိုက်ရင် ဒီအတိုင်းချည်းပဲ.... ဟိုမှာ ကားလာနေပြီကွ...."

မျိုးတို့က မကျေမနပ် ပြောသည်။ ဒီလိုကျောင်းဆင်းချိန်၊ ရုံးဆင်းချိန်တွေမှာ ကားအလွန်ကျပ်လေ့ရှိတာမို့ ကားအသေးလေးတွေဆိုရင် တက်ဖို့ပင်မလွယ်။ ကားအကြီးတွေ ကျပြန်တော့လည်း တစ်စီးရဖို့ကို အတော်ကြာကြာ စောင့်ယူရသည်။ ထို့ကြောင့် သူ ဘယ်သူ့ကိုမှ ဆွဲထားကာ ဒုက္ခမပေးချင်တော့။

"မင်းတို့ သွားနှင့်တော့ကွာ .... ငါ.... မျက်မှန်ပြန်ယူလိုက်ဦးမယ်..."

www.burmeseclassic.com

www.burmeseclassic.com



"မင်းတစ်ယောက်တည်း ဖြစ်ပါ့မလား .... ငါ ပြန်လိုက်ခဲ့ပေးမယ်လေ...."

မင်းနိုင်က စိုးရိမ်စွာ လှမ်းပြောသည်။

"ကိစ္စမရှိဘူး .... သွားနှင့်တော့ ...."

သူ လမ်းတစ်ဘက်သို့ ကူးကာ ကျောင်းထဲ ပြန်ဝင်လာခဲ့သည်။ ကျောင်းသား ကျောင်းသူများ မရှိတော့သောကြောင့် ကျောင်းက ခြောက်သွေ့တိတ်ဆိတ်နေသည်။ ဒီနေ့ သူတို့အဖွဲ့သာ ကျောင်းက ပြန်တာ နောက်အကျဆုံး ဖြစ်မည်ထင်သည်။ ဒီနေ့ နောက်ဆုံးအတန်းချိန်တွင် သူတို့ စက္ကင်းအမ်ဘီမှာ ပွဲဦးထွက်ဖြေရသည့် ဖစ်ဆီယိုကွန်ပလီရှင်စာမေးပွဲ(ဇီဝကမ္မဗေဒစာမေးပွဲအသေးလေး) အောင်စာရင်း ထွက်ခဲ့သည်။ အတန်းထဲက ကျောင်းသားကျောင်းသူနှစ်ရာကျော်ထဲတွင် သူ အမှတ်အများဆုံးဖြစ်ကြောင်း သွားကြည့်လာသည့် သူငယ်ချင်းများက သူ့ကို လာပြောကြသည်။ ထို့ကြောင့် သူ အရမ်းစိတ်လှုပ်ရှားပြီး မယုံရဲစွာဖြင့် နောက်ဆုံးအချိန်ဖြစ်သော ခန္ဓာဗေဒကျူတိုရီရယ်ပြီးသည်နှင့် အမှတ်စာရင်ကပ်ရာ ဖစ်ဆီယို နို့တစ်ဘုတ်ရှိရာသို့ အပြေးသွားကာ ကြည့်မိခဲ့သည်။

ဟုတ်သည်။ အားလုံးထဲမှာ သူ အမှတ်အများဆုံးဖြစ်သည်။ ထို့ကြောင့် ..... အပျော်လွန်ကာ ခန္ဓာဗေဒခွဲစိတ်ခန်းထဲက စာသင်ခုံပေါ်မှာ သူ့မျက်မှန်ကို ချွတ်ကာ တင်ထားမိခဲ့ကြောင်း သူ သတိမရတော့။

ကျောင်းဝင်းတစ်ခုလုံး ချောက်ချားစရာ ကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသည်။ သူ တစ်ခါမှ ဒီလောက် အိမ်ပြန်နောက်မကျဖူးခဲ့။ အောင်စာရင်းကြည့်ရင်း ကိုယ့်အမှတ်ဘယ်လောက်၊ သူ့အမှတ် ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လောက် အပြန်အလှန်ပြောဆိုနေကြသဖြင့် အချိန်ကုန်သွားမှန်း မသိလိုက်ဘဲ နောက်ကျသွားခြင်းဖြစ်သည်။ ပထမနှစ်မှ ဒုတိယနှစ်သို့အကူးတွင် စာတွေ့ အရမ်းများလာခြင်း၊ နှိုင်းယှဉ်လို့မရအောင် ပိုမိုခက်ခဲလာခြင်း၊ သင်ခန်းစာ တစ်ခုပြီးသည်နှင့် ချက်ချင်းစာမေးပွဲကောက်စစ်ခြင်း အစရှိသော အကြောင်း များစွာတို့ကြောင့် ကျောင်းသူ၊ ကျောင်းသား အတော်များများကျသည့်အထဲ တွင် မိမိက အမှတ်များရုံသာမက ဂုဏ်ထူးမှတ်ပင်ရသည်ဆိုတော့ ဝမ်းသာ စရာ အလွန်ကောင်းလှသည်။ ပထမနှစ်ပြီးဆုံး၍ ကျောင်းပိတ်သောအချိန် တွင် အနားမယူဘဲ မေးခွန်းဟောင်းတွေ စုဆောင်းကာ စာကြိုဖတ်ခဲ့သည့် အကျိုးကျေးဇူးပင်။ သူ့ကို စာရှင်းပြကာ စာကျက်နည်းတွေပေးသည့် နောက်ဆုံးနှစ်အပိုင်း(က)မှ အစ်ကို တစ်ဝမ်းကွဲ၏ ကျေးဇူးလည်း မကင်းပေ။ သည်ပုံအတိုင်းဆိုရင် ဒုတိယနှစ်တွင် ဘာသာစုံဂုဏ်ထူးထွက်ခဲ့သည့် အစ်ကို့ ခြေရာကို သူနင်းနိုင်လိမ့်မည် ထင်သည်။

လူသူကင်းမဲ့နေသော ကျောင်းထဲသို့ဝင်လာရင်း စိတ်အားငယ်သလို ခံစားလိုက်ရသည်။ ကန်တင်းမှ ရောင်းသူများပင် ပြန်ကုန်ကြလေပြီ။ အလုပ် သမားဆိုလို့လည်း တစ်ယောက်တစ်လေပင် မတွေ့ရ။ ကျောင်းဝမှ လှည့်ပြန် သွားချင်စိတ် ပေါက်လာသော်လည်း မျက်မှန်ကို ပြန်မယူလို့ မဖြစ်တာမို့ "ငါယောကျ်ားပဲ ဘာကြောက်စရာရှိလဲ" ဟု စိတ်တင်းကာ ဆက်လျှောက် လာခဲ့သည်။ သူ့မျက်မှန်ပါဝါက သိပ်အများကြီး မဟုတ်လှသော်လည်း မျက်မှန်မပါဘဲ ဒီအတိုင်း ညဘက်စာကျက်လျှင် သူ မျက်စိအရမ်းကိုက် လေ့ရှိသည်။ စာများလှသော ဒီအတန်းမှာ မျက်စိကိုက်ကာ စာမကျက်နိုင် ဖြစ်ဖို့ သူ အခွင့်အရေး မပေးနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေနှင့် စကားပြောရင်းလျှောက်စဉ်က နီးနီးလေးဟု ထင်ခဲ့သည့်နေရာတွေက တစ်ယောက်တည်း လျှောက်ရသောအခါ မရောက်နိုင်တော့ဖူးဟု ထင်ရလောက်အောင် အလွန်ဝေးနေတော့သည်။ ပြီးတော့ သူသွားရမည့်နေရာက လူသေအလောင်းများ သိမ်းဆည်းထားသည့်နေရာ။ ယောကျ်ားလေးပေမယ့် အခုမှ လူသေစခွဲရတာ တစ်ပတ်သာ ရှိသေးတာမို့ ဒီအခန်းတွေနဲ့ နေသားမကျနိုင်စွာ အတွင်းစိတ်က ကြောက်ရွံ့နေမိတာ လွန်မည်မထင်ပါ။ အမျိုးသမီးများနားနေခန်းဘေးက ထောင့်ချိုးတွင်ခေတ္တရပ်ကာ ဆက်သွားသင့်၊ မသွားသင့် ချိန်ဆနေမိသည်။ အခန်းတံခါးတွေ ပိတ်သွားပြီ ဆိုရင် သွားလည်း အလကားပဲ။ ဒါပေမယ့် ဒီအထိ ပြန်လာခဲ့ပြီးမှတော့ရောက်အောင်ဆက်သွားဖို့ကောင်းသည်။ ဘာမှဝေးတာမှ မဟုတ်ဘဲဟု ကိုယ့်ကိုယ်ကို အားပေးကာ ဆက်လျှောက်ရန် ခြေလှမ်းစလိုက်သည်။ ပေါ့လျော့စွာ မျက်မှန်ကို စားပွဲပေါ်မှာ ချွတ်ထားခဲ့သည့် ကိုယ့်ကိုယ်ကို စိတ်ထဲက အပြစ်တင်နေမိရင်း တကယ်လား၊ တစ်ယောက်ယောက်က လုပ်ကြံပြောခဲ့တာလားဟု ဘယ်သူမှ အသေအချာ မသိကြသည့် ဒီအခန်းများ၏ ဖြစ်ရပ်ဆန်းများစွာတို့က ခေါင်းထဲသို့ အလိုလို ဝင်ရောက်လာကြသည်။

မှတ်မိသမျှ ဘုရားစာတို့ကို စိတ်တွင်းမှ ရေရွတ်ရင်း အားတင်းကာ ကော်ရစ်ဒါအတိုင်း ဆက်လျှောက်လာခဲ့သည်။ ဖော်မလင်နံ့များက သူ့ကို စိတ်အနှောင့်အယှက် ပိုဖြစ်လာစေသည်။ ဒီအနံ့တွေရှူပြီး အိမ်ပြန်ရောက်လျှင် ထမင်းစားချင်စိတ်ပင်မရှိ။ သူ့အစ်ကိုတစ်ဝမ်းကွဲကတော့ “အစမို့ပါကွာ .... နောက်ဆိုရင် မင်းတို့တစ်တွေ ဒီအခန်းထဲမှာ ထမင်းတောင် ခိုးစားကြဦးမှာ” ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ကံကောင်းသည်။ အခြားအခန်းတံခါးများ ပိတ်သွားပြီဖြစ်ပေမယ့် သူတို့ ကျူတိုရီယယ်ခန်း၏ တံခါးပေါက်တစ်ပေါက်ကတော့ ပွင့်နေသေးသည်။ ဒါဆို အနည်းဆုံး အလုပ်သမားတစ်ယောက်လောက်တော့ အထဲမှာ ရှိဦးမှာ သေချာသည်။ သူ အားတက်လာကာ ခြေလှမ်းကို ခပ်သွက်သွက် လှမ်းလိုက်သည်။ ဖွင့်ထားသည့် တံခါးပေါက်က သူ့မျက်မှန်တင်ထားခဲ့မိသည့် စားပွဲဘက်အခြမ်းတော့ မဟုတ်။ သူတို့ရဲ့ ခန္ဓာဗေဒခွဲစိတ်ခန်းတွေမှာ ထိပ်တစ်ဘက်စီတွင် တံခါးပေါက်တစ်ပေါက်စီရှိပြီး၊ ထိုတံခါးပေါက်နှင့် တည့်တည့်နေရာ တစ်ဘက်စီတွင် စာသင်ခုံတွေ ဘေးတိုက်စီထားကာ ကျူတိုရီယယ် အဖွဲ့ငယ်လေးတွေခွဲပြီး သင်ကြားရခြင်းဖြစ်သည်။ အလယ်က လွတ်နေသည့် နေရာကျယ်တွင်တော့ အဖွဲ့လိုက် လူသေများ ခွဲစိတ်ကြရသည်။ အတွင်းဘက်တွင်တော့ လူသေများ သိမ်းဆည်းရာ အခန်းရှိသည်။ အခန်းက အတော့်ကို ကျယ်ဝန်းတာမို့ အခန်းသီးခြား ကန့်မထားသော်လည်း ကျူတိုရီယယ်အဖွဲ့နှစ်ဖွဲ့၊ သုံးဖွဲ့လောက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အနှောင့်အယှက် သိပ်မဖြစ်ဘဲ ကောင်းကောင်းသင်နိုင်သည်။

ဖွင့်ထားသည့် တံခါးဝမှ မြန်မြန်ဝင်ကာ မျက်မှန်ယူရန် စိတ်စောနေသော သူ့ခြေလှမ်းများ တံခါးဝတွင် ရပ်တန့်ကာ သူ ကြက်သေသေသွားသည်။ ဖွင့်ထားသည့် တံခါးဝဘက်မှ ခုံတန်းရှည်တစ်ခု၏ အတွင်းဘက်စွန်းမှာ ထိုင်နေသူတစ်ဦး။ တိတိကျကျ ဆိုရလျှင် မိန်းကလေးတစ်ဦး။

ဘေးတစ်စောင်း အနေအထားမို့ မျက်နှာကို မမြင်ရ။ ရှည်လျားနက်မှောင်သည့် ဆံပင်များက မျက်နှာကို ကွယ်ထားသည်။ စားပွဲပေါ်တင်ထားသည့် လက်၏အသားအရည်က ရွှေဝါရောင်တောက်ကာ ကြည်လင်ဝင်းပ

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ထိုင်နေသည့် ကိုယ်နေဟန်က ပြေပြစ်တင့်တယ်လွန်းလှသည်။

ဒါ ... ဒါ ... လူ လုံးဝ မဖြစ်နိုင်။ သူလို ယောကျ်ားလေးတစ်ယောက်တောင်မှ ဒီလိုအချိန်မျိုးမှာ ဒီလိုနေရာမျိုးကို လာဖို့ကြောက်သေးတာ၊ မိန်းကလေးတစ်ယောက်က ဘာအကြောင်းနဲ့ ဒီလို တစ်ယောက်တည်း လာထိုင်နေရမှာလဲ။ သရဲလား ....။ ဒီလောက်လှတာဆိုတော့ ဥစ္စာစောင့်ဆိုတာပဲဖြစ်မည်ထင်သည်။ ဒါပေမယ့် သူ့မျက်နှာကို မြင်ရသေးတာမဟုတ်။ တော်ကြာ သူ့ဘက်ကို လှည့်လိုက်မှ ကြောက်စရာ မျက်နှာကြီးဖြစ်နေရင် ....။ ဒီလိုနေရာမျိုးမှာ တစ္ဆေသရဲတွေ၊ နာနာဘာဝတွေ မရှိဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။

ကိုယ်အတွေးများနှင့်ကိုယ် ချောင်ပိတ်မိကာ တစ်ကိုယ်လုံး ချွေးစေးတွေ ပြန်လာသည်။ နေရာမှ မရွေ့အောင် ဘယ်လိုမှ ကြိုးစား၍မရ။ အခုနေ နောက်ကြောင်းပြန်လှည့်ပြီး ပြေးရင်ကော လွတ်နိုင်ပါ့မလား။ တစ်ရက်တစ်လေ စာမဖတ်ဘဲ နေလိုက်ရင် ဘာဖြစ်သွားမှာမို့လဲဟု လျှာရှည်ချင်လှတဲ့ ကိုယ့်ကိုယ်ကို ဒေါသထွက်ရင်း မေ့လျော့သွားသော ဘုရားစာများကို အစဖော်ရန် ကြိုးစားနေမိသည်။ ရင်ခုန်သံနှင့် အသက်ရှူသံ၏ ကျယ်လောင်နေမှုကို ကိုယ့်ဘာသာကိုယ်ပင် သတိပြုမိနေသည်။

ထိုင်နေသော ပုံသဏ္ဌာန်က အနည်းငယ် လှုပ်လာသည်။ သူထွက်ပြေးချင်လှပြီ။ သူ့ရုပ်ခန္ဓာက သူ့စိတ်အလိုကို မလိုက်နိုင်စွာ နေရာမှ မရွေ့။ မမြင်ဝံ့စရာတွေ မမြင်လိုသဖြင့် မျက်နှာလွှဲရန် ကြိုးစားမိသော်လည်း မျက်လုံးများက သစ္စာဖောက်ကာ အကြည့်ကို ထိုသဏ္ဌာန်ထံမှ ခွာမရ။

ဘုရား .... ဘုရား ....။ ဒီဘက်ကို လှည့်လိုက်လို့ ကြောက်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြစ်နေရင် ....။ သူ ထိုနေရာတွင်ပင် လိပ်ပြာလွင့်သွားလိမ့်မည် ထင်သည်။

တဖြည်းဖြည်းလှုပ်ရှားလာသော ထိုသဏ္ဍာန်က သူ့ဘက်သို့ ဖြည်းဖြည်းချင်း လှည့်လာသည်။

သရဲမဟုတ် .... ဥစ္စာစောင့် ....။

သွယ်တန်းနက်မှောင်နေသော မျက်ခုံးများအောက်က လင်းလက်တောက်ပကြည်လင်နေသော မျက်ဝန်းနက်တစ်စုံကို ကော့ညွတ်ရှည်လျားသည့် မျက်တောင်များက အနားသတ်ထားသည်။ ပြေပြစ်စွာ ဆင်းသွားသည့် နှာတံအောက်က ဖူးငုံနေသည့် နှုတ်ခမ်းနှစ်လွှာက ပန်းနုရောင်နှင်းဆီပွင့်ချပ်ကလေး တင်ထားသလိုပင်။

မျက်တောင်မခတ်နိုင်အောင် ငေးကြည့်နေမိရင်း ပါးပေါ်မှ မျက်ရည်တစ်ချို့ကို သတိပြုလိုက်မိသည်။ ဥစ္စာစောင့်ဆို ငိုတတ်ပါ့မလား။

သူ့ကို တွေ့လိုက်မိသဖြင့် လန့်သွားကာ မျက်ရည်စများကို သိမ်းပြီး ဘေးသို့ချထားသည့် လွယ်အိတ်ကို လွယ်ကာ ထိုင်ရာမှ ထလိုက်လေသည်။ သူလည်း ဒီတော့မှ သတိဝင်လာကာ တစ်ဘက်ရှိ စာသင်ခုံများရှိရာသို့ အမြန်သွားပြီး ကျန်ခဲ့သော မျက်မှန်ကို သွားယူရသည်။ သူ ပြန်လှည့်ကြည့်မိတော့ ကောင်မလေး မရှိတော့။ ကိုယ်ပျောက်သွားတာတော့ ဟုတ်မည်မထင်။ သူ ကျောင်းတံခါးဝနားကို ရောက်တော့ အခုမှ ဘယ်က ပေါ်လာမှန်းမသိသော အလုပ်သမားတစ်ဦးကို တွေ့လိုက်ရသည်။ အလုပ်သမားက သူ့ကို 'မပြန်သေးဘူးလား'ဟု မသင်္ကာဟန်ဖြင့် မေးနေစဉ် ကျောင်းဝင်းထဲမှာ ရပ်ထားသည့် ကားအဖြူလေးပေါ်တက်ကာ မောင်းထွက်သွားသည့် သူမကို လှမ်းသတိပြုလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မျက်မှန်ကျန်ခဲ့လို့ ပြန်လာယူတာပါ...."

အလုပ်သမားဦးလေးကြီးကို အဖြေပေးရင်း ကျောင်းဝင်းထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

ဥစ္စာစောင့် မဟုတ်ဘူး လူပဲ....။ လှလိုက်တာ ....။

ဘတ်စ်ကားမှတ်တိုင်တွင် ရပ်လိုက်စဉ် သူ့ရင်တွေ အရမ်းခုန်နေတာ သတိပြုလိုက်မိသည်။ ဒီတစ်ကြိမ်တွင်တော့ ကြောက်လို့ ရင်ခုန်ခြင်း မဟုတ်တာ အလွန့်အလွန်ကို သေချာလှပါသည်။

စာသင်ခန်းအဝမှ အလင်းရောင်တွေ ဖြာထွက်လာသလားဟု ရုတ်တရက် ထင်လိုက်မိသည်။ သူ့မျက်စိထဲတွင် ပတ်ဝန်းကျင်မှအရာများအားလုံး မှုန်ဝါးကာ စာသင်ခန်းထဲသို့ တစ်လှမ်းချင်းဝင်လာသည့် သူမတစ်ယောက်ကလွဲ၍ ဘာကိုမှ မမြင်တော့။ သူမကတော့ သူ့ကို မျက်လွှာပင် တစ်ချက်ပင့်မကြည့်။ ယနေ့တော့ ကျောလည်အထိ ရှည်လျားသည့် ဆံကေသာကို အနောက်မှစုကာ ခပ်မြင့်မြင့် စည်းထားသည်မို့ မျက်နှာလေးက ဝင်းပကာ ပေါ်လွင်နေသည်။ ယနေ့ခေတ် မိန်းကလေးတွေ ဝတ်ခဲလှသည့် မြန်မာအင်္ကျီ လက်တိုလေးကြောင့် သူမအလှက ပိုမိုပေါ်လွင်နေသည်။ မိန်းကလေးတစ်ဦး၏ သာမန်အရပ်ထက် ပိုမြင့်မားမှုန်း သိသာပေမယ့်၊ လိုက်လျောညီထွေရှိသော ခန္ဓာကိုယ်အချိုးအဆစ်ကြောင့် ကလန်ကလားမဖြစ်ဘဲ အလွန်ပင်ကြည့်၍ ကောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်တော့ အရာအားလုံးထက် သူမ၏ကြည်လင်ဝင်းပသည့် အသားအရေက ပို၍ အံ့ဩစရာဖြစ်နေသည်။ မနေ့က ခပ်မှောင်မှောင်ဖြစ်နေသည့် ခန္ဓာဗေဒအခန်းထဲမှာပင် အတော်လင်းလက်နေကြောင်း သတိပြုမိသည်။ ဆွတ်ဆွတ်ဖြူတာမျိုးလည်း မဟုတ်။ အဝါဘက်ကို ပြေးကာ မှုန်ညက်နေသည်။ ပပဝတီတို့ ခုနစ်ဆောင်တိုက်ခန်းမှာ မီးမထွန်းဘဲ လင်းသည်ဆိုသည်မှာ ဒီလိုအသားအရေမျိုးကြောင့်ပင် ဖြစ်မည်ဟု သူ တွေးနေမိသည်။

"အဲဒါပေါ့ ....ဥစ္စာစောင့် ဖမ်းစားတယ်ဆိုတာ ...."

အနားတွင်ထိုင်နေသော သစ်ထွန်း၏အသံကြားမှ သူငေးငိုင်နေရာမှ သတိဝင်လာကာ အနည်းငယ် ရှက်သွားမိသည်။

"ဟောဒီမှာ....ရိပ်မိုးတစ်ယောက် မနေ့က အနက်တမီဒဇက်ရှင်ခန်းထဲမှာ ဥစ္စာစောင့် တွေ့လာလို့တဲ့ဗျို့...."

ရဲသွေး၏ကျယ်လောင်သော အသံကို တားဆီးချိန်မရတော့။ ဒီလိုပုံနှင့်ဆိုလျှင် ခက်ချေတော့မည်။ သူမကို သူငယ်ချင်းအဖြစ် ခင်မင်ခွင့်ရဖို့ပင် လွယ်မည် မထင်။

"မင်းတို့ကို ပြောပြမိတာ မှားပြီထင်တယ်ကွာ" ဟု သူ ခပ်တိုးတိုးညည်းညူလိုက်မိသည်။

သူထိုင်သည့်နေရာနှင့် မျက်စောင်းထိုးခုံတန်းတွင် ဝင်ထိုင်လိုက်သည့် သူမများ ရှက်သွားမလားဟု စိုးရိမ်တကြီး လှမ်းကြည့်လိုက်မိသော်လည်း သူမကတော့ ဘာမှပင် သတိထားမိပုံမပေါ်။

ပထမဆုံးအချိန်က ဇီဝဓာတုဗေဒ။ သူ မနေ့ညက သင်ခန်းစာများကို ကြိုတင်ဖတ်လာခဲ့သဖြင့် ဆရာမပြောတာတွေကို လွယ်လွယ်ကူကူ

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်သည်။ ညက ကိုယ့်ဘာသာကိုယ်ဖတ်ရင်း နားမလည်သည့် အချက်များကို တေးမှတ်ထားခဲ့သည်။ ဆရာမ ရှင်းပြလိုက်မှ သူ မရှင်းသည့် အချက်တွေကို အတော်နားလည်သွားသည်။ သူမရှိရာကို တစ်ချက် တစ်ချက် လှမ်းကြည့်မိတော့ ပရိဂျက်တာဖြင့် ထိုးပြထားသည့် ဆရာမရေးလာသည့် ထရန်စပယ်ရန်စီထဲက စာသားတွေကို အသည်းအသန် လိုက်ကူးနေတာ တွေ့လိုက်ရသည်။

"မိန်းကလေးတွေက အဲဒါတွေ ခက်တာပဲ" ဟု တွေးရင်း သူ ပြုံး လိုက်မိသည်။ စာအုပ်ထဲမှာ အားလုံးရှိနေလျက်သားနဲ့ ဆရာမ ဘာပြောပြော ဘာရေးရေး လိုက်ကူးရ၊ လိုက်ရေးရမှ ကျေနပ်ကြသည်။

မနက်က ကျောင်းရောက်ရောက်ချင်း မနေ့က သူမနှင့်တွေ့ခဲ့သည့် အကြောင်းကို သူငယ်ချင်းများအား ပြောပြခဲ့မိသည်။ သူမ၏ပုံသဏ္ဍာန်ကို ပြောပြလိုက်သည်နှင့် သူငယ်ချင်းတွေအားလုံးက ဘယ်သူဆိုတာ တန်းခနဲသိ ကြသည်။ သူမ ဆေး(၂)ကပြောင်းလာတာ နှစ်ပတ်တောင်ရှိပြီတဲ့။ ဒီလောက် ချောသည့် ကောင်မလေးကို အခုမှ သတိထားမိရသလားဟု သူ့ကို ဝိုင်းကာ အပြစ်တင်ကြသည်။ ပိုဆိုးသည်က သူနှင့် သူမက ခုံနံပါတ်တစ်ခုသာခြားသည်။ ထို့ကြောင့် ဘယ်လိုမဆို သတိပြုမိသင့်သည်။ သတိမပြုမိတာက တစ်ချိန်လုံး စာခြောက်နေလို့သာဟု သူ့ကို ဝိုင်းပြောကြသည်။ သူ့ခုံနံပါတ်က ကျူတို ရီယယ် အဖွဲ့ငယ်များခွဲရာတွင် အမြဲတမ်း နောက်ဆုံးဖြစ်နေသည်မို့ အခြားအဖွဲ့ ငယ်၏ ဒုတိယခုံနံပါတ်ဖြစ်သော သူမနှင့် နီးလျက်က ဝေးနေခြင်းဖြစ်သည်။

သူငယ်ချင်းတွေ ပြောပြလို့ သိခွင့်ရတဲ့ သူမအမည်က ရွှေရောင်တဲ့။ သူမနဲ့ အဲဒီထက် ပိုလိုက်ဖက်တဲ့ နာမည် ဘယ်မှာမှ ရှာလို့ ရနိုင်တော့မည် မထင်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ကောင်မလေးတစ်ယောက်က ဘာကြောင့်များ ခန္ဓာဗေဒ ခွဲစိတ်ခန်းထဲမှာ မကြောက်မရွံ့ တစ်ယောက်တည်း ထိုင်ပြီး မျက်ရည်ကျနေရတာလဲ။ ထိုကိစ္စကိုတော့ သူ့သူငယ်ချင်းများကို သူ မပြောပြခဲ့ပါဘူး။ ပြောပြလို့လည်း မဖြစ်။ သူ့သူငယ်ချင်းတွေက အလွန်အနောက်အပြောင်သန်သည့်သူတွေလေ။

ဘယ်လိုအခက်အခဲတွေရှိနေလို့လည်း မိန်းကလေးရယ်။ တတ်နိုင်ရင် ဖြေရှင်းပေးချင်ပါဘိကွယ်။

ဒုတိယအချိန်က ခန္ဓာဗေဒ။ ကြားထဲက ဆယ်မိနစ်နားချိန်မှာ သူမ ဘယ်မှ မထွက်ဘဲ ငြိမ်ငြိမ်လေး စာထိုင်ဖတ်နေတာ တွေ့ရသည်။ ဘယ်သူနဲ့မှလည်း သိပ်စကားမပြော။ ငုံ့ထားတဲ့ ခေါင်းကိုလည်း သိပ်မဖော်သည့် မြန်မာဆန်ဆန် ကျက်သရေရှိလှသည့် ကောင်မလေးကို တိတ်တခိုးငေးမောရင်း သူလည်း အတန်းထဲမှာပဲ ထိုင်နေမိသည်။

တတိယအချိန်က ဇီဝကမ္မဗေဒ ကျူတိုရီယယ်။ တစ်ခါမှ မိမိစားပွဲမှ ကျော်တက်မကြည့်တတ်သူ တစ်ယောက် တစ်ဖက်က ကျူတိုရီယယ်စားပွဲသို့ မကြာခဏ လှည့်ကြည့်မိနေသည်။ သူမကတော့ သူ့ကို သတိပင်ပြုမိမည်မထင်။ ကျူတိုရီယယ်ဆရာမများက ဘယ်သူမှ မထိုင်ချင်သည့်စားပွဲထိပ်က သူတို့နှင့် အနီးဆုံးနေရာတွင် အမြဲထိုင်လေ့ရှိပြီး၊ သူတို့ကို မေးခွန်းများစွာ မေးတတ်သူ သူ့ကို နာမည်နှင့်တကွ မှတ်မိနေကြသည်။ ဒီနေ့တော့ စာထဲမှာ စိတ်ဝင်စားအောင်ပင် မနည်းကြိုးစားနေရသဖြင့် ဘာမေးခွန်းမှ မမေးဘဲ တိတ်ဆိတ်ငြိမ်သက်နေသည့် သူ့ကို ဆရာမက သတိပြုမိစွာ စာမေးလေတော့သည်။

"ကဲ....ရိပ်မိုး ပြောပါဦး။ လူတစ်ယောက်ရဲ့ ပုံမှန် အသက်ရှူနှုန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်မိနစ်မှာ ဘယ်နှစ်ကြိမ် ရှိသလဲ...."

"ဟို....ဟိုဒင်း ...."

အဖြေက ရုတ်တရက် ခေါင်းထဲမှ ထွက်မလာ။

လောလောဆယ် ခေါင်းထဲတွင်ရှိသော ကိန်းဂဏန်းမှာ သူလတ်တလောလေးတင်ကမှ သိလိုက်ရသည့် ရွှေရောင့်ခုံနံပါတ်သာ။

"၁၂၆"

ရုတ်တရက်ပါးစပ်မှ ထွက်သွားခြင်းကို သတိရချင်း တားဆီးရန်ကြိုးစားလိုက်သော်လည်း မမီတော့။ ဆရာမက အံ့အားသင့်သော မျက်လုံးများဖြင့် သူ့ကို လှမ်းကြည့်စဉ် အကြောင်းသိသော သူ့အနားတွင် ထိုင်နေသည့် ရဲသွေးက ခပ်တိုးတိုးရယ်နေသည်။

"ဟဲ့... ကိုယ့်အသက်ရှူနှုန်းကိုပဲ ကိုယ်ပြန်ရေကြည့်ပါဦး ... ။ တစ်ရာတောင်ကျော်ဖူးလို့လား။ ပုံမှန်ကို မသိရင် ... ကိုယ့်ကိုယ်နဲ့ အရင်ချိန်ကိုက်ကြည့်၊ အရမ်းမဖြီးနဲ့ ... " ဟု ဆရာမကပြောတော့ သူ့ကိုတစ်ဖွဲ့လုံးဝိုင်းရယ်ကြသည်။ ရယ်သံများထွက်လာသည့် သူတို့စားပွဲဘက်ကိုလှမ်းကြည့်သည့် ရွှေရောင်နှင့် အကြည့်ချင်းဆုံမိကာ သူတစ်ကိုယ်လုံး ဓါတ်လိုက်ခံရသလိုဖြစ်သွားသည်။

သူပြောလိုက်သည့်ဂဏန်းက သူမရဲ့ခုံနံပါတ်ဆိုတာ သိသွားရင် သူမဘယ်လိုများ တုန့်ပြန်မလဲ။ သူ့လိုပဲ ရင်ခုန်မလား။ ဒါမှ မဟုတ် စိတ်ဆိုးသွားမလား။

"ဟောတော် ... ကိုရိပ်မိုး။ စိတ်တွေ ဘယ်ရောက်နေသလဲ"

ဆရာမအသံကြားမှ သူအတွေးလွန်သွားမှန်း သတိပြုလိုက်မိသည်။ သူ့ကို တစ်ခုခုမေးလိုက်သည်ဟု သိလိုက်သော်လည်း သူဘာမှ မကြားလိုက်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာလဲ အစ်မ ..."

"ရိပ်မိုးကို အစ်မတို့က ဒစ်စတေးရှင်းကိုင်းနက်တစ်အဖြစ် မှန်းရမလား အောက်မေ့ပါတယ်။ ဒီပုံနဲ့ဆိုရင်တော့ မလွယ်ပါဘူး ..." ဟု ခပ်ညည်းညည်းပြောလိုက်သည့် ဆရာမစကားက သူ့ကို အသည်းခိုက်အောင် နာသွားစေသည်။ စိတ်ကူးယဉ်အိပ်မက်မှ လန့်နိုးကာ သူ့ရည်မှန်းချက်များ ခေါင်းထဲပြန်ဝင်လာကြသည်။ ဟုတ်သည်။ သူပေါ့လို့ မဖြစ်။ သည်နှစ်က နည်းနည်းကလေးမှ အတိမ်းအစောင်းမခံ။ စာမေးပွဲအသေးလေးတစ်ခု ကျလျှင်ပင် နောက်ထပ်ဘယ်လောက်ကြိုးစား ကြိုးစား "ဒီ" ထွက်ဖို့ မျှော်လင့်ချက်မရှိတော့။ "ရည်းစားက နောက်ဘယ်တော့ထားထား ရတယ်။ ဒီနှစ် တစ်နှစ်တော့ လုံးဝမထားနဲ့ကွ ... " ဆိုသော သူ့အစ်ကိုဝမ်းကွဲ၏ စကားများကိုပါ ပြန်သတိရလာသည်။ ဒီတစ်နှစ်ကလေး ကြိုးစားလိုက်ရင် အခြေခံတွေ ပိုင်သွားမယ်။ သူ့ရှေ့ရေးအတွက် စိတ်အေးရမယ်။ ပြီးတော့ သူ 'ဒီ' ထွက်ချင်တာက တစ်ဘာသာထဲမဟုတ်။ လောဘကြီးစွာ သုံးဘာသာ စလုံးထွက်လိုခြင်း။ ဒီတော့လည်း သူ မေ့ထားသင့်သည်များကို မေ့ထားဖို့ လိုအပ်လာပြီပေါ့။

ဒီတစ်နှစ်တော့ မင်းကို မေ့ထားချင်တယ်ကောင်မလေးရယ်ဟု သူရင်ထဲမှ ညည်းတွားလိုက်မိပါတော့သည်။

၁၀

စာမေးပွဲနီးလာပြီဆိုလျှင် ရိပ်မိုးတို့ အလွန်စန်းပွင့်သည်။ နည်းနည်းဝေးစဉ်က စာထဲစိတ်မဝင်စားသူများက အတန်းမှန်မှန်တက်သူ စာစုံသူ တစ်ဦးဖြစ်သော ရိပ်မိုးကို လာရောက်အကူအညီတောင်းလေ့ရှိကြသည်။ ထို့

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် နေ့လယ်ထမင်းစားချိန်တွေမှာ သူသိပ်အားလေ့မရှိ။ သူ့ သူငယ်ချင်းများကတော့ သူ့ကို "ဆရာကြီး"ဟု နောက်ကာ ခေါ်ကြသည်။ သူ စိတ်မဆိုးပါ။ သူတို့ကတော့ စာမေးပွဲကြီးအောင်ရင် တော်ပြီဟု သဘောထားကြသည့်သူများ။ သူကတော့ ဖြစ်နိုင်ရင် ဘာသာစုံ ဂုဏ်ထူးလိုချင်သည့်သူ။ စက္ကင်းအမ်ဘီက ဂုဏ်ထူးရဖို့ အလွန်မလွယ်ကူသည့် အတန်းဖြစ်သည်။ စာမေးပွဲအသေးလေးတွေမှာပါ အမှတ်ကောင်းထားမှ ဒစ်စတေးရှင်းကိုင်းနက်တစ်ဟုခေါ်သည့် ဂုဏ်ထူးရနိုင်သည့် ကျောင်းသားစာရင်းဝင်မည်။ စာမေးပွဲကြီးမှာ ရေးဖြေအမှတ်ပါကောင်းလျှင် ဂုဏ်ထူးအတွက် နှုတ်ဖြေစာမေးပွဲကိုဝင်ရောက် ဖြေဆိုခွင့်ရမည်။ အထပ်ထပ်စစ်ဆေးပြီး ဖြေဆိုမှုတွေအားလုံးကိုကျေနပ်မှသာ ဂုဏ်ထူးနှင့် ထိုက်တန်သည်ဟု ယူဆကာ ဂုဏ်ထူးပေးမည်ဖြစ်သည်။

သူတို့ စက္ကင်းအမ်ဘီသို့ စတင်တက်တက်ရခြင်း ပထမပတ်မှာ ဇီဝကမ္မဗေဒဌာနမှ ပါမောက္ခ ဒေါ်သင်းသင်းက ဂုဏ်ထူးထွက်ချင်ရင်၊ စာတော်ချင်ရင် စာကို ဘယ်လို ကျက်ရမည်ဆိုသည့် နည်းလမ်းများကို ပြောပြခဲ့သည်။ သူပေးသည့် နည်းများထဲမှ တစ်ခုမှာ သူများကို စာပြန်ရှင်းပြခြင်း ဖြစ်သည်။ အတန်းထဲမှ ကျောင်းသားအချို့က စာတော်ကြသော်လည်း သူများကို ပြန်ရှင်းပြရတာ စိတ်မရှည်ကြ။ အချိန်ကုန်သည့် အလကားအလုပ်ဟု ယူဆကြသည်။ သူကတော့ စာရှင်းပြခြင်း၏ အကျိုးကို လက်တွေ့ခံစားနေရပြီမို့ သူများကို စာရှင်းပြရမှာ ဘယ်တော့မှ ဝန်မလေးခဲ့။ သူလည်း အများသူငါလိုပင် တစ်ခုပြီးတစ်ခု ဆက်တိုက်စစ်မည့် စာမေးပွဲသုံးခုအတွက် ဖတ်လိုက် မေ့လိုက်နှင့်လုံးလည်ချာလည်လိုက်ကာ စာမေးပွဲဖြေကာနီးမှာ ဘာမှ မတတ်တော့သလိုခံစားခဲ့ရသည်။ စာသင်ချိန် (၂)ပတ်ခန့်အပြီးမှာပဲ စာမေးပွဲတွေက ရှိနေပြီ

www.burmeseclassic.com

www.burmeseclassic.com



မို့ စာဖတ်ချိန်က ဘာမှ မယ်မယ်ရရ မရှိခဲ့ပေ။ သူ့အစ်ကိုတစ်ဝမ်းကွဲ ပေးထားသည့်မှတ်စုများ၊ မေးခွန်းဟောင်းများကိုသာ အဓိကထားကာ ပြန်ကြည့်လိုက်နိုင်သည်။ သို့သော် စာမေးပွဲတကယ်ဖြေဆိုသောအခါ မေးခွန်းဟောင်းများထဲတွင် ပါလေ့မရှိသော ထင်မှတ်မထားသည့် မေးခွန်းများနှင့် ရင်ဆိုင်ရသည်။ သူသာ သူများတွေကို စာမရှင်းပြခဲ့ဖူးဆိုလျှင် အချို့မေးခွန်းတွေကို ဘယ်လိုမှ ဖြေလို့ရမည်မထင်။ ဘာသာရပ်တစ်ခုကို ပိုတတ်ချင်၊ ပိုနားလည်ချင်ရင် သူများကို သင်ပေးရတယ်ဟု အထက်တန်းပြဆရာမတစ်ဦးဖြစ်သူ သူ့အမေကလည်း ပြောခဲ့ဖူးသည်။

ပထမဆုံးဖြေခဲ့ရသည့် စာမေးပွဲအားလုံး အမှတ်ကောင်းသဖြင့် သူ အလွန်အားတက်နေသည်။ သို့သော် သက်ပြင်းကတော့ မချနိုင်သေး။ နောက်စာမေးပွဲတွေက သူ့ကို အသင့်စောင့်ကြိုနေကြလေပြီ။ လာမည့် တနင်္လာနေ့မှာ ခန္ဓာဗေဒစာမေးပွဲ၊ အင်္ဂါမှာ ဇီဝကမ္မဗေဒ၊ ဗုဒ္ဓဟူးမှာ ဇီဝဓါတုဗေဒ၊ အားလုံးကို တစ်ရက်တည်း မစစ်တာပင် ကျေးဇူးတင်ရပေမည်။ ဒီလိုပင် အပိုင်းတစ်ခုပြီးတိုင်း ကွန်ပလီရှင်တက်စ် ဟုခေါ်သည့် စာမေးပွဲအသေးတစ်ခု စစ်မှာမို့ အမြဲလိုလိုပင် ပြင်ဆင်မှုတွေရှိထားပါမှ တော်ကာကျပေလိမ့်မည်။

ဒါကြောင့် ဆရာတစ်ဦးက ဆေးကျောင်းသားဆိုတာ စာမေးပွဲတွေကို ကိုယ့်ရည်းစားလို သဘောထားနိုင်မှ တော်ကာကျမည်ဟု ရယ်စရာပြောခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေရောင့်ရင်ထဲ မွန်းကြပ်ကာ အသက်ရှူမဝသလို ဖြစ်နေသည်။

ကျောင်းကြီးက ကျယ်ဝန်းပါရဲ့။ သူမ တက်ခဲ့တဲ့ ကျောင်းထက်လည်း ပိုလှပါရဲ့။ ကျောင်းသား ကျောင်းသူတွေရဲ့ အဆင်အပြင်တွေကလည်း ပိုခေတ်မီပြီး ပိုဆွဲဆောင်မှုရှိကာ ကြည့်ကောင်းပါရဲ့။

သို့ပေမယ့် သူမ လုံးဝမပျော်။ မေမေ့ကြောင့်သာ ဒီဆေးတက္ကသိုလ် (၁)သို့ ပြောင်းရွှေ့လာခဲ့ရခြင်းဖြစ်သည်။ ဒီကျောင်းမှာ တက်ရတာ သူမ စိတ်ထဲမှာ လုံခြုံနွေးထွေးမှု အနည်းငယ်မှုပင် မရှိ။ ကျောင်းသား၊ ကျောင်းသူတွေကလည်း သူမရဲ့ ဆေး(၂)က သူငယ်ချင်းတွေလို ပွင့်လင်းနွေးထွေးဖော်ရွေမှုမရှိကြ။ ဆေး(၂)မှာ တက်ကြသူ အများစုက နယ်က လာကြတာမို့ မိဘ၊ ဆွေမျိုးတွေနှင့် ဝေးနေသည့် ဒီအရပ်ဒေသမှာ တစ်ယောက်နှင့်တစ်ယောက် မောင်နှမအရင်းပမာ သဘောထားကြသဖြင့် အချိန်တိုလေးအတွင်းမှာ လျှင်မြန်စွာ သံယောဇဉ် တွယ်သွားကြသည်။ တစ်ယောက်နှင့်တစ်ယောက် အိုက်တင်မခံ အရိုးခံအတိုင်း ဆက်ဆံကာ အကူအညီလိုလျှင်လည်း ပေးဖို့ ဝန်မလေးတာမို့ သူမ ဘယ်တုန်းကမှ အထီးကျန် မဆန်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဒီကျောင်းမှာ ဘယ်သူကမှ သူမကို ရင်းနှီးဖော်ရွေဟန် မပြဘဲ စူးစမ်းသည့်အကြည့်များနှင့်သာ ကြည့်ကြမေးကြသည်။ ဘယ်ကနေ ဘယ်လို သတင်းပျံ့နှံ့သည်မသိ။ သူမ မွန်ပြည်နယ်မှာ မယ်ဘွဲ့ရခဲ့ကြောင်း ကိုလည်း သိနေသည်။ သူမဖြတ်သွားလျှင် ဝိုင်းကြည့်ကြ၊ အချင်းချင်း လက်တို့ပြကြ၊ တိုးတိုး တိုးတိုးတွေပြောကြမို့ ရောက်စက ဘယ်လိုနေရမှန်း ပင်မသိ။ ဖတ်စ်အမ်ဘီ(ပထမနှစ်)က ကျောင်းသားတွေကော၊ လမ်းမတော် မှာ တက်နေရသည့် အတန်းကြီးမှ ကျောင်းသားတွေပါ သူမကို လာ လာကြည့်နေကြတာ ဂုဏ်ယူစရာလား။ သူမကတော့ စိတ်ကျဉ်းကြပ်တာကို သာ သိသည်မို့ ဒီကျောင်းထဲမှ ထွက်ပြေးချင်မိသည်။

မေမေ့ကို ဆေး(၂)ပြန်ပြောင်းပါရစေလို့ မရဲတရဲ တောင်းပန်ကြည့်ပေ မယ့်၊ အစကတည်းက ဆေး(၁)မှာ တက်မှ ဂုဏ်ရှိတာလို့ ယုံကြည်ထားတဲ့ မေမေက ဘယ်လိုမှ လက်မခံ။ (၂)ပတ်စာမျှ သင်ခန်းစာတွေ လွတ်သွားခဲ့ ရပြီးမှ ကျောင်းစတက်ခွင့် ရခဲ့သဖြင့် စက္ကင်းအမ်ဘီစာတွေကို ဘာမှ ကောင်း ကောင်းနားမလည်။ ဒီကြားထဲ ရောက်ရောက်ခြင်း စာမေးပွဲနှင့်တိုးတော့ သူမ ဘာမှ မဖြေနိုင်။ သုံးဘာသာစလုံး ကျရုံသာမက အတန်းထဲမှာ သူမ အမှတ်အနည်းဆုံး။ သူမ ဘာဆက်လုပ်ရမည်ပင် မသိအောင် စိတ်ဆင်းရဲ နေစဉ်မှာပင် နောက်ထပ်စာမေးပွဲတွေက လာနေချေပြီ။

ကြောက်တတ်သူမို့ ဆရာမများကိုလည်း အတန်းထဲမှာ စာလှမ်း မမေးရဲ။ အတန်းသား အချင်းချင်း မေးရန် ကြိုးစားပြန်တော့လည်း သူမကို ဘယ်သူကမှ ဟက်ဟက်ပက်ပက် စကားမပြောချင်ကြသလိုမို့ မမေးဖြစ် တော့။ အခုတော့ သူမထက်နောက်ကျပြီး မန္တလေးက ပြောင်းလာသည့်

www.burmeseclassic.com

www.burmeseclassic.com



“ရတနာ”ဆိုသည့် ကောင်မလေးက သူမကို စတင်ကာ ဖော်ဖော်ရွေရွေ ခေါ်လာပြောလာသည်မို့ သူမမှာ ပေါင်းစရာ သူငယ်ချင်းရလာခဲ့သည်။ ရတနာက ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ ဆယ်တန်းအောင်ခဲ့သူဖြစ်သည်။ သူ့အဖေက မန္တလေးကို တာဝန်နှင့် ခေတ္တပြောင်းရွှေ့ခဲ့ရခြင်းကြောင့်သာ မန္တလေးမှာ ပထမနှစ် သွားတက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဆေး(၁)မှာ ရတနာနှင့် ခင်မင်ရင်းနှီးသူတွေ မနည်း။ ရတနာနှင့်သူမက ခုံနံပါတ်ချင်းကလည်း ရှေ့ဆင့်နောက်ဆင့်မို့ အတူတူ တွဲဖြစ်ခဲ့ကြသည်။

စာမေးပွဲ(၃)ခုဖြေဖို့ လွတ်သွားသော်လည်း ရတနာကတော့ သိပ်မှုသည့်ပုံမပေါ်။ ခပ်အေးအေးပင်မို့ သူမက “အဲဒီအမှတ်တွေက အတန်းတင်စာမေးပွဲကြီးမှာ ယူမှာဆို”ဟု မေးမိတော့ ရတနာက “နည်းနည်းလောက်ပဲ ယူမှာပါ”တဲ့။ သူမ၏ စိတ်အေးလက်အေးရှိလှသော ပုံစံကြည့်ကာ ရွှေရောင်အနည်းငယ်အားတက်သွားသည်။ သို့သော် ရတနာက ရှေ့လျှောက် အမှတ်များများရအောင် ဖြေနိုင်မှာမို့ မကြောက်တာဖြစ်မှာဟု တွေးမိရင်း စိတ်ပူသွားပြန်သည်။ သူမအနေနဲ့ကတော့ ရှေ့လျှောက်လည်း သိပ်ပိုကောင်းလာစရာမမြင်လှဟု သူမရဲ့ ထုံးစံအတိုင်း အပျက်ဘက်က စတွေးနေမိပြန်သည်။

ထို့ကြောင့် ဇီဝကမ္မဗေဒစာမေးပွဲ အမှတ်စာရင်းထွက်သည့်နေ့က သူမ စိတ်မထိန်းနိုင်အောင် ဖြစ်ခဲ့ရသည်။ အိမ်ကို ရောက်လျှင် မေမေက နှစ်ပြားမတန်အောင် ဆူတော့မည်ဟု ကြိုသိနေသောကြောင့် အိမ်သို့လည်း မပြန်ချင်။ ရတနာ့ကို ရင်ဖွင့်ရလောက်အောင်လည်း မခင်သေးသောကြောင့် နောက်ဆုံးအချိန်ဖြစ်သည့် ခန္ဓာဗေဒကျူတိုရီယယ်အပြီးတွင် လူတွေအားလုံး ပြန်သွားပြီးသည့်အထိ ဒဇက်ရှင်ခန်းထဲမှာ တစ်ယောက်တည်းထိုင်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းနေမိခဲ့ခြင်းဖြစ်သည်။ မေမေက သူမကို အမြဲတမ်းထိပ်ဆုံးဆိုသည့် နေရာမှာပဲ ရှိစေချင်သည်။ မေမေ့ရဲ့မျှော်လင့်ချက်တွေကို အမှီလိုက်ရတာ ငယ်စဉ်ကတည်းက သူမအတွက် အလွန်ခက်ခဲလှသည်။ ဆယ်တန်းအောင်သည်အထိ တက်ခဲ့သော မော်လမြိုင် အ.ထ.က(၆)မှာလည်း မေမေဖြစ်စေချင်သလို နှစ်တိုင်းပထမဆုယူနိုင်အောင် သူမ မတတ်နိုင်ခဲ့ပါ။ ဆယ်တန်းအောင်တော့ ဆေးတက္ကသိုလ်အမှတ်မီပေမယ့် ဘာသာစုံဂုဏ်ထူး မထွက်တာ၊ မြန်မာတစ်နိုင်ငံလုံးအနေနဲ့ အဆင့် မကောင်းခဲ့တာတွေကြောင့် သူမ မျက်နှာကောင်း မရခဲ့ပါ။ အခုလို သူမသာ အတန်းထဲမှာ အမှတ်အနည်းဆုံး အညံ့ဆုံးဟု သိရလျှင် မေမေ ဘယ်လောက်များ ဒေါသတွေ ပေါက်ကွဲလိုက်လေမည်နည်း။ အတွေးနှင့်ပင် သူမ တစ်ကိုယ်လုံး တုန်ယင်လာတော့သည်။

သူမမှာ ညီမအငယ်နှစ်ယောက်ရှိသေးပေမယ့် အသက်အရွယ်တွေက ကွာလွန်းလှသည်။ အလတ်မနှင့် သူမက (၆)နှစ်ကွာပြီး၊ အငယ်ဆုံးနှင့်က (၈)နှစ်ကွာသည်။ ထို့ကြောင့် သူတို့တွေက အခုမှ (၇)တန်းနှင့် (၅)တန်းသာ ရှိကြသေးသည်။ အလတ်မကတော့ မေမေ့စိတ်တိုင်းကျ ဘယ်လိုမှ ဖြစ်လာနိုင်စရာ အကြောင်းမရှိ။ အလွန်ခေါင်းမာကာ ကိုယ်လုပ်ချင်ရာကို ဘယ်လောက်ရိုက်ရိုက်၊ ဘယ်လောက်ဆူဆူ ပေတေပြီး ရအောင်လုပ်လေ့ရှိသူဖြစ်သည်။ အငယ်ဆုံးကတော့ သူမနှင့် အတော်လေးတူသည်ဟု ဆိုရပေမည်။ သူမလောက် မဟုတ်ပေမယ့် ကြောက်တတ်သည်။ စာလည်းတော်သည်။ တစ်ခါတစ်ရံတော့ သူမလည်း အလတ်မကို အားကျမိသည်။ မေမေ့ကို လွန်ဆန်ရဲတဲ့သတ္တိတွေ သူမမှာ ဘာလို့ မရှိရတာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



သူမက လူကြောက်တတ်ကာ အေးအေးနေချင်သူဖြစ်ပေမယ့် မေမေက သူမကို ဆယ်တန်းအောင်အပြီးမှာ မယ်ဖြစ်အောင် လေ့ကျင့်ရမည်ဟု ဆိုလာတော့ သူမ အထွန့်မတက်ရဲခဲ့ပါ။ တစ်ပတ်မှာ (၆)ရက် ကိုယ်ကာယ လေ့ကျင့်ခန်းတွေလုပ်ရတာ ပင်ပန်းတယ်ဆိုပေမယ့် ဒါကို သူမ ခံနိုင်သည်။ သူမ မခံနိုင်သည်က စင်ပေါ်တက်ကာ ကိုယ်ဟန်ပြရသည့်အလုပ်ဖြစ်သည်။ နဂိုက ရှက်တတ်ရတဲ့ကြားထဲ၊ လူတွေ အများကြီး ဝိုင်းကြည့်နေသည့်ကြား က ကိုယ်ဟန်အမျိုးမျိုးလုပ်ပြရတာ သူမနှင့် ဘယ်လိုမှ မကိုက်ညီသည့် အလုပ်တစ်ခုဖြစ်သည်။ သို့သော် မေမေက လုံးဝ အလျှော့မပေး။ နောက်ဆုံး တော့ ရှက်စိတ်ထက် မေမေ့ကို ကြောက်တဲ့စိတ်က အနိုင်ရကာ သူမ မယ်ပြိုင်ပွဲတွေ ဝင်ခဲ့ရသည်။ စင်ပေါ်မှာ ပူထူကာ ဘာတွေလုပ်လို့ လုပ်မိမှန်း မသိဘဲ မော်လမြိုင်မြို့နယ်မယ်အဖြစ် ရွေးချယ်ခြင်း ခံခဲ့ရတော့ သူမ အလွန် အံ့သြသွားခဲ့သည်။ သူမအတွက် မလိုအပ်ပေမယ့် မေမေကျေနပ်မည်ဟု တွေးကာ ဝမ်းသာခဲ့သည်။ သို့သော် မေမေ ဤမျှနှင့် မကျေနပ်နိုင်။ ထပ် လေ့ကျင့်ကာ မွန်ပြည်နယ်မယ်အဖြစ် မရမချင်း ပြိုင်ပွဲတွေ ဝင်စေခဲ့သည်။ မွန်ပြည်နယ်မယ်အဖြစ်ကို ရပြီး မကြာမီ သူမ ဆေးတက္ကသိုလ် စတက်ရမည် ဖြစ်သဖြင့် ရန်ကုန်ရှိ ဆေးတက္ကသိုလ်(၂)သို့ ကျောင်းတက်ရန် လာခဲ့ရသည်။ ပထမနှစ်ဝက်လောက်အပြီးမှာ ဖေဖေ့အလုပ်က ရန်ကုန်ကို ပြောင်းရွှေ့ရန် အမိန့်စာ ထွက်လာသဖြင့် မိသားစုတစ်စုလုံး ရန်ကုန်သို့ ပြောင်းလာခဲ့ကြ သည်။ ထိုအချိန်မှစ၍ မေမေ့ရဲ့ထိန်းချုပ်မှုအောက်မှာ သူမ နေ့စဉ် နေ့တိုင်း ကိုယ်ကာယလေ့ကျင့်ခန်းတွေ ပြုလုပ်ရပြန်သည်။ ရန်ကုန်မှာ ပထမဆုံး ဝင်ရသည့် ဝိုင်အမ်စီအေမယ်ပြိုင်ပွဲမှာ သူမ ရှုံးနိမ့်ခဲ့သည်။ မော်လမြိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



နေစဉ်က သူမရဲ့ပြိုင်ပွဲတွေကို အချစ်ဆုံးသူငယ်ချင်းတွေ လိုက်အားပေးလေ့ရှိသဖြင့် သူမ အားရှိသည်။ အကဲဖြတ်ဒိုင်တွေ၊ လာရောက်ကြည့်သူတွေထဲမှာလည်း မျက်နှာသိတွေက များသည်။ ရန်ကုန်မှာ လူစိမ်း၊ နေရာစိမ်းနဲ့ သူငယ်ချင်းတွေလည်း အနားမှာ မရှိသောအခါ စင်ပေါ်မတက်ခင်ကတည်းက သူမ ထွက်ပြေးချင်နေပြီ ဖြစ်သည်။

အဲဒီနောက်ပိုင်းမှာ ပြိုင်ပွဲတွေ မဝင်ရတော့ပေမယ့် နေ့စဉ်လေ့ကျင့်ခန်းတွေကိုတော့ မပျက်မကွက် ပြုလုပ်နေရဆဲဖြစ်သည်။ လေ့ကျင့်ခန်းတွေ မှန်မှန်လုပ်နေရတဲ့အတွက် သူမ ပိုလှတာ၊ ကျန်းမာတာ မှန်ပေမယ့် သူမလည်း တခြားရွယ်တူ မိန်းကလေးတွေလိုပဲ လွတ်လွတ်လပ်လပ် နေချင်သည်။ မနက်တိုင်း လုပ်နေရတဲ့ လေ့ကျင့်ခန်းတွေကို တစ်ခါတစ်ရံမှာ မုန်းတီးလာမိပေမယ့် အနားမှာ ကြီးကြပ်စောင့်ဆိုင်းနေသည့် မေမေ့ကြောင့် သူမ မလုပ်ဘဲ မနေရဲ။ တကယ်တော့ မေမေအနားမှာ မရှိလည်း သူမက မေမေခိုင်းထားတာတွေကို မလုပ်ဘဲ နေရဲမည့်သူ မဟုတ်။ အလေးများနှင့် လေ့ကျင့်ရတာ ပင်ပန်းလွန်းသဖြင့် တစ်ခါတစ်ရံ စာသင်ခန်းထဲတွင်ပင် သူမ အိပ်ပျော်ချင်မိသည်။

ပထမနှစ် မပြီးခင်ကတည်းက မေမေက သူမကို ဆေးတက္ကသိုလ် (၁)သို့ ပြောင်းရွှေ့ခွင့်ရအောင် ကြိုးစားနေခဲ့သည်။ သို့သော် ချက်ချင်း ပြောင်းရွှေ့ခွင့် မရခဲ့။ ပြောင်းရွှေ့ခွင့် လုံးဝ မရခဲ့ရင် အကောင်းသားဟု သူမ တောင့်တလိုက်မိသည်။ စာတွေ မလိုက်နိုင်ရတဲ့ကြားထဲ စိမ်းနေသည့် ပတ်ဝန်းကျင်မှာ သူမ ဘယ်လို ဆက်စခန်းသွားရပါ့မလဲ။ စာမေးပွဲကြီးမှာ သုံးဘာသာစလုံး

www.burmeseclassic.com

www.burmeseclassic.com



မကျလျှင် ကျတဲ့ဘာသာတွေကို ဆပ်ပလီ ပြန်ဖြေခွင့်ရှိပေမယ့် သုံးဘာသာ စလုံး ကျလျှင်တော့ တစ်နှစ်လုံး အစအဆုံး ပြန်တက်ရမှာ ဖြစ်သည်။ ဆပ်ပလီဖြေပြီး ထပ်ကျလျှင်လည်း တစ်နှစ်လုံး ပြန်တက်ရမှာပဲ။ ထို့ထက် ထပ်ကျလျှင်တော့ ဆက်တက်ခွင့်မရှိတော့။ ကျောင်းထွက်ရမည်ဖြစ်သည်။ ဒီပုံနဲ့ဆိုရင် သူမ ဒီနှစ်ကို ဘယ်နှစ်ခါများ ဖြေယူရပါ့မလဲဟု အဆိုးတွေကိုသာ ဆက်တိုက်တွေးရင်း စိတ်ခါတ်ကျနေမိသည်။

ဒီနေ့တော့ နေ့လယ် ထမင်းစားချိန်တွင် ထမင်း မြန်မြန်စားပြီး အနီးဆုံးဖြစ်သည့် ခန္ဓာဗေဒ စာမေးပွဲအတွက် အမျိုးသမီးနားနေခန်းထဲတွင် တစ်ယောက်တည်း စာထိုင်ဖတ်နေမိသည်။

"ရွှေရောင် ဘာလုပ်နေတာလဲ .... အရိုးကျက်ရအောင်လေ"

ရတနာလာခေါ်သဖြင့် ထိုင်ရာမှထကာ သူ့နောက်လိုက်ခဲ့သည်။

"ဘယ်မှာကျက်မှာလဲ ...."

"အနက်တမီ ဒဇက်ရှင်ခန်းထဲမှာ ရိုပ်မိုး ....ရှင်းပြမယ်လို့ ပြောတယ် .... ဒီကောင် ပြောရင် ခဏလေးနဲ့ မှတ်မိတယ်ဟ ...."

ရတနာနဲ့တွေ့တာ ကံကောင်းတာပဲဟု သူမ တွေးလိုက်မိသည်။ သူမဘာသာဆိုလျှင် ဒီအတန်းထဲက ယောကျ်ားလေးတွေ မပြောနှင့်၊ မိန်းကလေး တွေနှင့်ပင် ရင်းနှီးဖို့မလွယ်။ ဒီကျောင်းက ယောကျ်ားလေးတွေက အတော် လေး အနောက်အပြောင် သန်ကြမည့်ပုံပေါ်သည်။ တစ်ခုခုဆိုလျှင် အထက်တန်း ကျောင်းသားကလေးများကဲ့သို့ ဣန္ဒြေမရစွာ အသံပေါင်းစုံနှင့် အော်နေဟစ် နေလိုက်တာ တော်တော်နှင့်မပြီး။ ဒီလို ကျောင်းသားတွေကို သူမ ဘယ်လို ခင်မင်ရင်းနှီးစွာ ခေါ်ရဲ ပြောရဲပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာဗေဒ ခွဲစိတ်ခန်းထဲ ဝင်လိုက်တော့ ကျောင်းသူ ကျောင်းသား တစ်စုကြားတွင် ထိုင်ကာ စာရှင်းပြနေသည့် ရွှေရောင်ကိုင်းမျက်မှန် တပ်ထားသူတစ်ဦးကို တွေ့လိုက်ရသည်။

ဒါ – ဟိုတစ်နေ့က သူမ ဒီအခန်းထဲမှာ တစ်ယောက်တည်း မျက်ရည်ကျနေမိတုန်း ရောက်လာတဲ့ ကျောင်းသားပဲ။ သူမကို သူ ဘယ်လိုများ ယူဆနေမလဲ။ ရှက်စိတ်ဖြင့် ခြေလှမ်းများ တွန့်ဆုတ်သွားသည်။

"ရွှေရောင် ....လာလေ။ ရိပ်မိုးက သဘောကောင်းပါတယ်ဟ"

ရတနာက သူမလက်ကို ဆွဲကာ ခေါ်သည်။

"ဆရာကြီးက ငါတို့ကိုတောင် မစောင့်ဘူး ...."

"ဩော် ...ဂျပုမ....နင်ကနောက်ကျနေတာကိုး အဲ ...."

ရတနာနှင့်အတူ ပါလာသော ရွှေရောင်ကြောင့် ရိပ်မိုး စကားပြောရင်း တန်းလန်းရပ်သွားသည်။ ဘေးမှ ရဲသွေးက တံတောင်နှင့် တွတ်ရင်း "ဟေ့ကောင် ..... ပါးစပ်ထဲ ယင်ကောင်တွေ ဝင်သွားဦးမယ် ...."ဟု ခပ်တိုးတိုး သတိပေးမှ ဣန္ဒြေ ဆောင်လိုက်ရသည်။ ရွှေရောင်က သူ့ကို မကြည့်ဘဲ သူ့ရှေ့က ခုံတန်း၏အစွန်ဘက်တွင် ဝင်ထိုင်သည်။

စေတနာတွေပိုကာ တစ်ဝက်လောက် ရောက်နေပြီ ဖြစ်သော လက်ရိုးများအကြောင်းကို အစက ပြန်ကာ ရှင်းပြလိုက်မိသည်။

"ဟာ .... ဟေ့ကောင် .... အဲဒါဆို ဘယ်လိုလုပ် ပြီးတော့မလဲ .... နာရီကိုလည်း ကြည့်ဦး .... အတန်းစဖို့ (၁၅)မိနစ်ပဲ လိုတော့တယ်"ဟု မျိုးကိုက မကျေမနပ် ဝင်ပြောသည်။

မင်းတို့ကလည်းကွာ .... ရတနာက ကျောင်းဝင်တာ နောက်ကျ

www.burmeseclassic.com

www.burmeseclassic.com



လို့ စာမှ မလိုက်နိုင်တာ .... သူ့ကို ဦးစားပေးရမှာပေါ့ .... မင်းတို့က ကိုယ့်ဘာသာကိုယ် အသုံးမကျလို့ မရတာဘဲဟာ”

“ဩော် .... မင်းက အခုတော့ ပြောပြီပေါ့ .... ဟုတ်လား .... အေး .... ဂျပုမကို သနားတာလား .... ဘယ်သူ့ကို သနားတာလဲ ....”

မင်းနိုင်၏ စကားကြောင့် သဘောပေါက်သူများက ဝိုင်းရယ်ကြသည်။ ရွှေရောင်ကတော့ ခေါင်းမဖော်ဘဲ စာအုပ်ကိုသာ သဲကြီးမဲကြီး ငုံ့ကြည့်နေသည်။

“ဟာကွာ .... မင်းတို့ကလည်း .... မပြီးရင် ငါညနေ ကျောင်းဆင်းချိန်ကျ ဆက်ရှင်းပေးမယ် .... ဟုတ်ပြီလား ....”

“မင်းတကယ်နော် ....”

“တကယ်ပါ .... ဒီနေ့ အရိုးတွေ မပြီးရင် အိမ်မပြန်ဘူး .... ဟုတ်ပြီလား ....”

“ဟင့်အင်း .... မရဘူး။ သူများက .... ဥစ္စာစောင့်တွေ ဘာတွေ ကြောက်တယ် ....”

အခြောက်သံနှင့် ပြောလိုက်သော သစ်ထွန်းစကားကြောင့် အားလုံးဝိုင်းရယ်ကြပေမယ့် ယောကျ်ားလေးများသာ သစ်ထွန်း ဘာကိုဆိုလိုမှန်းသိကြသည်။ လင်းလင်းက ....

“ဘာလဲဟ .... ဒီကျောင်းမှာ ဥစ္စာစောင့်တွေ ဘာတွေရှိတယ်ကြားလို့လား ....” ဟု အရိုးခံအတိုင်း မေးလေသည်။ သစ်ထွန်းက ....

“နင်ကသာ ရှိလားမေးနေ .... ရိပ်မိုးက တွေ့တောင် တွေ့ပြီးနေပြီ .... ပြီးခဲ့တဲ့ သောကြာနေ့က ဒီအခန်းထဲမှာပဲတဲ့ ....”

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်က မျက်လုံးကလေးဝိုင်းကာ သူ့ကို မော့ကြည့်သည်။ ဆိုးရွားလာနိုင်သည့် အခြေအနေကိုထိန်းသိမ်းသောအားဖြင့် သူအရိုးတစ်ချောင်းကို ကောက်ကိုင်ကာ ....

"ကဲ .... ကဲ .... စကားမများနဲ့ နားထောင် ...." ဟု ဆိုကာ အမြန်ရှင်းပြလိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

မနေ့က လက်က အရိုးတွေအကြောင်း ကျက်ရတာ အရမ်းလွယ်ကူသွားသဖြင့် စာအတူကျက်ရသော အကျိုးကျေးဇူးကို ရွှေရောင် အတော်သဘောပေါက်သွားသည်။ သူမတစ်ယောက်ထဲဆိုရင် ဘယ်အရိုးမှာ ဘာကြွက်သားက ဘယ်နေရာနား တွယ်တယ်ဆိုတာ စာအုပ်နှင့် တိုက်ကာ လိုက်ရှာနေရင်း ကျက်သည့်အဆင့်ကို မရောက်နိုင်ဘဲ ခေါင်းတွေသာ မူးမူးသွားသည်။ စာအုပ်ကြည့်စရာမလိုဘဲ အရိုးကိုကိုင်ကာ အလွတ်ရှင်းပြနိုင်သည့် ရိပ်မိုးဆိုသူကိုလည်း အလွန်အံ့သြကာ အားကျမိသည်။ သူမသာ သူ့ လောက်တော်ရင် မေမေ ဘယ်လောက်များ ကျေနပ် ဂုဏ်ယူလိုက်မလဲလို့။

အခုတော့ လက်ရှိအနေအထားထက် ပိုအခြေအနေကောင်းရန် သူမတစ်ယောက်တည်း ဘယ်လိုမှ ကြိုးစားလို့မရနိုင်ကြောင်း သူမကောင်းကောင်းသိသည်။ ထို့ကြောင့် ဒီစနေနှင့်တနင်္ဂနွေ ကျောင်းပိတ်ရက်တွင် လင်းလင်းအိမ်မှာ စာစုကျက်ဖို့ ရတနာခေါ်သည်ကို သူမ မငြင်းခဲ့။ သို့သော် မေမေခွင့်ပြုဖို့၊ မပြုဖို့က မသေချာသဖြင့် သူမ စိုးရိမ်စွာ အိမ်ပြန်လာခဲ့သည်. သူမ ငယ်စဉ်ကတည်းက သူများအိမ်ကို တစ်ခါမှ စာသွားမကျက်ခဲ့ဖူး။

www.burmeseclassic.com

www.burmeseclassic.com



ဖတ်စ်အမ်ဘီ စာမေးပွဲဖြေတုန်းကလည်း ကိုယ့်ဘာသာကိုယ် တစ်ယောက်တည်းသာ ကျက်ကာ ဖြေခဲ့သည်။

သူမ အဲဒီနေ့ညက မေမေ အိမ်ပြန်ရောက်ရောက်ချင်း သူမ မနက်ဖြန် သူငယ်ချင်းတွေနဲ့အတူ စာသွားကျက်မည့်အကြောင်းပြောတော့ မေမေက "အဲဒီလို သွားကျက်မှ ဖြစ်မှာလား" ဟု ပြန်မေးသည်။ သူမက မဝံ့မရဲ ခေါင်းညိတ်ပြတော့ "ဒါဆိုလည်း သွားပေါ့"တဲ့။ သူမ ပျော်သွားပြီး စိတ်ကိုလာပုံရသော မေမေ့ကို ဘာမှထပ်မပြောတော့ဘဲ အခန်းထဲ ဝင်လာခဲ့သည်။ သူမတို့မိသားစုမှာ အမေကို အကြောက်ရဆုံးဖြစ်ပြီး အရာရာတိုင်းတွင် အမေ၏ဆုံးဖြတ်ချက်သာ အခရာဖြစ်သည်။ ဖေဖေက အလွန်အေးသည်။ မေမေလုပ်သမျှကို ဘာတစ်ခွန်းမှ ဝင်မပြောတတ်။ မေမေကတော့ ဖေဖေ့ကို အားမရစွာ "စာအုပ်ကြီးသမား လူရိုးကြီး" စသဖြင့် ဖေဖေ၏ရုံးအလုပ်တာဝန်ကျေပွန်ပုံ၊ ရိုးသားပုံတို့ကို အမျိုးမျိုး ခနဲ့တတ်သော်လည်း ဖေဖေကတော့ ခပ်ပြုံးပြုံးသာ။ စိတ်ဆိုးဟန်လည်း မပြ။ မေမေပြောလို့လည်း ပြောင်းလဲပစ်မည့်ပုံ မပေါ်။ အိမ်ကိုလာသော ဧည့်သည်များရှေ့တွင် တစ်ခါတစ်ရံ ခနဲ့တဲ့တဲ့ ပြောတတ်သေးသည်။ ဖေဖေနှင့် မေမေ ရန်ဖြစ်ကြတာ သူမ တစ်ခါမှ မတွေ့ဖူး။ တစ်ခါတလေ မေမေ့ဘက်ကသာ တစ်ဖက်သတ်ပေါက်ကွဲကာ ဆူပူအော်ဟစ်နေတတ်တာမျိုးရှိသည်။ မေမေ ဒေါသထွက်နေသမျှ ကာလပတ်လုံး ဖေဖေက ဘာမှ မပြောဘဲ ငြိမ်နေတတ်ပြီး ဒေါသပြေသွားမှ အကျိုးသင့် အကြောင်းသင့် ပြန်ပြောပြတတ်သည်။ ဖေဖေ့လောက် သည်းခံနိုင်တဲ့ယောကျ်ား ဒီကမ္ဘာပေါ်မှာ ရှိမှ ရှိပါ့မလားဟုပင် သူမ တစ်ခါတစ်ရံ တွေးမိသည်။ သူမနှင့် ခင်သော သူငယ်ချင်းများ အိမ်တွင်

www.burmeseclassic.com

www.burmeseclassic.com



များသောအားဖြင့် အဖေက အခရာဖြစ်တတ်ကြပြီး အမေတွေကသာ အဖေတွေဆူလျှင် ရိုက်လျှင် သားသမီးကို ကာကွယ်ပေးသူများ ဖြစ်ကြသည်။ သူတို့အမေတွေနှင့် သူတို့၏ ရင်းနှီးမှုကို တွေ့ရတိုင်း သူမ အံ့ဩကာ မနာလိုဖြစ်မိသည်။ အမေကို ချွဲနွဲ့တာ၊ ဂျီကျတာ၊ ပေါင်ပေါ်တက်ထိုင်တာ၊ အမေ့ပါးကို ရွှတ်ခနဲ နမ်းလိုက်တာမျိုးတွေ ငယ်စဉ်ကလေးဘဝကတည်းက သူမနဲ့အမေ့ကြားမှာ ဘာလို့ မရှိခဲ့ရတာပါလိမ့်။ သူမ၏ သူငယ်ချင်းတွေလို အမေကို သူငယ်ချင်းပေါင်း ပေါင်းကာ ဘာမဆို ဖွင့်ဟတိုင်ပင်ရဲတဲ့ဘဝမျိုး သူမလည်း လိုချင်မိသည်။ စိတ်ညစ်စရာတွေ ကြုံလာရင် အမေ့ရင်ခွင်ထဲ ဝင်ပြီး ငိုချလိုက်နိုင်တဲ့ အခွင့်အရေးမျိုးတွေ သူမ ဘာလို့ မရရတာလဲ။ “ဒေါ်မေမြရောင် သမီးဆိုတာ ပြောစရာ မလိုဘဲ သိတယ်။ သူငယ်ငယ်ကနဲ့ သိပ်တူတာပဲ” ဆိုတဲ့ စကားမျိုးတွေကိုသာ မကြာခဏ မကြားဖူးထားပါက သူမကိုယ်သူမ မွေးစားသမီးတစ်ယောက်ဟုပင် ထင်မိမည်ဖြစ်သည်။

မေမေ့ကို ဘာလို့ ဒီလောက် ကြောက်ရတာလဲဆိုတာ သူမကိုယ်သူမလည်း သိပ်နားမလည်။ မေမေက သူမကို ငယ်စဉ်က ရိုက်ဖူးပေမယ့် အရွယ်လေးနည်းနည်းရလာကတည်းက မရိုက်တော့။ စိတ်တိုင်းမကျရင် ဆူရုံသာဆူသည်။ သို့သော် မေမေဆူတာကို အရိုက်ခံရတာထက်ပင် သူမ နာသေးသည်။ မေမေ့အဆူ တစ်ခါခံရပြီးတိုင်း သူမ ကမ္ဘာပျက်သလို ခံစားရသည်။ မေမေ မကျေနပ်တာတွေကို သူမ ဘယ်တော့မှ မလုပ်။ မေမေကျေနပ်မယ်ထင်တာတွေကို ကြိုးစားလုပ်ကိုင်ပေမယ့် အဆူခံရခြင်းက မလွတ်ကင်းနိုင်တဲ့ သူမကိုယ်သူမလည်း အလွန်အမင်း စိတ်ပျက်မိသည်။ မေမေ့လို ထက်မြက်တဲ့ မိန်းမတစ်ဦး သူမ ဘယ်တော့မှ ဖြစ်လာနိုင်မည်မထင်။ သူမ

www.burmeseclassic.com

www.burmeseclassic.com



ဘဝတွင် မေမေသည် အံ့သြစရာကောင်းအောင် ထက်မြက်လွန်းသော၊ အလွန်အထင်ကြီးစရာကောင်းသော မိန်းမတစ်ဦးဖြစ်သည်။ သူမတို့ အိမ်အတွက် လိုလေသေးမရှိ ပြည့်စုံအောင် ဝင်ငွေရှာနိုင်သော အိမ်တွင်းမှာလည်း ဘာမှ မလစ်ဟင်းအောင် အိမ်ဖော်များကို အုပ်ချုပ်နိုင်သော ခင်ပွန်းသည်နှင့် သမီးသုံးယောက်ကို ဘာလုပ်သင့်သည် ဘာမလုပ်သင့်ဟု အမြဲစီမံခန့်ခွဲကာ ထိန်းချုပ်နိုင်သော မိန်းမမျိုး မေမေမှတစ်ပါး အခြားတစ်ယောက် ရှိမည်ဟု သူမ မထင်မိပေ။ ထို့ကြောင့် မေမေ့သမီးဖြစ်ရတာ သူမ ဂုဏ်ယူသည်။ သူမ အကြားချင်ဆုံးသည် မေမေ့ နှုတ်ဖျားမှ ထွက်ပေါ်လာမည့် ချီးကျူးစကားများဖြစ်ပြီး သူမ၏ ဘဝရည်မှန်းချက်မှာ မေမေဂုဏ်ယူဝင့်ကြွားရမည့် သမီးတစ်ယောက်ဖြစ်ရန်သာ ဖြစ်သည်။ ထို့ကြောင့် ဆယ်တန်းအောင်ပြီး ဆေးကျောင်းအမှတ်မီတော့ အချို့သူငယ်ချင်းတွေလို ကိုယ်ဘာလုပ်ချင်သလဲဆိုတာ ယောင်လို့ပင် မစဉ်းစားမိခဲ့။ မေမေက ဆေးကျောင်းတက်စေချင်မှန်းသေချာနေမှတော့ သူမမှာ တခြားဘာစဉ်းစားနေစရာ လိုသေးလို့လဲ။ သို့ပေမယ့် အမြဲတမ်း သူများတွေထက် ထူးချွန်စေချင်သည့် မေမေ့ဆန္ဒကို မဖြည့်ဆည်းပေးနိုင်ခြင်းအတွက် အလွန်ကြီးမားလှသော အပြစ်ကြီးကို ကျူးလွန်နေမိသလို သူမ ခံစားနေရသည်။

အခုတော့ သူမအတွက် လမ်းစတွေ့လေပြီမို့ မနက်စောစောထကာ မေမေဆွဲထားပေးသည့် အချိန်ဇယားအတိုင်း လေ့ကျင့်ခန်း လေးဆယ့်ငါးမိနစ် ပြုလုပ်ပြီး ရေမိုးချိုး၊ မနက်စာ စားကာ မေမေစီစဉ်ထားသည့် ထမင်းဘူးကို ယူပြီး သူမ ဆယ့်ရှစ်နှစ်ပြည့်မွေးနေ့တွင် လက်ဆောင်အဖြစ် မေမေ့ထံမှ ရထားသည့် ဆူပါဆလွန်း အဖြူရောင်ကားလေးပေါ်တက်ကာ မနေ့က ရတနာ

www.burmeseclassic.com

www.burmeseclassic.com



ပေးထားသည့် လိပ်စာအတိုင်း လင်းလင်းတို့ အိမ်ရှိရာသို့ မောင်းထွက်လာခဲ့သည်။

လင်းလင်းတို့အိမ်က ရွှေတိဂုံဘုရားလမ်းပေါ်တွင် ရှိသည့် ခြံကျယ်တစ်ခုအတွင်းတွင် တည်ရှိသည်။ သူ ကားပေါ်က ဆင်းက အိမ်တံခါးဝက လူခေါ်ခေါင်းလောင်းကို တီးလိုက်တော့ ကောင်မလေးတစ်ယောက် ထွက်လာကာ တံခါးဖွင့်ပေးပြီး လင်းလင်းကို သွားခေါ်ပေးသည်။ သူ့အနားရောက်လာသည့် လင်းလင်းပုံက အခုမှ အိပ်ရာကထလာသည့်ပုံ။ သူမက လန်းဆန်းနေသည့် ရွှေရောင့်ကိုကြည့်ပြီး အံ့သြနေပုံရသည်။ ဆေးကျောင်းသား၊ ဆေးကျောင်းသူအများစုက ညဘက်စာကျက်ပြီး မိုးလင်းခါနီးမှ အိပ်တတ်ကြသည့် သူတွေမဟုတ်လား။ ရွှေရောင်သာ ပြုပြင်ခွင့်မရှိသော အချိန်ဇယားအတိုင်း ငယ်ငယ်ကတည်းက လေ့ကျင့်ပေးထားသဖြင့် စောစောအိပ်ကာ စောစောထတတ်ခြင်းဖြစ်သည်။

"ဟယ် .... ရွှေရောင် .... အစောကြီးပဲ၊ ငါတောင် အခုမှ အိပ်ရာကထတာ .... ဟိုကောင်တွေက (၈)နာရီ ချိန်းထားပေမယ့် ထုံးစံအတိုင်း တော်တော်နဲ့ ရောက်မှာ မဟုတ်ဘူး .... ငါ မျက်နှာသွားသစ်လိုက်ဦးမယ် .... ခဏစောင့် .... ဒါနဲ့ နင် မနက်စာ စားခဲ့ရဲ့လား .... မစားခဲ့ရသေးရင် ပြီးမှ ငါနဲ့ တူတူစား ...."

"စားခဲ့ပြီးပြီ .... နေ့လည်စာအတွက်လည်း ထမင်းဘူးပါတယ်"

"ဟာ .... ဘာလို့ ယူခဲ့ရတာလဲ .... မေမေက နင်တို့အတွက် ထမင်းဟင်းတွေ ချက်ထားပြီးပြီ ...."

ဧည့်ခန်းထဲတွင် တစ်ယောက်တည်းထိုင်ရင်း သူမ စိတ်ပူနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီပုံအတိုင်းဆို တော်တော်နဲ့ စာစကျက် ဖြစ်မည့်ပုံမပေါ်။ ကျက်ရမည့် စာတွေက တစ်ပုံကြီး။ များလွန်းလို့ ဘာသာ(၃)ဘာသာကို ဘယ်နားက စကိုင်ရမှန်းပင်မသိ။ ဒီစာတွေကို ကောင်းကောင်းနားမလည်သဖြင့် ဘယ်လို မေးလျှင် ဘယ်လို ဖြေရမည်ဆိုတာကိုလည်း မသိ။ စာအုပ်ထဲမှာ ပါသည့် အတိုင်း ဤ၊ သည်၊ ၍မလွဲ ကျက်ဖို့ မဖြစ်အောင် များပြားလှသည်မို့ အလွတ်ကျက် ဖြေလို့လည်း မဖြစ်။ ပြီးတော့ တစ်ခုဖြေတာမှားလျှင် တစ်မှတ် အပို ထပ်လျှော့မည့် အဖြေမှန်ရွေးရသည့် တစ်မှတ်တန် မေးခွန်းတွေကို နားမလည်ဘဲ သွားဖြေမိပါက အမှတ်တစ်မှတ်မှ မရသည့်ပြင် အနှုတ် လက္ခဏာပင် ပြသွားဦးမည်ဖြစ်သည်။

လင်းလင်း အောက်ပြန်ဆင်းလာပြီး မကြာမီမှာပင် ရိပ်မိုး ရောက် လာသည်။

“ဟိုကောင်တွေ မလာသေးဘူးလား .... ငါက ငါ့ကိုယ်ငါ နောက် ကျလှပြီလို့ ထင်နေတာ .... နင်တို့ဘက်ကို ကားစီးရတာ သိပ်မလွယ်ဘူး” ဟု လင်းလင်းကို လှမ်းပြောရင်း ရွှေရောင့်ကို ပြုံးကာ နှုတ်ဆက်သည်။

လင်းလင်းက ရိပ်မိုးကို ....

“နင်လာတာနဲ့ အတော်ပဲ .... ငါ မနေ့က နင်ပြောပြတဲ့ လက်ဖဝါး က အရိုးတွေ မေ့မေ့ကုန်လို့ နင့်ကို ပြန်မေးမလို့ ....” ဟု ပြောတော့ ရိပ်မိုးက ....

“အဲဒီလို ခဏခဏ မမေ့အောင် နမိုးနစ်နဲ့မှတ်ရတယ် ....” ဟု ဆိုသည်။

“ဘယ်လို ....”

www.burmeseclassic.com

www.burmeseclassic.com



"နမိုးနစ်လေ .... အတိုကောက်စာလုံးတွေယူပြီး အသံထွက်တစ်ခုနဲ့ မှတ်မိအောင်လုပ်တာ .... ဟိုနေ့က ဆရာပြောတာ နင်မမှတ်မိဘူးလား ...."

သူမလည်း ထိုစကားလုံးကို တစ်ခါမှ သတိမထားမိခဲ့။ ဉာဏ်ကောင်းကာ မှတ်မိလှသည့် ရိပ်မိုးကို တအံ့တသြ ငေးကြည့်နေမိသည်။ ဒါကြောင့်လည်း ဘာသာရပ်တိုင်းမှာ အမှတ်အများဆုံး ရသူဖြစ်တာနေမှာ။

"ရှီအစ်တူးပရောက်၊ ထရိုင်းတူ ကက်ချ်ဟာ လို့ မှတ်ထား .... ရှီရဲ့ထိပ်ဆုံးက အက်စ်ကိုယူတာ .... အက်စ်နဲ့စတဲ့ အရိုးက စကေးဖွိုက် .... အစ်က အိုင်ကို ယူတာ .... အိုင်နဲ့စတဲ့ အရိုးက ...."

သူပြောပြတော့လည်း အလွန်ခက်ခဲနေသည့်အရာများက လွယ်ကူသွားပြန်သည်။ သင်တာချင်းအတူတူ ဘာလို့ သူ့ခေါင်းထဲ စာတွေပိုဝင်ပိုနားလည်ပြီး၊ သူမခေါင်းထဲ ဘာလို့ မဝင်ပါလိမ့်ဟု တွေးရင်း သိမ်ငယ်စိတ်တွေ ဝင်ချင်လာပြန်သည်။ မေမေ သူမကို ခဏခဏ ပြောတတ်တဲ့ "ဘာတစ်ခုမှ အသုံးမကျဘူး ...." ဆိုတဲ့ စကားအတိုင်း သူမက သူများတွေထက် ပိုကာ ညံ့ကို ညံ့နေပုံရသည်။

ရိပ်မိုးက သူမနှင့် လင်းလင်းကို လက်က အရိုးတွေအကြောင်း တစ်ခေါက်ပြန်ပြောသဖြင့် သူမတို့ အလွတ်နီးပါး ရသွားကြသည်။ ယောကျ်ားလေးတစ်ယောက်ကိုမှ စူးစူးစိုက်စိုက် မကြည့်ခဲ့ဖူးပေမယ့် စာကို စိတ်ပါ လက်ပါ ရှင်းပြနေသည့် ရိပ်မိုး၏ မျက်နှာကို စိတ်မှတ်မဲ့စွာ ငေးကြည့်နေမိမှန်း သူမကိုယ်သူမ သတိမထားမိလိုက်။ ရိပ်မိုး၏ မျက်နှာမှာ အသိသာအထင်ရှားဆုံးက နက်မှောင်စူးရှသော မျက်လုံးများ၊ အပေါ်က ရွှေရောင်ကိုင်း

www.burmeseclassic.com

www.burmeseclassic.com



မျက်မှန်က မျက်လုံး၏ လင်းလက်တောက်ပမှုကို ဖုံးကွယ်မထားနိုင်။ မျက်လုံး အထက်မှ ထူထဲသော မျက်ခုံးက မျက်လုံး၏နက်မှောင်မှုကို အားဖြည့်ပေး ထားသည်။ ဖြောင့်စင်းသော နှာတံအောက်မှ မထူမပါး နှုတ်ခမ်းကလေး လှုပ်ရှားသွားတိုင်း နှုတ်ခမ်းထောင့်စွန်းနှင့် ပါး ဆက်သွယ်သည့် နေရာက ဒေါင်လိုက်အရစ်ကလေး ပေါ်လာတတ်သည်။ ထိုအရစ်ကလေးက သူ့ မျက်နှာက ရင့်ကျက်သည့် အသွင်ကိုကော၊ ဆွဲဆောင်မှုကိုပါ အားဖြည့်ပေး သလို ရှိနေလေသည်။ ကလေးတစ်ယောက်ရဲ့ နှုတ်ခမ်းတွေလို ရဲနေသည့် နှုတ်ခမ်းတွေက ဆေးလိပ်သောက်တတ်မည့်သူတစ်ဦး မဟုတ်နိုင်ကြောင်း သက်သေပြနေသည်။ ခြုံပြောရလျှင်တော့ အသားလတ်လတ်နှင့် လူချော တစ်ယောက်ပေါ့။ အဲဒီ လူချောကို ငေးကြည့်ရင်း အထင်ကြီး အားကျစိတ် တွေက အားကိုးချင်စိတ်သို့ တစ်စတစ်စ ကူးပြောင်းနေကြောင်း သူမကိုယ် သူမ သတိမထားမိလိုက်။

(၈)နာရီခွဲလောက်တွင် မိန်းကလေးများ စတင်ရောက်ရှိလာကြ သော်လည်း အခြားယောကျ်ားလေးများကိုမူ အရိပ်အယောင်ပင် မမြင်ရ။ သုံးဘာသာကို နှစ်ရက်အတွင်း အပြီးကျက်ရမည်မို့ သူတို့ကို စောင့်မနေနိုင် သဖြင့် စကျက်နှင့်ကြသည်။ ရိပ်မိုး၏ အကြံပြုချက်အရ နောက်ဆုံးဖြေ ရမည့် ဘာသာကို အရင်ကျက်ကြသည်။ စာမေးပွဲဖြေသည့်နေ့တွင်လည်း စာသင်ချိန်တွေက တက်ရဦးမည်မို့ ကြားထဲမှာ စာကျက်ချိန် သိပ်မရတော့။

နေ့လည် (၁၂)နာရီထိုးတော့ ခဏနားရင်း ထမင်းစားကြသည်။ သူမတို့ ထမင်းစားပြီးခါမှယောကျ်ားလေး (၃)ယောက်ပေါ်လာသည်။ သစ်ထွန်းက ....

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .... စားနေကြပြီလား .... ဟဲဟဲ .... သိနေတယ်လေ .... ဒါကြောင့် စားဖို့ အမီလာတာ" အသံကျယ်ကျယ်ဖြင့် အော်ရင်း ထမင်းစားခန်းထဲ ဝင်လာကြသည်။

"နင်တို့က ဘယ်မှာ သွားသေနေကြတာလဲ ...." ဟု ရတနာက လှမ်းမေးသည်။ မင်းနိုင်က လင်းလင်း ကမ်းပေးသော ထမင်းပန်းကန်ကို ယူကာ ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်သည်။

အခုလို စာမေးပွဲတွေ ဆက်တိုက်ရှိနေတာတောင် အကြောက်တရားမရှိသော အဆောင်မှ ယောကျ်ားလေးများကို ရွှေရောင် အရမ်းအံ့သြသွားမိသည်။ သူမကိုက အကြောက်လွန်နေတာလား။ ဒါမှမဟုတ် သူတို့က စာကျက်စရာမလိုဘဲ အလိုလို တော်နေကြလို့များလား။

ထမင်းစားပြီးတော့ အခုနေ စာကျက်ရင် ခေါင်းထဲ စာတွေဝင်မှာမဟုတ်။ သွေးတွေအားလုံး အစာခြေသည့်ဌာနသို့ ရောက်နေသဖြင့် ဦးနှောက်က အလုပ်ကောင်းကောင်းမလုပ်နိုင်ဟု စာသံပေသံဖြင့် ဆင်ခြေပေးသော မျိုးကို၏ စကားကို ဝမ်းသာအားရ ထောက်ခံကြရင်း စကားထိုင်ပြောနေကြသည်။

မိန်းကလေးတွေ စိတ်ဝင်စားသည် ရုပ်ရှင်အကြောင်း၊ မင်းသားတွေ၊ အဆိုတော်တွေအကြောင်းနှင့် အတန်းထဲမှ ကျောင်းသား ကျောင်းသူများ၏ အတင်းမျိုးစုံတို့ဖြစ်ပြီး ယောကျ်ားလေးတွေ စိတ်ဝင်စားသည်က ဘောလုံးပွဲနှင့် ဘောလုံးသမားတွေအကြောင်း စကားဝိုင်းနှစ်ခု ကွဲနေလေသည်။

စကားနည်းသူမို့ သူများတွေ စကားပြောတာကိုသာ စိတ်မပါစွာ

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေရင်း သူမ၏ သူငယ်ချင်းအသစ်များကို ရွှေရောင် အကဲခတ်မိသည်။ ရတနာကတော့ ဂျပုမဆိုသည့် နာမည်ပြောင်အတိုင်း အရပ်ခပ်ပုပုဖြစ်ပေမယ့် သူ့အရပ်နှင့်သူ အချိုးအစား ကျနသည့် ကိုယ်လုံးကြောင့် ကြည့်ကောင်းသူ တစ်ဦးဖြစ်သည်။ ယောကျ်ားလေးတွေနှင့်ရော မိန်းကလေးတွေနှင့်ပါ သိသိ မသိသိ ပြုံးရယ်ဖော်ရွေစွာ ဆက်ဆံတတ်သောသူတစ်ဦးမို့ သူမကို ရွှေရောင် အားကျမိသည်။ သူမကတော့ သူစိမ်းတစ်ဦးကို ရင်းနှီးဖို့ အချိန်အတော်ယူရသည်။ ကိုယ်က သွားခေါ်လျှင် ကိုယ့်ကို ပြန်မခေါ်မှာ စိုးသည့် အားငယ်စိတ်ကြောင့် လူတိုင်းကို ရတနာ့လို မဆက်ဆံရဲ။ ကိုယ့်ကို တစ်ဖက်သားက ဖော်ရွေစွာ စတင်ခေါ်လာမှ ပြန်နှုတ်ဆက်ရဲသူ တစ်ဦးဖြစ်သည်။ ထို့ကြောင့် တစ်သက်လုံး အပေါင်းအသင်း နည်းခဲ့ကာ ခင်မင်သူတစ်စုနှင့်သာ တရင်းတနှီး နေတတ်သဖြင့် မာနကြီးသည်ဟု မကြာခဏ အစွပ်စွဲခံခဲ့ရသည်။

ယမင်းကလည်း ရတနာနှင့် အရပ်ချင်း သိပ်မကွာ။ သို့ပေမဲ့ သူ့ကိုတော့ ဂျပုမလို့ မည်သူကမှ မခေါ်ကြ။ ဖြူဝင်းသော အသားအရည်ကြောင့် ဘာဝတ်ဝတ် ကြည့်ကောင်းသည့်သူ တစ်ဦးဖြစ်သည်။ ပြုံးလိုက်တိုင်း ပါးနှစ်ဖက်မှာ ခွက်ဝင်သွားသည့် ပါးချိုင့်ကလေးကြောင့် နဂိုချောသည့် မျက်နှာက ပိုချစ်စရာကောင်းသွားသည်။ ငယ်စဉ်ကတည်းက ပါးချိုင့်ပါသူတွေကို ပိုသဘောကျတတ်သည်မို့ ယမင်းကိုလည်း သူမ အားကျမိပြန်သည်။

အိမ်ရှင်ဖြစ်သူ လင်းလင်းကတော့ အရပ်အနေတော်၊ အသားလတ်လတ်နှင့်။ ချောသည်ဟု မဆိုနိုင်သော်လည်း ကြည့်ကောင်းသူတစ်ဦးဖြစ်သည်။ သူက မျက်မှန်တပ်ရသူမို့ ယောကျ်ားလေးတွေက သူ့ကို လေးလုံး

www.burmeseclassic.com

www.burmeseclassic.com



ဟု ခေါ်ကြသည်။

ဝေဝေခိုင်ကတော့ ပိန်ပိန်ရှည်ရှည်နှင့် အသား အနည်းငယ်ညို သည်။ သူ့ကို အားလုံးက အရှည်ကြီးလို့ ခေါ်ကြပေမယ့် သူ့အရပ်က ရှေ့ရောင့်လောက် မမြင့်တာ သေချာသည်။ အရမ်းပိန်လို့သာ အရပ်မြင့်မှန်း သိသာနေခြင်းဖြစ်သည်။

ဘောလုံးပွဲအကြောင်းကို အသံအကျယ်ဆုံးဖြင့် ပြောနေသူ မင်းနိုင်ကတော့ မိန်းကလေးမြင်ရင် နောက်ချင်နေသူ ဖြစ်ဟန်တူသည်။ အတန်းထဲမှာလည်း သူ့အသံကိုပဲ မကြာခဏ ကြားကြားနေရသည်။ သူက ယောကျ်ားလေးအဖွဲ့ထဲတွင် အရပ်အပုဆုံး ဖြစ်မည့်ပုံရသည်။ မျက်မှန် တပ်ရပြီး အသားညိုညိုနှင့် ဖြစ်သည်။ သူ ဘယ်လောက်ပဲ နောက်နောက် ရယ်စရာပြောတတ်သည့် သူ့ကို မိန်းကလေးတွေက စိတ်မဆိုးဘဲ ခင်ကြသည်။

သစ်ထွန်းဆိုသည့် တစ်ယောက်ကလည်း မင်းနိုင်နှင့် အနောက်သန်သည့် နေရာမှာ နင်လား၊ ငါလားပင်။ သူက အသားညိုကာ အနည်းငယ်ဝ,သဖြင့် အသက်ကြီးသည့် ပုံပေါက်သည်။ ဆရာဝန်ကြီးပါဟု ညာလျှင်ပင်ယုံနိုင်လောက်သည့် ရုပ်မျိုးဖြစ်သည်။

ရဲသွေးကတတော့ အသားဖြူကာ အရပ်မြင့်သည်။ သို့သော် ခါးက အနည်းငယ်ကိုင်းနေသဖြင့် ရိပ်မိုးလောက် အရပ်ရှည်သည်ဟု မထင်ရ။ သူလည်း အနောက်တော့ သန်တာပါပဲ။

မျိုးကိုကတော့ အားလုံးထဲမှာ အူကြောင်ကြောင် အနိုင်ဆုံး။ နောက်လို့နောက်မှန်းမသိသဖြင့် မကြာခဏ ဝိုင်းကြပ်ပေးနေတာကို သူမကြားရသည်။ အသားညိုညို၊ အရပ်မနိမ့်မမြင့်နှင့် မျက်နှာချိုသည်။ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြော စိတ်ဆိုးတတ်သည့်ပုံ မရသည့် ပုံမျိုး ....။

"ကဲ .... ကဲ .... တော်လောက်ပြီ .... စာပြန်ကျက်ကြမယ် ...."

ရိပ်မိုး စတင်ကာ နှီးဆော်မှ စကားလက်စများကို ရပ်သိမ်းပြီး စာအုပ်တွေကို ပြန်ကိုင်ဖြစ်ကြတော့သည်။

စာတွေကို အလွတ်ရအောင် မကျက်နိုင်သော်လည်း အတော်နားလည်ကာ မှတ်မိလာသဖြင့် ကိုယ့်ဘာသာကိုယ် ပြန်ဖတ်လျှင် အတော်လွယ်ကူမည်ဟု ထင်ရသည်။ ညနေ(၆)နာရီကျော်မှ အားလုံးအိမ်ရှင်ဖြစ်သူလင်းလင်းကို နှုတ်ဆက်ကာ ပြန်ခဲ့ကြသည်။ အတူတူ စာစု ကျက်လိုက်ကြသဖြင့် တစ်ယောက်နှင့်တစ်ယောက်လည်း အတော်လေး ရင်းနှီးသွားကြသည်။ မနက်ဖြန်ကို စောစောလာရန် ချိန်းကြပြီး ယောကျ်ားလေး သုံးယောက်ကိုလည်း ညဘက် ကုလားကားမကြည့်ရန် ဝိုင်းဝန်းတားမြစ်လိုက်ရသည်။

ရွှေရောင် အိမ်ပြန်ရောက်တော့ မေမေက အိမ်ရောက်နှင့်နေပြီဖြစ်သည်။ ထမင်းစားပွဲကို အဆင်သင့် ပြင်ခိုင်းထားကာ သူမကို စောင့်နေသော မေမေက "နောက်ကျလိုက်တာ" ဟု အပြစ်တင်သလိုဆိုသည်။ မေမေစိတ်ပူနေမှန်း သိသာပေမယ့် "မေမေဖြင့် စိတ်ပူလိုက်ရတာ သမီးရယ်" လို့ မဆိုသော မေမေ့ကို သိပ်တော့ မကျေနပ်ချင်။ ချိုသာပျော့ပျောင်း နူးညံ့သော သံယောဇဉ်စကားများသည် မေမေ့ နှုတ်ဖျားနှင့် ဘာမှ မဆိုင်သလို အမြဲရှိသည်။ ဘာပဲဖြစ်ဖြစ် ဒီလောက် စာသွားကျက်ခွင့် ပြုထားပြီး၊ နောက်ကျပြီး ပြန်လာတာကို မဆူတာဘဲ ကျေးဇူးတင်ရမည်။ အခု စာသွားကျက်တဲ့ အဖွဲ့ထဲမှာ ယောကျ်ားလေးတွေပါမှန်း မေမေ မသိသေး။ သိရင် ဘာပြောမလဲဟု တွေးကာ မေမေ့မျက်နှာကို မလုံမလဲဖြင့် လှမ်းကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ညာတာမျိုးတော့ မဟုတ်။ မေမေမေးလျှင် သူမ အမှန်အတိုင်း ဖြေမှာဖြစ်ပေမယ့် မမေးဘဲ သူမဘာသာ မပြောချင်ပါ။ တော်ကြာ မသွားရတော့ဘူးဆိုလျှင် သူမပဲ ဒုက္ခရောက်ရမည် မဟုတ်လား။

ဒီနေ့ ဘိုင်အိုကမ်မစ္စတြီ(ဇီဝဓါတုဗေဒ)ကို စာမေးပွဲမှာပါမည့် အပိုင်းအထိ ဖတ်ခဲ့ပြီး ဖစ်ဆီယို(ဇီဝကမ္မဗေဒ)ကိုပင် စတင် ကိုင်နိုင်ခဲ့သည်မို့ သူမ စိတ်တွေ တက်ကြွနေသည်။ ဒီလိုသာ မှန်မှန် ဖတ်သွားနိုင်လျှင် ရှေ့ရောက် သိပ်ဆိုးမည်မဟုတ်ဟု တွေးကာ မျှော်လင့်ချက်တွေ ပြန်ရှင်သန်လာသည်။ ဆေး(၁)မှာ စတက်ရသည့်နေ့မှစ၍ စိတ်ဆင်းရဲ၊ စိတ်ဓါတ်ကျခဲ့ရာ ဒီနေ့မှ အနည်းငယ် စတင်ပျော်လာနိုင်ခြင်းဖြစ်သည်။ သူငယ်ချင်းတွေလည်းရပြီ။ စာလည်း လိုက်နိုင်လာပြီမို့ သူမအတွက် ကံကောင်းလာပြီဟု ယူဆလိုက်မိသည်။ တကယ်တော့ ဆေး(၁)က ကျောင်းသား၊ ကျောင်းသူတွေကလည်း ခင်ဖို့ကောင်းတာပါပဲဟု သူမ၏ သူငယ်ချင်းအသစ်များကို မြင်ယောင်ရင်း ကြည်နူးစွာ တွေးလိုက်မိပါတော့သည်။

၉

"ဟော .... သားပြန်လာပြီ ...."

ရိပ်မိုးကို မေမေက အိမ်ဝမှာ အပြုံးဖြင့် ဆီးကြိုသည်။ လင်းလင်းတို့အိမ်က ပြန်ရတာ သိပ်မလွယ်။ ကားက ညနေ(၆)နာရီကျော်မို့ အတော်ခက်သည်။ သူ အိမ်ပြန်ရောက်တော့ (၇)နာရီကျော်နေပြီမို့ ခြေကုန်လက်ပမ်းကျနေပြီ။

အဖေနှင့်ညီမများက အိမ်ရှေ့တွင် တီဗွီကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် .... မိုးနွယ်နဲ့ မိုးသွယ် စာကျက်ပြီးပြီလား ...."

ညီမလေး နှစ်ယောက်ကို လှမ်းအော်မေးလိုက်သည်။

"အိမ်စာတွေ လုပ်ပြီးပြီ ကိုကိုရဲ့ .... ဇာတ်လမ်း ခဏလေး ကြည့်နေတာပါ .... ပြီးရင် စာကျက်မှာ .... "

(၁၀)တန်းကျောင်းသူ ညီမအကြီး မိုးနွယ်က ဖြေသည်။

"မိုးသွယ်က အားလုံးရပြီးပြီ ...."

ညီမအငယ် မိုးသွယ်က (၈)တန်း။ သူ့စကားကိုတော့ သိပ်မယုံရ။ အပျော်အပါးမက်ပြီး စာကို သိပ်မကြိုးစားချင်သူမို့ အမြဲစာကျက်ဖို့ ပြောနေရသည်။

"ဟုတ်လို့လား .... ကိုကို .... အခုမေးရမလား .... " လို့ ပြန်ပြောမှ မျက်နှာစပ်ဖြဲဖြဲနှင့် ....

"နည်းနည်းတော့ ကျန်သေးတယ် ...." ဟု ဆိုသည်။

မေမေက "ကဲပါ .... သားကြီးရယ်။ ရေချိုးပြီး ထမင်းစားလိုက်ဦး .... မိုးချုပ်နေပြီ .... ညီမလေးတွေက စာကျက်မှာပါ၊ လိမ္မာပါတယ် .... ဟုတ်တယ်မဟုတ်လား .... သမီးတို့" ဟု လှမ်းပြောသည်။

သူ ထမင်းစားရင်းဖြင့်ပင် အိပ်ငိုက်လာသည်။ သွားရလာရတာ အချိန်ကုန်ပြီး ပင်ပန်းလှသည်။ ကိုယ့်ဘာသာကိုယ် အိမ်မှာ ကျက်ရင် ပိုများ သက်သာမလားဟု တွေးမိသည်။ သို့သော် သူ့ကို အားကိုးကြသည့် သူငယ်ချင်းများ အထူးသဖြင့် အားကိုးတကြီး မျက်လုံးတွေနှင့် ကြည့်တတ်သော ရွှေရောင့်မျက်နှာ ငယ်ငယ်လေးကို သတိရကာ မနက်ဖြန်လည်း သွားမည်ဟု ဆုံးဖြတ်မိပြန်သည်။ ထမင်းစားပြီးတော့ သူ မရတော့။ စာတွေ

www.burmeseclassic.com

www.burmeseclassic.com



လည်း အတော်ပြီးနေပြီမို့ တစ်ရေးအိပ်ပြီး ညလယ်ကျမှ ထစာကျက်တော့မည့်ဟု ဆုံးဖြတ်လိုက်သည်။

ခါတိုင်းဆို ချက်ချင်း အိပ်ပျော်လေ့ရှိပေမယ့် အခုတော့ ချက်ချင်း အိပ်လို့မရ။ ရွှေရောင့်မျက်နှာလေးက မျက်စိမှိတ်လိုက်တာနဲ့ တရစ်ဝဲဝဲ ပေါ်လာသည်။ ဒါပေမယ့် သူ စိတ်ကူးမယဉ်ချင်။ သူ ကြိုးစာပြီးအိပ်မှ ဖြစ်မည်။ သူ့အတွက် အချိန်တွေက သိပ် တန်ဖိုးရှိသည်။ သူ့ရည်မှန်းချက်တွေကို လုံးဝ အပျက်အစီးခံလို့မဖြစ်။

ထို့ကြောင့် အတွေးတွေကို ကြိုးစား သိမ်းဆည်းရင်း သူ့ကိုယ်သူ အိပ်ပျော်အောင် ကြိုးစားလိုက်ရပါတော့သည်။

၉

ခန္တာဗေဒ စာမေးပွဲက နေ့လယ်မှ ဖြေရမှာမို့ မနက်ပိုင်း အတန်းချိန်(၃)ချိန်ကို တက်ရသေးသည်။ ထို(၃)ချိန်စလုံး ရွှေရောင့်ကို အတန်းထဲမှာ မတွေ့ရ၍ စိတ်ပူနေမိသည်။ နေမှကောင်းရဲ့လား။ မနေ့က လင်းလင်းတို့အိမ်က ပြန်တဲ့အချိန်အထိတော့ အကောင်းအတိုင်းပါပဲ။

နေ့လည် ထမင်းစားချိန်တွင် စာပြောပြခိုင်းနေသည့် သူငယ်ချင်းများကြောင့် ထမင်းကို ကမန်းကတန်းစားရင်းမှ သူတို့ မေးသမျှကို ပြောပြနေရသေးသည်။ ဒီလောက် နီးကပ်နေသည့်အချိန်မှာ သူလည်း သူဖတ်ချင်တာတွေ ရှိသေးသဖြင့် စိတ်အနှောင့်အယှက် အနည်းငယ်ဖြစ်ရသည်။ သို့သော် သူက နေတတ်သူ မဟုတ်လေတော့ သူများကို ကူညီတာကောင်းပါတယ်လေဟု တွေးရင်း မညည်းမညူ ပြန်ဖြေနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ကန်တင်းမှ ထွက်ပြီး ဖြေဆိုရမည့် သိရေတာခန်းကို နောက်ပေါက်လှေကားမှ ပြန်တက်ခဲ့သည်။ သူ မသိစိတ်ထဲက ရှာဖွေနေမိသူကို တွေ့ပါပြီ။ ဆံပင်ရှည်များ ဖုံးကွယ်ထား၍ မျက်နှာကို မမြင်ရပေမယ့် အဝေးမှ ရိပ်ခနဲ လှမ်းမြင်လိုက်သည်နှင့် သူမမှန်း တန်းခနဲ သိလိုက်သည်။ သိရေတာ နောက်ဖက်မှ ခုံတန်းရှည်တွင် တစ်ယောက်တည်း ထိုင်ကာ စာဖတ်နေခြင်းဖြစ်သည်။

"ဟိတ် .... မနက်ပိုင်း အတန်းတွေ ဘာလို့ မတက်တာလဲ .... ကျောင်းပြေးမလေး ...."

သူ့စိတ်ထဲမှာ အရမ်းပျော်သွားသောကြောင့် ရွှင်မြူးစွာ လှမ်းနောက်လိုက်မိတော့ ဆတ်ခနဲ တုန်သွားပြီး မော့်ကြည့်သည်။ လန့်သွားအောင် လုပ်လိုက်မိလေသလားဟု နောင်တရစွာ တွေးလိုက်မိသည်။ မျက်ဝန်းထဲမှ မျက်ရည်စ တစ်ချို့ကို ကမန်းကတန်း မျက်တောင်ခတ်ကာ သိမ်းဆည်းနေသည့်သူ့ကို ဘယ်လို နှစ်သိမ့်ရမှန်းမသိ။

"ငါ .... ငါ .... ဘာတစ်ခုမှ မမှတ်မိတော့ဘူး ...."

ဖြစ်ရလေ။ သူကိုယ်တိုင်လည်း မနက်အိပ်ရာက နိုးတော့ ဒီလိုပဲ ခံစားခဲ့ရသည်။ စိတ်အေးအေးထားကာ ပြန်စဉ်းစားမှ တဖြည်းဖြည်း ပြန်မှတ်မိလာခြင်း ဖြစ်သည်။ ထို့ကြောင့်

"စိတ်အေးအေး ထားစမ်းပါ .... ဒီအချိန်မှာ အားလုံး ဒီလိုပဲ ခံစားရတာ .... စာမေးပွဲခန်းထဲရောက်သွားရင် ဖတ်ထားသမျှတွေ အကုန်ပြန်ထွက်လာမယ်" ဟု  အနားတွင် ဝင်ထိုင်ကာ အားပေးလိုက်မိသည်။ အနောက် လှေကားမှ တက်လာသည့် ကျောင်းသားနှစ်ယောက်က သူတို့ကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်ကာ ပြုံးသွားကြသည်။ သူမကတော့ ခေါင်းငုံ့ထားသည်မို့ ဘာမှ သိရှာမည် ပုံမပေါ်။ သူတို့ကို တစ်မျိုးများ ထင်သွားကြလေမလား။ ပြာလောင် ကာတွန်းထဲကလို နှစ်မျိုး၊ သုံးမျိုး ထင်ပါစေဟုသာ ဆုတောင်းလိုက်မိသည်။

"အေးပါဟာ .... ကျေးဇူးပါပဲ ...."

သူမက လေသံခပ်ယဲ့ယဲ့ဖြင့် ပြန်ပြောသည်။ အမှန်တကယ် စိတ်ခါတ်သိပ်ကျနေမှန်း သိသာလွန်းလှသည်။ ဒီလောက် အဖက်ဖက်က ပြည့်စုံနေတဲ့ ကောင်မလေးတစ်ယောက် ဒီလောက် စိတ်အားငယ်တတ်မယ်လို့ ဘယ်သူက ထင်မိပါ့မလဲ။ ဖြစ်နိုင်ရင် အမြဲ မင်းအနားမှာ အားပေးနေချင်ပါရဲ့ ကောင်မလေးရယ်။

သူမ မျက်နှာလေးက ညှိုးလျော်နေရာမှ လင်းလက်လာသည်ကို ကြည့်ရင်း သူပျော်နေမိသည်။ စာမေးပွဲဖြေရန် အချိန်နီးကပ်လာမှ အတန်းထဲဝင်ခဲ့ကြသည်။ ဒီတစ်ခေါက်စာမေးပွဲက ပထမတစ်ခေါက်ထက် ပိုလွယ်သည်ဟု ရိပ်မိုး ထင်မိသည်။ မေးခွန်းလွှာ ပထမပိုင်းက ပေးထားသည့် အဖြေများထဲမှ မှန်သည့် အဖြေကို ရွေးကာ ကွက်လပ်ဖြည့်ရသည့် မာတီပယ်လ်ချိုက်စ်တွေကလည်း သိသာ ထင်ရှားတာတွေကိုပဲ မေးထားသည်။ မေးခွန်းတိုတွေကလည်း မေးခွန်းဟောင်းတွေမှာ မေးဖူးတာတွေမို့ အားလုံးက သူ ကြိုတင်ပြင်ဆင်ထားပြီးသားတွေချည်း ဖြစ်နေသည်။

အချိန်စေ့၍ စာရွက်သိမ်းတော့မှ သူ သူမရှိရာသို့ လှမ်းကြည့်လိုက်မိသည်။ သူမက သူ့ကို လှမ်းပြုံးပြသည်။ သူမလည်း ဖြေနိုင်ပုံရသည်ဟု အရိပ်အကဲကို ကြည့်ရင်း ယူဆလိုက်သည်။ ကိုယ့်အာရုံနှင့် ကိုယ်မို့

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအတော်များများ သူတို့ နှစ်ယောက်ကို သတိထားကာ စောင့်ကြည့်နေမှန်း သူ သတိမပြုမိလိုက်။

လက်ရှိအတန်းထဲမှာ စာအတော်ဆုံးဆိုပြီး အများက စိတ်ဝင်စားခံနေသော ယောကျ်ားလေးတစ်ဦးနှင့် အချောဆုံးဆိုပြီး အများက စိတ်အဝင်စားဆုံး မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း သူတို့ကိုယ် သူတို့မှ သတိမပြုမိခဲ့ကြတာပဲလေ။

၉

ယခု အပတ်၏ နောက်ဆုံး စာမေးပွဲဖြစ်သော ဇီဝဓါတုဗေဒ စာမေးပွဲ ဖြေဆိုချိန် တစ်ဝက်ကျော်ကျော်ခန့်တွင် ဆရာမတစ်ဦးဝင်လာကာ နာမည်စာရင်းများ ဖတ်ပြပြီး စာမေးပွဲဖြေပြီးပါက ထိုကျောင်းသားများ ပါမောက္ခနှင့်တွေ့ရန် ရုံးခန်းသို့ လာကြရမည်ဟု ပြောသွားသည်။

ထိုသို့ ခေါ်တွေ့ခြင်းမှာ အကောင်းတော့ မဟုတ်တန်ရာဟု အားလုံး တွက်ဆကြပြီး ဖြစ်သော်လည်း ရိပ်မိုးနာမည် ပါနေခြင်းကြောင့် သို့လော၊ သို့လော တွေးနေကြသည်။ ကာယကံရှင်များကတော့ သူတို့ အပြစ်ကို သူတို့ ချက်ချင်း သတိရသွားကြသည်။

ရိပ်မိုးကတော့ သစ်ထွန်းကိုသာ စိတ်ထဲမှ ကျိန်ဆဲနေမိသည်။ စာမေးပွဲရှိတာတောင် ဒီကောင်တွေ ငြိမ်ငြိမ် မနေနိုင်ကြ။ သူတို့ အငြိုအငြင်မခံနိုင်သဖြင့် လိုက်သွားမိသော ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မိသည်။

မနေ့က ပထမနှစ်သို့ ယခုနှစ်မှ စတင် တက်ကြမည့် ကျောင်းသားကျောင်းသူ အသစ်ကလေးများ၏ ပထမဆုံး ကျောင်းတက်ရက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကျောင်းအကြောင်း နကန်းတစ်လုံးမှ မသိရှာကြသေးသော ကျောင်းသားလေးများကို သစ်ထွန်းတို့က အကြောင်ရိုက်ကာ နောက်လိုကြသည်။ မူလအစီအစဉ်မှာ ရိုပ်မိုးမပါ။ ရုတ်တရက် လမ်းမှာ တွေ့သဖြင့် အတင်းဆွဲခေါ်ကာ အနောက်က ထိုင်ခုံတွင် ထိုင်ရုံလေး ထိုင်ပေးပါဟု ဝိုင်းဝန်းတောင်းဆိုကြသဖြင့် သူ ကန့်လန့် ကန့်လန့်နှင့် ပါသွားရခြင်း ဖြစ်သည်။

မတတ်သာတော့သဖြင့် ဖရက်ရှာလေးများ စတင် အတန်းတက်ရမည့် သီရေတာ(၂)၏ နောက်ဆုံးတန်းတွင် သူဝင်ထိုင်ပေးခဲ့သည်။ မျိုးကိုနှင့် ရဲသွေးကလည်း လူခွဲကာ ယောကျ်ားလေးများကြားတွင် ဝင်ထိုင်ကြသည်။ ခဏအကြာမှ သစ်ထွန်းက ဆရာကြီး အိုက်တင်အပြည့်ဖြင့် စာအုပ်ကြီးတစ်အုပ်ကို လက်မှာ ကိုင်ရင်း အတန်းထဲ ဝင်လာသည်။ အချိန်က ဓာတုဗေဒ အချိန်ဖြစ်ကြောင်း သူတို့ အချိန်စာရင်း သွားခိုးကြည့်ထားကြသဖြင့် သိနေကြသည်။

"ကဲ .... ဒီနေ့ ဆရာသင်မယ့် ဘာသာရပ်ကတော့ အော်ဂဲနစ်ကမ်မစ္စတြီပဲ .... ဒီတော့ .... အော်ဂဲနစ်ဆိုတာ ဘာလဲ .... ဟိုအရှေ့က ကျောင်းသူ ဖြေပါဦး ...."

တကယ့် ဆရာကြီးဂိုက်အပြည့်ဖြင့် မှင်သေသေနှင့် ပြောနေသည့် သစ်ထွန်းကို ကြည့်ကာ သူ စိတ်ထဲက ကြိတ်ရယ်နေမိသည်။ သူ လက်ညှိုးထိုးကာ မေးလိုက်သည်က အတန်းထဲမှ အချောဆုံးကျောင်းသူကိုဖြစ်သည်။ ထိုကျောင်းသူက ရုတ်တရက် ကြောက်ရွံ့ကာ ငြိမ်နေပြီးမှ ထိုင်ရာမှ ထကာ ပါးစပ်မှ တစ်စုံတစ်ခုကို ခပ်တိုးတိုး ပြောလိုက်သည်။ သူ ဘာပြောလိုက်မှန်း ကောင်းကောင်း မကြားရပေမယ့် သစ်ထွန်းက ခပ်တည်တည်နှင့် "မှား

www.burmeseclassic.com



တယ် .... ထိုင် ....” ဟု ဆိုပြီး မင်းနိုင်ကို လက်ညှိုးထိုးကာ “မင်းဖြေ” ဟုဆိုသည်။ ဒီတော့ မင်းနိုင်က မျက်နှာသေလေးဖြင့် ထိုင်ရာမှ ထကာ

“အင်အော်ဂဲနစ် မဟုတ်တာပါဆရာ” ဟု တရိုတသေ ဖြေလေသည်။ သူ ရယ်ချင်လွန်း၍ အောက်နှုတ်ခမ်းကိုပင် ကိုက်ထားရသည်။

ဒီတော့ သစ်ထွန်းက “အေး .... မင်းပြောတာ မှန်တယ်” တဲ့။ ကောင်မလေးများက မင်းနိုင်ကို အထင်ကြီးသော မျက်လုံးများဖြင့် လှမ်းကြည့်ကြသည်။

ယခုတက်သည့် အတန်းထဲမှာ တက်သစ်စ ရုပ်ရှင်မင်းသားတစ်ယောက် ပါလာမှန်း သိသဖြင့် သစ်ထွန်းက ထိုမင်းသားကို လက်ညှိုးထိုးကာ

“ဘင်ဇီးရဲ့ဖော်မြူလာ ရွတ်ပြစမ်းကွာ” ဟု ခိုင်းသည်။ ဘယ်လိုလုပ် သိနိုင်ပါ့မလဲ။ အခုမှ ကျောင်းစတက်ရတာကို။ သူတို့တောင် မေ့စပြုနေပြီ မဟုတ်လား။ မေးသူ သစ်ထွန်းကိုယ်တိုင်လည်း သိမည့်ပုံမပေါ်ပါ။ မင်းသားက ....

“မသိဘူး ဆရာ” ဟု ဆိုတော့ သစ်ထွန်းက ....

“မင်းကွာ .... မင်းသားတစ်ယောက်ဖြစ်ပြီး ဒါလေးတောင် မသိဘူးလား” တဲ့။

အမှန်က ဘာဆို ဘာမှ မဆိုင် ....။ သက်သက်မဲ့ ချွတ်ခြင်း။ ဆေးကျောင်းမှာ နှစ်တိုင်းလိုလို အသစ်တက်တဲ့ အတန်းထဲမှာ အဆိုတော်၊ ဒါမှမဟုတ်၊ ရုပ်ရှင်မင်းသား၊ ဒါမှမဟုတ် စာရေးဆရာမတို့၊ မယ်တို့ ပါလာ

www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ သူတို့ခမျာ အပြင်မှာ လူအထင်ကြီးခံရသလောက် ကျောင်းမှာတော့ နည်းမျိုးစုံနှင့် နှိပ်ကွပ်ခြင်း ခံကြရရှာသည်။

ထိုစဉ်မှာပင် ဓါတုဗေဒ ဌာနမှူး အတန်းထဲဝင်လာသဖြင့် သူတို့အားလုံး သီရေတာ နောက်ပေါက်မှ တစ်ချိုးတည်း လစ်ပြေးရတော့သည်။ သို့ပေမယ့် မျက်စိလျင်သည့် ဆရာမက သူတို့အားလုံးကို မြင်ပြီး မှတ်မိသွားပုံရသည်။ သူတို့ကလည်း ပထမနှစ်ကတည်းက အတန်းထဲမှာ နာမည်အကြီးဆုံးအဖွဲ့ မဟုတ်လား။ အခုတော့ ဒုက္ခရောက်လေပြီ။

ဘာမှ မတတ်နိုင်။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ရုံးခန်းသွားကာ အဆူခံကြရသည်။ ဇီဝဗေဒ ဌာနမှူးက ....

"မင်းတို့ တက္ကသိုလ်ကျောင်းသားတွေဖြစ်နေပြီ .... မကြာခင်ပဲ ဆရာဝန်ဖြစ်တော့မှာ .... ငယ်ငယ်က အကျင့်တွေ မပျောက်သေးဘူး .... ရိပ်မိုးကိုဆို မမတို့ သိပ်မျှော်လင့်တာ .... စာလည်း တော်တယ်ဆိုတော့ ကြိုးစားရင် ထိပ်ဆုံး ရောက်နိုင်တယ် .... ဒါပေမယ့် ဒီလိုပုံနဲ့ ဆက်သွားနေရင်တော့ မလွယ်ဘူး" တဲ့။ ပြီးတော့ သူတို့ကို နောက် ဒီလို ကလေးဆန်တဲ့ အပြုအမူမျိုးတွေ မလုပ်ရန် သတိပေး ဆုံးမကာ ပြန်လွှတ်လိုက်သည်။

အတန်းထဲ ပြန်ရောက်တော့ အားလုံးက သိချင်စွာ သတင်းမေးကြသည်။ အဖြစ်မှန်ကို ပြောပြတော့ သဘောကျစွာ "ကောင်းတယ်၊ ဒါမျိုးလုပ်ပေးထားမှ" ဆိုပြီး အငယ်တွေကို အနိုင်ကျင့်ခြင်းအတွက် ဝမ်းသာအားရဖြစ်နေကြသည်။ ဖရက်ရှာလေးတွေ အပေါ်မှာ ထားတဲ့ အတန်းကြီးမှ အစ်ကိုကြီး၊ အစ်မကြီးများရဲ့ စိတ်စေတနာ သဘောထားလေတွေပေ့ါ။

ရွှေရောင် တစ်ယောက်ကတော့ သူတို့ကို "တော်တော်ဆိုးကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်”ဟု ဆိုသည်။ “အခုမှ ဒီကျောင်းကို စရောက်ဖူးကြတာ .... သူတို့ ခမျာ ဘယ်လောက်များ စိတ်ညစ်သွားရှာမလဲ”ဟု ကိုယ်ချင်းစာစွာ ပြော သည်။ ရွှေရောင်က သူ ဒီကျောင်းကို စတက်သည့်နေ့ရက်တွေမှာ စိတ်ညစ်ခဲ့ ရတာ တွေကို အမှတ်ရပြီး ကိုယ်ချင်းစာနေမိခြင်း ဖြစ်သည်။

ရွှေရောင့်စကားကြောင့် သူ့ကိုယ်သူ အလွန်တရာ ကြီးမားသော အပြစ်ကြီးတစ်ခုကို ကျူးလွန်မိသူလို ရိပ်မိုး ခံစားလိုက်ရသည်။ နောက်ကို ဒီလို အပြုအမူမျိုး ဘယ်တော့မှ မလုပ်တော့ပါဘူးလို့ ရွှေရောင့်ကို ကတိပေး ပြောပြချင်ပေမယ့် သူငယ်ချင်းတွေ ဝိုင်းလှောင်ကြမှာ စိုးတဲ့အတွက် စိတ်ထဲ ကနေပဲ ကတိပေးလိုက်ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ထုံးစံအတိုင်း စာမေးပွဲတွေ ဖြေရတာများလာတော့ ထုံသွားကာ အရင်လို သိပ်မကြောက်ကြတော့။ ထို့ကြောင့် ပိတ်ရက်တွေမှာ စာစုကျက် ဖြစ်ကြသော်လည်း အရင်လို လူသိပ်မစုံချင်ကြတော့။ မိန်းကလေးထဲမှာ အိမ်ရှင်ဖြစ်သူ လင်းလင်းရယ်၊ ရွှေရောင်ရယ်၊ ရတနာရယ်လောက်သာ ပုံမှန်အတူ ကျက်ဖြစ်ကြသည်။ ယောကျ်ားလေးထဲမှာဆိုလျှင် ရိပ်မိုး တစ်ယောက်သာ အများဆုံးတွေ့ရသည်။ ကျန်ယောကျ်ားလေးတွေက အကြောင်းအမျိုးမျိုးပြကာ လာရန်ပျက်ကွက်နေကြသည်။

ကျောင်းမှာဆိုလျှင်လည်း နေ့လည်ထမင်းစားချိန်မှာ အရင်လို စာမကျက်ဖြစ်ကြတော့ဘဲ ရသည့်အချိန်ကလေးအတွင်းမှာ အင်းယားကန်ကို ကားဖြင့် စုသွားကြကာ ဗူးသီးကြော်စားတာတို့၊ ဘီအီးဒီကန်တင်းမှာ ထမင်း သွားစားတာတို့ လုပ်ဖြစ်လာကြသည်။ ပိုဆိုးသည်က အတန်းလစ်ကာ ရုပ်ရှင် သွားကြည့်ကြခြင်း ဖြစ်သည်။ အတန်းဖျက်သည့် ကိစ္စကိုတော့ ရိပ်မိုးက လုံးဝသဘောမတူ။ ရုပ်ရှင်ကိုလည်း ဘယ်တော့မှ မလိုက်။ ရွှေရောင်က

www.burmeseclassic.com

www.burmeseclassic.com



ရတနာတို့ အတင်းခေါ်လျှင် လိုက်ချင်သော်လည်း သူ့အမေပြန်သိသွားမှာကို ကြောက်သဖြင့် မလိုက်ရဲ။ ဒီအသက်ဒီအရွယ်အထိ အမေကို ဒီလောက်ကြောက်နေရတဲ့ ရွှေရောင့်ကို သူငယ်ချင်းများက အံ့သြကြသည်။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဘဝမှာ ကျောင်းလစ်တာ၊ အတန်းလစ်တာ ဆန်းတဲ့ကိစ္စမှ မဟုတ်တာဘဲ။

သူတို့ အတန်းလစ်ကာ သွားကြတိုင်း ရွှေရောင်တစ်ယောက်သာ အတန်းထဲမှာ စိတ်အားငယ်စွာ ကျန်ရစ်ရမြဲဖြစ်သည်။ ရိပ်မိုး ကျန်ခဲ့ပေမယ့် အတန်းထဲမှာ သူနဲ့ အတူတူ သွားထိုင်လို့ ဖြစ်တာမှ မဟုတ်ဘဲ။ အခုတောင် လူတွေက တစ်မျိုးပြောချင်သလိုလို၊ နောက်ချင်သလိုလို ဖြစ်နေကြတာ။ သို့ပေမယ့် နေ့လည်မှာတော့ အတန်းအနောက်ဘက် ဝရံတာကနံမှာ အတူတူထမင်းစားပြီး ရိပ်မိုးရှင်းပြတဲ့ စာတွေကို နားထောင်ရင်း သူမ မရှင်းတာတွေကို ပြန်မေးခွင့်ရတဲ့ အခွင့်အရေးကို ဘယ်သူ ဘာပြောပြော လက်လွှတ်ခံလို့ မဖြစ်။ ပြီးတော့ ရိပ်မိုးအနားမှာ မရှိရင် သူမကို လာဒုက္ခပေးချင်တဲ့ သူတွေကလည်း အပြည့်မဟုတ်လား။ ဒါကြောင့် တစ်ယောက်တည်း နေတဲ့အချိန်တွေမှာ မျက်နှာကို ချိုချိုသာသာပင် မထားရဲ။ အမြဲတင်းထားနိုင်မှ တော်ကာကျသည်။ မာနသိပ်ကြီးတယ်လို့ ထင်ချင်လည်း ထင်ကြပါစေ။ သူမ မတတ်နိုင်တော့။ အခြားကျောင်းသူတွေလို လွတ်လပ်၊ အေးချမ်းစွာ သူမကို နေထိုင်ခွင့် ဘာကြောင့် မပြုနိုင်ကြတာလဲဟု အနှောင့်အယှက်ပေးချင်သည့် ကျောင်းသားတွေကို ပြန်မေးချင်မိသည်။ သူငယ်ချင်းတွေ အနားမှာရှိတဲ့ အချိန်ဆိုရင်တော့ သူမ ဘယ်သူ့ကိုမှ ဂရုမစိုက်။ အေးချမ်းလွတ်လပ်စွာ ရယ်မောနိုင်ခွင့် ရှိသည်။ သူမကို တစ်ယောက်ယောက်က ထိပါးလာပါက

www.burmeseclassic.com

www.burmeseclassic.com



ကက်ကက်လန်အောင် ရန်တွေ့ပေးမယ့် သူငယ်ချင်းတွေ ရှိနေတာပဲ။ ယောကျ်ားလေးများကတော့ ယောကျ်ားလေးအချင်းချင်းမို့ ကိုယ်ချင်းစာကြတာလား။ ရန်ဖြစ်မှာစိုးလို့လားတော့ မသိ။ တော်ရုံတန်ရုံဆို မသိချင်ယောင်ဆောင်ပစ်လိုက်ကြသည်။ ပြဿနာမဖြစ်အောင် ရှောင်ကြသည်။ တကယ်တမ်းမှာ မိန်းကလေးတွေက ပိုအားကိုးရသည်။ သူမကလည်း သူမကြောင့် ဘယ်သူတစ်ဦးတစ်ယောက်မှ ပြဿနာ မတက်စေလိုပါ။ တစ်ခုခု ဖြစ်ပါက သူမ အနေအထိုင် မတတ်လို့ ဖြစ်ရတာဟု အားလုံးက သူမကိုသာ အပြစ်တင်ကာ ဝိုင်းပြောကြမည်မှန်း သူမ သိသည်လေ။

သူမ အထက်တန်းကျောင်းသူဘဝက ယောကျ်ားလေးတွေ စာလိုက်ပေးတိုင်း စကားလိုက်ပြောတိုင်း မေမေနှင့် အမြဲတမ်း အဆူခံရလေ့ရှိသည်။ ထိုကိစ္စများ ကြုံရပြီဆိုလျှင် မေမေက သူမ အနေအထိုင်မတတ်လို့ဟု သူမကိုသာ အပြစ်တင်၊ ပြောဆိုလေ့ရှိသည်။ သူမလည်း အတတ်နိုင်ဆုံး ယောကျ်ားလေးတွေနဲ့ ကင်းကင်းရှင်းရှင်း နေခဲ့တာပဲ။ အထက်တန်းကျောင်းသူဘဝ ပြီးဆုံးတဲ့အထိ သူမမှာ ယောကျ်ားလေး သူငယ်ချင်းတောင် တစ်ယောက်မှ မရှိခဲ့ဘူး။ မေမေက သူမကို အထက်တန်းကျောင်းသူဘဝက ဒီအရွယ်နဲ့ ရည်းစားထားရင် အသတ်ပဲဟု မကြာခဏ ကြိမ်းမောင်းခဲ့ဖူးသည်။ တကယ်တော့ သူမမှာ အခုအချိန်အထိ ရည်းစားထားချင်စိတ် နည်းနည်းလေးပင် မဝင်ခဲ့ဖူးသေးပါ။ သူမကို ချစ်သည်။ ကြိုက်သည်ဟု ပြောလာသူများကို ပြန်စိတ်ဝင်စားဖို့ဝေးလို့ သူမကို စိတ်အနှောင့်အယှက်ပေးသူ၊ မေမေနဲ့ အဆူခံရအောင် လုပ်သူများအဖြစ် မြင်ကာ မုန်းပင် မုန်းနေမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့လည်း သမ္မတမှာ ကားသစ်လဲသဖြင့် သူတို့ တစ်ဖွဲ့လုံး မနက်ပိုင်း အတန်းချိန်တွေဖျက်ကာ ကျောင်းပြေးကြပြန်၏။ မနက်ပိုင်းက စာသင်ချိန်တွေမို့ ပျက်မယ်ဆို ပျက်လို့ရပေမယ့် ညနေပိုင်းက လက်တွေ့ချိန် တွေကိုတော့ ဘယ်လိုမှ ပျက်လို့ မဖြစ်။ ထို့ကြောင့် သူတို့တစ်တွေ နေ့လယ် ထမင်းစားချိန် ပြီးကာနီးမှာ ဝရန်းသုန်းကား ပြန်ရောက်လာကြသည်။

"အံမယ်လေး .... မီမှ မီပါ့မလားလို့ .... မောလိုက်တာ"

ရတနာက ရွှေရောင့်အနားမှာ ဝင်ထိုင်ရင်း သက်ပြင်းချကာ ပြောသည်။ ပရက်တီကယ်လ်ခန်းသို့ သွားရာ လမ်းတစ်လျှောက်မှာ သူတို့ ကြည့်ခဲ့ရသော ရုပ်ရှင်အကြောင်း စမြုံ့ပြန်သွားတာကို ရွှေရောင် အားကျစွာ နားထောင်နေရသည်။ လင်းလင်းကလည်း တစ်ခွန်းစ၊ နှစ်ခွန်းစ ဝင်ထောက်သည်။ ဆရာမ ဝင်လာမှပဲ သူတို့ စကားစပြတ်တော့သည်။ ဆရာမကနာမည် စာရင်းခေါ်ပြီးတာနဲ့ ဒီနေ့လုပ်မည့် ပရက်တီကယ်လ်အတွက် သိထားရမယ့် အချက်တွေကို စမေးတော့သည်။ ကြိုမဖတ်လာခဲ့သော သူငယ်ချင်းများအမေး ခံရတော့ သူတို့အတွက် ရွှေရောင်က ဘေးမှ ခပ်တိုးတိုး ထောက်ပေးရသည်။ အရင်ကဆိုရင် သူမလည်း ဆရာမ စာမေးရင် အ,အတစ်ယောက်လို ကြောင် အမ်းအမ်းနဲ့ ဘာမှ မဖြေနိုင်ဘဲ ဖြစ်နေခဲ့သည်။ အခုတော့ နေ့လယ်က ရိုပ်မိုးနှင့်အတူ စာကြိုဖတ်ထားသဖြင့် သူမ အတော်လေး တိုးတက်နေလေပြီ။ ထို့ကြောင့် သူမ ဆရာမ မေးသမျှတွေကို ဖြေနိုင်တိုင်း စိတ်ထဲက ရိုပ်မိုးကို ကျေးဇူးတင်ကာ ပိုအထင်ကြီး ပိုအားကိုးနေမိပါတော့သည်။

၄

www.burmeseclassic.com



စာစုကျက်ကြသည့် အချိန်တွေမှာ လူမစုံတော့သလို လာကြသည့် လူတွေကလည်း စာကျက်တာက နည်းနည်း၊ စကားပြောတာနဲ့ အစားစားတာက များများ ဖြစ်နေကြသည်။ လင်းလင်းအမေကလည်း သူတို့တစ်တွေ စာစုကျက်ရတာ ပင်ပန်းကြတယ်ဆိုပြီး အစားအသောက်တွေကို တစ်နေ့တစ်မျိုး မရိုးအောင် လုပ်ကျွေးရှာသည်။ ဒါကြောင့် သူတို့တစ်တွေ အစားစားလိုက် စကားပြောလိုက်နှင့် ဇိမ်ကျနေကြသည်။ ရိပ်မိုးတစ်ယောက်သာ အတော်လေး စကားကြောရှည်သွားကြတိုင်း စာပြန်ကျက်ဖို့ တိုက်တွန်းနှိုးဆော်ရေးကို တာဝန်မယူပါက တစ်နေကုန် စာမကျက်ဖြစ်ဘဲ စကားချည်းပြောဖြစ်ကုန်ကြမှာ သေချာသည်။

မိန်းကလေးများက ရွှေရောင့်အကြောင်းကို စိတ်ဝင်တစားမေးကြသည်။ ရွှေရောင့်အရပ် ငါးပေ၊ ခြောက်လက်မရှိတာ၊ ရွှေရောင့်အသားအရေ အလွန်အမင်းလှတာတွေကို သူတို့ တအံ့တသြဖြစ်နေကြသည်။ ဒီစက္ကင်းအမ်ဘီလို နှစ်မျိုးမှာ လေ့ကျင့်ခန်းမှန်မှန် ယူနိုင်သေးတာကိုလည်း အားကျနေကြသည်။ သူတို့တွေက မဝကြပေမယ့် ဗိုက်ပူနေတာ၊ ခါးတုတ်နေတာ စသဖြင့် အနည်းငယ် အချိုးမကျဖြစ်နေကြတာတွေကို ညည်းညူရင်း ရွှေရောင့်ကို စက္ကင်းအမ်ဘီပြီးလို့ ကျောင်းပိတ်ရင် သူတို့ကို လေ့ကျင့်ခန်းတွေသင်ပေးဖို့ တောင်းဆိုကြသည်။ ရွှေရောင်က ခေါင်းညိတ်ကာ၊ ကတိပေးရင်း သူမ လေ့ကျင့်ခန်း စယူခဲ့ရစဉ်က သူမကို မေမေ ထရိန်နင်မောင်းခဲ့သည့်ကာလများကို ပြန်သတိရကာ ကြက်သီးထချင်သွားမိသည်။ လူတစ်ကိုယ်လုံး နာကျင်ကိုက်ခဲ့ကာ တစ်ခါတစ်ခါ သေချင်စိတ်ပင်ပေါက်အောင် ပင်ပန်းခဲ့သည့်နေ့ရက်များ။ အခုတော့ နေသားကျသွားပြီမို့

www.burmeseclassic.com



အရင်လောက် အပင်ပန်းခံစရာ သိပ်မလိုတော့ပါဘူး။ သူမလို အဆီပို တစ်စက်မှမရှိသော ခန္ဓာကိုယ်၊ ပျဉ်ပြားလို ချပ်နေသော ဗိုက်နဲ့၊ ခါးကျဉ်း ကျဉ်းလေး ရဖို့အတွက် ဘာမဆို လုပ်မယ်လို့ ရတနာက ပြောတော့ ရတနာ ကို မေမေနဲ့ တွေ့ပေးချင်စိတ် ပေါက်သွားမိသည်။ တကယ်သာ မေမေ ခိုင်းတာတွေကို ခံရလျှင် ရတနာတစ်ယောက် မျက်ရည်တောက်တောက် ကျသွားနိုင်သည်။

သူတို့မိန်းကလေးတွေ စကားဝိုင်းအရှိန်ကောင်းနေလျှင် ရပ်မိုးက ဘာမှဝင်မပြောဘဲ ဒေါင့်တစ်ဒေါင့်မှာ ထိုင်ကာ ပြဋ္ဌာန်းစာအုပ်ဖွင့်ပြီး သူတို့ ဖိုတိုကော်ပီဝိုင်းဆွဲကာ ကျက်ကြမည့် နုတ်စ်များကို ထုတ်နေတတ်သည်။ သိပ်ကြာသွားလျှင်တော့ "ဟေ့ .... တော်ကြတော့ .... စာကျက်မယ်"ဆိုသော အသံထွက်လာကာ စာပြန်ကျက်ဖို့ ဆော်ဩပေလိမ့်မည်။

ဒီနေ့လည်း နေ့လယ် ထမင်းစားအပြီးမှာ ဝေဝေခိုင်က သူဖတ် ထားသည့် ဝတ္ထုတွေ အကြောင်း စပြောသည်။ ရွှေရောင်ကလည်း အခြားကိစ္စ တွေဆို ပြောစရာ မရှိသလို နှုတ်ဆိတ်ကာ နားထောင်နေတတ်ပေမယ့် စာအုပ်အကြောင်းကျတော့ အတော်ပါဝင် ဆွေးနွေးနိုင်သည်။ သူ့အမေက အပြင်စာဖတ်တာကို သိပ်အားမပေးပေမယ့် အဖေကတော့ ကိုယ်တိုင်က စာဖတ်ဝါသနာပါသူမို့ သမီးစာဖတ်တာကို တိုက်တွန်းအားပေးသည်။ သူတို့အားလုံး ဝတ္ထုဖတ်တာ ဝါသနာပါကြပေမယ့် အကြိုက်ချင်းကတော့ တစ်ယောက်နဲ့တစ်ယောက် မတူကြ။ ဝေဝေခိုင်က နွမ်ဂျာသိုင်းကို ကြိုက်ပြီး ရတနာက မောင်စိန်ဝင်း(ပုတီးကုန်း)မှတဲ့။ လင်းလင်းကတော့ ကလျာ(ဝိဇ္ဇာ/ သိပ္ပံ)တို့လို လျှို့ဝှက်သဲဖိုမှတဲ့။ ရိပ်မိုးနဲ့ ရွှေရောင်က ထူးဆန်းစွာ မင်းလူ

www.burmeseclassic.com

www.burmeseclassic.com



ကို အလွန်အမင်း ကြိုက်တာချင်း လာတူနေသည်။ မင်းလူကို ပထမဆုံး စဖတ်ပြီး ကြိုက်သွားတာက ငှက်ကလေးဆိုတဲ့ စာအုပ်က စခဲ့တာချင်းလည်း တူနေကြတာ အံ့သြစရာမို့ စာအုပ်ထဲက အကြောင်းတွေ အလုအယက် ပြောမိကြသည်။ ပထမဆုံးထုတ်ခဲ့တဲ့ ပန်းကျောင်းစာအုပ်အကြောင်းကို ပြောတော့ ရိပ်မိုးက သူ မဖတ်ဘူးဟုဆိုသည်။ ရွှေရောင်က သူ့မှာ အပိုင် ဝယ်ထားတာ ရှိတယ်။ ငှားပေးမယ်ဟု ဆိုသည်။ မင်းမဆိုးပါဘူးတို့၊ သူတို့ပျော်ကြလေပြီတို့ အကြောင်းပါရောက်သွားတော့ သူတို့ တော်တော်နဲ့ စကားဖြတ်လို့ မရတော့။ စာဖတ်ဖို့ တိုက်တွန်းသူ ကိုယ်တိုင်က စကား ပြောလေတော့ ကျန်သူတွေမှာ စကားဝိုင်းထဲကို ဝင်မဆံ့စွာ ပါးစပ်အဟောင်း သားလေးဖြင့် နားထောင်နေကြရှာသည်။ မနေနိုင်သူ ရတနာက "မင်းလူ ဆိုတာ .... လိုပဲလား" ဟု သူသိသော ရှုဒိုးစာရေးဆရာမလေးတစ်ယောက် ၏နာမည်ကို ပြောမိတော့ နှစ်ယောက်စလုံး ဒေါသကြီးစွာ "တစ်ခြားစီပဲ" ဟု မျက်မှောင်တွေ ကြုတ်ကာ လှည့်မာန်မဲပစ်လိုက်သည်။

ဂီတအကြောင်း ပြောမိပြန်တော့လည်း ငယ်ငယ်က ကိုင်ဇာကို ကြိုက်ခဲ့ကြတာ၊ အခုလက်ရှိမှာ နေမျိုးဆေးနဲ့ ထူးအိမ်သင်ကို သဘောကျ နေကြတာချင်း တူနေပြန်သည်။ ထို့အပြင် နှစ်ယောက်စလုံးက ရုပ်ရှင်တို့၊ ဗွီဒီယိုတို့ကို သိပ်စွဲစွဲလန်းလန်း မရှိကြ။ အကြိုက်ခြင်းတူမှန်းသိတော့ စိတ် ထဲမှာ ပိုမို ရင်းနှီးသလို ဖြစ်သွားကြသည်။ ရိပ်မိုးက လမ်းမတော်ကျောင်းကို ပထမတစ်နှစ်က ကိစ္စတစ်ခုနှင့် သွားတုန်း နေမျိုးဆေးကို တစ်ခါတွေ့ဖူးသည်ဟု ဆိုသဖြင့် မိန်းကလေးများက အပြင်မှာ ဘယ်လိုနေလဲဟု စိတ်ဝင်စားစွာ ဝိုင်းမေးကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ဆင့် ရိပ်မိုး ဂစ်တာတီးတတ်သည့်အကြောင်း သိသွားကြကာ လင်းလင်းမောင်လေး ဂစ်တာကို ယူပြီး အတင်းတီးပြခိုင်းကြပြန်သည်။ ရိပ်မိုးရဲ့ လက်ချောင်းတွေက အနုပညာမဆန်ဘဲ လက်တွေ့ကျသည့် လက်တွေဖြစ်ပေမယ့် ဂစ်တာကြိုးတွေကိုတော့ ကောင်းကောင်းထိန်းနိုင်သည်။ နေမျိုးဆေးရဲ့ "သူပိုင်ဆိုင်သော နေ့ရက်များ" ကို ရွှေရောင်ရဲ့အထူးတလည် တောင်းဆိုမှုဖြင့် ဆိုဖြစ်ခဲ့သည်။ နေမျိုးဆေးလို အသံချိုချိုမဟုတ်ပေမယ့် ရိပ်မိုးရဲ့အသံသြရှရှက သီချင်းကို တစ်မျိုးတစ်ဘာသာ နားထောင်လို့ ကောင်းစေသည်။ ဒီလိုနဲ့ သူတို့လည်း အဲဒီနေ့က စာကျက်သည့်ဆီကို တော်တော်နဲ့ မရောက်ဖြစ်ကြတော့ပေ။

၀၀

တကယ်တော့ ရိပ်မိုးကိုယ်တိုင်လည်း သွားရလာရခက်သည်မို့ စာစုကျက်ရာကို သိပ်မလာချင်။ သူမရှိရင် မဖြစ်သလောက်ဖြစ်ကာ အားအကိုးလွန်နေသည့် ရွှေရောင်က လာရခက်ရင် အိမ်ကို လာကြို၊ လာပို့ပေးပါ့မယ်။ လာပေးပါဟု တောင်းပန်နေ၍သာ လာနေရခြင်းသာ ဖြစ်သည်။ သူ မလာချင်ခြင်းမှာ သွားရေး လာရေး ခက်ခဲခြင်း တစ်ခုတည်းကြောင့် မဟုတ်။ ရွှေရောင့်ကို ရှောင်ချင်ခြင်းကလည်းး အကြောင်းအရင်းတစ်ရပ်ဖြစ်သည်။ သူက သူ့စိတ်တွေကို တည်တည်ငြိမ်ငြိမ် ရှိစေချင်သည်။ ရွှေရောင်အနားမှာ ရှိနေလျှင် စိတ်တွေကို ငြိမ်အောင် ထိန်းလို့ မရချင်။ သူ့ကို အထင်ကြီးကာ အားကိုးလွန်းနေသည့် ရွှေရောင့် အနေအထားက သူငယ်ချင်း တစ်ယောက်ထက် ပိုပုံမရပေမယ့် သူ ဖွင့်ပြောရင် မငြင်း

www.burmeseclassic.com

www.burmeseclassic.com



လောက်ဖူးဟုလည်း ကိုယ့်ဘာသာကိုယ် အနည်းငယ် အထင်ကြီးချင်စရာ ဖြစ်နေသည်။ သူ့ သူငယ်ချင်းတွေကလည်း အခြေအနေကောင်းတုန်း မြန်မြန် ဖွင့်ပြော။ မဟုတ်ရင် မင်း ကျန်ရစ်ဖြစ်လိမ့်မယ်ဟု ဆိုကာ မြှောက်ပေးကြ သည်။ ဟုတ်တော့လည်း ဟုတ်သည်။ ရွှေရောင့်ကို စိတ်ဝင်စားနေကြသည့် ယောကျ်ားလေးတွေကလည်း အချိန်အားတာနဲ့ ကျောင်းကို ရောက်လာကာ သူတို့ အခန်းမှာ တရစ်ဝဲဝဲ။ အခြားတက္ကသိုလ်များမှ လာရောက်ကြိုးစား နေကြသူတွေလည်း အတော်များသည်။

မင်းနိုင်က "မင်းမကြိုးစားရင်လည်း ငါတို့ကြိုးစားမယ်။ သူများ လက်ထဲတော့ အပါမခံနိုင်ဘူး .... ဖိတ်စရာရှိရင် ကိုယ့်အိတ်ထဲပဲ ဖိတ်ပစ် လိုက်မယ် .... ဟဲဟဲ" ဟု နောက်သလိုလို ပြောသည်။ သစ်ထွန်းကလည်း တလောက စက်မှုတက်နေသည့် သူ့ သူငယ်ချင်းတွေ ကျောင်းကို လာလည် တုန်း၊ ရွှေရောင့်ကို တွေ့သွားသဖြင့် သဘောကျကာ မိတ်ဆက်ပေးရန် ပြောကြကြောင်း သူတို့ကို ပြန်ပြောပြသည်။ ဒီတော့ သစ်ထွန်းက သူ့ သူငယ်ချင်းကို "မကြိုးစားနဲ့တော့ ဟော့ကောင် .... သူ့မှာ ရှိပြီးသား" လို့ ပြောလိုက်သည်တဲ့။ ထို့အပြင် သူ့ သူငယ်ချင်းတွေက ဘယ်သူနဲ့လဲလို့ မေးရင် ငါနဲ့ပဲလို့ ဖြေလိုက်မလို့ပဲ .... မမေးလို့ဟု အတည်ပေါက်နှင့် ပြောသည်။

သူတို့စိတ်တွေထဲမှာ တကယ်တမ်း ဘယ်လို ရှိနေတယ်ဆိုတာ ရိပ်မိုး မသိနိုင်။ မျိုးကိုတစ်ယောက် ရွှေရောင့်အနားရောက်တိုင်း အယောင် ယောင်၊ အမှားမှားတွေ ဖြစ်နေတာ သိသာလွန်းသည်။ မျိုးကိုက တစ်ခုခုဆို

www.burmeseclassic.com

www.burmeseclassic.com



မျိုးသိပ်တတ်သူလေ။ အင်းလေ .... ဒီလောက်ချောပြီး ချစ်စရာကောင်းလွန်းနေတဲ့ ကောင်မလေး တစ်ယောက်ကို ဝိုင်းချစ်ကြတာ အံ့ဩစရာတော့ မဟုတ်။ သူငယ်ချင်းတွေက ရွှေရောင့်ကို သူပိုင် ပစ္စည်းဟု သဘောထားကာ ရှောင်ပေးကြခြင်းကို သူ သဘောပေါက်ပါသည်။ ရွှေရောင်ကလည်း အားလုံးထဲမှာ သူ့ကိုသာ သံယောဇဉ် အရှိဆုံးဟု အားလုံးက ယူဆထားကြသည်။

ဘာပဲဖြစ်ဖြစ် သူ ရည်းစားမထားချင်သေးတာကတော့ အမှန်။ သို့ပေမယ့် သူများဦးမှာ စိုးသည့် စိတ်ကလည်း တစ်ဖက်က လွန်ဆွဲနေသည်။ ချစ်သူတွေ ဖြစ်သွားကြရင် ဒီ့ထက်ပို စိတ်အေးအေးနေခွင့် ရလေမလားဘဲ။ အခုလို ပူပန်နေရတာက ပိုဆိုးတယ်ဟု တွေးရင်း သူ ဖွင့်ပြောဖို့ ဆုံးဖြတ်လိုက်မိသည်။ ပြီးတော့ ရည်းစားထားတာက မိန်းမယူတာမှ မဟုတ်သေးတာဘဲ။ အတန်းထဲမှာ အိမ်ထောင်တစ်ဖက်နဲ့တောင် ကျောင်းတက်နေသူတွေ ရှိကြတာပဲ မဟုတ်လား။ ပြီးတော့ ရည်းစားထားတိုင်းလည်း စာကျက်ရတာ အနှောင့်အယှက် ဖြစ်မည် မထင်။ စာကျက်ဖော်တောင် ရဦးမှာ မဟုတ်လား။ ပွင့်ပွင့်လင်းလင်း ချစ်သူတွေဖြစ်ကြပြီဆိုရင် ခါတိုင်းလို နှစ်ယောက်အတူထိုင်ရင်း၊ စာအတူ ကျက်ကြ ဆွေးနွေးကြတာကို အခုလို လူပြော သူပြော ခံရတော့မည် မဟုတ်ဟု သူတွေးလိုက်မိသည်။

သူ့ဘက်ကလည်း အနားမှာ နေတိုင်း ထိန်းချုပ်ရသည့် စိတ်တွေကို ဆက်မထိန်းထားချင်တော့။ ချစ်သူတွေဖြစ်ကြရင် ရင်ခုန်သံတွေ ပိုတည်ငြိမ်သွားမလား။ ဘာပဲဖြစ်ဖြစ် ဖွင့်ပြောလိုက်တော့မယ် ကောင်မလေးရေ။ ငါ့ကို စိတ်မဆိုးလိုက်ပါနဲ့ ရင်ထဲက တိုးတိုးလေး ညည်းရင်း နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်း စကားပြောခွင့်သာမယ့် အချိန်တွေကို သူ စောင့်မျှော်နေမိသည်။

အဲဒီနေ့က သူတို့ စာအတူတူ စုကျက်ကြသည့် ကျောင်းပိတ်ရက်ဖြစ်သော နေ့တစ်နေ့။ မနက်ကတည်းက ကိုယ့်ဆုံးဖြတ်ချက်နှင့် ကိုယ် ရိပ်မိုးတစ်ယောက် တက်ကြွ ရွှင်လန်း နေသည်။ သူ့အိမ်က ကျောက်မြောင်းမှာ ရွှေရောင့်အိမ်က ဘောက်ထော်မှာမို့ သိပ်မဝေး။ စာသွားကျက်ရင် ဝင်ခေါ်ပေးမယ်လို့ ရွှေရောင်က ပြောတိုင်း သူ ငြင်းမိသည်။ မိန်းကလေးတစ်ယောက်မောင်းသောကားကို သူ အခန့်သား ထိုင်မစီးချင်။ သူ ကားမောင်းတတ်ပေမယ့် ငါမောင်းမယ်။ နင်ဘေးကထိုင်လို့လည်း မပြောသင့်ဘူးလေ။ ရွှေရောင်ရဲ့ ပြည့်စုံမှုကို တွေးလိုက်မိတာနဲ့ တင်းထားတဲ့ စိတ်တွေ လျော့ကျကာ မျှော်လင့်ချက်တွေ ဆုံးရှုံးသွားသလို ခံစားရပြန်သည်။

သူတို့က ဆင်းဆင်းရဲရဲ မဟုတ်ပေမယ့် ရွှေရောင်နှင့်တော့ အခြေအနေခြင်း ကွာခြားမှုန် သိသာထင်ရှားသည့် အဆင့်မှာ။ အဖေက တက္ကသိုလ်မှ ဆရာတစ်ဦး။ အမေက အထက်တန်းပြ ဆရာမ။ မေမေ့မိဘတွေဆီက အမွေရထားလို့သာ သစ်သား တစ်ထပ်အိမ် လုံးချင်းကလေးမှာ နေနိုင်ပေမယ့် စည်းစနစ်ကျနစွာ သုံးနိုင်မှ တော်ကာကျသည့် အခြေအနေ။ တကယ်ဆို ကိုယ့်အရည်အချင်းနဲ့ကိုယ် သူ့မိဘထက် မနိမ့်အောင် ထားနိုင်တဲ့ အခြေအနေကျမှ ဖွင့်ပြောချင်သည်။ ဒါဆို ကျောင်းပြီး အလုပ်ရပြီး အတော်လေးကြာမှ ဖြစ်လိမ့်မှာမို့ သူငယ်ချင်းတွေ ပြောသလို ကျန်ရစ်ပဲ ဖြစ်သွားလေမလား။

သူ့ရင်ထဲမှာ ချင့်ချင့်ချိန်ချိန် စဉ်းစားတတ်သည့် ဦးနှောက်က တစ်ဖက်၊ တဖွတ်ထိုးနိုင်သည့် နှလုံးသားကို ဦးစားပေးချင်သည့် စိတ်က

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက် လွန်ဆွဲကာ အတွေးတွေနှင့် လေးလံလာသည်။ အချစ်ဆိုတာ ပျော်စရာ သက်သက်ချည်း မဟုတ်ပါလား။ အချစ်ဆိုတာ တစ်ခါတစ်ရံရင်ထဲ ကို ကြည်နူးပျော်ရွှင်မှုတွေ ထည့်ပေးတတ်သလို တစ်ခါတစ်ရံကျပြန်တော့ အပူတွေ၊ အမောတွေ ပေးတတ်တဲ့ အရာပါလား။ မိုက်ရူးရဲဆန်သည့် အချစ် စိတ်က သူ့ကို တဖြည်းဖြည်း လွှမ်းမိုးလာကာ မြန်မြန်သာ ဖွင့်ပြောလိုက် ရန် တိုက်တွန်းနေသည်။ သူတို့က သူတောင်းစားနဲ့ ရွှေမင်းသမီးလေးလောက် ဘဝချင်း ကွာခြားနေကြတာမှ မဟုတ်တာ။ ကြိုးစားရင် တစ်ချိန်ချိန်မှာ သူလည်း သူတို့ထက် မသာရင်တောင် တန်းတူဆိုတဲ့ အနေအထားမျိုးကို ရောက်နိုင်မှာပါပဲဟု အားတင်းကာ စဉ်းစားမိသည်။ အကြိုက်ချင်းတူပြီး၊ စိတ် နေသဘောထားချင်း တိုက်ဆိုင်ကြသည့် သူတွေမို့ ချစ်သူတွေဖြစ်ကြရင် ပျော်စရာ ဘယ်လောက် ကောင်းလိုက်မလဲ။

ဒီနေ့ သူပျော်နေသည်ကို ကြည့်ကာ လင်းလင်းတို့ကပင် နောက် နေကြသည်။ ဘာတွေများ ပျော်စရာတွေ့လာသလဲတဲ့။ မိန်းကလေးတွေက သူ့အခြေအနေကို သိပ် မသိကြသဖြင့် တော်သေးသည်။ သစ်ထွန်းတို့၊ ရဲသွေးတို့သာ ရှိရင် သူ့ကို နေစရာ မရှိအောင် နောက်ကြပေလိမ့်မည်။ ဘယ်လိုအချိန်မှာ ဖွင့်ပြောရမလဲဟု သူ အထပ်ထပ် စဉ်းစားရင်း နောက်ဆုံး မှာ ညနေ ရွှေရောင့်ကားနှင့် အိမ်ပြန်လိုက်ဖို့ စိတ်ကူးလိုက်သည်။ မဟုတ် ရင် သူတို့နှစ်ယောက်တည်း တွေ့ဖို့ဆိုတာ မဖြစ်နိုင်သလောက်ဘဲ မဟုတ် လား။ ကျောင်းမှာဆိုလည်း ရွှေရောင့်အနားမှာ သူငယ်ချင်းတစ်ယောက် မဟုတ် တစ်ယောက်က အမြဲ ရှိနေတတ်သည်။ ထိုသို့ အမြဲ မရှိလို့ကလည်း မဖြစ်။ တစ်ယောက်တည်း သွားမိတာနဲ့ နှောင့်ယှက်ချင်တဲ့သူတွေက အမြဲရှိနေတာကိုးဟု စိတ်တိုစွာ တွေးလိုက်မိရင်း အခု သူကော ဘာထူးလို့

www.burmeseclassic.com

www.burmeseclassic.com



လဲဟု သတိရသွားကာ ပြုံးလိုက်မိသည်။

"ဟာ .... တစ်ယောက်တည်း ပြုံးနေတယ် .... သွားပေါက်ချင်လို့လား မသိဘူး ...."

ရယ်မော နောက်ပြောင်သံတွေကြားမှ ကိုယ့်အတွေးထဲမှာ ကိုယ် ပျော်ဝင်နစ်မြုပ်သွားမှန်း သတိရကာ ကမန်းကတန်း မျက်နှာပြင်လိုက်ရသည်။

"ရိပ်မိုးတစ်ယောက် ဒီနေ့ မရိုးဘူးဟေ့" ဆိုသော အသံများကို ဥပေက္ခာပြုရင်း ကျက်နေသော စာများကို စိတ်ဝင်စားအောင် မနည်းလုပ်ရသည်။ အချစ်ဆိုတဲ့အရာက တစ်ခါတစ်လေကျတော့ လူကြားထဲမှာတောင် ဣန္ဒြေပျက်စေတတ်တာပဲ ဟု တွေးလိုက်မိသည်။

သူမျှော်လင့်နေသည့် အိမ်ပြန်ချိန်ကို ရောက်တော့ ထုံးစံမပျက် ရွှေရောင်က "ငါနဲ့လိုက်ခဲ့ပါလား"ဟု ခေါ်သည်။

သူ ခေါင်းမညိတ်မိမီ ရတနာက "ငါလည်း လိုက်မယ်နော် .... ဒီနေ့ အိမ်က ကားပျက်နေလို့ .... ငါ့ကို လမ်းထိပ်မှာ ချပေးရင် ရပါပြီ"ဟု ဝင်ပြောသည်။ ဒီနေ့မှ သူ့အိမ်က ကား ပျက်ရတယ်လို့။ ဂျပုမ၊ ငရှုပ်ဟု စိတ်ထဲက ကျိန်ဆဲရင်း ဘာဆက်လုပ်ရမှန်းမသိဘဲ ယောင်ချာချာ ဖြစ်နေသည်။ ရတနာ့အိမ်က (၁၂၄)လမ်းမှာမို့ သူ့ကို ဝင်ချပြီးရင် သူနဲ့ ရွှေရောင်နဲ့ပ စကားပြောဖို့ အချိန် သိပ်မရတော့။ ရည်းစားစကားပြောတာ အချိန် ဘယ်လောက်ယူဖို့ လိုသလဲ။ သူ အထပ်ထပ်အခါခါ စိတ်ထဲက အပြောကျင့်နေမိသော စကားများကို ပြန်တွေးမိသည်။ (၄)မှတ်တိုင်စာလောက်ဆို လုံလောက်ကောင်းပါရဲ့။ ရည်ရွယ်ထားမိပြီးမှတော့ နောက်မဆုတ်ချင်တော့။

www.burmeseclassic.com

www.burmeseclassic.com



"ရိပ်မိုး .... ရှေ့ခန်းမှာ ထိုင်လိုက်ပါလား .... ငါ အနောက်မှာပဲ ထိုင်မယ် ...."

ရတနာက လှမ်းပြောတော့ စိတ်လှုပ်ရှားမှုကြောင့် တုန်ခါနေတဲ့ အသံကို ကြားသွားမှာစိုးလို့ မငြင်းတော့ဘဲ ရွှေရောင့်ဘေးက ခုံမှာ ဝင်ထိုင်လိုက်သည်။ ထိုကားမောင်းသူ နံဘေးမှ ထိုင်ခုံကို"lover seat" ဟု ခေါ်ကြောင်း သူမှတ်သားခဲ့ဖူးသည်။ အဓိပ္ပါယ်က ချစ်သူထိုင်တဲ့နေရာပေါ့။ တစ်ချိန်ကျရင် သူက ကားမောင်းပြီး ရွှေရောင့်ကို သူ ထိုင်သည့် နေရာမှာ ထိုင်ခိုင်းမည်ဟု စိတ်ကူးယဉ်ရင်း ဂီယာတံပေါ်က လက်ချောင်းသွယ်သွယ် လေးတွေကို ခိုးကြည့်နေမိသည်။

"ရိပ်မိုး သွားပြီ .... ရွှေရောင် .... ကျေးဇူးပဲ"

ရတနာရဲ့ နှုတ်ဆက်သံကို ကြားမှ အတွေးထဲ နစ်နေရာမှ ရုတ်တရက် လန့်နိုးကာ ခေါင်းညိတ်ပြလိုက်သည်။ ရွှေရောင်က ကားကို ကျင်လည်စွာ ပြန်ကွေ့ထွက်နေသည်။ သူ မျှော်လင့်ထားသော အချိန်ကို တကယ်တမ်း ရောက်လာပြီ။ ဘယ်ကနေ ဘယ်လို စပြောရမလဲ။ စကားတွေက လည်ချောင်းဝမှာ တစ်ဆို့နေသည်။ သူ ပါးစပ်မဟနိုင်မီ ရွှေရောင်က ....

"နင် .... ဘတ်စ်ကားနဲ့ ပြန်ရတာ ဘယ် အဆင်ပြေပါ့မလဲ .... ပင်ပန်းတာပေါ့ .... နောက်ဆို ငါနဲ့ လိုက်ပြန်ပါဟာ .... လမ်းကြုံနေတာပဲ.... တကူးတက ပို့ရကြိုရတာမှ မဟုတ်တာ .... နင်က အလကား အားနာနေ တယ် .... တကယ်ဆို နင် ကားပေါ်ပါလာရင် ငါ့အတွက် အဖော်တောင်ရသေး တယ် .... မိန်းကလေးတစ်ယောက်တည်းဆို အနောက်ကနေ ကားတွေ၊ ဆိုင်ကယ်တွေနဲ့ ကပ်လိုက်လာပြီး စချင် ပြောင်ချင်ကြတယ် .... ငါလေ .... ဘယ်သွားသွား သိပ်စိတ်ညစ်တာပဲ သိလား .... ငါ့မှာ ဘယ်တော့မှ စိတ်

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်မှု မရှိဘူး .... ငါ့ကို ရိုးရိုးသားသား ခင်ကြတာဆိုလို့ နင်တို့အဖွဲ့ပဲ ရှိတာ ....”

သူ ဘာပြန်ပြောရမှန်းပင် မသိတော့။ စိတ်ရိုင်းတွေ ရုတ်တရက် လွင့်စင်သွားသည်။ ငါကလည်း နင့်ကို ရိုးရိုးသားသား ခင်နေတာမဟုတ်ဘူး။ နင့်ကို ချစ်နေတာလို့ ပြောလိုက်ရမလား။ လက်ရှိ ခင်မင်မှုလေးတွေ ပျက်ပြားပြီး နင်လည်း ဒီပုတ်ထဲက ဒီပဲဘဲဆိုပြီး သူ့ကို စိတ်ဆိုးကာ မခေါ် မပြောလုပ်လိုက်မှာ စိတ်ပူမိသည်။

ဘတ်စ်ကားဖြင့် သွားလျှင် အတော်လေးကြာသည့် လေးမှတ်တိုင်ဆိုသော နေရာက ကိုယ်ပိုင်ကားကလေးနှင့်ကျ ဘယ်ကနေ ဘယ်လို ရောက်လာမှန်းပင် မသိလိုက်ပါ။

“ဘယ်လမ်းထဲ ချိုးရမလဲ”

ရွှေရောင် လှမ်းမေးမှ သူဆင်းရမည့် နေရာနား ရောက်နေပြီးဖြစ်ကြောင်း သတိပြုလိုက်မိသည်။

“နေ .... နေ .... ငါ .... ဒီမှာပဲ ဆင်းမယ်”

သူ ကားပေါ်က ဆင်းတော့ ရွှေရောင်က “သွားမယ်”ဟု ချစ်စဖွယ် ပြုံးကား နှုတ်ဆက်ပြီး လက်ပြရင်း မောင်းထွက်သွားသည်။ သြော် .... ကျေးဇူးတင်စကားလေးတောင် ပြောဖို့ သတိမရလိုက်။ သူကတော့ ကိုယ့်ကို သူ့အပေါ်မှာ ရိုးသားသည်ဟု ထင်ကာ အခင်အမင် ပိုနေရှာသည်ပဲ။ စိတ်ထဲမှာ အမျိုးအမည်မသိသော ခံစားချက်တွေ ရောထွေးရှုပ်ခတ်စွာဖြင့် အိမ်ရှိရာကို ဆက်လျှောက်လာခဲ့သည်။

ဘယ်သူဦးမှာတွေ၊ မဦးမှာတွေ သူ မစဉ်းစားချင်တော့။ ဒီပုံအတိုင်း အခင်အမင် မပျက် အနားမှာ နေခွင့်ရရင်ပဲ တော်ပါပြီလေ။ ဟိုကောင်တွေသာ

www.burmeseclassic.com

www.burmeseclassic.com



သိရင် သူ့ကို ဝိုင်းဆဲကြဦးမှာ သေချာသည်။ နောင်တစ်နေ့ကျမှပဲ ဖွင့်ပြောတော့မည်။ သူ အရင်က စိတ်ကူးယဉ်ထားသလို ရည်မှန်းချက်တွေ ပြည့်ဝတဲ့ တစ်နေ့ပေါ့။ အဲဒီအချိန်အထိ ကိုယ့်ကို စောင့်နိုင်ပါ့မလား ဖြူစင်တဲ့ သူငယ်ချင်းကလေးရယ်။ အခုတော့ ရင်ထဲမှာ ဝေဒနာတွေကို သိုသိပ်စွာ ထိန်းသိမ်းရင်း သူငယ်ချင်း ဘဝနဲ့ပင် ဆက်နေအုံးမယ်ကွာ။

အဲဒီနေ့က စာကျက်ရင်း သူ ကဗျာတစ်ပုဒ် ရေးချမိခဲ့သည်။ ဆေးကျောင်းသားရဲ့ကဗျာမို့ ကျောင်းသင်ခန်းစာတွေနဲ့တော့ မကင်းလွတ်နိုင်ရှာပါ။

သူတို့သင်ရတဲ့ စာထဲမှ ချစ်ခြင်း၊ မုန်းခြင်းစတဲ့ စိတ်ခံစားမှုပိုင်းဆိုင်ရာတွေ ဖြစ်ပေါ်လာကာ ဦးနှောက်မှာရှိတဲ့ Limbic system ကတဲ့။ ဦးနှောက်ရဲ့ အပေါ်ဆုံးအလွှာဖြစ်တဲ့ Cerebral cortex ရဲ့ များပြားလှတဲ့ လုပ်ငန်းဆောင်တာတွေထဲက တစ်ခုက စဉ်းစားတွေးခေါ် ဆင်ခြင် ထိန်းချုပ်နိုင်ခြင်းတဲ့။ နှလုံးသားကို အခုန်နှေးအောင် လုပ်ပေးတာကတော့ ပင်မအာရုံကြောမကြီးတွေထဲက နံပါတ်တစ်ဆယ်ဖြစ်တဲ့ Vagus nerve ကတဲ့။ ဒါကြောင့် သူ့ကဗျာက

“Limbic system ကလာတဲ့ အချစ်တွေကို
Cerebral cortex နဲ့ ထိန်းချုပ်
သိမ်းထုတ်ဖို့ ကြိုးစားပေမယ့်
Vagus nerve များ ပျက်နေသလား
Heart beat တွေက များလွန်းတယ်” တဲ့လေ။

www.burmeseclassic.com

www.burmeseclassic.com

ပထမအစမ်းစာမေးပွဲ နီးကပ်လာသည့် အချိန်ကျမှ စာစုကျက်ဖို့ ခေါ်တိုင်း ပျောက်နေသူတွေ ပြန်ပေါ်လာကာ အသည်းအသန် ဖြစ်နေကြသည်။ အခုမှ သူတို့ကို စောင့်ကာ ရှင်းပြရ။ အတူတူ ကျက်ရတာဆိုတော့ ခရီးက သိပ်မတွင်လှ။ အရင်က အေးအေးဆေးဆေး စာကို စိမ်ပြေနပြေ ကျက်နေသူတွေကလည်း အခုမှ ကြောက်ရွံ့ပြီး စိတ်ပူရကောင်းမှန်းသိလာကြသည်။ ဒီကြားထဲ ရတနာက တစ်ရက် တစ်ကိုယ်လုံး ဝါထိန်ကာ ကျောင်းသို့ ရောက်လာသည်။ အားလုံးက အသားဝါဖြစ်ပြီဟု ထင်ကာ စိုးရိမ်တကြီး ဖြစ်သွားကြသည်။ ဖျားလည်း မဖျား၊ နေမကောင်းလည်း မဖြစ်ပေမယ့် တစ်ကိုယ်လုံးဝါနေတာမို့ မိန်းကလေးများက စိတ်ပူကာ ဇီဝကမ္မဗေဒမှ သူတို့ ကျူတိုရီယယ် ဆရာမကို သွားပြကြသည်။ ဆရာမက ရတနာ့ကို ကြည့်ပြီး အသားဝါ မဟုတ်ကြောင်း ပြောကာ "ဘာတွေစားလဲ" ဟု မေးမှ အဖြေမှန်ပေါ်တော့သည်။ တစ်ရက်တည်း သင်္ဘောသီး လေးလုံးစားမိလေသတဲ့။ သင်္ဘောသီးမှာပါတဲ့ ကယ်ရိုတင်း (ရောင်ခြယ်ဓါတ်) ကြောင့် တစ်ကိုယ်လုံး ဝါသွားခြင်းဖြစ်ကြောင်း အသားဝါနှင့် ကွာခြား

www.burmeseclassic.com

www.burmeseclassic.com



သည်က သူက အသားဝါရောဂါကို မျက်လုံးက မျက်အိမ်ဖြူ၊ လျှာအောက်က အခင်လေးနဲ့ လက်သည်းတွေမှာ အဝါရောင် မတွေ့ရ။ ဒါကို ကယ်ရိုတင်းနီးမီးယားလို့ ခေါ်ကြောင်း။ ဘာမှ စိုးရိမ်စရာ မရှိကြောင်း။ မကြာခင် သူ့ဘာသာသူ ပျောက်သွားမှာဖြစ်ကြောင်း ပြောပြကာ နောက်ကို အဲဒီလောက် မစားဖို့ သတိပေးမှ သူတို့တစ်တွေ သက်ပြင်းချနိုင်ကြလေသည်။

ထိုကိစ္စ၏ အဓိက လက်သည် တရားခံကတော့ ရွှေရောင်ပင်။ ရွှေရောင်၏ အသားအရောင်က အခြားသူများနှင့် မတူဘဲ စိုပြေကာ ဝင်းပကြည်လင်နေသည်မို့ မိန်းကလေးတွေက သူ့ကို အလွန်အားကျကြသည်။ အတော်လေးခင်မင်သွားတော့ ရွှေရောင့်ကို ဒီလို အသားအရေဖြစ်အောင် ဘယ်လို လုပ်ထားတာလဲဟု ဝိုင်းမေးကြသည်။ ရွှေရောင်က ဘာမှ မလုပ်ကြောင်း၊ သို့ပေမဲ့ သူ အသီးအနှံကိုတော့ အရမ်းကြိုက်ကြောင်း၊ သူ့အမေကလည်း သူ့ကို အသီးအနှံ နေ့တိုင်း စားခိုင်းကြောင်း၊ ပြောပြသဖြင့် အသီးအနှံစားလို့ အသားအရမ်းလှတာဖြစ်မည်ဟု ယူဆကြကာ မိန်းကလေးတွေအားလုံး အသီးအနှံ လိုက်စားကြလေတော့သည်။ ရွှေရောင်က အသီးအနှံတွေအားလုံးထဲမှာ သင်္ဘောသီးကို သူ အကြိုက်ဆုံးဖြစ်ကြောင်း ပြောသဖြင့် ရတနာက အခြားသူတွေထက် ပိုကဲကာ သင်္ဘောသီးများများ စားပါက သူ့ အသားလေးတွေ လျင်မြန်စွာ ရွှေရောင်ဝင်းပလာမည်ဟု ယူဆပြီး တစ်နေ့တည်း အများကြီး သွားစားပစ်လိုက်ခြင်း ဖြစ်သည်။

ဒီကိစ္စကို သစ်ထွန်းတို့ သိသွားသောအခါ ရတနာ့ကို အကြီးအကျယ် ဝိုင်းဟားကြလေတော့သည်။ ထိုနေ့မှစ၍ ရတနာ့ခမျာ ဂျပုမအဖြစ်

www.burmeseclassic.com



မှ သဘော်သီးအဖြစ်သို့ အလိုလို ပြောင်းလဲသွားလေတော့သည်။ ရတနာဆိုသော နာမည် လှလှလေးကို ရွေးချယ်ကာ ပေးထားသည့် သူ့ မိဘတွေသာ သူ့သမီး၏ နာမည်ပြောင်ကို ကြားရလျှင် မည်မျှ ရင်နာလိမ့်မည် မသိ။ ဒါတောင် ရဲသွေးက ....

"တစ်ကိုယ်လုံး ဝါထိန်သွားအောင် အစားသောင်းကျန်းတဲ့ နင့်ကို သနားလို့ မီးနေသည်လို့ မခေါ်တယ် မှတ်ပါ" ဟု ခြိမ်းခြောက်လိုက်သေးသည်။

အားလုံး စာခြောက်နေကြချိန်မှာ ရွှေရောင်က သူတို့နှင့်အတူ စာလာ မကျက်နိုင်တော့။ သူ့အမေက မကြာခင် ကျင်းပမယ့် မယ်ရွေးပွဲ တစ်ခုဝင်ရမည်ဟု ဆိုကာ လေ့ကျင့်ခိုင်းနေသည်ဟု ကျောင်းမှာ မျက်နှာ ကလေးငယ်ကာ ပြောပြသည်။ ပြိုင်ပွဲရက်က စာမေးပွဲရက်နှင့် တစ်ပတ်ပင် မကွာချင်။ ဒီလိုအချိန်မျိုးမှာ သမီးဖြစ်သူကို ဒီလို အလုပ်မျိုး ခိုင်းသည့် အမေဖြစ်သူကို မကျေနပ်သလို ဖြစ်မိပေမယ့် သူ့မှာ ဘာပြောပိုင်ခွင့်မှ မရှိတာမို့ စိုးရိမ်နေပုံရသည့် ရွှေရောင့်ကိုသာ ....

"နင်က စာတွေ အတော်ကျက်ပြီးနေပြီပဲဟာ .... ဘာမှ စိတ်ပူစရာမရှိပါဘူး" ဟု နှစ်သိမ့်အားပေးလိုက်ရသည်။

"ဒါပေမယ့် .... ငါ .... အခု ဖြေဖို့ ဘာမှ အဆင်သင့် မဖြစ်သေးဘူးဟာ .... ကျက်ထားပြီးတာတွေ အားလုံးလောက်ကို မေ့နေပြီ" ဟု ရွှေရောင်က အားငယ်စွာ ပြောသည်။ မေ့မှာပေါ့။ ဒီလောက်များတဲ့စာတွေကို ....။ သူ့လို အခေါက်ခေါက် ဖတ်ထားပြီးတဲ့အပြင် သူများတွေကို အခေါက်ခေါက် ရှင်းပြထားတဲ့ သူတောင်မှ တစ်ခါတစ်ခါ မေ့သေးတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ နဂိုက ကြောက်တတ်သူကို ပိုကြောက်အောင် မပြောချင်။ ထို့ကြောင့် ....

"နင် .... လေ့ကျင့်ဖို့သွားရင် ဟိုမှာ အားတဲ့ အချိန်ရှိလား .... ရှိရင် ဖတ်ဖို့ စာအုပ်ယူသွားပြီး အချိန်ရသလောက် ဖတ်ပေါ့" ဟုသာ အတတ်နိုင်ဆုံး အကြံပေးလိုက်ရပါတော့သည်။

၁၉

ဒီလို အချိန်မျိုးမှာ သူ့ကို ပြိုင်ပွဲအတွက် လေ့ကျင့်ခိုင်းသော မေမေ့ကို စိတ်ပျက်မိပေမယ့် ဘာတစ်ခုမှ ရွေးရောင်ပြန်ပြီး အထွန့်မတက်ရဲပါ။ ထို့ကြောင့် အခုဖြေရမယ့် စာမေးပွဲမှာ မတော်လို့များ ခြေချော်လက်ချော်ဖြစ်ခဲ့ပါက မေမေရဲ့ပြိုင်ပွဲကြောင့်လို့ အကြောင်းပြလို့ ရသည်ဟုသာ ဖြေတွေး တွေးလိုက်ရသည်။

နောက်ပိုင်း စာမေးပွဲတွေမှာ စာအတူတူ သွားကျက်ထားသည့် အကျိုးကျေးဇူးကြောင့် အောင်တာများပေမယ့်၊ အမှတ်တွေက ဒီလောက် အကောင်းကြီး မဟုတ်။ စာသွားကျက်သည့် ကြားက တစ်ခေါက်ထပ်ကျသည့် ခန္ဓာဗေဒ စာမေးပွဲမှာ တစ်တန်းလုံးမှ ဆယ်ယောက်လောက်သာ အောင်တာဖြစ်ကြောင်း သူငယ်ချင်းတွေက ထောက်ခံပြောပေး၍သာ သူမ အဆူမခံရခြင်း ဖြစ်သည်။ မဟုတ်လျှင် သူငယ်ချင်းတွေနဲ့အတူ စာသွားကျက်ခွင့်ကိုတောင် ပြန်လည် ရုပ်သိမ်းလိုက်နိုင်သည်။ ရိပ်မိုးတို့အဖွဲ့ကို လင်းလင်းတို့ အိမ်မှာ လာကြိုစဉ်က မေမေ တွေ့ဖူးသွားပြီဖြစ်ပေမယ့် ကောင်းတယ်လည်း မပြော။ ဆိုးတယ်လည်း မပြောဘဲ မသိသလို နေနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တက္ကသိုလ်ကျောင်းသူဖြစ်နေပြီမို့ ယောကျ်ားလေးများနှင့် အပေါင်း အသင်းလုပ်ခြင်းကို နားလည်စွာ ခွင့်ပြုထားသည့် သဘောလားမသိ။ ဘာပဲဖြစ်ဖြစ် မေမေ သူမကို ယုံကြည်စိတ်ချသည့် အနေအထားမှာရှိတာ ကိုက သူမအတွက် အတော်လေး စိတ်ချမ်းသာစရာ မဟုတ်လား။

ဒီနေ့တော့ ရိပ်မိုး အကြံပေးသည့်အတိုင်း ပြိုင်ပွဲအတွက် လေ့ကျင့် ရန် ခေါ်ထားသည့် နေရာသို့ စာကျက်ရန် အရိုးပဲ ယူသွားမည်ဟု သူမ ဆုံးဖြတ်လိုက်သည်။ လူအများကြီးကြားမှာ စာကျက်ရတာ အာရုံက သိပ် စုစည်းလို့မရ။ အရိုးကျက်ရတာက အနည်းငယ် ပေါ့ပေါ့ပါးပါး ရှိသဖြင့် လူကြားထဲမှာ ကျက်လို့ ရနိုင်လောက်သည်။ ပေါင်အရိုးကတော့ သူမ မကြာ ခဏကျက်လိုက် မေ့လိုက် ဖြစ်နေသည့် အရိုးမို့ ဒီနေ့ ဒါကိုပဲ ရအောင် ကျက် မည်ဟု ဆုံးဖြတ်လိုက်သည်။

အားကစားရုံထဲမှာ မိန်းကလေးတွေချည်းမို့ စိတ်လွတ်လပ်မှု ရှိသည်။ သူမ ကိုင်လာသည့် ပေါင်ရိုးနှင့် ကျောပိုးအိတ်ကို ထောင့်တစ်ထောင့် တွင်ချကာ နည်းပြဆရာမ ပြောသည့်စကားများကို နားထောင်ရင်း ကိုယ် ဟန်ပြပုံ အမျိုးမျိုးကို တစ်လှည့်စီ လေ့ကျင့်ရသည်။ အားလုံးနီးပါးက သူမ သိပြီး၊ လေ့ကျင့်ပြီးသားတွေမို့ သိပ်တော့ စိုးရိမ်စရာမရှိ။ သူမနှင့် အတူ လေ့ကျင့်ကြသည့်သူတွေက ဆယ်တန်းအောင်ပြီးစ ကောင်မလေးတွေ သာများသည်။ သူမနှင့် ရွယ်တူက တစ်ယောက်လောက်သာပါသည်။ အချိန် ရတိုင်းမှာ စာအုပ်နှင့် အရိုးတိုက်ကျက်ရန်သာ စိတ်စောနေသဖြင့် သူမ မည်သူနှင့်မျှ စကားများများ မပြောဖြစ်။ သူတို့တွေကတော့ တစ်ယောက် နှင့်တစ်ယောက် မိတ်ဆွေဖွဲ့ကာ စကားတွေပြောရင်း ရယ်မောပျော်ရွှင်

www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။

ညနေရောက်တော့ သူမကို ကောင်မလေးတွေ ကွက်ကြည့်ကွက်ကြည့် လုပ်နေကြတာ သတိပြုမိလိုက်သည်။ ပထမတော့ စိတ်ထင်လို့ ဖြစ်မှာပါဟု တွေးကာ ဂရုမစိုက်မိ။ ပြန်ခါနီးကျတော့ ကောင်မလေးတစ်ယောက်က မရဲတရဲ အနားကပ်လာကာ "အစ်မ .... အဲဒီ အရိုးကြီးက ဘာလုပ်တာလဲ" ဟု မေးသည်။ သူမက မိမိက ဆေးကျောင်းသူဖြစ်ကြောင်း၊ စာမေးပွဲအရမ်းကပ်နေလို့ အရိုးယူလာကာ စာကျက်ရခြင်းဖြစ်ကြောင်း ရှင်းပြလိုက်တော့ နံဘေးမှာ သူမကို စူးစမ်းသလို ဝိုင်းကြည့်နေကြသည့် ကောင်မလေးများထံမှ ရယ်သံတွေ စုပြုံထွက်လာသည်။

"ဘာလို့ ရယ်ကြတာလဲဟင်" လို့ တအံ့တသြ မေးမိတော့ သူမကို လာမေးသူ ကောင်မလေးက ရယ်ရင်း ရှင်းပြသည်။

"သူတို့က .... အစ်မကို အရိုးနဲ့ဆိုတော့ .... ဟိုဒင်း .... ဗူဒူးများ တတ်သလားလို့ဆိုပြီး ကြောက်နေကြတာ .... ဟိုတစ်ယောက်က ဗူဒူးအကြောင်းဖတ်ထားတာ မကြာသေးဘူးဆိုတော့ ဘာတွေ့တွေ့ ဗူဒူးပဲထင်နေတာ ...."

ဗူဒူးဆိုတာ အနောက်နိုင်ငံက အောက်လမ်းပညာ တစ်မျိုးဟု သူမကို ဖေဖေပြောပြဖူးသည်။ သူတို့ပညာဖြင့် ဒုက္ခရောက်စေလိုသည့် လူ၏ လူပုံစံအရုပ်ကလေးလုပ်ကာ အရုပ်၏ခန္ဓာကိုယ် အစိတ်အပိုင်းကို ထိခိုက်အောင် လုပ်ခြင်းအားဖြင့် တစ်ဖက်လူကို အမှန်တကယ် ဒုက္ခရောက်စေတတ်သည်တဲ့။

သူတို့ပြောမှ ကိုယ့်ကိုယ်ကို ပုံပြင်ထဲက အရိုးကိုင်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



စုန်းမလို ပြန်မြင်မိကာ သူတို့နှင့်အတူ ရယ်မောလိုက်မိသည်။

“ဘာလဲ .... အစ်မက ညီမလေးတို့ အောက်လမ်းပညာနဲ့ နိုင်အောင်လုပ်မယ်လို့များ ထင်လို့လား” ဟု ပြန်နောက်ကာ ကောင်မလေးတွေနှင့် တစ်ယောက်တစ်ပေါက်ပြော၊ နောက်ပြောင်ကြရင်း ခင်မင်ရင်းနှီးသွားကြသည်။ အိမ်အပြန်လမ်းမှာ ဒီအကြောင်း သူမ သူငယ်ချင်းတွေကို ပြန်ပြောပြရင်း ဘယ်လောက်များ ရယ်ကြလေမလဲဟု တစ်ယောက်တည်း တွေးရင်း ရယ်နေမိပါတော့သည်။

၁၆

သွားလေ့ကျင့်နေသည့် အချိန်တွေမှာ ပျော်စရာကောင်းခဲ့သလောက် တကယ်ပြိုင်ပွဲဝင်ရတဲ့ အချိန်ကျတော့မှ သူမ စိတ်ဆင်းရဲရတော့သည်။ အစကတည်းက စိတ်မပါ လက်မပါဖြင့် တတ်ပြီးသားတွေ၊ သိပြီးသားတွေဟု သဘောထားကာ ဟုတ်တိပတ်တိ မလေ့ကျင့်ခဲ့သောကြောင့် ထိုမယ်ပြိုင်ပွဲကို ပထမအဆင့်မှာပင် ပြုတ်ခဲ့တာ သိပ်တော့ အံ့ဩစရာမရှိပါ။ သူမ ကတော့ စောစောပြုတ်၊ စောစောအေးတာပဲဟု တွေးကာ စိတ်အေးလက်အေး ဖြစ်သွားပေမယ့် မေမေ အရမ်းစိတ်တိုနေတာကို တွေ့လိုက်ရတဲ့အခါ သူမ အပျော်တွေအားလုံး လွင့်စဥ် ပျောက်ပျက်သွားတော့သည်။

ရှုံးနိမ့်ပြီး ပြန်လာတဲ့ လမ်းတစ်လျှောက်မှာ ဘာစကားမှ မဆိုဘဲ မေမေ့ မျက်နှာတင်းမာနေခြင်းကြောင့် အခြေအနေ တော်တော် ဆိုးသွားပြီဟု သူမ သဘောပေါက်လိုက်သည်။ အိမ်ပြန်ရောက်တော့မှ “ငါ နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



လေး အလွတ်ပေးလိုက်တာနဲ့ သွားတော့တာပဲ” ဟု တစ်ခွန်းသာ ဆိုလေသည်။ မော်လမြိုင်မှာတုန်းကတော့ သူမပွဲအတွက် လေ့ကျင့်ရတိုင်း မေမေအနားမှာ လိုက်ကာ စောင့်ကြည့်ပြီး လိုအပ်တာတွေကို ပြောဆိုကာ ကြပ်မတ်ပေးလေ့ရှိသည်။ အခုတော့ မေမေက သူ့အလုပ်ကိစ္စတွေဖြင့် မအားလပ်လွန်း၍သာ သူမကို တစ်ယောက်တည်း လွှတ်ခဲ့ခြင်းဖြစ်သည်။ မေမေ့အလုပ်တွေက များလွန်းလှသည်။ အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး၊ ကားအသွင်းအထုတ်ကိစ္စ၊ နိုင်ငံခြားသွားချင်တဲ့လူတွေကို အဆက်အသွယ်ရှာပေးတာ စသဖြင့် အလုပ်ပေါင်းများစွာကို လုပ်ကိုင်နိုင်လေသူ။ မေမေ့အဆက်အသွယ်ဖြင့် ဂျပန် ရောက်နေကြသူတွေပင် မနည်း။

အမေက ဒီလောက်ထက်မြက်သလောက် သူမ ဘာလို့ ညံ့နေရတာလဲ။ သူမ ကိုယ်တိုင်က ဒီ မယ်ဘွဲ့တွေ မလိုချင်တာလည်း ပါပေလိမ့်မည်။ အတွေ့အကြုံတွေ ရှိထားလျက်နှင့် ပထမအဆင့်မှာတင် ပြုတ်ခဲ့သောကြောင့် မေမေ ခွင့်လွှတ်လို့ မရတာထင်ပါရဲ့။ ဘာလို့ မေမေက သူမကို ဒီလောက်တောင် မယ်ဘွဲ့တွေ တစ်ခုပြီးတစ်ခု ရစေချင်တာလဲ ဆိုတာ သူမ ဘယ်လိုမှ စဉ်းစားလို့မရ။ ဘယ်တုန်းကမှ ပြန်မေးရလောက်အောင် သတ္တိမရှိခဲ့ဖူးတာမို့ သိချင်ပေမယ့်လည်း ဘယ်လိုမှ မမေးရဲ။ သူမ ဆေးကျောင်းမှာ စာမေးပွဲတွေ အောင်ဖို့နဲ့ မယ်ဖြစ်ဖို့ မေမေ့အတွက် ဘယ်ဟာ ပိုအရေးကြီးနေသလဲဟု သူမ အဖြေရှာ ဆန်းစစ် နေမိသည်။ သူမကို ပညာရေးက အရေးအကြီးဆုံးပဲလို့ ငယ်ငယ်က မေမေကိုယ်တိုင် သွန်သင်ဆုံးမ ခဲ့တာပဲ။ အခုလို စာမေးပွဲ အရမ်းနီးကပ်နေတဲ့ အချိန်မျိုးမှာ ဒီပြိုင်ပွဲကို ဝင်ခိုင်းတယ်ဆိုတော့ မယ်ဖြစ်ဖို့က ပိုအရေးကြီးတယ်ဆိုတဲ့ သဘော သက်ရောက်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ် မဟုတ်လား။ ဘာကြောင့် သူမ မယ်ဖြစ်ဖို့က မေမေ့အတွက် သိပ်အရေးကြီးနေရတာလဲ။ ဘာပဲဖြစ်ဖြစ် မေမေ့ကို အခုလို စိတ်အရမ်းဆိုးသွားအောင် လုပ်မိတာဟာ သူမ အပြစ်ကြီးတစ်ခုကို ထပ်မံ ကျူးလွန်လိုက်တာပဲ မဟုတ်လား။ မေမေရယ် ဆူချင်ဆူ၊ ရိုက်ချင် ရိုက်လိုက်ပါတော့။ ဘာမှ မပြောဘဲနေတာကို အဆူမခံရဖူးဆိုပြီး ခါတိုင်းလို မပျော်နိုင်တော့။ စိတ်ထဲမှာ တအုံနွေးနွေးဖြင့် ခံစားနေရသည်။ သူမက မေမေ ကျေနပ်ဂုဏ်ယူရလောက်တဲ့ သမီးမျိုး ဘယ်တော့မှ ဖြစ်မလာနိုင်တော့ဘူး ထင်ပါရဲ့။

၁၆

"မမ .... ပြန်လာပြီလား"

အိပ်ခန်းထဲက စာကြည့်စားပွဲမှာ ထိုင်ကာ စာဖတ်နေရာမှ လှမ်းမေးသည့် ခင်ပွန်းသည်ကို ခေါင်းသာညိတ်ပြပြီး အဝတ်အစားပင် မလဲနိုင်ဘဲ ခုတင်ပေါ်သို့ ပစ်လှဲလိုက်မိသည်။ လူတစ်ကိုယ်လုံး ဘာအင်အားမှ မရှိတော့ဟု ခံစားနေရသည်။ ငွေပေါင်း မြောက်မြားစွာ ရင်းနှီးမြှုပ်နှံကာ လုပ်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းတွေ အရှုံးပေါ်ခဲ့စဉ်ကပင် ဒီလောက် မခံစားခဲ့ရဖူး။ ဘာလို့ ဒီပြိုင်ပွဲကို ရှုံးရတာလဲ။ အလွန်အမင်း စိတ်ပျက် လက်ပျက်ဖြစ်ခြင်းကြောင့် ခါတိုင်းလို ဒေါသပင်ထွက်နိုင်စွမ်း မရှိတော့။

"အဆင် မပြေခဲ့ဘူးလား .... မမ ...."

အမြဲတမ်း သူမအပေါ် စိတ်ရှည်ချိုသာသည့် ခင်ပွန်းသည်၏ စကားသံက နားထဲမှာ ခါးသက်သက် ဖြစ်နေသည်။ အခုအချိန်မှာ ဘယ်သူနဲ့မှ

www.burmeseclassic.com

www.burmeseclassic.com



စကားမပြောချင်။ အခု ရှုံးခဲ့ရသော အရှုံးသည် သူမသမီးရွှေရောင်၏ အရှုံးသက်သက် မဟုတ်။ သူမ၏ အလွန်ကြီးမားလှစွာသော အရှုံးဖြစ်သည်။ သမီးကို အဖက်ဖက်က လိုလေသေးမရှိအောင် သူမ လေ့ကျင့်ထားပေးခဲ့တာပဲ။ အကောင်းဆုံးဆိုတဲ့ ဆရာတွေနဲ့လည်း အပ်ပေးခဲ့တာပဲ။ ဘာကြောင့်များ ဒီလို ဘာမဟုတ်တဲ့ ပထမအဆင့်မှာတင် ပြုတ်ခဲ့ရတာလဲ။ တကယ်ဆို ဒီပြိုင်ပွဲမှာ ပထမကို ရသင့်တာ။ ဒါဟာ လုံးဝ ခွင့်လွှတ်လို့ မကောင်းတဲ့ကိစ္စ။ ဒါဟာ လုံးဝ ဖြေသိမ့်လို့ မရနိုင်တဲ့ကိစ္စ။ ဒါတွေကို သူမရဲ့ခင်ပွန်း၊ ကိုလူအေးကြီးကတော့ နားလည်နိုင်မှာ မဟုတ်ဘူး။ သူက "သမီးကို ဘာလို့ ဒီလောက်တောင် အတင်းပုံသွင်းနေရတာလဲ .... သူ့ဘာသာသူ အေးအေးနေပါစေ .... သူ့ကံ ပါသလောက်ပဲ ဖြစ်မှာပေါ့" လို့ ခပ်အေးအေး သဘောထားကာ ပြောတတ်သူလေ။ သူမကတော့ သူ့လို သဘောမထားနိုင်။ ကံဆိုတာ လူက လုပ်တာပဲ။ ဖြစ်အောင် လုပ်မယ်ဆိုရင် ဖြစ်ချင်တာတွေ အားလုံး ဖြစ်ကို ဖြစ်လာစေရမည်။

သူမ ဘာမှ ပြန်မပြောတော့ သူက အလိုက်သိစွာ အနားမှ ပြန်ထသွားကာ စာအုပ်ကို ပြန်ကိုင်သွားသည်။ သူ့ဘဝကတော့ ငြိမ်းချမ်းလိုက်တာဟု မနာလိုစွာ တွေးလိုက်မိသည်။ သူမမှာသာ လိုချင်မှုတွေ ဖြစ်ချင်တာတွေနဲ့ အမြဲ ပူလောင်နေရတာ။ သူ့ကို စကားနာထိုးလို့လည်း နာရကောင်းမှန်း သိပုံမပေါ်။ အနှစ်နှစ်ဆယ်ကျော်လာခဲ့တဲ့ အိမ်ထောင်သက်တစ်လျှောက်မှာ သူမကသာ တစ်ဖက်သတ် ပူလောင်သူကြီးလေ။

"အန်တီမေ .... ဖုန်းလာတယ် .... အန်တီမြင့်ဆီက ...."

အိမ်ဖော်ကောင်မလေးက အခန်းတံခါးဝမှာ လာပြောသည်။ ဘယ်သူနဲ့မှကို စကားပြောချင်စိတ် မရှိပေမယ့် ဒေါ်မြင့်မြင့်နဲ့က မပြောလို့ မဖြစ်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေရှိတာမို့ စိတ်ကို တင်းကာ လှဲနေရာမှထပြီး တယ်လီဖုန်းသွား ကိုင်လိုက်ရသည်။

ဒေါ်မြင့်မြင့်နှင့် စကားပြောပြီးတော့ အလုပ်ကိစ္စတွေအကြောင်း ခေါင်းထဲပြန်ရောက်သွားသည်။ ဂျပန်ပို့ပေးထားတဲ့ ကောင်မလေးတစ်ယောက် ဆီက ရဖို့ ငွေ သုံးသိန်း ကျန်နေသေးသည်။ ကိုးမိုင်မှာတွေ့ထားတဲ့ မြေနေရာ က သိပ်မဆိုး။ အိမ်ဆောက်ပြီး ပြန်ရောင်းလျှင် အတော်မြတ်နိုင်သည်။ ဈေးက သိပ်မဆိုးပေမယ့် နည်းနည်းလောက်တော့ ထပ်နှိုက်ပြီး ဆစ်ကြည့် ဦးမှ။ လိုတဲ့ ပိုက်ဆံကို ဒေါ်မြင့်မြင့်ဆီကပဲ ထပ်ဆွဲရဦးမှာပဲ ....။ နောက်ဆုံးသွင်းထားတဲ့ ကားလေးကို ရောင်းထွက်စေချင်လှပြီ။ လာကြည့် တဲ့လူတွေက ဈေးကို အတင်း ကပ်ဆစ်နေသည်။ ကားဈေးတွေက ထပ် တက်ချင် တက်ဦးမှာ။ သူတို့ ပြောတဲ့ ဈေးလောက်နဲ့တော့ မထုတ်နိုင်သေး။

ဒီကိစ္စတွေအားလုံးထက် ပိုအရေးကြီးတာက ရွှေရောင့်ကိစ္စ။ သူ့ကို ဘယ်လို ပုံစံ ပြန်ကိုင်ရမလဲ။ အခုက ကျောင်းတစ်ဖက်နဲ့ဆိုတော့ ခက် သည်။ လောလောဆယ် ပြိုင်ပွဲတွေ ပေးမဝင်ဘဲ ခဏရပ်ထားရမည်။ ဒီလို သာ ခဏခဏ ရှုံးနေလျှင် နာမည် ပျက်သွားလိမ့်မည်။ ဒုတိယနှစ် စာမေး ပွဲပြီးတဲ့အထိ ခဏစောင့်လိုက်လျှင် ကောင်းမည်။ နောက်တစ်ခါ ထပ်ရှုံး တာမျိုး၊ အဖြစ်မခံနိုင်တော့။ နောက်တစ်ခေါက်ဆို သူမ ကိုယ်တိုင် သေသေချာချာ ကြပ်မတ်ရမည်။ အခုလို ပေါ့လျော့လို့ မဖြစ်တော့။ သမီးကို မယ်မြန်မာသာမဟုတ်။ မယ်ကမ္ဘာပြိုင်ပွဲတောင် ဝင်လို့ရရင် ဝင်စေချင် တာ။ သူမကို ဆရာမင်းဝံ ဟောထားတာပဲ။ သမီးတွေထဲက တစ်ယောက် က အရမ်း အောင်မြင်ကျော်ကြားမယ်။ သူ့ရဲ့အောင်မြင်မှုက ဒီမှာတင် မဟုတ်ဘူး။ နိုင်ငံရပ်ခြားအထိတောင် ပျံ့နှံ့လိမ့်မယ်တဲ့။ ဒါကြောင့် သူမက

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်ကို ကမ္ဘာကသိတဲ့ အဆင့်အထိတောင် အောင်မြင်မယ်လို့ မျှော်လင့်ထားတာ။ အခုတော့ ဒီပွဲလောက်လေးတောင် အဆင်မပြေဘူး။ ဟင်း ....။

သူမ သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လိုက်သည်။ ဘယ်လိုပဲဖြစ်ဖြစ် အလျှော့မပေးနိုင်။ ရွှေရောင်ဟာ အောင်မြင်ကျော်ကြားတဲ့ မယ်တစ်ယောက် ဖြစ်ကို ဖြစ်ရမယ်။ ဒါဟာ ရွှေရောင့်အတွက် သူမရဲ့မျှော်လင့်ချက်။ သူမရဲ့ အိပ်မက်။

တကယ်တော့ ဒါဟာ တစ်ချိန်က မပြည့်ဝခဲ့တဲ့ သူမရဲ့ ကိုယ်ပိုင်အိပ်မက်တွေပဲလေ ....။

၁၁

မေမြရောင်က ဦးလရောင်၊ ဒေါ်မြသစ်တို့ရဲ့ တစ်ဦးတည်းသောသမီး။ တက္ကသိုလ်မှာ အချောအလှ စာရင်းဝင်။ တစ်ဦးတည်းသော သမီးမို့ မိဘတွေက အရိပ်တကြည့်ကြည့်နှင့် အလွန်ချစ်သော်လည်း အရမ်းအလိုမလိုက်။ မိဘတွေက ရှေးဆန်သူတွေမို့ သမီးကို အစစအရာရာ စည်းကမ်းနှင့် အုပ်ချုပ်သည်။ သမီးမိန်းကလေးမို့ မိန်းမ ပီပီသသ မြန်မာဆန်ဆန်မိုင်းကောင်းကျောက်ဖိသာ ဖြစ်စေချင်ကြသည်။

ထို့ကြောင့် တက္ကသိုလ်ကျောင်းသူဖြစ်ပေမယ့် မေမြရောင်မှာ သူများတွေလို ဆံပင် အမောက်မထောင်ရ။ ပဒုမ္မာအင်္ကျီတို့၊ နိုင်လွန်အင်္ကျီတို့ ဝတ် ခွင့်မရပါ။ ပါတီမတက်ရ။ ယောကျ်ားလေး အပေါင်းအသင်းလည်း များများ စားစား ထားခွင့်မရသဖြင့် မိမိ ချောပါလှပါလျက် အလှဘုရင်မ ဖြစ်ခွင့်မရခြင်းကို သူမ မည်သို့မျှ မကျေနပ်နိုင်ခဲ့။ သူမ သူငယ်ချင်းတွေက သူမတို့ နှစ်မှာ အလှဘုရင်မသရဖူကို ယူသွားသူ စတယ်လာမြမောင်မှာ

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ တစ်ဝက်လောက်ပင် မလှဟု ဆိုကြသည်။ တကယ်လည်း ဟုတ်သည်။ စတယ်လာမြမောင်ဆိုတာ အသားကညိုညို၊ ကိုယ်လုံးက ခပ်ပြားပြား၊ သို့ပေမဲ့ ယောကျ်ားလေး အပေါင်းအသင်းများသည်။ ထို့ကြောင့် သူ့ကို ဝိုင်းကာ အလှဘုရင်မအဖြစ် မဲပေးကြခြင်း ဖြစ်ပေလိမ့်မည်။

မိဘတွေက အခြားအရာတွေကို တားမြစ်ပိတ်ပင်ပေမယ့် သူမ ကြက်တောင်ရိုက်ခြင်းကိုတော့ ကျန်းမာရေးအတွက်မို့ ခွင့်ပြုထားကြသည်။ အားကစားလှုပ်ရှားမှု မှန်မှန်လုပ်သဖြင့် သူမ ကိုယ်လုံးကိုယ်ပေါက်က စိုပြေကာ ဖွံ့ထွားသည်။ သူမ၏ အလှအပကြောင့် သူမကို ကြိုက်နှစ်သက်သူတွေ ရှိကြပေမယ့် သူမက ဒီလောက်အဆင့်နှင့် မကျေနပ်နိုင်။ သူမ နာမည်ကြား လိုက်သည်နှင့် လူတိုင်း စိတ်ဝင်စားကာ သိကြမည့် ပေါ်ပြူလာဆိုသော အဆင့်ကို သူမ လိုချင်သည်။ သို့သော် သူမ၏ ဝတ်စားဆင်ယင်မှုနှင့် အနေ အထိုင်ကြောင့် လူကြားထဲမှာ သူမ ထင်ပေါ်သင့်သလောက် မထင်ပေါ်ခဲ့။ ပါတီတွေ အဖိတ်ခံရပေမယ့် မိဘတွေက ခွင့်မပြုသောကြောင့် မလာနိုင် ကြောင်း ပြောကာ အမြဲ ငြင်းဆိုနေရသည့်အတွက်ဆိုရှယ်ကျသော အသိုင်း အဝိုင်းမှာ သူမ မဝင်ဆံ့။ မိုလ်ဆန်သူ စတယ်လာမြမောင်၏ နာမည်သာ တက္ကသိုလ်ကျောင်းသားတို့၏ ပါးစပ်ဖျားမှာ ရေပန်းစားနေသည်။ သူမ၏ မသိစိတ်ထဲမှာ စတယ်လာမြမောင်သည် သူမရမည့် သရဖူကို လုယူသွား သူဟု အသေအချာကို စွဲနေသည်။ ထို့အပြင် သူငယ်ချင်းတစ်ယောက်က တစ်ဆင့် စတယ်လာမြမောင်က သူမကို "အလကား ပုံတုံးကြီးပါ" ဟု ပြောကြောင်း ပြန်ကြားရသောအခါ သူမ ရင်ထဲမှာ သူ့ကို ပိုပြီး မျက်သွားမိ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ မိဘတွေက ချုပ်ချယ်လွန်းလို့ ဖြစ်ရတာဟု မိဘများကိုပင် အပြစ်မြင်လာမိသည်။ သို့သော် စည်းကမ်းကြီးလွန်းတဲ့ မိဘတွေကို လွန်ဆန်ရဲတဲ့ သတ္တိ သူမမှာမရှိ။ သူမရဲ့ မိဘတွေက သူမတောင့်တသမျှ ပစ္စည်းဥစ္စာတွေကို လိုလေးသေးမရှိအောင် ထားပေးကြပေမယ့် သူမ အလွန်လိုချင်တောင့်တနေသည့် ထင်ပေါ်ကျော်ကြားမှုကိုတော့ မဖြည့်ဆည်းပေးနိုင်ကြ။ ဘယ်လိုပဲဖြစ်ဖြစ် တစ်နေ့နေ့မှာ သူမလည်း တက္ကသိုလ်မှာ ထင်ပေါ်ကျော်ကြားသူ တစ်ယောက် ဖြစ်ရမည်ဟု စိတ်ထဲက တေးထားကာ အခြေအနေပေးလာမည့် နေ့ကိုသာ မျှော်လင့်တောင့်တနေမိသည်။

သူမအတွက် အခြေအနေ ပေးလာသည်က တက္ကသိုလ်များတွင် နှစ်စဉ်ကျင်းပလေ့ရှိသော တက္ကသိုလ်မယ်ရွေးပွဲ။ အားကစားလုပ်တာကို ခွင့်ပြုထားပေမယ့် လူကြားထဲမှာ အတွင်းခံသာသာ အဝတ်အစားများဖြင့် ကိုယ်ဟန်ပြရတာကို အဓိပ္ပါယ်မဲ့ပြီး၊ ဣန္ဒြေမဲ့တဲ့အလုပ်ဟု မိဘများက သတ်မှတ်ထားကြသဖြင့် သူမ မိဘတွေကို မယ်ရွေးပွဲ ဝင်ခွင့်ပြုရန် အမျိုးမျိုး ပူဆာပေမယ့် အချည်းနှီးပင်။

ထို့ကြောင့် တစ်နှစ်ပြီးတစ်နှစ် မယ်ရွေးပွဲဝင်ဖို့ အခွင့်အရေးတွေ လက်လွှတ် ဆုံးရှုံးခဲ့ရသည်။ မယ်ရွေးပွဲတွေကို သွားခိုးကြည့်ရလွန်း၍ ကိုယ်ဟန်ပြပုံတွေပင် သူမ အလွတ်နီးပါးရနေပြီ ဖြစ်သည်။ အိမ်မှာလည်း လူလစ်တိုင်း အခန်းတံခါးပိတ်ကာ ကိုယ်လုံးပေါ်မှန်ရှေ့မှာ ကိုယ်ဟန်ပြပုံ အမျိုးမျိုးကို အထပ်ထပ် လေ့ကျင့်ရတာ အမော။ ဒီလိုနှင့် မယ်ဖြစ်ချင်သည်ဆိုသော တောင့်တချက်က သူမရင်ထဲမှာ တစ်စထက်တစ်စ အမြစ်တွယ်ကာ ခိုင်မာလာသည်။ နောက်ဆုံးနှစ်ရောက်တော့ သူမ မနေနိုင်တော့။ အမေတို့ကိုထပ်မံ

www.burmeseclassic.com

www.burmeseclassic.com



ပူဆာကြည့်ပေမယ့် အကြောင်းမထူး။ သူမလည်း တက္ကသိုလ်မှာ ဒီတစ်နှစ်သာ ကျန်တော့သည်။ ထို့ကြောင့် သူငယ်ချင်းတွေနှင့် တိုင်ပင်ကာ တက္ကသိုလ်မယ်ရွေးပွဲဝင်ရန်အတွက် တိတ်တဆိတ် စာရင်းသွင်းလိုက်တော့သည်။

ပြိုင်ပွဲဝင်ရသည့်နေ့မှာတော့ ပြိုင်ပွဲအတွက် စိတ်လှုပ်ရှားရသည်က တစ်ဖက်၊ လာကြည့်ကြသည့် လူတွေထဲမှာ အိမ်ကို ပြန်တိုင်မယ့် အသိတွေ ရှိနေမလားလို့ ရင်တွေခုန်ရတာက တစ်ဖက်နှင့် သူမ စိတ်တွေ ငြိမ်သက်ခြင်းကင်းစွာဖြင့် စင်ပေါ်တက်ခဲ့ရသည်။ အတွေ့အကြုံတစ်စက်မှ မရှိပေမယ့် စိတ်ကူးထဲမှာ အကြိမ်ကြိမ် ဝင်နွှဲခဲ့သည့် ပွဲမို့ သူမအတွက် အခက်အခဲ သိပ်မရှိလှ။ သို့သော် အဲဒီပြိုင်ပွဲမှာ သူမ မယ်တက္ကသိုလ် မဖြစ်ခဲ့ဘဲ ဒုတိယနှင့်သာ ကျေနပ်လိုက်ရသည်။ သူမ ပထမ မရတာကို ဖြေသိမ့်နိုင်သေးသော်လည်း မယ်တက္ကသိုလ်အဖြစ်ကို ရသွားသူက စတယ်လာမြမောင် ဖြစ်နေတာကိုတော့ သူမ ဘယ်လိုမှ ဖြေသိမ့်နိုင်စွမ်းမရှိခဲ့။ နောက်မှ ပြန်သိရတာက မယ်ရွေးပွဲရဲ့ ဒိုင်လူကြီးအဖွဲ့ထဲမှာ စတယ်လာမြမောင်ရဲ့ အဖေ ဦးမြမောင် ပါသည်တဲ့။ ဟုတ်သည် မဟုတ်သည် အပထား။ သူမကတော့ စတယ်လာမြမောင် မယ်တက္ကသိုလ်ဘွဲ့ရတာ ဒါကြောင့်ပဲဟု တထစ်ချ ယူဆပစ်လိုက်တော့သည်။ ဒါဟာ တရားမျှတမှုမရှိတဲ့ပွဲဘဲ။ မျှတမှုသာရှိခဲ့ရင် သူမပဲ ရမှာဟုလည်း အသေအချာ ယုံကြည်လိုက်မိသည်။ ထို့ကြောင့် ဒီလောက် စွန့်စွန့်စားစားနဲ့ ကြိုးပမ်းခဲ့ရတဲ့ သူမရဲ့ ရည်မှန်းချက်တွေကို ဖျက်ဆီးသူ စတယ်လာမြမောင်ကို တစ်သက်လုံး ဘယ်လိုမှ မကျေနပ်နိုင်သည့် ပြိုင်ဘက်ရန်သူအဖြစ် သူမ ရင်ထဲမှာ တေးမှတ်ထားလိုက်မိပါတော့သည်။

သူမ စိုးရိမ်တဲ့အတိုင်း သူမ မယ်ရွေးပွဲဝင်တာကို အိမ်က ပြန်သိ

www.burmeseclassic.com

www.burmeseclassic.com



သွားကာ သူမကို အကြီးအကျယ် ဆူပူကြိမ်းမောင်းကြလေတော့သည်။ ပိုဆိုးသည်က သူမကို ငြိမ်အောင်ဟုဆိုကာ သူမနှင့် မိဘချင်း သဘောတူထားသော ကိုနေလတ်နှင့် စေ့စပ်ပွဲကို အလျင်အမြန် စီစဉ်လိုက်ခြင်း။ သူမအနေနှင့် ကိုနေလတ်ကို ဘာမှ ငြင်းစရာ မရှိပေမယ့် ဘွဲ့ရသည်အထိတော့ လွတ်လွတ်လပ်လပ် ကျောင်းတက်ချင်သေးသည်။ ဘွဲ့ရပြီးလျှင်လည်း အလုပ်ဝင်လုပ်ကြည့်ချင်သေးသည်။ အပျိုဘဝနှင့်လည်း ရှည်ကြာစွာ နေချင်သေးသောကြောင့် မိဘများ၏စီမံမှုက သူမအတွက် စိတ်အနှောင့်အယှက် အကြီးအကျယ် ဖြစ်စေခဲ့သည်။

ကျောင်းပြီးတာနှင့် မိဘတွေက စိတ်အေးရအောင် ဆိုပြီး ကိုနေလတ်နှင့် ချက်ခြင်း လက်ထပ်ပေးလိုက်တာမို့ သူမရဲ့ အိပ်မက်တွေအားလုံး ပြီးဆုံးပျက်ပြယ်ခဲ့ရသည်။ လက်ထပ်ပြီး ယောင်နောက် ဆံထုံးပါဆိုသလို ကိုနေလတ်တာဝန်ကျရာ မော်လမြိုင်သို့ လိုက်ပါခဲ့ရသည်။ တာဝန်ကျေသော အိမ်ရှင်မဘဝနှင့် ငြိမ်းချမ်းစွာ ခင်ပွန်းသည်ကို ပြုစုရင်း သူမရဲ့အိပ်မက်တွေကို အချိန်ကြာမြင့်စွာ မေ့လျော့ထားခဲ့သည်။

သမီးဦးရွှေရောင်ကို ရတော့ သူမ အိပ်မက်တွေ ပြန်လည် ရှင်သန်ခဲ့သည်။ ရွှေရောင်ကို သူမတို့ အိမ်ထောင်သက် ငါးနှစ်ကျော်မှ ရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သမီးကြီး ကိုယ်ဝန်ရှိလာတော့ အလွန်အမင်း ကလေးလိုချင်နေပြီဖြစ်သော သူမတို့ လင်မယားနှစ်ယောက်စလုံး အရမ်းပျော်သွားကြသည်။ သမီးကြီးက မျက်ခုံး မျက်လုံးကောင်းကာ ချစ်စရာကောင်းလွန်းလှသဖြင့် သူမတို့ ကြည့်မဝ၊ ချစ်မဝခဲ့ကြ။ ကြီးလာလေ ပိုချော၊ ပိုလှလာလေဖြစ်သော သမီးကို အရိပ်တကြည့်ကြည့် ကြည့်ရင်း သူမ ဖြစ်ချင်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်တွေ သမီးအလှည့်မှာ ဖြစ်ကို ဖြစ်စေရမည်ဟု သူမ ဆုံးဖြတ်ချက် ချမိခဲ့သည်။

ဒါပေမဲ့ ဘဝဆိုတာ အလွန်အံ့သြစရာ ကောင်းအောင် မထင်မှတ်တာတွေ ဖြစ်တတ်သည်။ မိဘတွေထံမှ ခွင့်ပြုချက်မရခဲ့သော သူမက မယ်ဖြစ်ချင်ခဲ့သလောက်၊ သူမက မဖြစ်ဖြစ်အောင် တိုက်တွန်းကာ ကြိုးစားစေခဲ့သော သမီးကြီးကမူ မယ်ဖြစ်ချင်ပုံ တစ်စက်ကလေးမှ မရ။ သမီးကြီးကို သူမ အလွန်ချစ်ပေမယ့် ဆိုးမှာစိုး၍ ငယ်ငယ်ကလေးကတည်းက မျက်နှာသာ မပေးမိခဲ့။ မိဘတွေ သူမအပေါ် စည်းစနစ်နှင့် အုပ်ချုပ်သည်ကို ငယ်စဉ်က သိပ် မကျေနပ်ချင်ခဲ့ပေမယ့် ငယ်ငယ်က အရိုးစွဲနေခဲ့သည့် အသိအတိုင်း သမီးကြီးအလှည့်မှာလည်း စည်းစနစ်ဖြင့် တင်းကျပ်စွာ အုပ်ချုပ်မိခဲ့သည်။ သမီးကြီးကို မွေးပြီး (၅)နှစ်ကြာသည်အထိ နောက်ထပ် ကိုယ်ဝန်ရှိမလာခဲ့သောကြောင့် သမီးကြီးတစ်ယောက်တည်းကိုသာ သူမ အနီးကပ် ဂရုစိုက်နိုင်ခဲ့သည်။ သမီးကြီးကို သူများတွေထက် ပိုလှစေချင်သည်။ ပိုတော်စေချင်သည်။ သူမ၏သမီးသည် အဖက်ဖက်မှာ အခြားသူများ၏ သားသမီးများထက် အမြဲတမ်းသာရမည်ဟု သူမ အတ္တကြီးစွာ လိုလားတောင့်တခဲ့သည်။ လှသည်ထက် လှစေချင်သဖြင့် သမီးကြီးကို အစားအသောက် အနေအထိုင်မှအစ အကုန်လုံး ချယ်လှယ်ခဲ့မိသည်။ အရမ်းလှလာပြန်တော့ အန္တရာယ်ပြုချင်တဲ့ သူတွေရဲ့ ရန်ကို စိုးရိမ် ပူပန်ရပြန်သည်။ ထို့ကြောင့် ချုပ်ချယ်မှုတွေ များသည်ထက်များခဲ့ရခြင်းဖြစ်သည်။

ဒါတွေအားလုံးဟာ သမီးကြီးအတွက်ပါ။ ဒါဟာ သမီးကြီးကို သူမ ချစ်လွန်းလို့ပါ။ ဒီအတွက် အခုအချိန်မှာ သမီးကြီး စိတ်ဆင်းရဲနေမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တောင် တစ်ချိန်မှာ သူမထားရှိတဲ့ စေတနာတွေကို သဘောပေါက်ပြီး ကျေးဇူးတင်နေမှာပါဟု တွေးရင်း သမီးကြီးအတွက် ဆွဲထားသည့် အချိန်ဇယားကို ပြန်လည်စစ်ဆေးကာ လိုအပ်သည်များကို ထပ်မံ ဖြည့်စွက်ရန် သူမ ထိုင်ရာမှ ထလိုက်ပါတော့သည်။

၉၆

သူတို့တစ်ဖွဲ့လုံး ပထမအစမ်းကို ချောမောစွာ အောင်မြင်ခဲ့ကြပေမယ့် အမှတ်တွေကတော့ မတူကြ။ ရိပ်မိုးက ဘာသာစုံ ဂုဏ်ထူးမှတ်ဝင်သည်မို့ သူငယ်ချင်းများက သူ့အတွက် ဝိုင်းကာ ဝမ်းသာနေကြသည်။ ကျန်သူတွေကတော့ အောင်မှတ်(၅၀)ကို ကျော်ရုံနှင့်ပင် တင်းတိမ်နေကြသူများဖြစ်သည်။ (၆၀)လောက် ရပြီဆိုရင် ထကမလောက် ဝမ်းသာနေကြသူတွေ ဖြစ်သည်။ ကျန်ဘာသာတွေမှာ တစ်ယောက်နဲ့တစ်ယောက် အမှတ်ချင်း မတိမ်းမယိမ်း ရကြပေမယ့် ရွှေရောင်က ခန္ဓာဗေဒမှာ (၇၁)မှတ်ရကာ မျိုးကိုက (၆၉)မှတ်ရသည်။ ရွှေရောင်ကတော့ သူ့အမှတ်သူကြည့်ကာ မယုံနိုင်အောင်ဖြစ်နေပြီး ဒါရိပ်မိုးကြောင့်ပါဟု ကျေးဇူးတင်စကား ဆိုလာသည်။ ရင်ထဲက ပီတိတွေနဲ့ နေမထိ ထိုင်မသာဖြစ်ကာ ဂုဏ်ယူဝမ်းသာနေမိတာမို့ သူငယ်ချင်းတွေရှေ့မှာ သူ စကားမှားမိလေတော့သည်။

မျိုးကိုက စာမေးပွဲဖြေခါနီး အကြောက်လွန်ကာ ရိပ်မိုးအိမ်မှာ တစ်ညလာအိပ်ကာ စာကျက်သွားခဲ့သည်။ ထို့ကြောင့် မျိုးကို ခန္ဓာဗေဒ (၆၉)မှတ်ရသည်ဆိုတော့ သူငယ်ချင်းတွေရှေ့မှာ တစ်ယောက်နှင့် တစ်ယောက် အသားယူကာ နိုင်ထက်စီးနင်း ပြောနေကျအတိုင်း "ဒါတောင် ဒီကောင်

www.burmeseclassic.com

www.burmeseclassic.com



ငါ့အိမ်မှာ တစ်ညပဲ လာအိပ်သွားတာကွ”ဟု သူ ပြောမိသည်။ ထို့ကြောင့် သူငယ်ချင်းတွေက ရွှေရောင် (၇၁)မှတ်ရမှန်း သိသွားကြသောအခါ “ဟော့ကောင် သူကကော မင်းဆီမှာ ဘယ်နှစ်ညလောက် အိပ်သွားသလဲ”ဟု စကားအထအန ကောက်ကာ လိုက်စနေကြသည်။ သူ့မှာ ရွှေရောင်နှင့် အခြားမိန်းကလေး သူငယ်ချင်းတွေ ကြားသွားမှာစိုး၍ သစ်ထွန်းတို့ကို ခပ်တိုးတိုး ဆဲရင်းတားမြစ်နေရသည်။

ပထမအစမ်း ဖြေပြီးလို့ သက်ပြင်းတောင် သိပ်ရဲရဲ မချနိုင်ခင်မှာ ဒုတိယအစမ်းအတွက် ပြင်ဆင်ဖို့ အချိန်က သိပ်မရှိတော့။ ဒုတိယအစမ်း ပြီးလျှင် ပိုအရေးကြီးသည့် စာမေးပွဲကြီးက လာချေတော့မည်။

ထိုအချိန်မှာ ရွှေရောင့်ကို သူ့အမေက အပြင်မှာ စာသွားကျက်ဖို့ မလွှတ်တော့လို့ စာလာ မကျက်နိုင်တော့ဟု ဆိုသည်။ ကျောင်းသား ကျောင်းသူတို့၏ ထုံးစံမှာ အနည်းငယ် ဝေးနေသေးတဲ့ အချိန်တွေမှာ စာမေးပွဲကို ကြောက်စိတ် သိပ်မဝင်ကြသေး။ အချိန်တွေ အများကြီး ရှိသေးတာမို့ ဘယ်လိုကျက်ကျက် မီပါတယ်ဟု ယူဆကာ စိတ်အေးနေကြသည်။ အရမ်း နီးလာတဲ့အခါကျမှ စာတွေကျက်လို့ မပြီးတာက တစ်မျိုး၊ ကျက်ပြီးသား တွေကို ပြန်ပြန် မေ့သွားတတ်တာက တစ်မျိုးမို့ အကြောက်လွန်လာကာ သူငယ်ချင်းတွေဆီကို ပြေးကြတော့သည်။ အများနှင့်အတူ စာကျက်တော့ စာပိုရတာ မရတာထက် ကိုယ်မရတဲ့စာတွေကို အခြားသူတွေလည်း မရမှန်း သိနေတာမို့ အဖော်ရှိသည်ဟု ဆိုကာ ကြောက်စိတ် လျော့ပါးသွားသဖြင့်အတူတူ ကျက်ကြခြင်းဖြစ်သည်။ တစ်ယောက်တည်းကျက်သောအခါ စာတွေ မပြီးလျှင် ကိုယ်တစ်ယောက်တည်း မပြီးသလို ခံစားရသဖြင့် ပိုကြောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လို စာမှန်မှန် ဖတ်ထားသူတွေတောင် စာတွေက စာမေးပွဲခန်းထဲဝင်ခဲ့တဲ့ အထိ ဖတ်လို့ပြီးပြီဟု ထင်လို့ ရသေးတာ မဟုတ်။ စာတွေကလည်း ကျယ်ကျယ်ပြန့်ပြန့် ဖတ်လျှင် ဖတ်သလောက် များသည်မို့ တကယ်လည်း တစ်သက်လုံး ဖတ်လို့ ပြီးနိုင်ဖွယ်ရာ အကြောင်းမမြင်။

ရွှေရောင်က သူများတွေထက် ပိုကြောက်တတ်သူဆိုတော့ တစ်ယောက်တည်း စာကျက်ရလျှင် ပိုဆိုးပေလိမ့်မည်။ သူ့အမေက စာသွား ကျက်မယ့်ကိစ္စကို ဘာကြောင့် မလွှတ်တော့တာလဲဆိုတာ သူ သိချင်ပေမယ့် မမေးရဲ။ သူ့သမီးကို စိတ်မချတော့လို့ ဖြစ်ဖို့များသည်။ သူ့စိတ်တွေကိုများ ကြိုတင် အာရုံရနေလို့လားဟု မလုံမလဲ တွေးလိုက်မိသေးသည်။

ရွှေရောင် စာလာမကျက်ဖြစ်တော့သည့် နောက်ပိုင်း သူလည်း လင်းလင်းတို့အိမ်ကို မရောက်ဖြစ်တော့။ ယောကျ်ားလေးတွေက သူ့အိမ်ကို စာလာကျက်တာကလည်း မသွားဖြစ်သည့် အကြောင်းတစ်ရပ်ဖြစ်သည်။ သူ့အပေါ်မှာ ရွှေရောင့်လိုပင် အနည်းနှင့်အများ မှီခိုစိတ်ရှိနေကြသည့် မိန်းကလေး သူငယ်ချင်းတွေက မကျေမနပ်နှင့် စကားနာ ထိုးကြသည်။ ရွှေရောင်မလာ တော့လို့ မဟုတ်လားတဲ့။ သူ ငြင်းမနေချင်တော့။ ငြင်းလည်း ယုံမှာမှ မဟုတ်တာ မဟုတ်လား။ ပြီးတော့ သူတို့ ပြောတာတွေက ဟုတ်နေတော့ အခက်သား။

၁၁

www.burmeseclassic.com



ဆေးတက္ကသိုလ်(၁)ရဲ့ နှစ်စဉ်နှစ်တိုင်း ရွှေတိဂုံဘုရားမှ ကျင်းပမြဲဖြစ်တဲ့ ဆီမီးကိုးထောင် ပူဇော်ပွဲ ကျင်းပသည့်ရက်က သူတို့ ဒုတိယအစမ်းဖြေရမည့်ရက်နှင့် သိပ်မကွာ။ ရွှေရောင်က ဒီနှစ်မှ ကျောင်းကို စရောက်တာမို့ ဒီပွဲကို တစ်ခါမှ မရောက်ဖူး။ အခုအချိန်မှာ တခြားပွဲလမ်းသဘင်တွေကို တတ်နိုင်သမျှ ရှောင်ကြပေမယ့် အခုပွဲက ဘာသာရေးနှင့် ပတ်သက်သည့်ပွဲမို့ အားလုံး ဘုရားကို သွားရန် သဘောတူကြသည်။ အတန်းပေါင်းစုံမှ ဆေးတက္ကသိုလ် ကျောင်းသားကျောင်းသူများအပြင် ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများပါ လာကြမည့်ပွဲလည်းဖြစ်သည်။ ကျင်းပမည့် ရက်က ကျောင်းဖွင့်သည့်ရက်မို့ ကျောင်းဆင်းလျှင် အားလုံး ကျောင်းမှ အတူစု သွားကြရမည်ဖြစ်သည်။ ကားရှိသူတွေက ကိုယ်ပိုင်ကားနှင့်သွားနှင့်ကြပြီး ကားမရှိသူတွေကို ကျောင်းက ဘတ်စ်ကားကြီးများ စီစဉ်ကာ ပို့ပေးသည်။ အကျွေးအမွေးကတော့ မနှစ်ကလို စမူဆာနှင့် အအေးပဲဖြစ်မည်။ လက်နှေးလျှင် ငတ်တတ်သည်ဟု သစ်ထွန်းက သူတို့ကို ကြိုတင်ကာ သတိပေးထားသည်။ ဝေဝေခိုင်က ဘုရားပေါ်မှာ သူငယ်ချင်းတွေ အမှတ်တရ ဓါတ်ပုံစုရိုက်ကြရန်ဟု ဆိုကာ ကင်မရာ ယူလာသည်။ မင်းနိုင်က သူ့မှာလည်း ကင်မရာ တစ်လက်ပါသည်ဟု ဆိုသည်။ သူတို့အထဲမှာ သစ်ထွန်းနှင့် ရွှေရောင်က ကားကိုယ်တိုင်မောင်းကာ ကျောင်းတက်ကြသူတွေမို့ သူတို့နှစ်ယောက်၏ ကားများနှင့် အတန်းပြီးပြီးချင်း ဘုရားကို ထွက်ခဲ့ကြသည်။ သူတို့၏ စုရပ်ဖြစ်ရာ အောင်မြေနားက တန်ဆောင်းရှိရာဘက်ကို ရောက်တော့ သူတို့ကျောင်းမှ ကျောင်းသူ၊ ကျောင်းသားတွေကို ဟိုတစ်စု၊ သည်တစ်စုဖြင့် ရောက်နှင့်နေကြတာကို တွေ့လိုက်ရသည်။ မင်းနိုင်က တန်ဆောင်းတွေထဲမှာ ကိုယ့်အဖွဲ့နှင့်ကိုယ် ထိုင်နေကြသော ဖတ်စ်အမ်ဘီမှ

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေကို ဓါတ်ပုံ လိုက်ရိုက်နေသည်။ ဝေဝေခိုင်က ဓါတ်ပုံရိုက်လို့ ကောင်းမည့်နေရာကို လိုက်ရှာနေသဖြင့် ဓါတ်ပုံရိုက်ချင်သူ မိန်းကလေးတွေက သူ့နောက်သို့ တကောက်ကောက် လိုက်နေကြရသည်။

သူတို့ ဓါတ်ပုံရိုက်ပြီး တန်ဆောင်းဘက် ပြန်ဝင်အလာ တစ်နေရာမှာ လူတွေအုံနေတာကို တွေ့ရသဖြင့် စုံစမ်းကြည့်တော့ "စိုးသူ .... စိုးသူ" ဟု ပြောသံကြားသဖြင့် ရတနာနှင့် လင်းလင်းက အော်တို လက်မှတ်ထိုးခိုင်းရန် လူအုပ်ရှိရာသို့ ပြေးတော့သည်။ ဝေဝေခိုင်က သူတို့ကို ကြည့်ပြီး "ဟွန်း .... မိန်းမတွေက .... ကဲကိုကဲတယ်" ဟု ဆိုပြီး ဒီဘက်အလှည့် တန်ဆောင်းနားက ဘုရားတစ်ဆူနားမှာ သူငယ်ချင်းတွေနှင့်ရပ်နေသည့် နေမျိုးဆေးကို တွေ့သွားတော့သည်။

"အယ် .... ဟိုမှာ .... နေမျိုးဆေးတော့" ဟု ဆိုကာ လှည့်ကြည့် လှည့်ကြည့်နှင့် လမ်းဆက်လျှောက်ရာမှ ခလုတ်တိုက်ပြီး လဲမလို ဖြစ်သွားသဖြင့် ရွှေရောင်က သူ့လက်မောင်းကို ကမန်းကတန်း လှမ်းဆွဲထားလိုက်ရသည်။

သူတို့ တန်ဆောင်းထဲရောက်တော့ အထဲရောက်နှင့်နေသော မျိုးကိုက ....

"မြန်မြန်လာ .... နင်တို့တော့ ဝတ်တော့မှာပဲ" ဟု ဆိုကာ ဖျော်ရည်ခွက်များကို လှမ်းပေးသည်။ ရိပ်မိုးနှင့် သစ်ထွန်းက ဆီမီးခွက်များ ဆီဖြည့်ရာတွင် ကူညီနေကြသည်။ ထိုစဉ်မှာပင် လင်းလင်းနှင့် ရတနာတို့ မျက်နှာတွေစူကာ သူတို့ အနားရောက်လာကြသည်။ သူတို့အနောက်မှာ ကင်မရာကို လည်ပင်းမှာ ချိတ်ထားသည့် ဓါတ်ပုံဆရာစတိုင်နှင့် မင်းနိုင်က ပြုံးစေ့စေ့။

"အငယ်တန်းက ကောင်မလေးတွေကိုကျတော့ လျှောက်ရိုက်ပေး

www.burmeseclassic.com

www.burmeseclassic.com



နေပြီး .... ငါတို့က စိုးသူနဲ့ တစ်ပုံလောက် တွဲရိုက်ချင်လို့ပါဆိုတော့ ဖလင် မပါဘူးလေး .... ဘာလေးနဲ့” ဟု ရတနာက မင်းနိုင်ကို ရန်ထောင်ရင်း သူတို့ကို တိုင်ပြောပြောသည်။ မင်းနိုင်က ....

“ငါ့ကင်မရာထဲမှာ ဖလင် မပါတာကတော့ အမှန်ပဲ။ နင် ဒီလောက် ဖြစ်နေမယ်မှန်းသိရင် ငါ ခပ်တည်တည်နဲ့ ရိုက်ပေးလိုက်ပါတယ်။ အခု ငါက အချင်းချင်းတွေမို့ မလုပ်ချင်လို့ .... သိလား” ဟု ပြန်ကာ ရန်တွေ့သည်။

ဝေဝေခိုင်က “ဖလင် မပါတာကြီးနဲ့ ဘာလို့ လျှောက်ရိုက်နေရတာလဲ” ဟုမေးတော့ ....

“သူတို့ကို တကယ်ရိုက်နေတယ်ထင်တာ ကြည့်ပြီး ရယ်ချင်လို့”တဲ့။ မိန်းကလေးသူငယ်ချင်းတွေက သူ တကယ်ရိုက်ပေးသည်ဟု ထင်သွားကြရှာသော မိန်းကလေးများကို မိန်းမချင်း ကိုယ်ချင်းစာကာ “သူများတွေ ကုသိုလ် လုပ်နေတဲ့အချိန်မှာ အကုသိုလ် အလုပ်လုပ်နေတဲ့ ကောင် ဒုက္ခရောက်မှာပဲ” ဟု ဝိုင်းဝန်း ကျိန်ဆဲတော့သည်။ သူတို့ ဘုရားကို ဆီမီးပူဇော်ကြပြီး တန်ဆောင်းထဲမှာ သီလယူ၊ တရားနာကာ ပြန်ကြတော့ မှောင်စပင် ပြုနေလေပြီ။

ဘာပဲဖြစ်ဖြစ် အဲဒီနေ့ရက်ကလေးကိုတော့ သူတို့ ဆေးကျောင်းတက်ကြတဲ့ သက်တမ်းတစ်လျှောက်မှာ မမေ့နိုင်တဲ့ ပျော်စရာနေ့တွေထဲက နေ့တစ်နေ့အဖြစ် သူတို့ရင်ထဲမှာ အသီးသီး သိမ်းဆည်း ထားမိကြလေသည်။

၁၆

www.burmeseclassic.com

www.burmeseclassic.com



ရိပ်မိုး ကြိုတင် မျှော်လင့် ထားသည့်အတိုင်း ဒုတိယအစမ်းဖြေကာနီး တစ်ပတ်အလိုမှာ ရွှေရောင်တစ်ယောက် အကြောက်လွန်ပြီး သွေးဆုတ်နေသော မျက်နှာနှင့် သူ့ အိမ်ရောက်လာတော့သည်။

“ငါနဲ့စာလာကျက်ပေးပါဟာ .... နင်သာ မကယ်ရင် ငါတော့ ကျတော့မှာပဲ”ဆိုပြီး မျက်နှာငယ်ငယ်လေးနှင့် ပြောလာသူက သူ တိတ်တခိုး ချစ်နေရသူဆိုတော့ သူ ဘယ်လို ခွန်အားနှင့် တွန်းလှန်ပြီး ငြင်းနိုင်စွမ်းရှိမှာလဲ။ အိမ်ကိုပြောကာ တစ်ပတ်စာ အဝတ်အစားများနှင့် စာအုပ်များကို ရွှေရောင့်ကားထဲထည့်ပြီး သူ ရင်ခုန်စွာ လိုက်ပါလာခဲ့သည်။ ရွှေရောင့်အိမ်ကို သူ ယခင်က တစ်ခါမှ မရောက်ဖူးသေး။ ရွှေရောင် အလွန်ကြောက်ရသည်ဆိုသည့် သူ့အမေနှင့် တွေ့ရမည်မို့ သူစိတ်လှုပ်ရှားနေမိသည်။ အမေက ခွင့်မပြုလျှင် ရွှေရောင် သူ့ကို ဒီလို လာခေါ်ရဲမှာ မဟုတ်ကြောင်း သူ သိသည်လေ။

ခြံဝင်းကျယ်များသာရှိသည့် အရပ်ဒေသထဲက ခြံဝင်းတစ်ခုထဲသို့ ကားကလေး ချိုးဝင်သွားသည်။ အိမ်ဘေးက ပန်းခြံကလေးထဲမှာ နှင်းဆီပန်း ရောင်စုံများနှင့်သစ်ခွရောင်စုံများကို လှမ်းသတိပြုလိုက် မိသည်။ အိမ်က နှစ်ထပ်တိုက်ဖြစ်ပြီး အပြာနုရောင်နှင့် အရင့်ရောင် စပ်ကာ သုတ်ထားသည်။ ခြံဝင်းက သိပ်အကျယ်ကြီးတော့ မဟုတ်။ အိမ်ကတော့ ခြံဝင်းကို အပြည့်နီးပါးယူကာ ဆောက်ထားသောကြောင့် အတော်လေး ကျယ်သည်။ ကားပေါ်မှ ဆင်းကာ သူ့အထုတ်များကို ယူချလိုက်တော့ ရွှေရောင်က အတင်းလုကာ ဝိုင်းသယ်ပေးသည်။ ထိုစဉ်မှာပင် အိမ်ထဲမှ အိမ်ဖော်မလေး နှစ်ယောက် ပြေးထွက်လာပြီး သူ့လက်ထဲမှာ အထုတ်များကို ယူသွားကြသည်။ အိမ်ဝတွင် ဖိနပ်ချွတ်ကာ အိမ်ထဲဝင်ရန်ပြင်တော့ ဖိတ်ဖိတ်တောက်နေသော

www.burmeseclassic.com

www.burmeseclassic.com



ပါကေးခင်းထားသည့် ကြမ်းပြင်ကြောင့် ခြေချရမှာပင် တွန့်ခနဲ ဖြစ်သွားမိသည်။

"ရိပ်မိုး .... လာလေ"

ရွှေရောင်က လှည့်ကာ လှမ်းခေါ်သည်။

"သူငယ်ချင်း .... ပါလာပြီလား"

ဧည့်ခန်းက ဆိုဖာပေါ်တွင် ထိုင်နေသော အမျိုးသမီးတစ်ဦးက လှမ်းမေးသည်။ ရွှေရောင့်အမေပဲဟု ချက်ချင်း သိလိုက်သည်။ သူ့မျက်နှာက ရွှေရောင်နှင့် အတော်လေး ဆင်တူသည်။ ဩဇာအာဏာ ရှိသော မျက်နှာဟု ဆိုရလေမလား။ သူ့ကို တွေ့လိုက်ရတာနဲ့ ကိုယ်လေးစားရ၊ ကြောက်ရတဲ့ ဆရာမကြီး တစ်ယောက်ကို တွေ့လိုက်ရသလို အလိုလို ရှိန်သွားမိသည်။ ဒါကြောင့် ရွှေရောင် အရမ်းကြောက်ရတယ် ဆိုတာလည်း သိပ်တော့ မဆန်းပါ။

"ဟုတ်ကဲ့ .... ပါလာပါပြီ .... မေမေ"

"အေး .... အေး .... ခဏနားပြီး စာကျက်ကြပေါ့ .... မိစုရေ မောင်ရိပ်မိုးကို သူ့အခန်းပို့လိုက်ဟေ့ .... သား ကိုယ့်အိမ်လို သဘောထားပြီးနေနော် .... ဘာမှ အားမနာနဲ့ .... လိုတာရှိလဲ .... ပြော"

"ဟုတ် .... ဟုတ်ကဲ့"

သူ့ရှေ့က ထွက်ခွာခွင့်ရတာကိုပဲ အသက်ရှူ အတော်ချောင်သွားသလို ခံစားရသည်။ ဒါကလည်း သူ့ဘက်က မရိုးသားလို့ ဖြစ်ချင်ဖြစ်မှာဟု တွေးလိုက်မိသည်။ သူ့အမေနဲ့ အဖေကိုတောင် သူ အဲဒီလို ကြောက်ခဲ့ဖူးတာမှ မဟုတ်ဘဲ။ ရှိသေတာက သတ်သတ်။ ရင်းနှီးနွေးထွေးစွာ နေထိုင်ပြောဆိုခြင်းက သတ်သတ်ပဲလေ။ သူ့နာမည်ကိုတောင် သိပြီးပြီဆိုတော့ သူ့အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင် အတော်လေး ပြောပြထားပြီးသား ဖြစ်ပုံရသည်။ ရွှေရောင့် အမေရဲ့ မျက်မှန်အောက်က မျက်လုံးတွေက သူ့ရင်ထဲအထိ ထိုးဖောက်မြင်သလို စူးရှလွန်းလှသည်။ အင်း .... ဆင်ဆင်ခြင်ခြင်တော့နေမှပဲဟု သူတွေးလိုက်မိသည်။

သူ့အတွက် ပြင်ဆင်ထားသည့်အိပ်ခန်းက အောက်ထပ်က ညာဖက်အခန်း။ အခန်းက ထွက်ထွက်ချင်း ထမင်းစားခန်းကို တန်းရောက်သည်။ ထမင်းစားခန်းရဲ့ ဘယ်ဘက်မှာတော့ အပေါ်ထပ်သို့ တက်သည့်လှေကားရှိသည်။ အောက်ထပ်မှာ သူ့အခန်းနှင့် ကပ်လျက်တွင် ပိတ်ထားသည့် အခန်းတစ်ခန်းရှိသည်။ မီးဖိုခန်းကို အနောက်ဖက်မှာ သီးခြားခွဲကာ အဆောင်သက်သက် ထုတ်ထားပြီး ထမင်းစားခန်းနှင့် စင်္ကြံဖြင့် ဆက်ထားသည်။ သူ့အခန်းက တော်တော့်ကို ကျယ်သည်။ သူတို့အိမ်၏ တစ်ဝက်လောက် အကျယ်ရှိမည်ဟု သူ ခန့်မှန်းလိုက်သည်။ အထဲမှာ ကျယ်ဝန်းသော ခုတင်နှင့် သပ်ရပ်စွာ ပြင်ထားသော အိပ်ရာက ပစ်လှဲလိုက်ချင်စရာ။ အိပ်ရာဘေးမှာ မှန်တင်ခုံတစ်ခု၊ ဘီရိုတစ်လုံး၊ စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံး ရှိတာတောင် နေရာက လွတ်သေးသည်။ သူ စာအုပ်များကို ထုတ်ကာ စားပွဲပေါ်တွင် စီထားလိုက်သည်။ ရေချိုးခန်းနှင့် အိမ်သာက အိပ်ခန်းနှင့် ဆက်လျက်မှာပင် ရှိကြောင်း၊ အိမ်ဖော်မလေးက သူ့ကို လာပြောပြပြီး အခန်းထဲမှ မီးခလုတ်များနှင့် အဲယားကွန်းခလုတ် ဖွင့်ပုံ၊ ပိတ်ပုံတို့ကို ပြသပေးသွားသည်။ တော်ပါသေးရဲ့။ မဟုတ်ရင် သူ ဘယ်လိုမှဖွင့်တတ် ပိတ်တတ်မှာမဟုတ်။ အခုမှ သူ့ဘဝနှင့် ရွှေရောင့်ဘဝ ကွာခြားမှုကို ပိုကာ မျက်ဝါးထင်ထင် တွေ့ရတော့သည်။ သူ ဒီတစ်သက်ကြိုးစားတောင် ရွှေရောင့်ကို ဒီလိုဘဝမျိုးနဲ့ ထားနိုင်တဲ့ အခြေအနေ ရှိပါ့မလားဟု အားငယ်စွာ တွေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့စာကျက်ရန်နေရာကို ထမင်းစားခန်းထောင့်မှာ စားပွဲတစ်လုံးဖြင့် သီးသန့်စီစဉ်ပေးထားသည်။ စာမကျက်မီ အကြောက်လွန်နေသော ရွှေရောင့်ကို အရင် စိတ်ငြိမ်ငြိမ် ထားရန် နှစ်သိမ့်ရသေးသည်။ သူ ဒီလောက် ကြောက်နေလို့သာ သူ့အမေက သူ့ကို လာခေါ်ဖို့ ခွင့်ပြုလိုက်တာဆိုတာကိုလည်း သူ သဘောပေါက်လိုက်သည်။ တကယ်တော့ ရွှေရောင်က ဒီလောက်အခြေအနေ မဆိုးပါ။ စာတွေကို ပြောလိုက်ရင် ဖတ်ထားပြီးသားတွေမို့ ကျက်ရတာ သိပ်မကြာ။ သို့ပေမဲ့ သူ့ကိုယ်သူ ဘာမှ မမှတ်မိတော့ဟုထင်ကာ စိုးရိမ်စိတ်လွန်ကဲနေသောကြောင့် တကယ် ဘာမှ ပြန်စဉ်းစားလို့မရဘဲ ဖြစ်နေခြင်းဖြစ်သည်။

သူတို့ စာကျက်တိုင်း အနားမှာ တစ်ယောက်မဟုတ် တစ်ယောက်ကတော့ မယောင်မလည်နှင့် ရှိနေတတ်သည်။ သူတို့ နှစ်ယောက်တည်းရှိနေမည်ကို စိတ်မချ၍ စီစဉ်ထားတာ ဖြစ်နိုင်သည်။ ညနေရောက်တော့ ကျောင်းမှ ပြန်လာသည့် ရွှေရောင်၏ညီမလေးတွေကို တွေ့ရသည်။ အတော့်ကို အသက်ကွာတာပဲဟု သတိပြုမိသည်။ နှစ်ယောက်စလုံး အစ်မနှင့်တူကာချောကြသည်။ အကြီးမလေးက အတော်သွက်သည်။ ရွှေရောင့်အနားကို လာပြီး သူ့ကိုပင် နှုတ်ဆက်စကား ဆိုနေသေးသည်။ သူတို့အမေက "ငွေရောင် .... မမကြီး စာကျက်နေတယ်လေ .... သွားမရှုပ်နဲ့"လို့ အော်လိုက်မှ ရယ်ကျဲကျဲနှင့် အပေါ်ထပ်သို့ တက်သွားသည်။ သူတို့ အိပ်ခန်းတွေအားလုံးက အပေါ်ထပ်မှာသာ ရှိပုံရသည်။ အငယ်မလေးကတော့ သူ့ကို ခပ်ဝေးဝေးမှသာ လှမ်းကြည့်ကာ ပြုံးပြသည်။ အလတ်မနာမည်က ငွေရောင်ဆိုတာ သူ့အစ်မက ရွှေရောင်မို့ဟု နားလည်လိုက်သည်။ ထို့ကြောင့် အငယ်ဆုံးနာမည် ဘယ်လိုများခေါ်သလဲဟု သူ စပ်စုမိတော့ "ခရမ်းရောင်" ဟု သိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့။ ကြေးရောင်မဖြစ်လို့။ ငယ်ငယ်လေးကတည်းက ခရမ်းရောင်ကို အရမ်းကြိုက်သူမို့ အဲဒီနာမည် ပေးလိုက်တာဖြစ်ကြောင်း ရွှေရောင်က ရှင်းပြသည်။ "ဒါဆို နင်ကကော .... ရွှေရောင်ကို အရမ်းကြိုက်လို့ ဒီနာမည်ရတာလား" လို့ မေးမိတော့ မဟုတ်ကြောင်းပြောကာ "မေမေက သူ့ဘာသာသူပေးတာပါ။ ငါအကြိုက်ဆုံးက အစိမ်းရောင်" ဟု ဆိုသည်။ ပြီးတော့ "မေမေ့နာမည်က မေမြရောင်လေ .... အဲဒါကြောင့် ငါတို့နာမည်တွေအားလုံးနောက်မှာ ရောင်တွေ ထည့်ထားတာ .... ငါတို့နာမည်တွေအားလုံးကို မေမေ ရွေးပေးတာ"ဟု ရှင်းပြသည်။ နာမည်မှာတောင် သူများတွေလို အဖေနာမည် မထည့်ဘဲ အမေနာမည် ထည့်ထားကတည်းက အမေ၏ လွှမ်းမိုးမှု ဘယ်လောက်ကြီးတယ်ဆိုတာ သူ ရိပ်စားမိလိုက်သည်။

ညနေ ထမင်းစားချိန်မရောက်မီ ရုံးက ပြန်ရောက်လာသော ရွှေရောင့်အဖေက သူ့ကို နွေးထွေးဖော်ရွေစွာ နှုတ်ဆက်သည်။ "ကိုယ့်အိမ်လို သဘောထားကွာ"ဟု လှိုက်လှဲစွာဆိုပုံက ဒေါ်မေမြရောင်နှင့် ပြောသည့် စကားလုံးချင်းတူပေမယ့် သူ့ရင်ထဲမှာ ခံစားရတာချင်း ဘာလို့ ကွာခြားသွားသည်မသိ။ အခုမှ အမှန်တကယ် ကြိုဆိုခံရသလို ခံစားလိုက်ရသည်။ ညဘက်မှာ သူတို့အိပ်ချိန်အထိ အစားအသောက် မပြတ်လတ်အောင် လိုလေသေးမရှိ စီစဉ်ပေးသလို သူတို့အနားမှာလည်း လူက တစ်စက္ကန့်ပင် မပြတ်လတ်ပါ။ သူတို့အိမ်မှာ စာသွားကျက်ပြီး နှစ်ယောက်တည်း အတူရှိတဲ့အချိန် တစ်စက္ကန့်တောင် မရှိပါလို့ ပြောရင် သစ်ထွန်းတို့၊ မင်းနိုင်တို့ကတော့ မယုံရေးချ မယုံလို့ ပြောကြဦးမှာ သေချာသည်။

၁၁

www.burmeseclassic.com



တစ်ပတ်ဆိုသော အချိန်ကာလက တကယ်တန်း ဘာမှ သိပ်မရှိပေမယ့် ရွှေရောင်၏ ကိုယ့်ကိုယ်ကို ယုံကြည်လာမှုကတော့ အတော်လေးကွာခြားသွားသဖြင့် သူ စာလာကူ ကျက်ပေးရကျိုးနပ်သည်ဟု ဆိုရပေမည်။ စာမေးပွဲရက်တွေမှာလည်း ရွှေရောင်က အိမ်မှာသာဆက်နေပြီးဖြေရန်ပြောသဖြင့် သူအိမ်ကို အကြောင်းလှမ်းကြားကာ ဆက်နေဖြစ်သည်။ စာမေးပွဲရက်တွေမှာ ကျောင်းကို ရွှေရောင့်ကားဖြင့် လိုက်ပါလာသော သူ့ကို တွေ့သူတွေက တွေ့သွားသဖြင့် အမျိုးမျိုး အပြောခံရတော့မှာ သေချာနေသည်။ စာမေးပွဲခန်းထဲ ဝင်ခါနီးအထိ သူတို့ စာအတူ ထိုင်ဖတ်နေကြသည်ကို စူးစမ်းသလိုလာကြည့်ကြသူတွေကလည်း ရှိသေးသည်။ စာမေးပွဲအတွက်သာ အာရုံရောက်နေသော ရွှေရောင်ကတော့ ဒါတွေကို နည်းနည်းလေးမှ သတိထားမိပုံ မပေါ်။

သူငယ်ချင်းအရင်းတွေကပင် "ဘယ်လိုလဲ .... အဆင်ပြေနေတယ်မဟုတ်လား" ဟု မသိမသာဖြင့် လာရိသွားကြသေးသည်။ သူ့အတွက်က ကိစ္စမရှိပေမယ့် မဟုတ်ဘဲ တစ်မျိုးအထင်ခံရတဲ့အခါ ရွှေရောင့်အတွက် နစ်နာမှာစိုးသည်။ ထို့ကြောင့် ဗိုင်ဗာ စဖြေရတဲ့ရက်မှာ

"လူတွေက ဘာမှန်းလည်း မသိဘူး။ ငါ နင့်အိမ်မှာ စာကျက်တဲ့ကိစ္စကို ရေးကြီး ခွင်ကျယ်လုပ်ပြီး အမျိုးမျိုး ပြောနေကြတယ်။ ငါတော့ .... နင့်ကို သိပ်အားနာတာပဲဟာ" ဟု ရွှေရောင့်ကို သူ အားနာစကားပြောမိသည်။ ရွှေရောင်က သူ့နံဘေးမှာထိုင်ရင်း စာငုံ့ဖတ်နေရာမှ မော်ကြည့်ပြီး ....

"နင်နဲ့ပြောတာပဲ ကိစ္စမရှိပါဘူး" ဟု ပြန်ပြောသည်။ အပျော်တွေနဲ့ ထခုန်မိမလို ဖြစ်သွားစဉ် သူပြောသည့်စကား အဓိပ္ပါယ် ဘယ်ရောက်သွားသလဲဟု ရိပ်မိသွားပုံရသော ရွှေရောင်က မျက်နှာလေးရဲကာ

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ .... ငါပြောချင်တာက ဟို .... နင်နဲ့ငါက အခင်ဆုံး သူငယ်ချင်းတွေ မဟုတ်လား .... သူ့တို့ဘာပြောပြော နင်နဲ့ငါ့ရဲ့စိတ်ထဲမှာ ဘာမှ မရှိရင် ပြီးတာပဲ မဟုတ်လား" ဟု ထပ်ပြောလေသည်။

အဲဒီနေ့က သူ့ရင်ထဲမှာ ဘုရားပွဲလှည့်သွားသဖြင့် ဗိုင်ဗာမဖြေခင်မှာ စိတ်တွေ ပြန်လည် တည်ငြိမ်သွားအောင် သူ မနည်းကြိုးစားလိုက်ရပါသည်။

၁၁

စာမေးပွဲကြီးဖြေဖို့ တစ်လအလိုမှာတော့ နဂိုက စာကို သိပ်ဂရုမစိုက်ခဲ့သူများပင် ပျာယာခတ်နေကြပြီဖြစ်သည်။ အရင်တုန်းက ဘယ်လိုနေခဲ့၊ နေခဲ့ အချိန်တန်တော့ ကျောင်းသားမှန်သမျှ စာမေးပွဲအောင်ချင်ကြသူချည်းပင်။ အခုမှ နုတ်စ်တွေ စုဆောင်းကာ တစ်ပွဲတိုး ကြံချင်ကြသူတွေကလည်း ရှိသေးသည်။ သို့သော် ဆေးကျောင်းမှာ ဒါမျိုးလုပ်လို့မရ။ တစ်နှစ်လုံး စာမကျက်လာလို့ကတော့ အခုမှ အရေးကြီးတာတွေချည်းပဲ ရွေးဖတ်တောင် ပြီးလိမ့်မည် မဟုတ်။ ပြီးတော့ ဗိုင်ဗာက မေးချင်တာ မေးမှာမို့ ရွေးကျက်လို့မရ။ ရိပ်မိုးကတော့ ဘာသာစုံမှာ ဒီကောလ်ခေါ် ဂုဏ်ထူးမှတ်ရမည့် ကျောင်းသားစာရင်းဝင်သည်။ ထို့ကြောင့် စာမေးပွဲကြီးမှာသာ ကောင်းကောင်းဖြေလိုက်နိုင်ပါက ဒီနှစ်အတွက် သူ့ရည်မှန်းချက်တွေ ပြည့်ဝဖို့ သေချာနေပြီဖြစ်သည်။

သူတို့အဖွဲ့က အစကတည်းက အဖော်လေးနဲ့မှ စာဖတ်တတ်သူတွေမို့ အခုလို နီးကပ်နေသည့် အချိန်တွေမှာ အတူတူ ကျက်နိုင်ရန် မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေက လင်းလင်းအိမ်မှာ စုပြီး ပြောင်းနေကြသည်။ ယောကျ်ားလေးတွေ ရိပ်မိုးအိမ်မှာ လာနေချင်ပေမယ့် မေမေက "ညီမလေးတွေက အရွယ်ရောက်နေပြီ။ သားသူငယ်ချင်းတွေ အိမ်မှာ နေ့ရောညပါ တရုန်းရုန်းနဲ့ နေမယ်ဆိုရင် မသင့်တော်ဘူး" ဟု သူ့ကို သတိပေးသလို ပြောလာသဖြင့် သစ်ထွန်းအိမ်မှာသာ စုဖြစ်ကြသည်။ ရွှေရောင်ကတော့ သူ့အမေ ဘယ်မှ မလွှတ်သဖြင့် တစ်ယောက်တည်းသာ ကျက်နေရရှာသည်။ သူ့ကို လာကျက်ပေးဖို့ ခေါ်ပေမယ့် သစ်ထွန်းအိမ်မှာ လာကျက်နေသည့် အောင်အောင်ဦးက ပထမအစမ်းကော၊ ဒုတိယအစမ်းပါ ကျထားသူမို့ သူ့ကို ပိုင်ငဲ့ကာ သစ်ထွန်းအိမ်သို့ သွားခဲ့ခြင်းဖြစ်သည်။ ဒါပေမယ့် အခုမှ စာတွေကို တစ်ခုချင်း ရှင်းပြနေရတာမို့ သူလည်း အောင်အောင်ဦးကို တဖြည်းဖြည်းနှင့် အတော် စိတ်ညစ်လာသည်။ အောင်အောင်ဦးအခြေအနေက အခုအချိန်မှာ သူမပြောနဲ့ သိကြားမင်း ဆင်းကယ်တောင် ရနိုင်ဖွယ်မမြင်။ ပိုဆိုးသည်က တခြားသူတွေအတွက် မလိုပေမယ့် "ဒီ"မှန်းထားသည့် သူ့အတွက် လိုအပ်သည့်စာတွေကို သူ သီးခြားပြန်ဖတ်ရန် ရှိနေခြင်းပင်။

မည်သို့သော အကြောင်းပြချက်နှင့် ထွက်ပြေးရမလဲ စဉ်းစားနေစဉ် သူ့ကို ကယ်တင်ရန် ရောက်လာသူ နတ်သမီးလေးက ရွှေရောင်ပင်။ ထုံးစံအတိုင်း သူတစ်ယောက်တည်း ဘယ်လိုမှ ဆက်မရပ်တည်နိုင်တော့သဖြင့် သူ့ကို လာအကူအညီတောင်းခြင်း။ သစ်ထွန်းတို့က "မင်းကတော့ ရက်စက်ပြီ။ အေးလေ ဘယ်တူနိုင်ပါ့မလဲ" ဟု ရိတိတိ လာလုပ်နေခြင်းကို မသိချင်ယောင်ဆောင်ကာ ပစ္စည်းသိမ်းပြီး ရွှေရောင်နှင့်အတူ ထွက်လာခဲ့သည်။ လမ်းမှာ ရွှေရောင်က "နင် .... ငါ့ကြောင့် .... စိတ်အနှောင့်အယှက် ဖြစ်သွားလား

www.burmeseclassic.com

www.burmeseclassic.com



ဟင် .... သစ်ထွန်းတို့၊ မင်းနိုင်တို့ကတော့ ငါ့ကို အရမ်းစိတ်ဆိုးနေကြမှာပဲ” ဟု သူ့ကို တောင်းပန်ရင်း အားငယ်စွာ ပြောလေသည်။

“ဘယ်ကလာ ... နင်သာမကယ်ရင် ငါလည်း သေဖွယ်ပဲ ရှိတော့တယ် .... အခု ဒီကောင်တွေက ဒုက္ခသည် တစ်ယောက်ခေါ်တင်ထားပြီး ငါ့ကို နိုပ်စက်မလို့ ကြံနေကြတာ”ဟု အစချီရင်း အောင်အောင်ဦး အကြောင်းကို ရှင်းပြလိုက်မှ မျက်နှာလေး ပြန်လန်းလာတော့သည်။ အားငယ်တတ်၊ အားနာတတ်လိုက်တာလည်း သူ့အပြင်မရှိ။ ဒီလိုသာ အတွင်းကျကျ ခင်ခွင့်မရခဲ့ပါက အပေါ်ယံကြောကိုသာကြည့်ပြီး သူမကို အလွန်စိတ်မာသူ တစ်ယောက်ဟု ထင်မိမှာ သေချာသည်။ ဒါလောက် အဖက်ဖက်မှာ ပြောစရာမရှိအောင် ပြည့်စုံနေလျက် တစ်ခါတစ်ခါ “ငါက ဘာမှ အသုံးမကျဘူး” ဟု ပြောတတ်သေးသည်။ အားငယ်တတ်တော့လည်း တစ်မျိုးကောင်းတာပေါ့။ ဒီကလည်း အားကိုးခံချင်တာနဲ့ အတော်ပဲလေ။

အထဲမှာ အားကစား ပစ္စည်းပေါင်းစုံနှင့် အလေးများ။ အဲဒီကြားမှာတော့ အားကစား ဝတ်စုံအပြည့်နှင့် ရွှေရောင်နှင့် ဒေါ်မေမြရောင်။ ရွှေရောင်က သူ့ကို လှမ်းတွေ့သွားပြီး “ရိပ်မိုး .... အစောကြီး နိုးနေပါလား၊ ထူးထူးဆန်းဆန်းပဲ” ဟု လှမ်းကာ နှုတ်ဆက်သည်။ ဒေါ်မေမြရောင်က သူ့ကို “ဝင်ခဲ့လေ .... သားကော .... အားကစားတွေဘာတွေ ဝါသနာ မပါဘူးလား” ဟု လှမ်းမေးသည်။

“ပါပါတယ် ခင်ဗျ .... အရင်က ဘောလုံးကန်ပါတယ် .... ဒီနှစ်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ စာများလို့ မအားတာနဲ့ မကန်ဖြစ်ဘူး”ဟု ပြန်ဖြေလိုက်သည်။

“မင်းကြည့်ရတာ နည်းနည်းပိန်တယ် .... ယောကျ်ားလေးဆိုတာ ကြွက်သားလေး ဘာလေး ရှိမှ ကောင်းတာ .... ဝိတ်လေး ဘာလေး ကစားဖို့ ကောင်းတယ်”ဟု ဆက်ပြောလေသည်။ သူ ခေါင်းညိတ်နေရပေမယ့် စိတ်ထဲမှာတော့ “ဘုရား .... ဘုရား .... ငါ့ကိုများ အတင်းဝိတ်ကစားခိုင်းနေရင် ဒုက္ခပဲ”ဟု တွေးနေမိသည်။ ရွှေရောင်ကတော့ ရွှေးတွေ့ရွဲကာ အလေးတုံးများဖြင့် ဆက်ကစားနေသည်။ စာမေးပွဲက ဒီလောက်နီးနေပြီ။ ဘာလို့ ခဏလောက် ပေးမနားရတာလဲ။ သူ့စိတ်ထဲမှ အတွေးများ ပါးစပ်က ထွက်သွားမှန်း သူ မသိလိုက်။ နီးနေကျအချိန်မှာ နီးတာမဟုတ်လို့ အိပ်ချင်မူးတူးနဲ့ စိတ်မှတ်မဲ့စွာ ပြောမိခြင်းဖြစ်ပေလိမ့်မည်။ ဒေါ်မေမြရောင်၏ တုန့်ပြန်သံ ခပ်မာမာကို ကြားရတော့မှ သူ့ကိုယ်သူ ပြောလိုက်မိမှန်း သတိပြုမိတော့သည်။

“အို .... ရွှေရောင်က မယ်ရွှေးပွဲတွေမှာ ဒီလောက် ဆက်တိုက် ရှုံးနေတာ .... သူ့ကို ပေးနားလို့ ဘယ်ဖြစ်ပါ့မလဲကွဲ့ ....”

ကောင်းကောင်းမွန်မွန် ပြန်ပြောနေတာဖြစ်ပေမယ့် စိတ်ဆိုးသွားကြောင်း သိသာနေသောကြောင့် သူ ဘာမှ ပြန်မပြောတော့ဘဲ အသာငြိမ် နေလိုက်သည်။

သို့သော် ညဘက် ထမင်းစားပြီး စာကျက်ကြတော့ ရွှေရောင်က သူ့ကို အခုလို ဝမ်းသာအားရ ပြောလေသည်။

“မေမေက ငါ့ကို စာမေးပွဲဖြေပြီးတဲ့အထိ ကစားတာ ပေးနားလိုက်ပြီ .... နင့် .... ကျေးဇူးပဲ .... နင်ပြောပေးလို့”တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းလက်နေသော ရွှေရောင့်မျက်နှာကို ကြည့်ပြီး ကိုယ့်ကိုယ်ကို ရင်ကော့ကာ ဂုဏ်ယူချင်စိတ်ပင် ပေါက်သွားမိသည်။ တကယ်တော့ မထင်မှတ်ဘဲ ထွက်သွားတဲ့စကား။ မဟုတ်ရင် ဒေါ်မေမြရောင်ကို သူ ဘယ်ပြောရဲပါ့မလဲဟု ဒေါ်မေမြရောင်၏ မျက်နှာထားတင်းတင်းကို မြင်ယောင်ရင်း သူ ကျောချမ်းစွာ တွေးလိုက်မိသည်။

သူတို့ စာမေးပွဲအောင်စာရင်းက နောက်ဆုံးစာမေးပွဲရက်ရဲ့ညမှာ ချက်ခြင်း ကပ်ပေးလေ့ရှိသည်။ တချို့နှစ်တွေမှာသာ နောက်တစ်နေ့ကို ကူးသွားတတ်သည်။ ထို့ကြောင့် သူတို့ သိပ်ကြာကြာတော့ ရင်မခုန်ရပါ။ နောက်ဆုံးနေ့ ဗိုင်ဗာဖြေအပြီးမှာ သူတို့တစ်တွေ အိမ်ကို ခဏသာ ပြန်နားကြပြီး ညနေ (၅)နာရီလောက်ကတည်းက အောင်စာရင်းကပ်မည့် လမ်းမတော်ကျောင်းဝင်းထဲကို ပြန်လာကာ စာမေးပွဲ အောင်စာရင်း ကပ်မည့် အချိန်ကို စောင့်နေကြသည်။

နှစ်နာရီကျော်ကျော်လောက်ကလေး ကြာတာကို သူတို့ရင်ထဲမှာတော့ တစ်ကမ္ဘာမက ကြာသလို ခံစားရကာ အပေါက်ဝမှ လည်တဆန့်ဆန့်နှင့် တမျှော်မျှော် ဖြစ်နေကြသည်။ ရွှေရောင်က

“ငါ .... အောင်ပါ့မလား .... ဘိုင်အို ကမ္ဘစတြီက သိပ်မဖြေနိုင်ဘူး” ဆိုကာ ကြောက်နေသေးသည်။ သူ့ထက် အများကြီး အခြေအနေဆိုးတဲ့ တခြားသူတွေကြားလျှင် စိတ်ညစ်ကာ သေသွားနိုင်သည်။ သစ်ထွန်း၊ မင်းနိုင်နှင့် ရဲသွေးတို့ကတော့ သူတို့ကိုယ်သူတို့ အောင်မည်ဟု တစ်ထစ်ချတွက်ထားပုံရသည်။ တစ်စက်မှ မျက်နှာပိုး မသေတဲ့ မျက်နှာတွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



လူတကာကို လိုက်နောက်နေသည်။ မိန်းကလေးတွေကတော့ မိန်းကလေး ပီပီ အနည်းနဲ့အများတော့ ကြောက်တတ်ကြတာချည်းပါပဲ။ သူလည်း ဘယ်ဘာသာများ ဒီပြုတ်မလဲဟု တွေးရင်း ရင်အခုန်မြန်နေသည်။

အတော်လေး မှောင်စပျိုးလာသဖြင့် နောက်နေ့ကိုများ ကူးတော့မလားဟု သူတို့ စိတ်ပူသွားကြသည်။ ဆရာမတစ်ယောက်ထွက်လာသဖြင့် ဝိုင်းမေးကြတော့

"ခဏနေရင် ထွက်မှာပါ .... ရိုက်နေပြီ" ဟု ဆိုသည်။ အာရုံတွေ လွှဲကာ စကားတွေပြောကြရင်း မသိမသာ သက်ပြင်းတွေချကြရင်း အောင်စာရင်းကပ်မည့်နေရာဟု မျှော်လင့်ရသည့် အရပ်ဒေသတွေကို လည်ပြန်ကြည့်ရင်း သူတို့ စိတ်မရှည်စွာ ဆက်လက် စောင့်မျှော်နေကြသည်။

"ဟေး" ဆိုသည့် အသံများကြားသဖြင့် လှည့်ကြည့်လိုက်တော့ ကျောင်းထဲမှ အောင်စာရင်းကပ်ထားသည့် ဘုတ်ပြားကို ကိုင်ရင်း ထွက်လာသူ တစ်ဦးကို တွေ့လိုက်ရသည်။ ထိုလူခမျာ သူ့နံဘေးနားကို အပြေးလာပြီး ဝိုင်းအုံကာ အောင်စာရင်း ကြည့်နေကြသည့် ကျောင်းသားများကြောင့် ဘုတ်ပြားကို နေရာချဖို့ပင် အခွင့်အရေးမရဘဲ ဖြစ်နေရှာသည်။ အားလုံးက အောင်စာရင်း ထွက်ပြေးသွားမှာကို စိုးနေသကဲ့သို့ အတင်းတိုးကာ ကြည့်နေကြသည်။

"ရိပ်မိုး .... မင်း .... အောလ်ဒီကွ .... ငါတို့ကို ဘာကျွေးမလဲ"

သူ့နာမည်ကို သူ ရှာမတွေ့သေးမီ မင်းနိုင်က အော်ကြီးဟစ်ကျယ်ဖြင့် သူ့လက်မောင်းကို ဖမ်းဆွဲကာ ပြောသည်။

"ဟေ .... တကယ်လား"

သူ့တစ်ကိုယ်လုံး အပျော်တွေ စီးဝင်ပျံ့နှံ့သွားသည်။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် မျက်လုံးနဲ့မြင်ဦးမှ ကျေနပ်မှာမို့ လူကြားထဲမှ မထွက်နိုင်သေးဘဲ ဆက်ရှာလိုက်သည်။ တွေ့ပါပြီ။ သူ့နာမည်နောက်က အောင်တဲ့ဘာသာသုံးခုစာရင်းနဲ့ ဂုဏ်ထူးထွက်တဲ့ ဘာသာသုံးခုစာရင်း။ သူ့ခုံနံပါတ်အောက်မှာ ရတနာ။ အနောက်မှာ သုံးခုစုံသည်။ ပြီးတော့ .... ရွှေရောင်သူလည်း သုံးခုစုံသည်မို့ သူ သက်ပြင်းချနိုင်ကာ စိတ်အေးသွားရသည်။ သူတို့ စာမေးပွဲအောင်စာရင်းကတော့ ဆယ်တန်းတုန်းကလို ကျရင်စာရွက်မှာ နာမည်မပါလာတာမျိုး မရှိ။ ကိုယ့်နာမည်နောက်မှာ ကျတဲ့ဘာသာရပ်ပြုတ်ကာ ကျန်ခဲ့မှာ ဖြစ်သည်။ ဘာသာစုံကျလို့ တစ်နှစ်လုံးပြန်တက်ရမည့် Roundထိသူတွေတောင် စာရွက်အောက်ဆုံးမှာ နာမည်ပါလာသေးသည်။ သူတို့နှစ်က အကျများသည် ဆိုရမလား။ ခန္ဓာဗေဒမှာအယောက်လေးဆယ်ကျော် ဆပ်ပလီထိသည်။ ဇီဝကမ္မဗေဒက သုံးယောက်။ ဇီဝဓါတုဗေဒက ဆယ်ယောက်။ ဘာသာစုံကျသူကတော့ တစ်ယောက်သာရှိသည်။

ပျော်တဲ့သူတွေက အပျော်လွန်နေသလောက် ငိုတဲ့သူတွေကလည်း ငိုနေကြသည်။ သူတို့အဖွဲ့ထဲမှာ ငိုရတဲ့သူ တစ်ယောက်မှ မပါလို့ တော်သေးသည်။ အောင်အောင်ဦးပင် Round မထိ။ နှစ်ဘာသာ ဆပ်ပလီထိသည်။ ဘာပဲပြောပြော တစ်လပြန်တက်ပြီး စာမေးပွဲဖြေရတာက တစ်နှစ်လုံး ပြန်တက်ရတာထက်စာရင် အများကြီး သက်သာတာပဲ။ တချို့ အတန်းကြီးမှ အစ်ကို၊ အစ်မများကတော့ ဆပ်ပလီထိတော့မှ တစ်လစာပိုသင်ရလို့ ပိုတောင်တတ်သွားသေးတယ်ဟု ဆိုကြသည်။ ဘာပဲဖြစ်ဖြစ် တစ်လကျော်ကျော်သာရသည့် ကျောင်းပိတ်ချိန်ကလေးကိုတော့ သူတို့ မက်မောကြသည်။ ဆပ်ပလီထိလျှင် သူများ နားနေသည့် အချိန်မှာ နားခွင့်ရတော့မှာ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ .... ဆရာကြီး .... ငါတို့ကို ဘာကျွေးမှာလဲ ပြော"

သူငယ်ချင်းတွေအားလုံး သူ့နားဝိုင်းလာကာ မေးကြသည်။ အပျော်လွန်နေသည်မို့ သူ မငြင်းမိ။

"နင်တို့ ဘာစားမလဲ"

"နန်းယုမှာ ခေါက်ဆွဲကြော် စားမယ် ...."

"အေး .... အဲဒါကောင်းတယ်"

တစ်ယောက်တစ်ပေါက်ဖြင့် ရတနာ၏အကြံပြုချက်ကို ထောက်ခံကြသည်။

"နန်းယု ...."

သူ အတော်လေး တွေဝေသွားသည်။ သူ့ ဘတ်ဂျက်အခြေအနေက အဲဒီလောက် မကောင်း။

ရွှေရောင်က ရိပ်မိစွာ

"ငါကျွေးပါရစေဟာ .... ငါ စာမေးပွဲအောင်တာ နင့်ကြောင့် .... အဲဒါကြောင့် နင့်ကိုယ်စား ငါကျွေးချင်တယ်"ဟု သူ့အနားကပ်ကာ ခပ်တိုးတိုးဆိုသည်။

"လာ .... သွားမယ် .... ဗိုက်ဆာလှပြီ .... စကားက နောက်မှ ပြောလည်းရတယ် .... ပြောလို့ မဝသေးရင် ဆိုင်ရောက်မှ ဆက်ပြောကြ"

"ဟုတ်တယ် .... လာကွာ .... ရိပ်မိုး သွားမယ်"

အတင်းခေါ်နေကြသော သူငယ်ချင်းတွေကို ပြောလို့ရမှာ မဟုတ်တာ သေချာနေသည်။ သူ့မှာ တခြားရွေးစရာ နည်းလမ်း မရှိတော့တဲ့အတွက် ရွှေရောင့်ကိုသာ မျက်နှာပူစွာနဲ့ ခေါင်းညိတ်ပြလိုက်ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာ .... စာအတူတူ ကျက်ကြပြီးတော့ ဒီရိပ်မိုးဆိုတဲ့ ကောင်လေးက သုံးဘာသာစလုံး ဂုဏ်ထူးထွက်ပြီး .... ညည်းကတော့ တစ်ဘာသာမှ မထွက်ဘူး .... ဟုတ်လား"

အပျော်တွေလွန်ကာ အိမ်ပြန်လာသော ရွှေရောင်တစ်ယောက် မေမေ့ကို အောင်စာရင်းအကြောင်း ပြောပြအပြီးမှာ ကြားလိုက်ရသော မေမေရဲ့ ဒေါသတကြီး တုန့်ပြန်မှုဖြစ်သည်။ ဒီလိုပြောလိမ့်မည်ဟု လုံးဝမထင်မှတ်ထားသောကြောင့် သူမ အံ့သြကာ ဝမ်းနည်းသွားမိသည်။ သူမက အောင်ဖို့တောင် မနည်းလုပ်နေရတယ်ဆိုတာ မေမေ မသိဘူးလား။

"သူ .... သူက အစကတည်းက အရမ်းတော်တာ မေမေရဲ့"

"အေးလေ .... အောင်လို့ တော်သေးတာပေါ့ .... ဟင်း .... မဟုတ်ရင်တော့ ...."

မေမေက ဒီလောက်နှင့် ရပ်သွားပေမယ့် သူမ ရင်ထဲမှာတော့ ဒီလောက်နှင့် ရပ်မသွားပါ။ အပျော်တွေ အားလုံးလည်း လွင့်စင်ကာ ပျောက်ပြယ်သွားလေပြီ။ မေမေက သူမကို ဒီတစ်လုံးလောက်တော့ အနည်းဆုံး ရသင့်တယ်လို့ ထင်ထားသလား။ သူမကကော ဘာလို့ ဒီလောက် ညံ့ဖျင်းနေရတာလဲ။ မေမေ သူမကို ခဏခဏ ပြောလေ့ရှိသလို သူမက ဘာမှ အသုံးမကျတဲ့ သူတစ်ယောက်ပဲလား။ သူမဟာ လောကကြီးထဲမှာ ဘာမှ သုံးမရတဲ့ အမှိုက်တစ်စပဲလားဟု တွေးရင်း သိမ်ငယ်စိတ်တွေနှင့် အိပ်ရေးပျက်ကာ ခေါင်းအုံးလေး စိုရွှဲသွားရပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပိတ်ရက်တွေမှာ သူငယ်ချင်းတွေက လျှောက်လည်ဖို့ ခေါ်ကြပေမယ့် အချိန်စာရင်းတွေထဲမှာ မအားမလပ်နိုင်အောင် ပိတ်မိနေတဲ့ သူမကတော့ ဘယ်လိုမှ မလိုက်နိုင်ခဲ့။ တစ်လကျော်ကျော်သာရမည့် ကျောင်း ပိတ်ရက်တွေအတွက် မေမေက ဘယ်အချိန်မှာ ဘာလုပ်ရမည်ဟု ကွက်တိ စီမံထားပြီးသားဖြစ်သည်။ သူမမှာ အားလပ်ချိန်တွေရှိပေမယ့် သူငယ်ချင်း တွေနှင့် တစ်နေကုန်လျှောက်လည် ရလောက်အောင်တော့ အချိန်အားမရှိ ပေ။ ထို့ကြောင့် သူတို့ ရုပ်ရှင် သွားကြည့်ကြသည်။ စတိတ်ရှိုး သွားကြည့်ကြ သည်။ ပြည်သူ့ဥယျာဉ်မှာ ဓါတ်ပုံ သွားရိုက်ကြသည် စသဖြင့် ဖုန်းဆက်ကာ ပြောပြသမျှတွေကို နားထောင်ရင်း သွားရည်ကျနေရသည်။

သူမသာမဟုတ်။ ငွေရောင်နှင့် ခရမ်းရောင်ကလည်း နွေရာသီ ကျောင်းပိတ်ရက်တွေမှာ ကစားခွင့် သိပ်မရကြရှာ။ နောက်တစ်တန်းအတွက် အိမ်မှာ ဆရာ၊ ဆရာမတွေခေါ်ကာ စာတွေကို ကြိုသင်ထားကြရသည်။ ညီမလေးတွေကို ကြည့်ရင်း သူမ ငယ်ငယ်က ပိုကံကောင်းသည်ဟု ခံစားရ ကာ သူတို့ကို သနားနေမိသည်။ သူမကတော့ ဆယ်တန်းရောက်မှ ကျူရှင် စယူဖူးသူလေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ သူမ အိမ်ရှေ့မှာ ဝတ္ထုထိုင်ဖတ်နေတုန်း ခရမ်းရောင်နှင့် အတူ အိမ်မှာ စာလာသင်နေသော ဘေးအိမ်က ကလေးမလေးက သူမကို သချာ်ပုစ္ဆာတစ်ပုဒ် လာရှင်းပြခိုင်းသည်။ သူမ ရှင်းပြလိုက်တော့ ကောင်မလေး က အရမ်းကျေးဇူးတင်သွားပြီး နောက်လည်း မကြာခဏဆိုသလို စာလာ ရှင်းပြခိုင်းနေလေတော့သည်။ သူက "မမရွှေရောင် ရှင်းပြမှ စာတွေကို ပိုနားလည်သွားတော့တယ်"တဲ့။ ဘာသာစုံအတွက် ကျူရှင်ဆရာတွေရှိနေလျက် က ထိုသို့ပြောခြင်းကြောင့် သူမလည်း အားလပ်ချိန်တွေမှာ အဲဒီကောင် မလေးကို စာသင်ပေးနေမိသည်။ စာသင်ပေးရတာ သူမအတွက် အတော် ပျော်စရာကောင်းတဲ့ အလုပ်တစ်ခုဖြစ်ကြောင်း သူမ သတိထားမိသည်။ ငယ်ငယ်တုန်းက သူငယ်ချင်းတွေနှင့် ကစားလျှင် သူမကသာ ဆရာမ လုပ်လေ့ရှိသည်။ ငယ်စဉ်က "သမီးကြီးလာရင် ဘာလုပ်မလဲ"လို့ ဘွားဘွား က မေးရင် "ဆရာမကြီးလုပ်မယ်" ဟု ဖြေခဲ့ဖူးသည်။ အဖြူအစိမ်းဝတ် ကာ ခြင်းတောင်းလေးဆွဲပြီး ကျက်သရေရှိစွာ လျှောက်လှမ်းသွားသည့် ဆရာမလေးတွေကို မြင်လျှင် သူမ အားကျစွာ ငေးကြည့်မိတတ်သည်။ ဒါပေမဲ့ ဒါတွေက ငယ်ငယ်က စိတ်ကူးယဉ်ခဲ့တဲ့၊ သူမ မေ့လျော့ထားတာ ကြာပြီ ဖြစ်တဲ့ အိပ်မက်တွေပဲလေ။ လက်တွေ့မှာ သူမက ဆေးကျောင်းတက်နေ သည့် ဆရာဝန် လုပ်ရမည့်သူ တစ်ယောက် မဟုတ်လား။

ထို့ထက် ပိုအရေးကြီးသည်က မကြာခင် ကျင်းပမည့် လှယဉ် ကျေးမယ် ပြိုင်ပွဲကို ဝင်ရန်ဖြစ်သည်။ သူမ နောက်ဆုံးပြိုင်ပွဲမှာ ရှုံးနိမ့်ခဲ့ သလို ထပ်မံ မရှုံးနိမ့်ဖို့ အရေးကြီးသည်။ စာမေးပွဲဖြေခါနီး ပေးနားခဲ့သဖြင့် အခု အတိုးချကာ မနက်တစ်ခါ၊ ညနေတစ်ခါ လေ့ကျင့်ခန်း ယူနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟန်ပြပုံတွေကိုလည်း မှန်ရှေ့မှာ အထပ်ထပ် လေ့ကျင့်နေရသည်။ စင်ပေါ်တက်ရမည့် အရေးကို တွေးလိုက်မိတိုင်း သူမ ကျောချမ်းကာ ခြေဖျား လက်ဖျားတွေ အေးသွားတတ်သည်။ အရှုံးတွေ များခဲ့သဖြင့် နောက်ထပ်လည်း ရှုံးမှာပဲဟု ယုံချင်နေမိသည်။ တတ်နိုင်လျှင် ရင်မဆိုင်ဘဲ ထွက်ပြေးချင်မိသည်။ ဒီတစ်ခေါက်ထပ်ရှုံးလျှင် မေမေက ခွင့်လွှတ်တော့မည် မဟုတ်ကြောင်း သူမ သိသည်လေ။

သူမ အနိုင်မလိုချင်ပေမယ့် မေမေ့အတွက် နိုင်မှ ဖြစ်မည်။ အားကိုးရာမဲ့နေသလို ခံစားနေရသဖြင့် နေ့စဉ် ဘုရားစင်ရှေ့တွင် "ဒီတစ်ပွဲတော့ နိုင်အောင် ကူညီစောင့်ရှောက်ပေးတော်မူပါဘုရား" ဟု တိုင်တည်ကာ ဆုတောင်းမိသည်။ သူမ၏ နောက်ဆက်တွဲ ဆုတောင်းကတော့ ....

"ဒီလို မယ်ရွေးပွဲတွေ ဝင်နေရတဲ့ ဘဝက အမြန်ဆုံး လွတ်မြောက်ရပါလို၏ ဘုရား" သာ ဖြစ်လေသည်။

ဢ

ဒီတစ်ခေါက်ပြိုင်ပွဲမှာ ပထမ၊ ဒုတိယ၊ တတိယထဲ မဝင်ခဲ့ပေမယ့် နောက်ဆုံးဇကာတင် ဆယ်ယောက်ထဲဝင်ခဲ့သဖြင့် အရင် တစ်ခေါက်လောက် အခြေအနေ များစွာ ကောင်းသည်ဟု ဆိုရပေမည်။ မေမေကလည်း ကျေနပ်ပုံရသည်။ နောက်တစ်ခေါက်ဆိုရင်တော့ ပထမ ရအောင် လုပ်မယ်ဟု ဆိုသည်။ သူမ၏ ပြိုင်ပွဲဝင်တိုင်း ခံစားရသည့် စိတ်မသက်သာမှုတွေ ပြီးဆုံးပြီဟု သက်ပြင်းချလုလုမှာ နောက်တစ်ခေါက်ဆိုသော အသံကို ကြားလိုက်ရသဖြင့် သူမ အသက်ရှူ ပြန်ကျပ်သွားလေတော့သည်။

ဢ

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါအမ်ဘီဟု သူမတို့ခေါ်ကြသည့် တတိယနှစ်က ဒုတိယနှစ်ထက်စာလျှင် အများကြီး လွယ်ကူသက်သာသည်ဟု ဆိုရပေမည်။ စက္ကင်းအမ်ဘီက ဖစ်စီယို၊ ဘိုင်အို ကမ်မစ္စတြီနှင့် အနက်တမီတို့ နေရာမှာ ပက်သိုလော်ဂျီခေါ် ရောဂါဗေဒ၊ မိုက်ခရိုဘိုင်အော်လော်ဂျီခေါ် အဏုဇီဝဗေဒနှင့် ဖာမက်ကိုလော်ဂျီခေါ် ဆေးဝါးဗေဒတို့ကို သင်ကြားကြရသည်။ ဘာသာရပ်တွေပြောင်းသွားသလို တက်ရသည့် ကျောင်းကလည်း ပြောင်းသွားသည်။ ပြည်လမ်းက ကျောင်းကို သွားစရာ မလိုတော့။ လမ်းမတော်က ကျောင်းမှာ တက်ကြရသည်။ သင်ကြားရသည့် စာတွေက နည်းသွားတာလား။ သူမတို့ကပဲ ခံနိုင်ရည်ရှိသွားတာလားတော့မသိ။ စာတွေက စက္ကင်းအမ်ဘီကလောက် ဒုက္ခမပေးတော့တာကတော့ အမှန်ပင်။ စာမေးပွဲတွေကို စက္ကင်းအမ်ဘီလို ဆက်တိုက်မစစ်တာကလည်း သူမတို့ အသက်ရှူချောင်ရသည့် အကြောင်းတစ်ခုပင်။ ဆေးဝါးဗေဒတစ်ခုသာ အပတ်စဉ် ကျူတိုရီယယ် စာမေးပွဲ ဖြေရသည်။

ဆေးရုံစတင်ဆင်းရခြင်းက သူမတို့အတွက် စိတ်လှုပ်ရှားစရာ အတွေ့အကြုံသစ် ဖြစ်သည်။ သူမတို့က မနက်ပိုင်းတွင် ဆေးရုံဆင်းရကာ ညနေပိုင်းမှ ကျောင်းသို့ လာပြီး စာသင်ရသည်။ ဆေးရုံမှာ ဆေးပညာနှင့် ခွဲစိတ်ကု ပညာတို့ကို စတင် လေ့လာကြရသည်။ သို့သော် ထိုဆေးရုံစာမေးပွဲများအောင်ခြင်း၊ ကျခြင်းက သဒ္ဒါအမ်ဘီ အောင်ခြင်း၊ ကျခြင်းနှင့် ဘာမှ မပတ်သက်သေးသဖြင့် သူမတို့က ကျောင်းသား၊ ကျောင်းသူတို့၏ ထုံးစံအတိုင်း နီးရာဓါးဖြစ်သော ကျောင်းမှာ သင်ရသည့် စာများကိုသာ ဦးစားပေးကာ ကျက်မှတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံဆင်းရန်အတွက် အဖွဲ့တွေကို ခုနံပါတ်နှင့် ခွဲလိုက်သဖြင့် သစ်ထွန်းတစ်ယောက်ကလွဲ၍ သူမတို့ သူငယ်ချင်းအားလုံး ကံကောင်းစွာ တစ်ဖွဲ့တည်း ကျသည်။ ဆေးရုံမဲန္တိက်တော့ သူမတို့အဖွဲ့က သူမတို့ "ဂျကာဟု" အလွယ်ခေါ်ကြသည့် အထွေထွေရောဂါကု ဆေးရုံသစ်ကြီးက ခွဲစိတ်ကု ပညာဌာနသို့ ရောက်ကြသည်။ သစ်ထွန်းကတော့ ဆေးရုံကြီးက (၇)နှင့် (၈)ဝါ့ဒ်ကို ရောက်သွားသည်။

ဆေးရုံမှာ သင်ကြားရတာတွေက လူနာတွေကို ဘယ်လို ရောဂါရာဇဝင်မေးရမလဲ၊ ဘယ်လို စမ်းသပ်ရမလဲ စသည့် ကုသရေးပိုင်ဆိုင်ရာ အခြေခံတွေကို စာတွေ့၊ လက်တွေ့ စတင်သင်ကြားရခြင်း ဖြစ်သည်။ ဆေးရုံမှာက စာသင်ခန်းထဲမှာ ထိုင်သင်ရသည်ထက် လူနာခုတင်တွေနားမှာ လူနာနှင့် လက်တွေ့စမ်းသပ်ပြရင်း သင်ရသည်က ပိုများသည်။ ထို့ကြောင့် တစ်ခါတစ်ရံ တစ်မနက်လုံး ခုတင်နားမှာ မတ်တပ်ရပ်ရသဖြင့် မူးလဲသူပင် ရှိသည်။ ဆေးကျောင်းမတက်ခင်မှာ ကျန်းမာရေးစစ်ဆေးရတာ ဒါအတွက် ဖြစ်မှာဟု မင်းနိုင်က အရွှန်းဖောက်ကာ ပြောသည်။ ခွဲခန်းရှိသည့် နေ့တွေမှာ ခွဲခန်းထဲဝင်ကြည့်လျှင်လည်း (၃)နာရီလောက် ဆက်တိုက် မတ်တပ်ရပ် နိုင်မှ မေဂျာကေ့စ်တစ်ခုကို အစအဆုံး ကြည့်ခွင့်ရမည်ဖြစ်သည်။ သင်ကြားပေးရသူ၊ ခွဲစိတ်ရသူ ဆရာတွေက မညောင်းရဘဲ သူမတို့ကချည်း ညောင်းနေ၊ ညည်းညူနေကြတာ တကယ်တမ်းတွေးကြည့်လျှင်တော့ ရှက်စရာကောင်းလှသည်။ ရိပ်မိုးကတော့ "အလေ့အကျင့်နည်းသေးလို့ပါ .... နောက်တော့ ငါတို့လည်း ခံနိုင်ရည် ရှိသွားမှာပါ" ဟု အားပေးစကားဆိုသည်။ သူကတော့ သူ အလွန်စိတ်ဝင်စားသည့် ဘာသာရပ်ကို သင်နေရတာ

www.burmeseclassic.com

www.burmeseclassic.com



မို့ အလွန်ပျော်နေပုံရသည်။ ခွဲခန်းထဲဝင်လျှင်လည်း သူများတွေက ဘာအစိတ်အပိုင်းကို ဘာလုပ်နေတာလဲဟု မနည်း မြင်အောင် ကြည့်နေရစဉ်မှာ သူက ဆရာတွေကို ဘာနည်းကို သုံးပြီးလုပ်တာလဲ၊ ဘာလို့ တခြားနည်းကို မသုံးတာလဲ၊ ဘယ်ဟာက ဘာအတွက် ပိုကောင်းသလဲ စသဖြင့် သူတို့ လိုက်မမီနိုင်အောင် မြင့်လွန်းသော မေးခွန်းတွေကို မေးနိုင်စွမ်းရှိလေသည်။ ခန္ဓာဗေဒကို ပိုင်နိုင်သူမို့ ခွဲစိတ်တာတွေကို ဒီလောက် မြင်လွယ် သိလွယ်နေသလားတော့ မပြောတတ်။

သူတို့က ဆေးရုံဆင်းရတဲ့ အတန်းတွေထဲမှာ အငယ်ဆုံးနှင့် အရေးမကြီးဆုံးအတန်းမို့ တစ်ခါတစ်ရံ ဆရာတွေက ကိုယ့်ဘာသာကိုယ် လေ့လာကြရန်မှာခဲ့ပြီး အရေးပေါ်ခွဲစိတ်မှုတွေအတွက် ထွက်သွားပြီဆိုလျှင် သူတို့အကြိုက်ပင်။ ဝါ့ဒ်ထဲမှာ လပ်လျားလပ်လျားနှင့် လျှောက်ကာ အမှန်တကယ် မလေ့လာဘဲ လူနာတွေနှင့် စကားသွားပြောလိုက်၊ အချင်းချင်း စကားပြောလိုက် လုပ်နေကြသည်။ ဒါကို ဝါ့ဒ်ထဲမှာ ယောင်နေကြခြင်းမို့ “ဝါဒိုက်တစ်”ဟု ခေါ်ကြသည်။ သူတို့ ယောင်ယမ်းခြင်းအကြောင်း ပက်သိုမှာ စသင်ရတော့ မည်သည့်အစိတ်အပိုင်း ယောင်ယမ်းသည်ကိုမဆို အနောက်က အိုက်တစ်ထည့်ကာ ခေါ်ရကြောင်း သင်ရခြင်းကို လက်တွေ့အသုံးချပစ်လိုက်ခြင်း ဖြစ်သည်။ ဥပမာ – အူအတက်ကို အပန်းဒစ်ဟု ခေါ်သောကြောင့် အူအတက်ရောင်လျှင် အပန်းဒစ်ဆိုက်တစ်ဟု ခေါ်ခြင်းမျိုးဖြစ်သည်။ တကယ်တော့ ဒါက ရောဂါတွေနဲ့သာဆိုင်ပြီး အခြားအရာတွေနှင့် ဘာမှ သက်ဆိုင်ခြင်းမရှိ။ သူမကိုပင် တစ်ခါတစ်ရံ ဂိုးလ်ဒိုက်တစ်ဟု လာခေါ်ကြသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘက်ဆိုက်ခေါ် လူနာခုတင်ဘေးမှာ စာသင်ရခြင်းက လက်တွေ့ပြရင်း၊ လက်တွေ့လုပ်ခိုင်းရင်း သင်တာမို့ ပိုမြင်လွယ်၊ မှတ်မိလွယ်ပေမယ့် ကိုယ်အရေ့ထွက်ကာ လက်တွေ့လုပ်ပြရမည်ဆိုတိုင်း သူမ ရင်ခုန်သံတွေ မြန်လာကာ ခြေဖျားတွေ အေးလာရစမြဲမို့ ဘက်ဆိုက်သင်ရမှာကို အမြဲစိုးရိမ်ပူပန်နေမိသည်။ စာမေးခံရလျှင် ဖတ်ထားပြီးသားတွေဖြစ်ပေမယ့် အကြောက်လွန်ကာ ဘယ်တော့မှ မမှတ်မိသဖြင့် သူတို့အထဲမှာ စာအရဆုံးဖြစ်သော ရိပ်မိုးကိုသာ လှည့်ကြည့်ကာ အကူအညီ တောင်းနေရသည်။ ရိပ်မိုးပါးစပ်က ရွတ်ပေးတာဆို လိုက်သာပြောလိုက် ဘယ်တော့မှ မှားလေ့မရှိ။ သူစိမ်းယောကျ်ားလေးတစ်ယောက်ကို အားကိုးလွန်းနေတာ မကောင်းမှန်းသိပေမယ့် သူမစိတ်ထဲမှာ သူငယ်ချင်းအားလုံးထဲမှာတောင် ရိပ်မိုးကို အခင်ဆုံးမို့ သူစိမ်းတစ်ယောက်လို ဘယ်လိုမှ မြင်လို့မရ။ ပြီးတော့ သူမအကြောင်းတွေကို ရိပ်မိုးက အားလုံးထဲမှာ နားအလည်ဆုံးဟု သူမထင်မိသည်။ သူမတို့ကို ပတ်ဝန်းကျင်က တစ်မျိုးပြောနေကြတာ ရိပ်မိပေမယ့် အဲဒီအတွက် သူမစိတ်ထဲမှာ ဘာမှ သိပ်မခံစားရပါ။ ရိပ်မိုးက ရည်မှန်းချက်ကြီးသည်။ စာတော်သည်။ ဒီအချိန်မှာ ဒါတွေကို ခေါင်းထဲထည့်မှာ မဟုတ်ဟု သူမ ယူဆမိသည်။ ကိုယ့်ကိုယ်ကို အထင်သေးတတ်သောစိတ်ကြောင့် သူမကို ရိပ်မိုး ချစ်နေလိမ့်မယ်လို့ ယုံကြည် မျှော်လင့်ရဲတဲ့စိတ် သူမမှာ မရှိပါ။ သူမကတော့ ....။

သူ အနားမှာရှိရင် လုံခြုံနေသလို ခံစားရပြီး အမြဲအားကိုးနေမိတာ အချစ်လား။ မေမေကတော့ သူမ ရည်းစားထားမှာကို သဘောတူနိုင်လိမ့်ဦးမည် မထင်။ ကျောင်းပြီးမှ အချစ်ရေးကို စဉ်းစားဟု တစ်ခါက ပြောဖူး

www.burmeseclassic.com

www.burmeseclassic.com



သည်။ ခုန်ချင်သလိုလို ရှိနေသော ရင်က ထိုအတွေးကြောင့် ပြန်လည်ကာ ငြိမ်သက်သွားလေတော့သည်။

၀၀

ခွဲစိတ်ကုပညာကို ပိုလေ့လာကြည့်လေ သူ ဆာဂျင်ဖြစ်ချင်စိတ် ပိုများလေဖြစ်နေသည်။ ဤမျှ စိတ်ဝင်စားဖွယ်ကောင်းသော ဘာသာရပ်မျိုး သူ တစ်ခါမှ မတွေ့ခဲ့ဖူး။ ခွဲခန်းထဲဝင်ရသည့်အခါတိုင်း သူ့စိတ်တွေ တက်ကြွ ရွှင်လန်းနေသည်။ ခွဲစိတ်ခုံပေါ်မှာ ကျွမ်းကျင်စွာ လှုပ်ရှားသွားသော ခွဲစိတ် ဆရာဝန်ကြီးများ၏ လက်များကို အားကျစွာ ငေးကြည့်ရင်း တစ်ချိန်မှာ သူလည်း ဒီလို ကျွမ်းကျင်စွာ ခွဲစိတ်နိုင်သည့် ဆရာဝန်တစ်ဦး ဖြစ်ကိုဖြစ်ရမည် ဟု သံန္နိဋ္ဌာန်ချလိုက်မိသည်။ တစ်ချိန်က ခပ်ဝါးဝါးသာရှိခဲ့သော သူ့အိပ်မက် တွေ အခုမှ တစ်စထက်တစ်စ ပိုမို ပီပြင်ခိုင်မာလာသည်။ ဒါဟာ သူလျှောက် ရမယ့် လမ်းပဲ။ ဒါဟာ သူရောက်ရမယ့် နေရာပဲဟု ကိုယ်တိုင် ခံစားသိရှိလာ သည်။

ခင်မင်တဲ့ကာလတွေ ကြာရှည်လာတာနဲ့အမျှ ရွှေရောင်နဲ့ သူရဲ့ သံယောဇဉ်ကလည်း ပိုမိုတိုးကာ ခိုင်မြဲလာသည်။ ကျောင်းမှာ အတူတွဲဖြစ် တာများသော သူတို့နှစ်ယောက်ကို ပတ်ဝန်းကျင်က ပွင့်လင်းပြီးသား ချစ်သူ တွေအဖြစ်ပင် သတ်မှတ်နေကြလေပြီ။ ထို့ကြောင့် ရွှေရောင့်ကို ကြိုးစားသူ တွေ နောက်ဆုတ်ကုန်ကြသည့်အတွက် အတော်လေး စိတ်ချမ်းသာစရာကောင်း လှသည်။ တကယ်တော့ သူ ဖွင့်ပြောဖို့ နှုတ်မရဲသေးပါ။ ရွှေရောင်နှင့် သူ့ ဘဝကွာခြားမှုကို မျက်ဝါးထင်ထင် မြင်တွေ့ထားရခြင်းက သူ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



စိုးရွံ့စရာ အပဟန့်အတားတစ်ခု ဖြစ်နေသည်။ သူတို့အကြောင်းကို အတွင်းကျကျသိနေသူ သူငယ်ချင်းတွေကတော့ သူ့ကို မချင့်မရဲ ဖြစ်နေကြသည်။ မိန်းကလေးများပင် ရိပ်မိနေကြပြီမို့ ရွှေရောင်ကိုယ်တိုင်လည်း ရိပ်မိနေလေမလား ဟု သူတွေးမိသည်။

အချိန်တွေ အများကြီး ရှိပါသေးတယ်လေ။ အခုအချိန်က သူတို့ဘဝရှေ့ရေးအတွက် ကြိုးစားထားရမယ့် အချိန်ပဲဟု သူတွေးရင်း အတွေးစတွေကို ဖြတ်ကာ ဖတ်လက်စ စာအုပ်ကို ကောက်ကိုင်လိုက်မိပါတော့သည်။

၉၁

ဒီနေ့ ဆေးရုံက စာသင်ချိန်အပြီးမှာ ရတနာတို့အဖွဲ့ စကော့ဈေးသွားကြသဖြင့် သူနှင့်ရွှေရောင် နှစ်ယောက်တည်း ကျန်ခဲ့ကာ စာကြည့်တိုက်အပြင်ဖက်က ခုံမှာထိုင်ရင်း စာဖတ်ဖြစ်ကြသည်။ အတန်းမစမီ စာသင်ခန်းထဲကို သီရေတာ နောက်ပေါက်က တက်ခဲ့ကြတော့ နောက်ဆုံးတန်းကခုံမှာ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ မင်းနိုင်ကို လှမ်းတွေ့လိုက်ရသည်။ အနားကို ရောက်မှ မင်းနိုင် မိန်းကလေးတွေကို လက္ခဏာကြည့်ပေးနေခြင်းဖြစ်ကြောင်း သူ သဘောပေါက်သွားသည်။ မင်းနိုင်က ဗေဒင်တို့၊ လက္ခဏာတို့ကို အလွန်ဝါသနာပါသဖြင့် ဗေဒင်၊ လက္ခဏာစာအုပ်တွေ အမြဲဖတ်တတ်သူ ဖြစ်သည်။ ဘာလို့ ဒီလောက်တောင် ကြိုးစားနေရတာလဲလို့ တစ်ခါတစ်လေ နောက်မိတော့ သူက “မိန်းကလေးမှန်ရင် ဗေဒင်ဝါသနာမပါတဲ့သူ မရှိဘူးကွ။ ဒီတော့ ယောကျ်ားလေးမှန်ရင် ဗေဒင်၊ လက္ခဏာပညာရပ်တွေကို အနည်းနဲ့ အများတော့ တတ်ထားသင့်တယ် .... လက္ခဏာကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်ဆိုပြီး လက်ကို ညာကိုင်လို့ရတာ နည်းတာမှတ်လို့” ဟု သူ့ရဲ့ ကြီးမားလှစွာသော ရည်ရွယ်ချက်ကြီးကို ရှင်းပြဖူးလေသည်။

“ဟယ် .... နင်က လက္ခဏာကြည့်တတ်တယ် ဟုတ်လား .... ငါ့ကိုလည်း ကြည့်ပေးနော် ....”

မင်းနိုင်အနားမှာ ဝင်ထိုင်ရင်း ပြောလိုက်သော ရွှေရောင်ကြောင့် မင်းနိုင်စကား တယ်မှန်ပါလားဟု အသိအမှတ်ပြုရင်း စိတ်ပူသွားမိသည်။

“ဟဲ .... ဟဲ .... ကြည့်ပေးမယ် .... ကြည့်ပေးမယ် .... စိတ်ချ”

ရယ်ကျဲကျဲနှင့် သူ့ကို လှမ်းကြည့်သည့် မင်းနိုင်ကို ပါးစပ်လှုပ်ကာ ဆဲပြီး သူ စာကြည့်တိုက်က ငှားလာသည့် ပက်သိုလော်ဂျီ ဖတ်စာအုပ်ကို စားပွဲပေါ်ချကာ သူ့ရုပ်အင်္ကျီအိတ်မှာ ချိတ်ထားသည့် ဘောလ်ပင်ကို ဖြုတ်ယူလိုက်သည်။ ထို့နောက် မင်းနိုင်ကို ထိုးပေးပြီး

“ရော့ .... ဒီစာအုပ်ပေါ်တင်ပြီး ဒါနဲ့ ထောက်ဟောလို့ရတယ် .... လက်ကိုင်စရာ လုံးဝ မလိုဘူး .... ”ဟု ပြောလိုက်မိသည်။

“သြော် .... ကိုယ့်ပစ္စည်းကျတော့ ကိုယ် .... သိပ်သိတတ်”

မင်းနိုင်ရဲ့ သရော်တော်တော် အသံနဲ့ အနားမှာရှိတဲ့ မိန်းကလေး တစ်စုရဲ့ ရယ်သံဖွဖွကို သူ ဂရုမစိုက်နိုင်တော့။ ဟုတ်တယ်။ သဝန်တို တယ်ဆိုတာ အချစ်ပါပဲ။

ꩤ

www.burmeseclassic.com

www.burmeseclassic.com



စက္ကင်းအမ်ဘီ ကျောင်းသား ကျောင်းသူတွေ ဘဝတုန်းက ဒီလမ်း မတော်ကျောင်းမှာ ပြုလုပ်သည့်ပွဲတွေကို တကူးတက မလာနိုင်၍ လက်လွှတ် ခဲ့ရသလောက် အခုမှ အတိုးချကာ တစ်ပွဲမှ မလွတ်အောင် နွှဲနေကြသည်။ ဝါဆိုသင်္ကန်းကပ်ပွဲ၊ ကထိန်၊ ပြီးတော့ ဆီမီးကိုးထောင်၊ နောက်တော့ ခရစ်စမတ်ပွဲ၊ ခရစ်စမတ်ပွဲဆိုလျှင် နာမည်ကြီး အဆိုတော်တွေပင် ကျောင်းကို သီချင်းလာဆိုတတ်ကြသည်။ ကျောင်းတွင် အားကစားလှုပ်ရှားမှုအနေ နှင့် အတန်းလိုက် ယှဉ်ပြိုင်ကြသည့် ဘောလုံးပွဲတို့၊ ခြင်းခတ်ပွဲတို့ကလည်း ရှိသေးသည်။ ထို့ကြောင့် သဘ္ဘဒ်အမ်ဘီက စက္ကင်းအမ်ဘီထက် အများကြီး ပျော်စရာ ကောင်းသည်ဟု သူတို့ ယူဆမိသည်။

စာမေးပွဲတွေ နည်းသွားပြန်တော့ စာကို ဟုတ်တိပတ်တိ မကျက် ကြတော့ဘဲ အပျော်အပါးဘက်ကို အာရုံစိုက်လာကြသည်။ နေ့လယ်ဆိုစကော့ ဈေးကို အပြေးသွားပြီး ပတ်ရတာနဲ့၊ သမ္မတမှာ ကားကောင်းရင် သူငယ်ချင်း တွေ စုပြီး ကြည့်ရတာနဲ့ အလုပ်ဖြစ်နေကြသည်။ နီးလျက်နှင့် ဝေးနေကြသည် ကတော့ ကျောင်းက စာကြည့်တိုက်ပင်။ သူတို့အဖွဲ့မှာ သူနှင့်ရွှေရောင်က လွဲ၍ အခြား ဘယ်သူမှ နေ့လယ် အားလပ်ချိန်တွေကို စာကြည့်တိုက်မှာ စာဖတ်ဖို့ စိတ်ကူးမရှိကြ။ ထို့ကြောင့် စာမေးပွဲနီးပြီဆိုမှ အစုလိုက်၊ အပြုံ လိုက် ဖြစ်နေသော စာကြွေးတွေကို ကြည့်ကာ ငိုမဲ့မဲ့ ဖြစ်ကြသည်။ ဒီတော့မှ အမေကယ်ပါ၊ အဘကယ်ပါ၊ အော်ရင်း စာတွေ စုကျက်ကြပြန်သည်။

သူတို့အဖွဲ့ကတော့ အတန်းမှန်မှန်တက်ကာ စာမှန်မှန်ဖတ်ရင်း ကိုယ်တိုင် နုတ်စ်တွေထုတ်ထားသည့် သူ့ကို သူငယ်ချင်းတော်ထားတာနှင့် ပင် လုံလောက်နေပြီဟု ယူဆထားကြကာ သိပ်မဖြုံကြ။ စာမေးပွဲနီးလာလျှင်

www.burmeseclassic.com

www.burmeseclassic.com



သူ တပင်တပန်း ထုတ်ထားရသော နုတ်စ်တွေကို ဖိုတိုကော်ပီဆွဲကာ ကျက်ကြမည်။ နားမလည်လျှင် သူ့ကို ပြန်ရှင်းပြခိုင်းကြမည်။ သူကလည်း "ဒါ မင်းတို့ ငါ့ကို ဦးနှောက်ဖောက်စားတာပဲ" ဟု မကျေမနပ် ဆဲဆိုရင်း နုတ်စ်တွေကို ပေးကူးကာ စာတွေကို ရှင်းပြရပြန်တာပါပဲ။

စာမေးပွဲတွေကလည်း စက္ကင်းအမ်ဘီလောက် အောင်ဖို့ မခက်ခဲသဖြင့် သူတို့ ဖိစီးမှုတွေ အတော် လျော့ပါးသွားသည်။ တကယ်တော့ ဆေးကျောင်း သက်တမ်းတစ်လျှောက်မှာ ဖတ်စ်အမ်ဘီကသာ စာအနည်းဆုံးနှင့် အလွယ်ဆုံး အတန်းဖြစ်သည်။ သို့သော် နေရိပ်ထဲမှာ တောက်လျှောက် နေရသူတွေလို သူတို့အေးချမ်းမှု၏ အရသာကို မသိရှိကြ။ မခံစားခဲ့ကြရ။ ထို့ကြောင့် ဖတ်စ်အမ်ဘီလောက် မလွယ်တဲ့ သာ့ဒ်အမ်ဘီကိုသာဆေးကျောင်း သက်တမ်းတစ်လျှောက်မှာ အသက်သာဆုံးဟု ယူဆမိခြင်း ဖြစ်သည်။

ဘယ်လောက်ပဲ သက်သာတယ်ဆိုပေမယ့် စာမေးပွဲတစ်ခု ဖြေဖို့အတွက် အနည်းဆုံး တစ်လလောက်တော့ ကြိုတင်ပြင်ဆင်နိုင်မှ တော်ကာကျသည်။ တစ်ပတ်လောက် ကပ်ကျက်ရုံနှင့်တော့ ဘယ်လိုမှ အောင်နိုင်စရာ အကြောင်းမရှိဟု သူထင်မြင် ယူဆမိသည်။ လက်တွေ့တွေကိုလည်း လစ်လို့ မရ။ မကြည့်ဖူးသော ဆလိုက်ပြားတွေ၊ မော်တစ် စပက်စမန်(ဆေးစိမ်ထားသည့် ရောဂါရှိသော ခန္ဓာကိုယ်အစိတ်အပိုင်း)တွေ၊ မလုပ်ဖူးထားသော ပရက်တီကယ်တွေ စာမေးပွဲမှာ ဖြေရပါက ပျာသွားပေလိမ့်မည်။ ထို့ကြောင့် သူတို့ ဆေးကျောင်းသူ၊ ဆေးကျောင်းသားတွေမှာ ဝိဇ္ဇာ/ သိပ္ပံကျောင်းသားများလောက်တော့ အပျော်လွန်ဖို့ အခွင့်အရေး မရကြပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ သူတို့လည်း တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေ ပီသစွာ၊ ကိုယ့်အတိုင်းအတာနဲ့ ကိုယ် အခွင့်အရေးရသလောက်တော့ ပျော်နိုင်သမျှ ပျော်ခဲ့ကြပါသည်။

၁၁

သာ့ဒ်အမ်ဘီ ဖြေကာနီးအချိန်မှာ သူမ မဖြစ်မနေ ဝင်ရမည့်ပွဲက တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ လှယဉ်ကျေးမယ်ရွေးပွဲ။ ဒီပွဲကို မေမေ သာမဟုတ်။ ဆရာ ဆရာမများကပါ ကျောင်း၏ကိုယ်စား ယှဉ်ပြိုင်ပေးစေလိုကြသည်။ ထို့ကြောင့် စာတွေကတစ်ဖက်၊ ပြိုင်ပွဲအတွက် လေ့ကျင့်ရတာက တစ်ဖက်နှင့် သူမ အလုပ်တွေကော၊ စိတ်တွေပါ ရှုပ်ထွေးနေတော့သည်။

ကျောင်းနှင့်ဆိုင်သည့်ပွဲမို့ သူငယ်ချင်းများက သူမကို လာအားပေးကြမည်ဟု ဆိုသည်။ သူမကတော့ အတန်းထဲက ယောကျ်ားလေးတွေ လာကြည့်မှာကို အလွန်အမင်း စိုးရိမ်ကာ ကြိုတင်ရှက်နေမိသည်။ ကျောင်းတစ်ကျောင်းလုံးကို ကိုယ်စားပြုကာ ယှဉ်ပြိုင်ရမှာမို့ တာဝန်ကြီးတစ်ခု ပေးအပ်ခံရသလို သူမ စိတ်ထဲမှာ လေးလံနေသည်။ မေမေကလည်း "ဒီတစ်ခါက်မှ ကို့ရို့ကားယားတွေ ထပ်လုပ်လို့ ကတော့ ငါနဲ့အတွေ့ပဲ" ဟု ရာဇသံပေးနေသည်။ ထို့ကြောင့် ဒီပွဲမှာ ပထမ မရလို့မဖြစ်ဟူသော စိတ်က သူမကို နေ့ရော ညပါ ခြောက်လှန့်နေတော့သည်။

တတ်နိုင်သမျှ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပေမယ့် သူမကိုယ်

www.burmeseclassic.com

www.burmeseclassic.com



သူမ ဘယ်လိုမှ စိတ်မချ။ ထို့ကြောင့် ပြိုင်ပွဲရက်နီးလာလေ၊ ပူပန်စိတ်တွေနှင့် ရင်အခုန်မြန်လာလေ ဖြစ်နေတော့သည်။ ပြိုင်ပွဲဝင်ရမည့်နေ့ စင်ပေါ်တက်ကာနီးတွင် မိန်းကလေးသူငယ်ချင်းများက စင်အနောက်ဖက်က သူမရှိရာကို လာကာ အားပေးကြသည်။ သူငယ်ချင်းတွေက သူမ၏ ပူပန်စိတ်ကို မရိပ်မိစွာ "ပထမ ရအောင်လုပ်နော်" ဟု ဆိုကြသည်။ ထိုစဉ်မှာပင် သူမ ခေါင်းတွေ မူးနောက်လာကာ အခန်းတစ်ခုလုံး ခြာခြာလည်သွားသည်။ စိုးရိမ်သောကတွေနဲ့ ကောင်းကောင်းအိပ်မပျော်တဲ့ ရက်တွေက နည်းမှ မနည်းတော့တာပဲ။

"ရွှေရောင် .... ရွှေရောင်"

လင်းလင်း၏အသံခပ်သဲ့သဲ့ကိုသာ နောက်ဆုံးကြားလိုက်ရပြီး သူမ အသိစိတ်တွေ ကင်းလွတ်သွားတော့သည်။

ဿ

သူမ သတိရလာတော့ အရေးပေါ်ဌာနမှာ လက်တစ်ဖက်က ဒရစ်ပိုက်တန်းလန်းကို သတိပြုမိလိုက်သည်။ သူမ ဘေးမှာ မေမေနဲ့ ကျောင်းက ဆရာမတစ်ဦး။

"ဟော .... သတိရလာပြီ .... ဘာမှ မဖြစ်ပါဘူး .... အားနည်းပြီး သွေးပေါင်ချိန် ကျနေလို့ မူးလဲသွားတာပါ ...."

တာဝန်ကျ ဆရာမက လှမ်းပြောသည်။ အပေါက်ဝမှာ သူငယ်ချင်းများ၏ မျက်နှာကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ .... လာကြည့်ချင် ကြည့်ကြ .... မင်း .... သူငယ်ချင်းတွေ က အရမ်းစိတ်ပူနေကြတာ .... သူတို့ ဝိုင်းအုံနေကြရင် ပိုဆိုးမှာစိုးလို့ မောင်းထုတ်ထားရတာ" ဟု ဆရာဝန်မက ဆိုသည်။ သူငယ်ချင်းတွေ သူ့အနား ရောက်လာကြသည်။ ရတနာက သူ့လက်ကို ဆုပ်ကိုင်ရင်း "ဘယ်လိုနေသေးလဲ" ဟု မေးသည်။ လင်းလင်းက ....

"နင် မူးလဲလဲချင်း ရိပ်မိုး ရောက်လာလို့ တော်သေးတယ် .... သူက နင့်ကို ချက်ချင်း ကားပေါ်ပွေ့တင်ပြီး ဒီခေါ်လာတာ" တဲ့။ ကျေးဇူးတင် စကားပြောရမယ့်အစား ရှက်ပြီး မျက်လွှာချလိုက်မိသည်။ သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေစဉ်မှာ မေမေနှင့် ဆရာမက တာဝန်ကျ ဆရာဝန်မနှင့် စကားပြောနေသည်။ ခဏကြာတော့ သူမကို ဆေးရုံတက်ဖို့ မလိုကြောင်း၊ ဒရစ်ပုလင်းကုန်လျှင် ပြန်လို့ ရပြီဖြစ်ကြောင်း လာပြောပြသည်။ သူမကြောင့် ကျောင်းအတွက်များ ထိခိုက်သွားသလား၊ မေမေ စိတ်မဆိုးလို့ တော်သေးတာပေါ့။ ဆရာမနဲ့ သူငယ်ချင်းတွေကို တောင်းပန်ချင်ပေမယ့် ဘယ်ကနေစပြီး တောင်းပန်ရမည်မှန်း သူမ မသိ။ သူငယ်ချင်းတွေက "နင်သာ ဝင်ပြိုင်ဖြစ်ရင် နင်ပဲ ပထမရမှာ" ဟု ဆိုကြသဖြင့် သူမ ဒီပြိုင်ပွဲကို ဝင်မပြိုင်နိုင်ခဲ့တာ ဘုရားမတာပဲ ဟု တွေးလိုက်မိသည်။ သူမသာ ရှုံးနိမ့်ခဲ့ ပါက သူမအပေါ် ယုံကြည်လွန်းတဲ့ သူငယ်ချင်းတွေကို ဘယ်လို မျက်နှာပြ ရမှန်းပင် သိမည် မဟုတ်ပေ။ သူငယ်ချင်းတွေက သူမ ဒရစ်ပုလင်း ကုန်ချိန် အထိ သူမ နံဘေးမှာ စောင့်ပေးကြသည်။

"နင်တို့ပြန်ပြီး စာကျက်ကြပါ .... ငါ .... နေကောင်းပါပြီ" လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောသော်လည်း မပြန်ကြ။ သူငယ်ချင်းတွေရဲ့ သံယောဇဉ်ကြီးမားမှုကို သူမ မျက်ရည်လည်ချင်လောက်အောင် ကြည်နူးမိသည်။ သစ်ထွန်းက ....

"ငါ .... စပေါ့တွေရရင် နင့်ဆီ ဖုန်းဆက်ပေးမယ်" ဟု ဆိုသည်။ ဝေဝေခိုင်က ....

"အံမယ်လေး .... နင့်စပေါ့တွေက မှန် .... မှန်လွန်းလို့" ဟု ဝင်ပြောသည်။

စာမေးပွဲနီးတိုင်း ဘယ်လိုကနေ ဘယ်လိုမှန်းမသိ စပေါ့တွေ ထွက်လာတတ်သည်။ နှစ်စဉ်နှစ်တိုင်း တလွဲတချော်တွေ ဖြစ်တတ်ပေမယ့် အချို့ကျောင်းသားတွေကလည်း အမှတ်မရှိစွာ စပေါ့တွေကို အားကိုးနေကြဆဲ။ ဖုန်းရှိသူတွေက တစ်ယောက်နှင့်တစ်ယောက် ညဘက်ဆက်ကာ ပေးတတ်သဖြင့် ဖုန်းထကိုင်ရတာ၊ စပေါ့တွေ မှတ်နေရတာနှင့်ပင် စာကျက်အတော်ပျက်လေသည်။ ဟိုက ရတာတွေ၊ ဒီက ရတာတွေ အားလုံး စုပေါင်းလိုက်လျှင် နောက်ဆုံးမှာတော့ အားလုံးနီးပါး ဖြစ်သွားတာချည်းပါပဲ။ သူတို့အဖွဲ့ကတော့ စပေါ့ကို အလွန်အမင်း အားကိုးကြသူတွေတော့ မဟုတ်။ သို့သော် ကျောင်းသူ၊ ကျောင်းသားတို့၏ ထုံးစံအတိုင်း သူများရပြီး ကိုယ်မရပြန်လျှင်လည်း နေမထိ ထိုင်မသာ ဖြစ်ကြပြန်သည်။

သူမ အိမ်ပြန်ခွင့်ရတော့မှ သူငယ်ချင်းတွေလည်း ပြန်ကြသည်။ လမ်းမှာ မေမေက သူမ အလွန်မျှော်လင့်တောင့်တနေသော စကားဖြစ်သည့် သူမ မကြိုက်တဲ့ မယ်ပြိုင်ပွဲတွေ နောက်ထပ် မဝင်ခိုင်းတော့ဘူး ဆိုသည့် စကားကို ပြောလာသဖြင့် သူမ အလွန်အမင်း ဝမ်းသာသွားမိသည်။ သူမ

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းတွေ ပြည့်ပြီထင်ပါရဲ့။ တကယ်တော့ မေမေက သူမကို အရမ်းချစ်တာပါပဲလား။ သူမ စိတ်မချမ်းသာမှန်း မသိလို့သာ မေမေက သူမကို ဒီပြိုင်ပွဲတွေ ဝင်ခိုင်းတာနေမှာ။ သူမ ကြည်နူးစိတ်ဖြင့် မေမေ့မျက်နှာကို ငေးကြည့်နေမိသည်။ သူမ သူငယ်ချင်းတွေလုပ်သလို "ဒါမှဒို့မေမေကွ"လို့ အော်ပြီး မေမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ မေမေ့ပါးကို ရွှတ်ခနဲ နမ်းလိုက်ချင်ပေမယ့် မလုပ်ရဲသဖြင့် ဘေးမှသာ ငြိမ်ငြိမ်လေး ထိုင်ရင်း သက်ပြင်းတစ်ချက်ကို မသိမသာ ခိုးချလိုက်ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်မေမြရောင်မှာ ပို၍ကောင်းသော အစီအစဉ်များရှိနေလေပြီ။ ဒီအစီအစဉ်၏အစကတော့ ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်နှင့် အလှူတစ်ခုမှာ ပြန်ဆုံခြင်းပင်ဖြစ်သည်။

သူမက စတယ်လာမြမောင်အကြောင်းတွေကို မသိမသာ စုံစမ်းနေတတ်မြဲမို့ သူလည်း သူမနှင့် မရှေးမနှောင်းမှာပင် အိမ်ထောင်ကျကာ သမီးတစ်ယောက်နှင့် သားနှစ်ယောက် ရထားကြောင်း သတင်းရရှိထားလေသည်။ သူ့သမီးက ရွှေရောင့်ထက် တစ်နှစ်ခန့်ကြီးသည်။ သူ့သမီးလက်ထက်မှာတော့ သူမ သမီးနှင့်ယှဉ်ပြိုင်ဖို့ စိတ်မပူရဟု သူမ ယူဆခဲ့မိသည်။ အဘယ်ကြောင့်ဆိုသော် ကောင်မလေးက မျက်နှာလေး မဆိုးလှပေမယ့် အရပ်အလွန်မြင့်သလောက် လူက အရိုးပဒေသာဟု ဆိုရမည့် ပုံမျိုးဖြစ်သည်။ ခန္ဓာကိုယ်မှာ အဆီတစ်စက်မှ ရှိပါလေစဟု ထင်ရလောက်အောင် ပိန်လွန်းသူမို့ ဘယ်လိုနည်းနဲ့မှ မယ်ဖြစ်လာနိုင်စရာ အကြောင်းမရှိတာ သေချာလွန်းလှသည်။ ပညာရေးကလည်း ရွှေရောင့်လို မကောင်းရှာ။ ဆယ်တန်းအောင်ပြီးနောက်မှာ အင်္ဂလိပ်စာ မေဂျာနှင့်သာ တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



တက်ရသည်ဟု ကြားသိရသည်။ ယောကျ်ားလေးနှစ်ယောက်မှာတော့ တစ်ယောက်က ဆယ်တန်းမအောင်သေး။ တစ်ယောက်က စက်မှုတက္ကသိုလ်မှာ တက်နေသည်တဲ့။ စတယ်လာမြမောင် သိတာ၊ မသိတာ အပထား။ သူ့ဘက်ကတော့ ဒီသတင်းတွေကြောင့် သူ့သမီးလက်ထက်မှာ သူမက အနိုင်ရရှိသူဟု တွေးရင်း အကျေနပ်ကြီး ကျေနပ်နေလေသည်။

အဲဒီအလှူမှာ တွေ့ရတဲ့ သူငယ်ချင်းကလည်း စတယ်လာမြမောင်တို့နှင့် အဆက်အသွယ်ရှိသူမို့ ထုံးစံအတိုင်း ကျောင်းမှ တခြားသူတွေအကြောင်း လျှောက်မေးရင်း စကားလမ်းကြောင်းကို မသိမသာ စတယ်လာမြမောင်အကြောင်းဘက်သို့ ရောက်အောင် ဆွဲခေါ်လိုက်သည်။ သူမက

"သူ့သမီးတစ်ယောက် ရှိတာကော .... ဘွဲ့ရသွားပြီလား" လို့ မေးလိုက်တော့ သူငယ်ချင်းက ....

"ဟယ် .... ယူ မသိဘူးလား .... သူ့သမီးက ဩစတြေးလျမှာ မော်ဒယ်သွားလုပ်နေတာ နှစ်နှစ်တောင် ရှိနေပြီ .... သူတို့ အမျိုးတွေကလည်း ဟိုမှာ ရှိနေတော့ အရမ်းအဆင်ပြေတာပေါ့ .... သူ့ပုံစံကလည်း မော်ဒယ်လုပ်လို့ အဆင်ပြေမယ့် ပုံမျိုးလေ .... ယူ တွေ့ဖူးလားတော့ မသိ .... အရပ်မြင့်မြင့်နဲ့ လူက အရမ်းပိန်တော့ ဟိုက အရမ်းကို အကြိုက်တွေ့သွားတာပေါ့ .... ဟယ် .... မေမြရောင် ဘာဖြစ်လဲ နေမကောင်းဘူးလား ...."

တစ်ဖက်က စကားပြောနေသူပင် မျက်နှာတွေဖြူရော်ကာ သွေးခုန်နှုန်းတွေမြန်ပြီး ခေါင်းတွေ မူးဝေလာသည့် သူမကို သတိပြုမိသွားသည်။ ထို့ကြောင့် ဣန္ဒြေပြန်ဆည်ပြီး "အေးကွယ် .... ကိုယ် အိပ်ရေး နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ပျက်ပြီး ပင်ပန်းနေလို့ပါ” ဟု ဟန်မပျက် ပြောလိုက်ရသည်။ စတယ်လာ မြမောင်ကို သူမ ဘယ်လိုမှ မနိုင်နိုင်သေးပါလား။

အဲဒီက အိမ်အပြန် လမ်းတစ်လျှောက်မှာ သူမရင်ထဲ စိတ်ကူးအသစ်တွေ ဝင်ရောက်လာသည်။ သူ့သမီးက နိုင်ငံခြားသွားပြီး မော်ဒယ်လ် လုပ်လို့ ရရင် သူမ သမီးကတော့ ဘာလို့ မရနိုင်ရမှာလဲ။ ဒါပေမယ့် ဆရာဝန်ဖြစ်မည့် အရေးနှင့် ချိန်ထိုးကာ တွက်ကြည့်နေမိသည်။ စွန့်လွှတ်ဖို့ ထိုက်တန်ရဲ့လား။ သူမ စိတ်ကကော ဘယ်အရာကို ပိုအားသာနေသလဲ။ သွေးထဲမှာ ပြည့်နှက်နေသည့် မခံချင်စိတ်တွေက မော်ဒယ်လ်အလုပ်ကိုသာ တိုက်တွန်းအားပေးနေသည်။ ဆရာဝန်အလုပ်ကိုလည်း စွန့်လွှတ်စရာမလို။ ကျောင်းက ခွင့်နှစ်နှစ်ယူခိုင်းလိုက်မယ်ဟု ကိုယ့်ဘာသာကိုယ် ဖြေသိမ့်ရင်း တွေးလိုက်သည်။

ဆုံးဖြတ်ပြီးပြီဆိုတော့ ဘယ်လိုစီစဉ်ရမလဲဆိုတာကို တွေးကာ အကွက်ချရသည်။ ဩစတြေးလျကိုတော့ မပို့လို။ ဟိုမှာ အကူအညီ ပေးနိုင်သည့် လူခံလည်း မရှိ။ သမီးကို တစ်ယောက်တည်း လွှတ်ရမှာမို့ နည်းနည်းတော့ စိတ်ပူချင်မိသည်။ ဒါပေမဲ့ သမီးထက်ငယ်တဲ့ ကောင်မလေးတွေတောင် ဟိုမှာ ကျောင်းတက်ရင်း အလုပ်လုပ်နေကြသေးတာပဲဟု စိတ်ကို ပြန်တင်းလိုက်သည်။ ဩစတြေးလျလို တိုးတက်တဲ့ အရှေ့ပိုင်းက နိုင်ငံဆိုလို့ ဂျပန်ကိုသာ သူမ စဉ်းစားမိသည်။ ဂျပန်မှာတော့ သူမရဲ့ အဆက်အသွယ်တွေက မနည်း။ သူမ အကူအညီနဲ့ ဟိုရောက်နေသူတွေ အများကြီးရှိသည်ပဲ။ ဆွေမျိုးရင်းချာ မရှိတာလေး တစ်ခုသာ။

သူမရဲ့ အစီအစဉ်တွေကို အမျိုးမျိုး အဖုံဖုံ အပြန်အလှန် တွေးတောသုံးသပ် အပြီးမှာ သူမ အလွန် ကျေနပ်သွားသည်။ ထို့အတွက် ရွှေရောင်

www.burmeseclassic.com

www.burmeseclassic.com



သဘာဒ်အမ်ဘီ ကျောင်းပိတ်ရက်တွေမှာမို့ လုပ်ငန်းစဉ်တွေ ပေါ်ထွက်လာသည်။ အဲဒါတွေကတော့ ဂျပန်စာနှင့် ဂျပန်စကားကို အမြန်ဆုံးတတ်အောင်သင်ရန်နှင့် လက်ရှိကိုယ်အလေးချိန်ကို နောက်ထပ် ဆယ်ပေါင် အနည်းဆုံးချရန်တို့ဖြစ်သည်။

မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားကြောင့် ရွှေရောင်အသက်ရှူဖို့ပင် မေ့သလို ဖြစ်သွားသည်။

"ဂျပန်သွားရမယ်"

မေမေ့စကားကို ခပ်တိုးတိုး ပြန်လည်မေးမိသည်။ သူမ တစ်ယောက်တည်းသွားရမှာ။ ဟိုမှာ .... မော်ဒယ်လ်သင်တန်းတက်ရမည်။ ပြီးတော့ အောင်မြင်တဲ့ မော်ဒယ်လ်တစ်ယောက်ဖြစ်အောင် လုပ်ရမည်တဲ့။ ဘုရားရေ၊ သူမ ဘယ်လိုမှ ဆက်စပ်ကြည့်လို့မရတဲ့ အရာတွေကို ကြားနေရသလိုပါပဲလား။

"ကျောင်းပြီးမှ သွားလို့ကော မရဘူးလားဟင်"

အချိန်ဆွဲလိုစိတ်နှင့် မရဲတရဲ ပြန်မေးလိုက်သည်။

သူမမှာ ငြင်းဖို့ အခွင့်အရေး မရှိမှန်း သိသာထင်ရှားလွန်းသောကြောင့် သက်ပြင်းတစ်ချက်ကို မသိမသာ ခိုးချလိုက်မိသည်။ သူမ ရင်းနှီးနေကျွမ်းဝင်နေတဲ့ နယ်မြေက ခွာပြီး တစ်ခါမှ မရောက်ဖူးတဲ့ အရပ်ဒေသကိုသွားရမယ်ဆိုတာ တစ်ခုတည်းနှင့်ပင် ထိတ်လန့်စိတ်က တစ်ကိုယ်လုံး ပျံ့နှံ့စီးဆင်းသွားသည်။ သိသူဆိုလို့ မည်သူ တစ်ဦးတစ်ယောက်မှ မရှိတဲ့ အရပ်

www.burmeseclassic.com

www.burmeseclassic.com



ဒေသမှာ တစ်ယောက်တည်း ....။ ဒါဟာ ဖြစ်နိုင်တဲ့ ကိစ္စတစ်ခုမှ ဟုတ် ရဲ့လား။

"မေကလည်း သမီးရဲ့ စိတ်ဆန္ဒကို မေးပါဦး .... အခုကိစ္စက အဓိပ္ပါယ်မရှိဘူးလို့ ကိုယ်တော့ ထင်တယ်ကွာ"

"မေမေ့ရဲ့ ဆုံးဖြတ်ချက်တွေနဲ့ ပတ်သက်လို့ ခါတိုင်း ဘာမှ ဝင်ပြောလေ့မရှိသော ဖေဖေက ဝင်ပြောလေသည်။

"အို .... သူကောင်းစားဖို့ သူ့ဘဝအတွက် လုပ်တာပဲ"

"မဟုတ်သေးဘူးလေကွာ ...."

သူမကြောင့် ဖေဖေနှင့်မေမေ စကားများကြရမည့် အဖြစ်ကို သူမ မလိုလားပါ။ ပြီးတော့ သူမရဲ့ဘဝကို တစ်သက်လုံး လွှမ်းမိုးချုပ်ကိုင်လာခဲ့တဲ့ မေမေ့ကို လွန်ဆန်နိုင်တဲ့ စွမ်းအားများ သူမမှာ မရှိ။ မေမေက ဖြစ်စေချင်တာဆိုလျှင် ဖြစ်အောင်လုပ်ပေးချင်သော သူမရဲ့အတွင်းစိတ် တစ်ဒေသကလည်း ခေါင်းမခါဖို့ တိုက်တွန်းနေသည်။ မေမေ ဖြစ်စေချင်တာတွေကို သူမ တစ်သက်လုံး မဆောင်ရွက်ပေးနိုင်ခဲ့။ ဒါက နောက်ဆုံး အခွင့်အရေးများလား။ သူမ ဒီတစ်ခေါက် အဆင်ပြေပြေ ဆောင်ရွက်နိုင်ခဲ့ရင် သူမ မျှော်လင့်ထားသလို မေမေ့ပါးစပ်ဖျားမှ ကျေနပ်စွာ ချီးကျူးမှုကို ခံယူနိုင်ခွင့်များ ရလေမလား။ သို့ပေမဲ့ တစ်သက်လုံး အသုံးမကျခဲ့ရာက အခုမှ အသုံးကျသွားတယ် ဆိုတာမျိုးကကော ဖြစ်နိုင်ချေ ရှိပါ့မလား။ သူမ ဒွိဟစိတ်ဖြင့် ဝေခွဲမရ ဖြစ်နေစဉ် မေမေနှင့်ဖေဖေ၏ အခြေအနေက အတော်လေး တင်းမာနေလေပြီ။ ထို့ကြောင့် သူမ ဆုံးဖြတ်ချက်တစ်ခုကို အလျင်အမြန် ချလိုက်ရသည်။

"သမီး .... သမီး သွားချင်ပါတယ် .... သမီး .... သွားပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက သူမကို သံသယ မျက်လုံးများဖြင့် လှမ်းကြည့်သည်။

"သမီး သေသေချာချာ စဉ်းစားဦးနော် .... တကယ်သွားချင်တာ သေချာရဲ့လား .... ဒါ ကလေးကစားနေတာ မဟုတ်ဘူးနော် .... နိုင်ငံခြားသွားတယ်ဆိုတာ နတ်ပြည်တက်တာ မဟုတ်ဘူး .... အကောင်းတွေကိုချည်းတွေ့မယ်လို့ မမျှော်လင့်ထားနဲ့ .... အဆိုးတွေက ပိုများလိမ့်မယ်"

မေမေက ဖေဖေ့ကို မျက်စောင်းထိုးကာ ခွန်းတုံ့ပြန်ရန် ပြင်လိုက်စဉ် ....

"သမီး သေသေချာချာ စဉ်းစားပြီးပါပြီ ဖေဖေ .... သမီး တကယ်သွားချင်ပါတယ်" ဟု သူမက အလျင်အမြန် ဝင်ပြောလိုက်သည်။ တကယ်တော့ သူမရင်ထဲက ခံစားချက်က မပြတ်သားသေး။ ပြောသာပြောရသည်။ ရင်တွေခုန်ကာ ခြေဖျားလက်ဖျားတွေ အေးစက်နေသည်။ တည်ငြိမ်နေသောသူမ ဘဝအတွက် အလွန်ကြီးမားသော မဟာ့မဟာ စွန့်စားခန်းကြီးရဲ့ အစပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂ )

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

နှစ်နှစ်ဆိုသော အချိန်ကာလသည် သူမအတွက် တစ်ကမ္ဘာမက ကြာသလို ထင်မှတ်ခဲ့ရသည်။ အခုတော့ သူတို့ အနေအထိုင် သူတို့ အစား အသောက်၊ သူတို့ စကားတွေနှင့် သူမ အတော်လေး ရင်းနှီးကျွမ်းဝင်ခဲ့လေ ပြီ။ တစ်ချိန်က ယုန်သူငယ်ကလေးလို ကြောက်ရွံ့ထိတ်လန့်ကာ အရာရာ အတွက် အားကိုးရှာတတ်သော ကောင်မလေးတစ်ယောက်သည် နာမည် ပြောင် အပေးကောင်းသော သူငယ်ချင်းတွေခေါ်ခဲ့သလို အပေါ်ယံမာသယောင် ထင်ရကာ အတွင်းက ပျော့စိစိနှင့် ကျောက်ကျောမလေး မဟုတ်တော့။ အတွင်းရော အပြင်ပါ အလွန်အမင်း မာကျောလှသည့် ကျောက်ခဲမလေး ဖြစ်သွားလေပြီ။

အပူအပင်ကင်း လုံခြုံစွာ နေခဲ့ရတဲ့ မိဘအရိပ်အာဝါသရဲ့ အေးမြမှုကို ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရင်း ကိုယ့်ကိုယ်ကို တာဝန်ယူ ထိန်းသိမ်းနေရတဲ့ အချိန်တွေရောက်မှ သေသေချာချာ သဘောပေါက်ကာ လွမ်းနေမိသည်။ တကယ်တော့ အရင်က သူမ ကြောက်တတ်ခဲ့တာတွေ ပူပန်ခဲ့တာတွေက ဒီနှစ်နှစ်အတွင်း သူမ ကြုံတွေ့ရတဲ့ ဒုက္ခတွေနှင့် ယှဉ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် စကားထဲပင် ထည့်ပြောလောက်သည့် အရာမျိုးတွေ မဟုတ်ပေ။

အချိန်တွေကြာလာလို့ နေသားတကျဆိုတဲ့ အရာ ရရှိခဲ့ ပေမယ့် ပျော်ရွှင်ခြင်းကိုတော့ ရရှိမလာခဲ့။ အိမ်ကို လွမ်းတဲ့စိတ်၊ သူငယ်ချင်းတွေကို လွမ်းတဲ့စိတ်တွေက ရင်ထဲမှာ အပြည့်။ ပြီးတော့ ချစ်သူကို အရမ်းလွမ်းသည်။ ဝေးနေပေမယ့် သွေးအေးမသွားတဲ့ သူမရဲ့ အချစ်တွေက စစ်မှန်ကြောင်း သက်သေပြနေသည်။ ဒါပေမယ့် သူက ဘာလို့ အဆက်အသွယ်မလုပ်တော့တာလဲ။ သူ့ဘက်က သွေးအေးသွားပြီဆိုတဲ့ သဘောလား။ စာဆယ်စောင်အထိ ပြန်စာမရတဲ့အခါ သူမ ရင်ထဲမှာ သံသယတွေကို မောင်းထုတ်နိုင်စွမ်းမရှိတော့။

သို့ပေမယ့် ကြာကြာလွမ်းနေချိန် သူမမှာ မရှိ။ ဟန်းဖုန်းမြည်လာသဖြင့် "မိုးရှိ မိုးရှိ" လုပ်လိုက်တော့ တစ်ဖက်က သူမတို့ အေဂျင်စီရဲ့ မန်နေဂျာ။ သူမရဲ့ နေကာမျက်မှန်ကြော်ငြာကို သဘောကျလို့ မွန်းလိုက်ပြက္ခဒိန်ရိုက်ဖို့ လာကမ်းလှမ်းနေကြသည်တဲ့။ ဒါဟာ သူမအတွက် အောင်မြင်မှု ခြေလှမ်းသစ်တစ်ခုပဲလို့ ဝမ်းသာလိုက်ဖို့ ကောင်းပေမယ့် သူမ ရင်ထဲမှာ ဘာမှ သိပ်မခံစားရ။ ဒါက သူမ အမှန်တကယ် လိုချင်နေတဲ့ အရာမှ မဟုတ်ဘဲလေ။ အခုအချိန်မှာ သူမ အမှန်တကယ် လိုချင်တဲ့ အရာ တစ်ခုသာ ရှိသည်။ အဲဒါကတော့ သူမ အိမ်ပြန်ချင်သည်။

၉၈

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဂျူကု ဘူတာဘက်ကို ခပ်သွက်သွက် လျှောက်လှမ်းလာရင်း သီချင်း ကြော်ငြာလွှင့်နေသည့် အော်လ်တာတီဗွီကြီးရှိရာကို တစ်ချက် လှမ်းကြည့်လိုက်မိသည်။ ကိုယ်မသိတဲ့ မျက်နှာပေါင်း မြောက်များစွာတို့က အနားမှ ခပ်သုတ်သုတ် ဖြတ်သွားသည်။ မြန်မာစကားသံတစ်ချို့ကို ကြားလိုက် ပေမယ့် အရင်လို ဝမ်းသာအားရ လှည့်မကြည့်ဖြစ်တော့။ ရောက်စကတော့ ဒီလို နိုင်ငံရပ်ခြားမှာ ကိုယ့်လူမျိုးတစ်ယောက်ကို တွေ့လိုက်ရတာနဲ့ ဖော်မပြနိုင်အောင် ဝမ်းသာမိကာ သိသိမသိသိ သွားပြီး နှုတ်ဆက်စကားပြောမိ ခေါ်မိသည်။ အခုတော့ အတွေ့အကြုံက သင်ပေးသွားလေပြီ။

ကိုယ်နဲ့ခင်မင်ရင်းနှီးတဲ့ မြန်မာ အသိုင်းအဝိုင်းလေးတစ်ခု ရှိနေပေ မယ့် မိုးလင်းက မိုးချုပ် အလုပ်ချိန်အမှီ အပြေးအလွှားသွားကြရင်း နားရက် မရှိသူတွေမို့ အနီးအနားမှာ နေကြရင်း မတွေ့ဖြစ်ကြတာ များသည်။ ဒီမှာ ပိုက်ဆံရှာဖို့ ရည်ရွယ်ချက်နဲ့ အလုပ်လာလုပ်သူတွေမို့ သူမထက်ဆိုးတဲ့ ဘဝတွေကို ကြည့်ရင်း စာနာသနားမိသည်။ အဆင်မပြေသူတွေကလည်း အလုပ်ရှာရင်း ဒုက္ခတွေတဝေဝေ။ အဆင်ပြေသူတွေကျပြန်တော့လည်း အိပ် ချိန်ပင် သိပ်မပေးနိုင်ဘဲ ငွေကို ရနိုင်သမျှ နင်းရှာနေကြသည်။ ကျန်းမာရေး ယိုယွင်းကာ လဲပြန်တော့လည်း ဆေးကုသစရိတ်နဲ့ ရှာထားသမျှ အကုန်လုံး နီးပါး ပြောင်တော့တာပါပဲ။ အကြွေးနှင့်လာကြသူတွေက အကြွေးဆပ်ရန် အရင် လုံးပန်းကြရရှာသည်။ သူတို့ ဘဝတွေကို ကြည့်လိုက်တော့ သူမရဲ့ ဒုက္ခတွေက သေးသေးလေးပါပဲ။ ဒါပေမဲ့ ပုရွက်ဆိတ်လည်း ပုရွက်ဆိတ် အထွာနဲ့တော့ ခါးပြံတာပဲဆိုတဲ့ စကားလို သူမလည်း သူမအထွာနဲ့တော့ ခါးပြံနေတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ "မက်ဂနက် အေဂျင်စီ"ရှိရာ ဂင်းဇင်ဘူတာမှာ ဆင်းလိုက်သည်။ ရှုပ်ထွေးများပြားလှတဲ့ လူအုပ်တွေကြားထဲက ခပ်သွက်သွက်လှမ်း၊ အေဂျင်စီရောက်တော့ သူတို့ထုံးစံအတိုင်း ခါးကလေးကုန်း၊ "ကော်နီချိဝ" လုပ်ပြီးမှ အလုပ်အကြောင်း စပြောရသည်။ သူမ ဒီရောက်စကတော့ မြန်မာပီပီ ပြုံးပြရုံ၊ ခေါင်းဆတ်ပြရုံလောက်သာ လုပ်တတ်သည်မို့ သိပ်သဘောမကျကြ။ ခါးနှင့် မြေကြီး ထိမတတ် ကုန်းညွတ် နှုတ်ဆက်ရတာကို အူကြောင်ကြောင်နိုင်သည်ဟု ထင်မိသော်လည်း နောက်ပိုင်းမှာတော့ ရောမရောက်ရင် ရောမလိုကျင့်ရတယ်ဆိုတဲ့ စကားပုံအတိုင်း ကျင့်သုံးလာနိုင်ခဲ့သည်။

ပြက္ခဒိန်အတွက် သူမ သိချင်သည့် အချက်များကို သေသေချာချာ မေးမြန်းစစ်ဆေးပြီးမှ လက်ခံလိုက်သည်။ အခုတော့ သူမလည်း ဂျပန်စကားကို ရောက်စကလို ထစ်ထစ်ငေါ့ငေါ့ မဟုတ်ဘဲ သွက်သွက်လက်လက်ပြောနိုင်နေလေပြီ။ သူမကို အေဂျင်စီက လုပ်ဖော်ကိုင်ဖက်တစ်ချို့က သူမ အရမ်းဂျီးများကြောင်း ကွယ်ရာမှာ အတင်းပြောကြ၊ ဝေဖန်ကြတာကို သိပေမယ့် သူမ မသိချင်ယောင်ဆောင်နေခဲ့သည်။ ဘယ်သူတွေ ဘာပြောပြော ကိုယ်လိုချင်တာ ကိုယ်ရအောင် တောင်းရမည်ဆိုတဲ့ စိတ်ဓါတ်တွေ ဘယ်သူမှ ထည့်မပေးဘဲ သူမ ခေါင်းထဲကို ဘယ်လို ဝင်ရောက်ခဲ့သလဲမသိ။ တချို့က သိပ်ဂျီးများရင် အလုပ်ဖြစ်မှာ မဟုတ်ဟု ဆိုကြပေမယ့် လက်တွေ့မှာတော့ ပိုမို လေးစားမှုရှိလာကြတာကို သတိပြုမိသည်။

ဘာပဲဖြစ်ဖြစ် သူမကတော့ တစ်သက်လုံး ကိုယ့်ပုံကိုယ် ပြန်ကြည့်ကာ အရှက်ရနေမည့် အလုပ်မျိုး မလုပ်နိုင်။ သူမရဲ့ မော်ဒယ်လ်ဘဝ အစဦးမှာ ပထမဆုံး ရွေးချယ်ခံခဲ့ရစဉ်က အကြောင်းကို ပြန်တွေးရင် ကျေးဇူးတင်

www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။ အဲဒီလိုသာ မဖြစ်ခဲ့ရင် သူမလည်း သူများပြောသမျှကို ယောင် ယမ်း ခေါင်းညိတ်ရင်း ရေစုန်မျောသည့် ဘဝသို့ ရောက်သွားမည်သာ ဖြစ် သည်။ အတွေ့အကြုံတွေအားလုံးမှာ အရှုံးထဲက အမြတ်တွေတော့ ရှိတာ ချည်းပါပဲ။

ထိုစဉ်က သူမ ဂျပန်ရောက်တာ (၆)လသာရှိသေးသည့် မအူမလည် နှင့် မော်ဒယ်လ်သင်တန်းဆင်းကာစလေး။ အဲဒီတုန်းက သူမက သူမ သင်တန်း တက်ခဲ့သည့် Future မော်ဒယ်လ် အေဂျင်စီက စမ်းသုံးကြည့်မည်ဟု ဆိုကာ ရွေးချယ်လိုက်သည့် ကံကောင်းသူများစာရင်းမှာ ပါသွားခဲ့သည်။ တကယ် တော့ ဒီမှာ မော်ဒယ်လ်သင်တန်းဆင်းပြီးတိုင်း မော်ဒယ်လ်ဖြစ်ဖို့ အခွင့်အရေး မရနိုင်တာ မေမေကတော့ သိရှာမည် မဟုတ်။ သူမကို ဗီဇာနှင့် သင်တန်း တက်ခွင့်ရအောင် ဆောင်ရွက်ပေးလိုက်လျှင် သူမအတွက် အားလုံးပြည့်စုံ ပြီးဆုံးသွားပြီဟု ထင်နေလေသည်။ တကယ်တော့ တိုကျိုမြို့တစ်မြို့ထဲမှာ ပင် မော်ဒယ်လ်အေဂျင်စီက တစ်ရာကျော် ရှိသည်။ ဂျပန်တစ်မြို့လုံးဆိုလျှင် တစ်ထောင်ကျော်လောက် ရှိမည်ထင်သည်။ ဒီလောက်များပြားလှတဲ့ အေဂျင်စီတွေထဲမှာ မော်ဒယ်လ်တွေကလည်း မရေမတွက်နိုင်အောင် များပြားနေမည်ဆိုတာ သံသယဖြစ်စရာ မရှိ။ ထို့ကြောင့် ထိပ်တန်းရောက် ဖို့ မပြောနဲ့။ သာမန်အောက်ခြေ အဆင့် လိုအပ်မှ ခေါ်သုံးသည့် မော်ဒယ်လ် လေးတစ်ယောက်ဖြစ်ဖို့ပင် မလွယ်ကူပေ။ ထို့အပြင် ကိုယ်က လူမျိုးခြားမို့ သူတို့နိုင်ငံမှာ သူများနှင့်ယှဉ်လျှင် အမြတ်မ်း တစ်ပန်းက ရှုံးနေပြီးသား ဖြစ်သည်။

ထို့ကြောင့် အစမ်းသပ်ခံ မော်ဒယ်လ်တစ်ဦးအနေဖြင့် အေဂျင်စီက

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိသူတစ်ဦးနှင့်အတူ တစ်နေကုန် အလုပ်ရှိမည့် နေရာတွေမှာ သွားစောင့်၊ ကင်မရာတက်စ်တွေ အထပ်ထပ်လုပ်၊ ပို့စ်တွေ အမျိုးမျိုးလုပ်ပြ၊ အရွေးမခံရတော့ ပြန်လာဖြင့် အတော်လေး ကာလရှည်ကြာနေခဲ့သည်။

ဒီလိုနဲ့ တစ်ရက်မှာ ကြော်ငြာအဖွဲ့တစ်ခုက သူမလို တန်းစီကာ အရွေးခံရန် လာစောင့်ကြသည့် မော်ဒယ်လ်တွေ မြောက်မြားစွာထဲက သူမကို မျက်စိကျကာ ရွေးချယ်လိုက်သည်။ သူမ ပျော်လိုက်သည့် ဖြစ်ခြင်း။ ကင်မရာမင်းနှင့် သူမ အေဂျင်စီမှ အမျိုးသမီး စကားပြောနေကြတာကို ဘေးကနေကြားနေရပေမယ့် မြန်လွန်းတာကြောင့် ဘာတွေပြောနေကြမှန်း သူမ ကောင်းကောင်း နားမလည်။ ကမ်းခြေမှာ ရိုက်ရမှာဆိုတော့ ဘီကနီနဲ့ များလား။ အနည်းငယ် စိတ်ထဲမှာ လေးသွားပေမယ့် အေးလေ၊ ဒါ သူတို့နိုင်ငံမှာပဲ ဘီကနီနဲ့ဆိုလည်း ရိုက်ရတာပေါ့လို့ တွေးပြီး အေဂျင်စီက အမျိုးသမီး ခေါ်ဆောင်ရာ အဝတ်အစားလဲခန်းထဲ ဝင်ခဲ့သည်။ မိတ်ကပ်ဆရာက မျက်နှာကို မိတ်ကပ်လိမ်းအပြီးမှာ သူမကို အင်္ကျီချွတ်ခိုင်းသည်။ သြော် ဘီကနီနဲ့ဆိုတော့ ကျန်တဲ့အတွင်းသားတွေပါ မိတ်ကပ်လူးရမယ် ထင်ပါရဲ့ဟု တွေးကာ ရှက်ရှက်နှင့်ချွတ်တော့ သူက အတွင်းခံကိုပါ ထပ်ချွတ်ခိုင်းသည်။ သူမ ရှက်လွန်း၍ ထူပူကာ ဂျပန်လိုကော၊ အင်္ဂလိပ်လိုတွေ၊ မြန်မာလိုတွေပါ စုံသွားအောင် ငြင်းမိပါတော့သည်။ ဒီတော့ အေဂျင်စီက အမျိုးသမီးက "မချွတ်လို့ မရဘူး .... ရိုက်မှာကိုက အပေါ်ပိုင်း ဗလာ" နဲ့ဟု သူ့ကို လာကာ ရှင်းပြသည်။

"ဒါ .... ဒါဆို မရိုက်တော့ဘူး"

သူမ ဘေးမှ ချထားသော အင်္ကျီကို ပြန်ကောက်ဝတ်ကာ ဝိုင်းဝန်း

www.burmeseclassic.com

www.burmeseclassic.com



တားမြစ်နေကြသည့်ကြားမှ ပြေးထွက်လာခဲ့မိသည်။ ဒီအဖြစ်အပျက်များကြောင့် သူမကို အေဂျင်စီက ဆက်မသုံးနိုင်ကြောင်း ပြောလာသည်။ ကြိုတင်မျှော်လင့်ထားပေမယ့် ဒီလိုဖြစ်ရင် ဘာဆက်လုပ်မယ်ဆိုတာဟု သူမမှာ အစီအစဉ်မရှိ။ ဒါကြောင့် သူမ ဒီရောက်စမှာ မြန်မာတွေနှင့်တွေ့လို့ "ဘာလာလုပ်တာလဲ" မေးလျှင် "မော်ဒယ်လ်လုပ်ဖို့လာတာ" ဟု ပြန်ဖြေတိုင်း သူမကို အထင်သေးသလို ကြည့်ကြတာကိုးဟု သဘောပေါက်သလို ဖြစ်လာသည်။

သူများရပ်ရွာမှာ ဘာဆက်လုပ်ရမှန်းမသိဘဲ ယောင်ချာချာဖြင့် သူမ စိတ်ဓါတ်တွေ ဖောက်ထိုးမိုးမျှော် ဖြစ်နေခဲ့သည်။ ဆိုးရွားလှတဲ့ အဲဒီအချိန်တွေက သူမကို ယုန်သူငယ်လေးဘဝကနေ ကျားမလေးတစ်ကောင် အဖြစ် အသွင်ပြောင်းပေးခဲ့တာပဲလေ။

၁၄

သူမ ဘာဆက်လုပ်ရမလဲ။ အိမ်ကို အားကိုးတကြီး ဖုန်းဆက်ကာ ပြန်လာတော့မည်ဟု ပြောရန်ပြင်လိုက်စဉ် "မအောင်မြင်မချင်း လုံးဝ ပြန်မလာနဲ့" ဆိုသည့် မေမေ့ရာဇသံကို နားထဲ ကြားယောင်လာကာ ကိုင်ထားသည့် ဖုန်းခွက်ကို ပြန်ချလိုက်မိသည်။

သင်တန်းတက်ခွင့်ရစဉ်က ဗီဇာတစ်နှစ်ရခဲ့သဖြင့် နောက်ထပ် (၅) လနီးပါးတော့ ဆက်နေလို့ ရသေးသည်။ ဒီ(၅)လအတွင်းမှာကော ဘာတွေများ ထူးခြားလာမှာမို့လဲ။ ဘယ်သွားလို့ ဘာလုပ်ရမယ်မှန်း လုံးဝနားမလည်။ လာမိတာကိုက မှားချေပြီ။ ဘာမှ အဖြစ်ရှိအောင် ဖြစ်ဖြစ်မြောက်မြောက်

www.burmeseclassic.com

www.burmeseclassic.com



စွမ်းဆောင်နိုင်စွမ်း မရှိတဲ့ ကိုယ့်အကြောင်းကိုယ် သိလျှက်နဲ့ ဘာလို့ စွန့်စားပြီး ထွက်လာခဲ့မိတာလဲ။ နောင်တတွေရလိုက်၊ မျက်ရည်တွေကျလိုက်နဲ့ သူမရဲ့ အခန်းကျဉ်းကလေးထဲက ဘယ်မှ မထွက်ဘဲ ရက်ပေါင်းများစွာနေမိခဲ့သည်။ အိမ်ပြန်ချင်သည်။ သူငယ်ချင်းတွေကို လွမ်းသည်။ ချစ်သူကို လွမ်းသည်။ ချစ်သူ သွင်းပေးခဲ့သော မြန်မာပြည်မှ ထည့်ယူလာခဲ့သည့် ဝါ့ကမင်းလေးနှင့် ဖွင့်နားထောင်လိုက်၊ ငိုလိုက်နှင့် မျှော်လင့်ချက် ကုန်ဆုံးနေရတဲ့ နေရက်များစွာ .... ။ ထူးအိမ်သင်နဲ့ ပေါက်ပေါက်တို့ရဲ့ ဝေးသွားတဲ့အခါ၊ ကာရန်မညီသော၊ ပထမဆုံးနေ့၊ နေမျိုးဆေးရဲ့ သူပိုင်ဆိုင်သောနေ့ရက်များ၊ သူမ မျက်ရည်တွေ ရေကာတာ ကျိုးသလို သွန်ကျ၊ ငိုလို့မောတော့ ခဏ အိပ်ပျော်သွားသည်။ ဘာဆို ဘာတစ်ခုမှလည်း စားချင်စိတ်မရှိ။ ဗိုက်သိပ်ဆာလာမှ အခန်းမှာရှိတဲ့ ခေါက်ဆွဲထုပ်လေးတစ်ထုပ်လောက် ပြုတ်စား၊ ရေသောက်ပြီး ပြန်ခွေနေခဲ့တဲ့ရက်တွေ၊ ဘယ်နှစ်ရက်လောက် ကြာခဲ့မှန်းပင် အတိအကျ မမှတ်မိတော့။ မနက်ဖြန်တွေကိုလည်း ရင်မဆိုင်ချင်။ ရင်ဆိုင်ဖို့ အင်အားလည်း တစ်စက်မှ မရှိ။ လောကကြီးထဲက အပြီးထွက်ပြေးသွားချင်စိတ်ပင် ပေါ်လာမိသည်။

သူမ ထွက်မလာခဲ့ခင်က မြန်မာပြည်ရဲ့ နောက်ဆုံးရက်တွေကို အမှတ်ထင်ထင် မြင်ယောင်နေမိဆဲ။ တကယ်သွားရတော့မယ်။ တကယ်ဝေးရတော့မယ့် အချိန်လေး မတိုင်မီမှာ ....

“နင့် .... နင့်ကို ငါ သိပ်ချစ်တယ်”

အဆက်အစပ်မဲ့စွာ ထွက်လာခဲ့တဲ့ ချစ်သူရဲ့စကားသံ။ ဟန်ဆောင်နိုင်ခြင်း ကင်းမဲ့စွာ ပွင့်အံကျလာခဲ့တဲ့ နှလုံးသားတွေ။ နှစ်ဦးတည်း

www.burmeseclassic.com

www.burmeseclassic.com



သိနေတဲ့ နားလည်မှုတွေ။

"မသွားလို့ မရဘူးလားဟာ .... "

မျှော်လင့်ချက်ကင်းမဲ့စွာ တောင်းပန်တိုးလျှိုးခဲ့တဲ့ လေသံလေး။ ခေါင်းခါရင်း သူ့အကျီရင်ဘတ်တစ်ခုလုံးကို စိုရွှဲသွားအောင် သူမ လုပ်ခဲ့မိတာ ....။ အားလုံးထက် သူမကို နားအလည်ဆုံးသူမို့ မေမေ့ကို သူမ မလွန်ဆန်ရဲတာကိုလည်း သိရှိနားလည်နေခဲ့သူလေ။

"ငါတို့ ခိုးပြေးရအောင်လေ ...."

ဝေးရမှာကြောက်လွန်းလို့ မိုက်မိုက်မဲမဲ တင်ပြလာတဲ့ အကြံအစည်လေး။ သူ့ရည်မှန်းချက်တွေကို ဘယ်မှာ သွားပစ်ထားမလဲ။ မဖြစ်သေးပါဘူး။ သူမကိုယ်တိုင်ကပဲ ငြင်းဆန်ခဲ့သည်။ အဲဒီတုန်းက သတ္တိတွေ မရှိခဲ့တာ မှားလား မှန်လား။

"အပြီးခွဲသွားတာမှ မဟုတ်တာ .... ငါ .... နင့်ကို အမြဲချစ်နေမှာ ...."

နောက်ဆုံး ခွဲခွာချိန်ရဲ့ နှစ်သိမ့်သံ။

"အားမငယ်နဲ့နော် .... ဝေးနေပေမယ့် ငါ့ဝိညဉ်လေး နင့်နံဘေးမှာ အမြဲ လာအားပေးနေမှာ နင့်အနားမှာ ငါ အမြဲရှိနေတယ်လို့ ယုံထား"

သူမအတွက် အမြဲတမ်း လိုအပ်နေတဲ့ အားပေးစကားတွေ .... ။ အခုနေများ နင် ငါ့အနားမှာ တကယ်ရှိနေခဲ့ရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။

ဖုန်းသံက သူမကို အိပ်မက်တွေထဲကနေ လက်ရှိဘဝထဲကို ပြန်ဆွဲခေါ်သွားသည်။ နုံးခွေနေသော ကိုယ်ခန္ဓာကြောင့် အတော်ကြိုးစားကာ ထကိုင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိုးရှိ .... မိုးရှိ"

"ဟဲလို .... ရွှေရောင်လား"

ဘယ်လိုမှ မျှော်လင့်မထားသော အသံ။ အိပ်မက်မက်နေတာများလား။ အိပ်မက်ဖြစ်ရင်တောင် လန့်နိုးမှာကြောက်လို့ ကိုယ့်ကိုယ်ကို ဆွဲဆိတ်ဖို့ စိတ်ကူးမရှိပါ။

"ရိပ်မိုး .... ငါ .... ငါပြောနေတယ်"

"ငါ .... နင့်ကို လွမ်းလွန်းလို့ .... ငါ အခု အပြင်ကနေ ဆက်နေတာ"

"နင် .... ပိုက်ဆံတွေ အများကြီး ကုန်နေဦးမယ် ...."

"ရတယ် .... ကိစ္စမရှိဘူး .... နင့်အသံကြားရတာနဲ့ တန်သွားပြီ .... နင် အဆင်ပြေရဲ့လား ...."

အဆင်မပြေဘူးလို့ ပြောပြီး ငိုချလိုက်ချင်စိတ်ကို ထိန်းရင်း "အဆင်ပြေပါတယ်"ဟု အားတင်းကာ ပြောလိုက်သည်။ သူလည်း ဘာမှ တတ်နိုင်မှာ မဟုတ်တဲ့ အတူတူ ပူပန်သောကတွေ ပိုတိုးအောင် ဒုက္ခမပေးရက်။

"ငါ့စာတွေ ရရဲ့လား"

"ရတယ် .... နင်ကော ငါနောက်ဆုံးထည့်လိုက်တဲ့စာ ရပြီလား"

"(၂၃)ရက်နေ့ကစာလား .... ရတယ်"

"မဟုတ်ဘူး .... (၃၀)ရက်နေ့က စာ"

"အဲဒါတော့ မရသေးဘူး .... နင် နင်ကောင်းရဲ့လား"

"ကောင်းတယ် .... နင်ကော"

"ကောင်းတယ် .... အားလုံး နင့်ကို အရမ်းသတိရနေကြတယ်.... ငါကတော့ အဆိုးဆုံးပေါ့ .... ငါ နင့်ကို အရမ်းချစ်တယ်ဟာ"

"ငါလည်း နင့်ကို .... ဟဲလို .... ဟဲလို"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလိုင်း ပြတ်တောက်သွားလေပြီ။ ဖုန်းခွက်ကို ဘေးချရင်း စိတ်ပျက်အားလျော့စွာ ထိုင်ချလိုက်သည်။ အထီးကျန်တဲ့ ဝေဒနာက လျော့သွားရမည့်အစား ပိုဆိုးလာသလို ခံစားရသည်။ ဟိုက လူတွေကတော့ သူမကို အစစ အရာရာ အဆင်ပြေစွာ အားလုံးကို မေ့လျော့ပြီး ပျော်ရွှင်နေပြီဟု ထင်ကောင်း ထင်နေကြပေလိမ့်မည်။ သူမရဲ့ လက်ရှိအခြေအနေတွေကို ဘယ်သူမှ သိနိုင်မည် မထင်။

ဘယ်သူ့ကိုမှ မှီခိုအားကိုးစရာ မရှိတဲ့ နေရာ။ ငိုလို့လည်း ဝပြီ။ စိတ်ဓါတ်ကျလို့လည်း ဝပြီ။ ရှေ့လျှောက် ဘာတွေလုပ်ရမလဲ။ ဘဝကို ဒီလိုနဲ့ အရှုံးပေးလိုက်ရတော့မလား။

ငိုနေလို့လည်း ထူးလာမှာ မဟုတ်တဲ့အတူတူ တစ်ခုခုကိုတော့ လုပ်ရမည်။ ရက်ပေါင်းများစွာ ဆာလောင်ဖို့ မေ့နေတဲ့ ဗိုက်က ဆန္ဒပြလာသည်။ လောလောဆယ်တော့ အပြင်ထွက်ပြီး တစ်ခုခု စားဦးမှပါပဲ။

မျက်နှာသစ် အဝတ်အစားလဲကာ ကိုယ့်ကိုယ်ကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြုပြင်ပြီး အောက်သို့ ဆင်းလာခဲ့သည်။ ပြင်ပလောကနဲ့ ထိတွေ့မှု မရှိတာကြာသဖြင့် အနည်းငယ်ပင် အူကြောင်ကြောင် ဖြစ်နေသည်။ တွေဝေငေးမောရင်း လမ်းဘေးဆိုင်က ထမင်းဘူး တစ်ဘူး ဝယ်လိုက်သည်။ စတိုးဆိုင် တစ်ခုဘေးက အဖြတ်မှာ ဆိုင်အတွင်းက လွင့်ပျံလာသော ကြည်လင်အေးမြသည့် သီချင်းသံက သူမ၏ စိတ်ကို ညှို့ဆွဲယူသွားသည်။

“သူရဲကောင်းတစ်ယောက် လာနေတာကို ငါတွေ့တယ် .... အင်အားတွေက အပြည့်နဲ့ပေါ့ .... နင့်ရဲ့ ကြောက်စိတ်တွေကို ခွာချလိုက် နင့်မှာ ရှင်သန်ခွင့်ရှိကြောင်း နင်သိတယ် .... .... နင့်မှာ မျှော်လင့်ချက်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကုန်ဆုံးသွားပြီလို့ ခံစားနေရတဲ့အခါ နင့်ရဲ့အတွင်းစိတ်ထဲကို နင်ပြန်ကြည့်ပြီး အားရှိလိုက်စမ်းပါ .... နောက်ဆုံးမှာ အမှန်တရားကို တွေ့မှာပဲ .... .... .... အဲဒီသူရဲကောင်းဆိုတာ နင့်ရဲ့ကိုယ်ထဲမှာပဲ တည်ရှိနေတယ်”

သူမနားနဲ့ ဖမ်းဆုပ်လို့ရလိုက်တဲ့ စာသားတစ်ပိုင်းတစ်စလေးတွေက သူမရဲ့စိတ်တွေကို ပြန်လည် တက်ကြွလန်းဆန်းလာစေပါသည်။ ဆိုင်ထဲဝင်ပြီး ဘာသီချင်းလဲ၊ ဘယ်သူဆိုတာလဲဆိုတာကို မေးကြည့်တော့ မာရိုင်းကာရေရဲ့ ဟီးရိုးဟု သိခွင့်ရခဲ့သည်။ သီချင်းခွေကို ဝယ်ခဲ့ပြီး အခန်းထဲမှာ ထပ်ခါတစ်လဲလဲ ပြန်နားထောင်နေမိသည်။

သူရဲကောင်းတဲ့။ သူမကော သူမဘဝအတွက် သူရဲကောင်းတစ်ယောက် မဖြစ်နိုင်ဘူးလား။ အခု ဂျပန်ကို ဘာလာလုပ်တာလဲ။ အရှုံးပေးဖို့ လာတာ မဟုတ်ဘူး။ အောင်မြင်အောင် လုပ်ဖို့ လာတာ။ မေမေက သူမကို တစ်သက်လုံး “ဘာမှ အသုံးမကျဘူး” ဆိုတဲ့ စကားကို ပြောခဲ့ပေမယ့် ဒီကို တစ်ယောက်တည်း လွှတ်တာ ယုံကြည်လို့သာ လွှတ်ခဲ့တာဖြစ်မှာ။ ဒီတစ်ခေါက်ကော ဘာမှ အသုံးမကျတဲ့သူ အဖြစ်ခံ ချင်သေးသလား။ သူမ ပြန်ကြိုးစားမည်။ အောင်မြင်တဲ့ မော်ဒယ်လ်တစ်ယောက် မဖြစ်ဖြစ်အောင် လုပ်မည်။ လမ်းစပြန်ရှာမယ်။

နောက်နေ့ကစပြီး အားသစ်အင်သစ်တွေနဲ့ မော်ဒယ်လ် အေဂျင်စီတွေရဲ့ လိပ်စာတွေကို ဒိုက်ရက်ထရီထဲမှာ ရှာပြီး သူမ စတင် သွားရောက်စုံစမ်းတော့သည်။ သေရင်မြေကြီး၊ ရှင်ရင်ရွှေထီးပဲ ဟုတွေးကာ အဆိုးဆုံးကို မျှော်လင့်ထားပေမယ့် အကျင့်ဆိုတာ ရုတ်တရက် ဖျောက်ဖျက်ပစ်လို့ မရတဲ့အရာမို့ သွားခါနီးတိုင်း သူမ ရင်တွေခုန်ကာ ခြေဖျားလက်ဖျားတွေ

www.burmeseclassic.com

www.burmeseclassic.com



အေးစက်မြ်။ တစ်သက်လုံး သူမ ရင်ထဲမှာ အမြစ်တွယ်လာခဲ့သည့် အားငယ်မှုတွေကို လွယ်လွယ်ကူကူနှင့် မောင်းထုတ်ပစ်လို့မရ။ ကိုယ့်ကိုယ်ကို အားမကိုးလို့ မရဘူး ဆိုသောအသိနှင့် စိတ်ကိုတင်း၊ အသက်မှန်မှန်ရှူ ဟီးရိုးသီချင်းထဲက စာသားတွေကို ပြန်လည်ကြားယောင်ရင်း ကိုယ့်ကိုယ်ကို အားပေးရသည်။ တစ်ခါ ငြင်းပယ်ခံရပြီးတိုင်းလည်း စိတ်ဓါတ်တွေက ထိန်းမရနိုင်အောင် အောက်သို့ ထိုးကျသွားပြန်သဖြင့် နောက်ထပ် အေဂျင်စီတစ်ခုကို ထပ်ဝင်ရန် အားမရှိ။ ထို့ကြောင့် အားပြန်မွေးကာ နောက် အေဂျင်စီတစ်ခုသို့ နောက်တစ်ရက်မှ ထပ်သွားနိုင်သည်။ တစ်ခါတစ်ရံဆိုလျှင် သတ္တိပြန်မွေးရတာ တစ်ပတ်ခန့်အထိပင် ကြာသွားတတ်သည်။ အကြိမ်ပေါင်းများစွာ ငြင်းပယ်ခံရပေမယ့် အရှုံးမပေးဘူးဆိုသည့် စိတ်ဓါတ်ကို မွေးရင်း နောက်တစ်ခေါက်အတွက် ပြင်ဆင်ရသည်။ အားကိုးရာမဲ့သလို ခံစားရတော့မှ ဘုရား၊ တရားကို ပိုမို သတိရလာသည်။ နေ့စဉ် ဘုရားရှိခိုး၊ တရားထိုင်ဖြစ်လာသည်။ ဖေဖေနှင့် ငယ်စဉ်က မိုးကုတ် ဝိပဿနာကို လိုက်ကာတရားထိုင်ခဲ့ဖူးသော ကျေးဇူးကြောင့် သူမ တရားထိုင်တတ်ခြင်း ဖြစ်သည်။ သို့ပေမဲ့ စိတ်တွေကတော့ သိပ် မငြိမ်သက်လှသေး။

ကံကြမ္မာဆိုတာ ဆိုးပြီဆိုလျှင် အဆိုးတွေချည်း ဆက်တိုက်လာတတ်လေသလား။ ကြည်လင်အောင် ကြိုးစားထားတဲ့ သူမရဲ့ စိတ်ကလေးတွေ ထပ်မံ ညစ်နွမ်းရမယ့် အဖြစ်တွေနဲ့ ကြုံရလိမ့်မယ်လို့ သူမ ဘယ်လိုလုပ်ပြီး ကြိုတင်မျှော်လင့်ထားမိပါ့မလဲ။

၁၀

www.burmeseclassic.com

www.burmeseclassic.com



ကနေ့ မနက်လည်း ခါတိုင်းလိုပဲ စိတ်ဓါတ်တွေကိုကော လူကိုပါ ပြင်ဆင်ပြီး ကျန်ရှိနေသေးတဲ့ မော်ဒယ်လ်အေဂျင်စီတွေကို သွားရောက်ဖို့ သူမ ဘူတာရုံဘက်ကို တက်တက်ကြွကြွ ထွက်ခဲ့ပါသည်။

လမ်းမှာ မြန်မာလို စကားပြောသံကြောင့် ဝမ်းသာအားရ လှည့်ကြည့်လိုက်မိတော့ အမျိုးသားနှစ်ဦး။ တစ်ယောက်က သူမ လှည့်ကြည့်လိုက်ချိန်မှာပင် တစ်ဖက်သို့ ခပ်သုတ်သုတ် ထွက်သွားလေပြီ။

"မင်းက .... ရွှေလား"

ကျန်ရှိသောသူက သူမကို လှမ်းမေးသည်။ ထိုသူက သူမ အဖေ အရွယ်ခန့် ရှိမည်ဟု ခန့်မှန်းရပြီး ပုံစံက အတော်လေး စုတ်ပြတ်နေသည်။ ဟိုမှာတော့ မြန်မာဆို ရွှေလို့ ကိုယ့်ကိုယ်ကို ဂုဏ်တင်ခေါ်နေကြတာကိုး။

"ဟုတ်ကဲ့ ...."

"မင်း .... ကိုအောင်ထွန်း သမီးမဟုတ်လား .... မင်း အဖေနဲ့ ငါက သူငယ်ချင်းအရင်းကြီးတွေကွ ...."

"ဦးလေး .... လူမှားနေတယ်ထင်တယ် .... "

နှာခေါင်းထဲ ထောင်းခနဲဝင်လာတဲ့ အရက်နံ့ကြောင့် စကားဖြတ်ကာ လှည့်ထွက်ရန် ပြင်လိုက်သည်။ ဒီလောက် မနက်အစောကြီးမှာ သောက်ထားရသလားဟု တွေးနေမိစဉ် လက်ထဲက အိတ်ကို ဆောင့်ဆွဲခံလိုက်ရသဖြင့် အလန့်တကြား လှည့်ကြည့်လိုက်မိသည်။ ရှုပ်ထွေးနေသော လူတွေကြားထဲမှာ သူမ တစ်ယောက်တည်း ယောင်ချာချာဖြင့် တစ်ယောက် ယောက်ရဲ့လက်ထဲမှာ သူမရဲ့ လက်ကိုင်အိတ်ကို တွေ့လိုတွေ့ငြား လိုက်ရှာနေမိသည်။ ဘယ်မှာမှ မတွေ့တော့။ ဆွဲယူသွားသူက လျင်လွန်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမနှင့် စောစောက စကားပြောခဲ့သည့် လူကိုလည်း မတွေ့တော့။ သူပဲဖြစ်မှာလို့ တွေးရင်း ဝိုချလိုက်ချင်စိတ်ကို တင်းကာ ဦးတည်ရာမဲ့ လျှောက်သွားနေမိသည်။

အိတ်ထဲမှာ တစ်လစာ မေမေပို့ထားတဲ့ ငွေအကုန်ပဲ။ သူမ တစ်လလုံး ဘယ်လို ဆက်သွားမလဲ။ လကုန်ဖို့က အတော်လိုနေသေးသည်။ ဒီနေ့မှ ပတ်စ်ပို့နဲ့ စာရွက်စာတမ်းတွေ အခြားအိတ်ထဲမှာ ကျန်ခဲ့တာကိုပဲ ကျေးဇူးတင်ရမည်။ အတူနေသည့် မထူးမြတ်ကို အကူအညီတောင်းလို့ ရပေမယ့် မတောင်းချင်။ အပြောအဆိုခံ ရပြီးမှာ ရမည့် အကူအညီဖြစ်ကြောင်း သိထားခြင်းကြောင့် ဖြစ်သည်။ သူများတွေက အိမ်ကို ငွေပြန်ပို့နေတာ။ မထူးမြတ်က ကျောင်းသားတွေတောင် အလုပ်တစ်ဖက်နဲ့ ကျောင်းတက်နေကြတာဆိုပြီး သူမကို အိမ်က ငွေပို့ပေးနေရတာကို မကြာခဏ လှောင်သလို ပြောတတ်သည်။ အင်းလေ .... သူကိုယ်တိုင်ကလည်း ဂျပန်ကို စွန့်စွန့်စားစား တစ်ယောက်တည်းလာပြီး အလုပ်တစ်ဖက်နဲ့ ပညာရှာနေတဲ့ သူတစ်ယောက်ဆိုတော့ သူမကို အထင်သေးပေမပေါ့။

ဆယ်တန်းအောင်ပြီး ဂျပန်ကိုလာ။ အလုပ်တစ်ဖက်နှင့် ကျောင်းတက်။ ပြီးတော့ ဆေးကျောင်းတက်ကာ ဆရာဝန်ဘွဲ့ရအောင် လုပ်ခဲ့သည်။ အခုတော့ ဆရာဝန်လုပ်ရင်း နောက်တစ်ဘွဲ့အတွက်ပါ ဆက်တက်နေသူ။ သူမရဲ့ထက်မြက်မှု၊ ကိုယ့်ကိုယ်ကို ယုံကြည်မှု၊ သူတစ်ပါးကို အထင်သေးမှုတွေက ရွှေရောင့်ကို သူ့အနားမှာ နေရတိုင်း သိမ်ငယ်စိတ်များစွာ ဝင်စေခဲ့သည်။ သူ ဘဝင်မြင့်မည် ဆိုလည်း မြင့်ချင်စရာပါ။ သူ့လို နိုင်ငံရပ်ခြားကို စွန့်စွန့်စားစား လာပြီး ဘဝကို ကြိုးစား တည်ထောင်သူ သိပ်များများစားစား မရှိတာ။ အထူးသဖြင့် ဂျပန်လို နိုင်ငံမျိုးမှာ ပညာလာရှာသူထက် ပိုက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



လာရှာသူတွေသာ များသည် မဟုတ်လား။

မေမေက မထူးမြတ်ကို ဂျပန်ရောက်အောင် ကူညီပေးခဲ့သူ ဖြစ်သည့် အပြင် အခုလက်ရှိအချိန်ထိလည်း သူ့အိမ်ကို ငွေလွှဲသည့် ကိစ္စကို ကူညီ ဆောင်ရွက်ပေးနေရဆဲဖြစ်သည်။ မေမေက သူမကို မထူးမြတ်နှင့် နေမှ စိတ်ချမည်ဟုဆိုကာ အစစအရာရာ ကူညီစောင့်ရှောက်ပေးရန် ဖုန်းဖြင့် အပ်နှံ ခဲ့သည်။ သူမ ရောက်သည့်နေ့က သူမကို လေဆိပ်မှာ လာကြိုပေးကာ သူမကို သူနှင့်အတူ နေခွင့်ပေးခဲ့သော်လည်း မေမေထင်နေသလို မေမေ့ကို ကျေးဇူးအတင်ကြီးတင်နေတာမျိုးတော့ မဟုတ်ဟု သူမ ယူဆမိသည်။ မေမေ ကူညီပေးခဲ့လို့ ဂျပန်ရောက်ရတယ်ဆိုပေမယ့် ကူညီမှုက အလကား မတ်တင်း မှ မဟုတ်ဘဲ။ ပေးသင့်ပေးထိုက်တဲ့ ငွေကြေးတွေကို ပေးခဲ့ပြီးသားမို့ သူ့ဘက် ကလည်း အားလုံး ကျေပြီဟု ယူဆထားပြီးသား။ သူ့ဘက်က သူနှင့် ဒေါ်မေမြရောင်တို့၏ ဆက်ဆံရေးမှာ အလုပ်သဘောသက်သက်သာ ဖြစ်သည်။ ဒါကို မေမေကတော့ သိရှာမည် မထင်။ သူမကလည်း မေမေ့ကို မပြောရက် ပေ။ မေမေဖုန်းဆက်တိုင်း လူကြီးပီပီ မထူးမြတ်ကို လူရင်းတစ်ယောက် လို ဆက်ဆံပြောဆိုနေ၊ ခိုင်းနေတာတွေကို မထူးမြတ် မကြိုက်မှန်း သူမ သိနေ၊ မြင်နေပေမယ့် မေမေကတော့ သိရှာလိမ့်မည် မဟုတ်။ သူမကတော့ မထူးမြတ် မေမေ့ကို မကျေနပ်တိုင်း သူမကို ရိရွဲတ်စောင်းမြောင်းပြောဆို နေသည့် စကားများနှင့် နေသားကျနေတာ ကြာပြီဖြစ်သည်။ ထို့ကြောင့် သူမ ဒုက္ခတွေကို သူ့ကို ဘာမှ မပြော၊ မဆို၊ မညည်းတွားမိအောင် သတိ ထားသည်။ ဘာပဲဖြစ်ဖြစ် သူများတွေလို ဖျာလေးချပ် အခန်း၊ ဖျာငါးချပ် အခန်းတွေမှာ ပေါင်းနေရသည့် ဒုက္ခတွေ မခံစားရသည့်အတွက် သူမ မထူးမြတ်

www.burmeseclassic.com

www.burmeseclassic.com



ကို အလွန်ကျေးဇူးတင်ပါသည်။ တချို့နေရာတွေမှာဆိုရင် ယောကျ်ားလေးတွေနဲ့ မိန်းကလေးတွေတောင် ပေါင်းနေရသည်တဲ့။ ပြီးတော့ ရေချိုးခန်းမပါတဲ့ အခန်းတွေလည်း ရှိသည်ဟု ကြားသိရသည်။ သူမသာ ဒီလိုမျိုးနေရရင်ဟု တွေးလိုက်မိရုံနှင့်ပင် အတော်လေး ကျောချမ်းမိသည်။

သူမအတွက် နေစရာ မပူရတာမို့ စားဖို့၊ သွားဖို့သာ ငွေလိုသည်။ ဒါပေမယ့် လိုတာကတော့ လိုတာပဲမို့။ သူမ ဘယ်လိုများ ဖန်တီးရပါ့မလဲ။ မေမေ့ကို ဖုန်းဆက်ပြီး ထပ်တောင်းဖို့လည်း မလွယ်။ ဟိုတစ်ခေါက် ဖုန်းဆက်စဉ် မထူးမြတ်ရဲ့ သူမ အသုံးအဖြုန်း ကြီးလွန်းသည်။ အမှန်ဒီလောက်ငွေပို့စရာမလိုဟု မေမေ့ကို အတို့အထောင်လုပ်ကာ ပြောထားသည့် စကားကိုပင် သူမ မနည်း ဖြေရှင်းထားရသည်။ သူမ သူများတွေထက် ပိုသုံးတာကတော့ မှန်သည်။ သို့သော် ဖြုန်းတီးနေခြင်းတော့ မဟုတ်ပေ။အသားအရေ ထိန်းသိမ်းသည့် ဆေးတွေ၊ မိတ်ကပ်တွေ၊ အဝတ်အစားဖိုးတွေက သူမ အလုပ်အတွက် မဖြစ်မနေလိုတာမို့ ဝယ်ရသဖြင့် သူများတွေထက် ပိုကုန်ရခြင်းဖြစ်သည်။ အရင်က ဘာအသားအရေ ထိန်းသိမ်းသည့် ပစ္စည်းတွေမှ မသုံးစွဲခဲ့ဘဲ အသားအရေ အရမ်းလှတယ်လို့ အပြောခံခဲ့ရပေမယ့် သင်တန်းမှာ ဒါတွေကို သုံးမှ နုပျိုမယ့်၊ လှမယ်လို့ ဆိုပြန်တော့ ဝယ်သုံးကြည့်ရင်း သုံးတတ်လာခဲ့သည်။ အရင်က မိတ်ကပ်လိမ်းခဲသူမို့ အသားအရေ ပျက်စီးမှာ သိပ်မကြောက်ရပေမယ့် အခုတော့ မိတ်ကပ် မကြာခဏ လိမ်းနေရသဖြင့် ပျက်စီးသွားနိုင်သည်ဟု တွေးကာ အလွန်ဈေးကြီးသော သူတို့ညွှန်းသည့် တံဆိပ်တွေကို ဝယ်သုံးနေရသည်။ ထို့အပြင် သူမက အသီးအနှံကြိုက်သူမို့ အသီးအနှံရှားသော အရပ်ဒေသတွင် မနေနိုင်စွာ ဝယ်စားမိ

www.burmeseclassic.com



သဖြင့် ကုန်တာတွေလည်း ရှိသည်။ ဒီမှာ အသီးအနှံဈေးတွေက ကြီးလွန်းလှသည်။ လိမ္မော်သီးက ဈေးအပေါဆုံးမို့ လိမ္မော်သီးကိုသာ သူမ မကြာခဏ ဝယ်စားနေရသည်။

ဒီလို အခြေအနေမှာ သူမ ပိုက်ဆံအိတ် အလုခံရလို့ပါလို့ပြောပြီး ငွေထပ်မှာရင် မေမေက ဘယ်လိုမှ ယုံနိုင်မည်မထင်။ "သိပ်မသုံးနဲ့ ရွှေရောင် .... ဒီမှာလည်း မြေတွေဝယ်ထားလို့ ငွေတွေ မြုပ်နေတယ်" တဲ့။ မေမေ့ကို သူမ ဒုက္ခမပေးချင်ပါ။ သူမ ဒီကို လာရတဲ့ စရိတ်၊ သင်တန်းကြေးနှင့် (၇)လစာ ပို့ရသည့် ငွေကြေးပမာဏက နည်းနည်းနောနောမှ မဟုတ်တာ။ သူမတို့က ချမ်းသာသည်ဟု ဆိုနိုင်သည့် အခြေအနေမှာ ရှိသော်လည်း လုပ်ငန်းတွေထဲမှာ ငွေတွေ မြုပ်နေတာ၊ သူများဆီက ပိုက်ဆံလှည့်ထားရတာတွေ ရှိနေမှန်း သူမ သိသည်။ တကယ်တော့ အကြွေးမရှိတာကမှ ပိုချမ်းသာသေးသည်ဟု သူမ ခံစားမိသည်။ မေမေ့ကိုယ်စား စိတ်မောရင်း ဖေဖေ့လစာနှင့် မိသားစု လောက်ငအောင် ခြိုးခြံကာနေထိုင်ရသည့် အေးချမ်းသောဘဝမျိုးကို ပိုလိုလားတောင့်တမိသည်။ ဒါပေမယ့် မေမေက သူများရွှေဆိုရွှေ၊ စိန်ဆိုစိန် အမြဲတမ်း တန်းတူ လိုက်နေနိုင်မှ ကျေနပ်သည်။ သူများအိမ်မှာရှိတဲ့ပစ္စည်းတွေ ငါ့ဆီမှာမရှိတာမျိုး မဖြစ်ရဘူးဆိုသည့် အတွေးရှိသူမို့ လက်ရှိအခြေအနေကို မရောင့်ရဲနိုင်ဘဲ ဆက်လက်၍သာ ရှာဖွေနေသည်။ ဘာပဲဖြစ်ဖြစ် မိန်းမတစ်ယောက် ဒီလို ပိုက်ဆံရှာရတယ်ဆိုတာ သိပ်လွယ်ကူတဲ့ ကိစ္စတော့ မဟုတ်လှ။

အတွေးတွေနှင့် လျှောက်လာမိတဲ့သူမကို ရုတ်တရက် လက်မောင်းမှ ဖမ်းဆွဲလိုက်သူကြောင့် အလန့်တကြား လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကေကိုစံ"

"မီရှဲလ်"

မီရှဲလ်သည် သူမနှင့် မော်ဒယ်လ်သင်တန်း အတူတက်ခဲ့သော ဂျပန်မလေးဖြစ်သည်။ မော်ဒယ်လ်လုပ်ဖို့အတွက် မြန်မာနာမည်နှင့် မဖြစ်ဟု ဆိုသဖြင့် နာမည်ရွေးကြတော့ သူမက အင်္ဂလိပ်နာမည်ကို မယူလို။ ထို့ကြောင့် ငယ်စဉ်က ရုပ်မြင်သံကြားမှာ ကြည့်ကာ နှစ်သက်စွဲလန်းခဲ့တဲ့ စန္ဒရားတီးတဲ့ ဂျပန်မလေး၏ နာမည်ကို ယူလိုက်သဖြင့် သူမနာမည် "ကေကို" ဖြစ်သွားခြင်းဖြစ်သည်။ သူမက ဂျပန်နာမည်ကို ရွေးချယ်ခဲ့ပေမယ့် သူမ သူငယ်ချင်း ဂျပန်မလေးကတော့ ဘိုနာမည် မီရှဲလ်ကိုမှ ကြိုက်သည်တဲ့။ တကယ်တော့ အရပ်ငါးပေ၊ လေးလက်မခန့်သာ ရှိသော မီရှဲလ်သည် မော်ဒယ်လ်လုပ်ဖို့ကို အလွန်အမင်း စိတ်အားထက်သန်သူ တစ်ဦးတော့ မဟုတ်ပေ။

ဂျပန်မလေးက သူ တက္ကသိုလ် တက်နေကြောင်း ပြောပြသည်။ သူက အေဂျင်စီက ရွေးချယ်ခံရသူစာရင်းမှာ မပါဝင်ခဲ့တာမို့ သူမကို အလွန်ကံကောင်းသူ တစ်ယောက်ဟု ထင်နေသူ။ သူမရဲ့ အဖြစ်အပျက်တွေကို ပြောပြလျှင်လည်း ယဉ်ကျေးမှုကွာဟခြင်းကြောင့် နားလည်စရာ အကြောင်းမရှိဟု တွေးမိကာ မပြောပြဖြစ်တော့။

"နင် .... ငါ့ကို အလုပ်လေး .... ဘာလေးများ ရှာမပေးနိုင်ဘူးလား ...."

ကိုယ့်အခက်အခဲကို ဘယ်လို ဖြေရှင်းရမလဲဟု တွေးတောနေစဉ် ပထမဆုံးတွေ့ရသူကို အကူအညီ တောင်းလိုက်မိခြင်းဖြစ်သည်။

"နင်က အလုပ်လုပ်မလို့ .... ဘယ်လို အလုပ်မျိုးလဲ ...."

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်မလေးက မျက်လုံးအဝိုင်းသားဖြင့် ပြန်မေးသည်။ သူ့စိတ်ထဲမှာ မော်ဒယ်လ်အလုပ်ဖြင့် သူမ အဆင်ပြေနေပြီလို့ ထင်နေသလားမသိ။

"စားပွဲထိုး ဖြစ်ဖြစ်ကွာ .... အချိန်ပိုင်းပေါ့ .... ငါ ပိုက်ဆံသိပ်လိုနေလို့ ...."

"စားပွဲထိုးက လွယ်ပါတယ် .... ဆိုင်ရှေ့မှာ အလိုရှိသည်လို့ ရေးထားတဲ့ ဆိုင်းဘုတ်တွေ့ရင် ဝင်မေးလိုက်ပေါ့ ...."

သူပြောတာကျတော့လဲ လွယ်လိုက်တာ။ သူများတွေပြောတော့ ပွဲစားတွေ၊ ဘာတွေနဲ့တောင် ရှာရတယ်တဲ့။ သူပြောသလောက် လွယ်နေမှတော့ ဘယ်သူက ပွဲစားနဲ့ ရှာတော့မှာလဲ။

"နင်တို့ လူမျိုးအချင်းချင်း ပြောရင် ငါ့အတွက် ပိုလွယ်မလား မသိဘူး .... နင်လိုက်ပြောပေးနိုင်မလား"

"ရတယ် .... ငါလည်း အားနေတာပဲ"

သူက အလွယ်တကူ သဘောတူလိုက်သဖြင့် သူမ သက်ပြင်းချလိုက်သည်။ သူမတို့နှစ်ယောက် ဆိုင်တွေကို လိုက်ကြည့်ရင်း တစ်နေရာရောက်တော့ စားပွဲထိုးအလိုရှိကြောင်း ဆိုင်းဘုတ်တွေ့ရသည်။ မီရှဲလ်က ဆိုင်ထဲဝင်သွားပြီး သူမ အလုပ်လုပ်ချင်သည့်အကြောင်းကို ပြောပေးသည်။ မီရှဲလ်က သူမကို သူ့သူငယ်ချင်းဖြစ်ကြောင်း၊ သူမကတော့ တက္ကသိုလ် ကျောင်းသူဖြစ်ကြောင်း ပြောသဖြင့် ဆိုင်က အဘိုးကြီးက သူမကိုပါ တက္ကသိုလ်ကျောင်းသူဟု ထင်သွားပုံရသည်။ နည်းနည်းပါးပါး မေးမြန်းပြီးတော့ ....

"ဒီနေ့ ညနေ (၅)နာရီမှာ စဆင်းနိုင်မလား" ဟု မေးသည်။

အလုပ်ရလိုက်သဖြင့် မီရှဲလ်ကို ကျေးဇူးတင်စကားတွေ အထပ်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ပြောနေမိသည်။ မြန်မာတွေက ခင်မင်မှုကို သိပ်အခွင့်အရေးယူတတ်တာပဲ လို့များ ယူဆသွားလေသလား။ အားနာပေမယ့် မတတ်နိုင်။ ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် ကိုယ့်အခက်အခဲကို ကိုယ်တိုင် ဖြေရှင်းဖူးခြင်း ဖြစ်သည်။ ဒါ့အပြင် ကိုယ့်ပိုက်ဆံကိုလည်း ပထမဆုံးအကြိမ်အဖြစ် ကိုယ်တိုင်ရှာဖို့ စတင် ကြိုးစားမိခြင်းပင်။

လူတကာလုပ်နေကြသဖြင့် သိပ်မခက်တဲ့ကိစ္စဟု သူမယူဆခဲ့သော စားပွဲထိုးအလုပ်က ထင်ထားသလောက် မလွယ်ကူလှပါ။ ဂျပန်အစားအစာများ နာမည်များအားလုံးကို သေသေချာချာ မသိသဖြင့် အစမှာ အတော်လေးဒုက္ခရောက်ရသည်။ မီးဖိုချောင်မှ အကြော်ဆရာက မြန်မာဖြစ်နေတာ သူမအတွက် အလွန်ကံကောင်းသည်။ သူမ သိပ်မသဲကွဲသည့် ဟင်းတွေကို သူက “. . . ဒါလား . . . ဒါလား” ဟု ဆိုကာ ပြန်ရွတ်ပြသဖြင့်သာ သူမ မှားမပြောမိခြင်း ဖြစ်သည်။

အကယ်ပင်ပန်းသလို တကယ်လည်း ပိုက်ဆံရသဖြင့် လကုန်ရင် မေ့မေ့ကိုတောင် ပိုက်ဆံမပို့ပေးနဲ့တော့။ သူမ အဆင်ပြေနေပြီလို့ ပြောရင် ကောင်းမလားဟု တွေးနေမိသည်။သူများတွေလို အိမ်ကို ပြန်ပို့စရာမလိုဘဲ သူမ တစ်ယောက်စာမို့ မလောက်မှာ ပူစရာ အကြောင်းမရှိလှ။ အလုပ်က မြဲနေဖို့သာ လိုသည်။ ဒါပေမဲ့ သူမ ဘဝမှာ မထင်မှတ်ထားတာတွေ အမြဲဖြစ်တတ်တယ်ဆိုတာကို သူမ မေ့နေခဲ့သည်။

အဲဒီနေ့က ဆိုင်မှာ လူအတော်ကျနေသည်။ ညနေဘက်ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဆင်းချိန်မှာ အဖွဲ့လိုက်လာကာ စားကြသောက်ကြသူတွေနှင့် ဆိုင်တွင်းမှာ စည်ကားနေသည်။ မှာသည်များကိုမှတ် အနောက်ကိုပြော၊ ရလျှင် မမှားအောင်သတိထားကာ ချရသဖြင့် သူမ စိတ်ရှုပ်ထွေးနေသည်။ ထိုစဉ်အနောက်မှ သူမ တင်ပါးကို လက်နှင့်အပုတ်ခံလိုက်ရသဖြင့် သူမ ဆတ်ခနဲလှည့်ကြည့်လိုက်မိသည်။ အရက်ခိုးတွေနှင့် ရီဝေဝေနှင့် မျက်လုံးတစ်စုံ။ ဒေါသကြောင့် တစ်ဆတ်ဆတ်တုန်သွားပေမယ့် ကိုယ့်ကိုယ်ကို ထိန်းကာ မသိယောင်ပြုပြီး မီးဖိုဘက်ကို ဝင်ကာ မှာစရာရှိတာတွေကို မှာလိုက်သည်။ သူတို့နိုင်ငံမှာ လာအလုပ်လုပ်မိတာနဲ့ သူတို့ လုပ်သမျှ ငြိမ်ခံနေရတော့မှာလားဆိုတဲ့ မကျေနပ်စိတ်၊ ဝမ်းနည်းအားငယ်စိတ်နှင့် ဒေါသအတွေးတွေက သူမကို ဖုံးလွှမ်းနေသည်။ သူ့ဘေးက စားပွဲကို စားစရာ သွားမချချင်ပေမယ့် ရှောင်နေလို့ မရတဲ့ အခြေအနေမို့ သတိထားရင်း ထွက်လာခဲ့သည်။ ထင်တဲ့အတိုင်း အနားကဖြတ်တော့ သူမ လက်ကို ဖမ်းဆွဲပြန်သည်။ ရှောင်ကာ ရုန်းလိုက်သဖြင့် လက်ထဲက ပန်းကန်တွေ ကျကွဲကုန်သည်။ နဂိုထွက်လက်စ ရှိသည့် ဒေါသက သူမကို ဘာမှ မမြင်စေတော့။ စားပွဲပေါ်မှာ ချထားသည့် အချဉ်ရည်ဘူးကို ကောက်ကာ ထိုသူ့မျက်နှာဆီသို့ ပက်ထည့်လိုက်မိမှန်းသူမ လက်ကို လူတစ်ယောက် လာဆွဲမှ သိလိုက်တော့သည်။ ထိုင်ရာမှ အပြေးတစ်ပိုင်းထလာသည့် ဆိုင်ရှင်နှင့် ဘယ်လိုရင်ဆိုင်ရမလဲ တွေးနေစဉ် ဆွဲခေါ်သွားသည့် လက်တစ်ဖက်ကြောင့် ဆိုင်နှင့်အတော်ဝေးရာ လမ်းမပေါ်သို့ ရောက်လာခဲ့သည်။ သူမ တစ်ကိုယ်လုံး တစ်ဆတ်ဆတ်တုန်ကာ ပူထူနေဆဲ။

"ဘာလုပ်တာလဲ .... လွှတ် .... လွှတ်"

အတော်ဝေးဝေးရောက်မှ သတိဝင်ကာ အော်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အသားညိုညို၊ အရပ်မြင့်မြင့်နှင့် မြန်မာဟုထင်ရသူ အမျိုးသားတစ်ဦး၊၊သူက သူမ လက်ကို လွှတ်ပေးသည်။

"မင်း ဟိုမှာဆက်နေရင် ပြဿနာရှင်းဖို့ မလွယ်ဘူး .... မင်းက သိပ်စိတ်ကြီးတာကိုး .... မင်းလုပ်လိုက်တာ အဲဒီ ဂျပန်ရဲ့ မျက်လုံးထဲတောင် ငရုတ်ဆီတွေ ဝင်ကုန်တယ် .... ဆိုင်ရှင်က သူ့ကက်စတန်မာ ကျေနပ်အောင် မင်းကို ရဲခေါ်အပ်ရင်အပ်မှာ"

"အို အပ်အပ်ပေါ့ .... ကျွန်မမှာ အပြစ်မှ မရှိတာ .... ဂရုမစိုက်ဘူး .... ဒါမျိုး လက်သရမ်းတာကို ငုံ့ခံနေရမှာလား"

"အာဂလေးပါလား .... မင်းက "အို" မဟုတ်ဘူးလား"

"အို" ဆိုတာက တရားမဝင် ခိုးနေတဲ့ အိုဗာစတေးကို ပြောတာမှန်း သူမ သဘောပေါက်လိုက်သည်။

"ဘယ်ကလာ ဟုတ်ရမှာလဲ .... ဗီဇာက (၄)လနီးပါးကျန်သေးတယ် ရှင့် ...."

"ငါက .... မင်းကို အိုထင်လို့ စိတ်ပူပြီး ဆွဲခေါ်လာတာ .... ဘာပဲဖြစ်ဖြစ် သူများနိုင်ငံမှာ ပြဿနာမတက်တာ အကောင်းဆုံး မဟုတ်လား .... မင်းက ကျောင်းလာတက်တာလား ...."

မော်ဒယ်လ်လုပ်ဖို့ လာတာလို့ ပြောရန်ပြင်ပြီးမှ ပြောမိတိုင်း အကြည့်ခံနေရတဲ့ အထင်သေးတဲ့ အကြည့်တွေကို သတိရသွားသဖြင့်

"ဘာလုပ်လုပ် ရှင့်အပူလား" ဟု ဘုတောပစ်လိုက်သည်။

"ငါက အကောင်းမေးတာပါကွ ... ဟော့ ဒါက ဘယ်လဲ"

"ကျွန်မ ပစ္စည်းတွေ ဆိုင်မှာ ကျန်ခဲ့တယ် .... သွားပြန်ယူမလို့"

www.burmeseclassic.com

www.burmeseclassic.com



"အခုက ပြဿနာတက်နေတုန်းအချိန်မို့ သွားမယူသေးရင်ကောင်းမယ် .... ဆိုင်ပိတ်ကာနီးမှ သွားယူရအောင် .... ဆိုင်တစ်ဆိုင်မှာ ခဏထိုင်ပြီး စောင့်ကြရင် မကောင်းဘူးလား .... မင်းလည်း ညစာ မစားရသေးဘူးမဟုတ်လား"

မြန်မာအချင်းချင်းဆိုပေမယ့် တစ်ခါမှ မတွေ့ဖူးတဲ့ သူတစ်ဦးနဲ့ယုံကြည်စွာ အတူ စားသောက်ဖို့ ဆိုတာကိုတော့ သူမ တွေဝေသွားမိသည်။ သူ့မျက်နှာကို အခုမှ သေသေချာချာ လှမ်းကြည့်လိုက်မိသည်။ သူမထက် (၅)နှစ်လောက်တော့ အနည်းဆုံးကြီးမည်ဟု ခန့်မှန်းမိသည်။ နှစ်လိုဖွယ်အပြုံးနှင့် သဘောကောင်းမည်ဟု ယူဆရသော ရုပ်မျိုး။ အမျိုးသားတစ်ဦးအတွက် အနည်းငယ်ရှည်သော လှိုင်းတွန့်များပါသည့် ဆံပင်တွေက ဂုတ်ပေါ်မှာကော မျက်နှာပေါ်မှာပါ ဝဲကျနေသည်။ သူ့မျက်နှာကျက ဂျပန်မင်းသားဟင်နရီဆနားဒါးနှင့်ပင် ခပ်ဆင်ဆင် တူနေသေးသည်။ ဂျင်းဘောင်းဘီမိုးပြာရောင်၊ ကင်းထရီးစတိုင် ရှပ်အဖြူကို အပြင်ထုတ်ကာ ဝတ်ထားသည်။ ပခုံးတစ်ဖက်ပေါ်မှာတော့ တစောင်းလွယ်ထားသည့် အနက်ရောင် ကျောပိုးအိတ်တစ်လုံး။ သူက သူ့ကို အကဲခတ်နေသော သူမကို ရိပ်မိစွာ

"ဘာလဲ .... ကိုယ့်ကို မယုံဘူးလား .... ကြောက်လို့လား" ဟုပြုံးထေ့ထေ့နှင့် ပြောသည်။

"အောင်မာ .... ဘာလို့ ကြောက်ရမှာလဲ"

မခံချင်သော စိတ်ကို ပြန်ပြောရင်း သူ့နောက်လိုက်ခဲ့မိသည်။ ဂျပန်ရောက်ပြီးမှ သူမလည်း ပို ရန်လိုတတ်လာပုံရသည်။ ကြောက်စရာတော့လည်းမရှိပါ။ စားသောက်ဆိုင်ထဲဝင်ထိုင်မှပဲ ဆိတ်ကွယ်ရာကို သွားတာမှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ။ ဂျပန်ကိုတောင် တစ်ယောက်တည်း လာခဲ့ပြီးမှတော့ တော်ရုံတန်ရုံကိစ္စတွေကို ကြောက်မနေတတ်တော့။

ဆိုင်မှာ ထိုင်မိကြတော့မှ ထိုသူက သူ့နာမည် "သစ်နောင်"ဖြစ်ကြောင်း စတင် မိတ်ဆက်လာသည်။

"ကျွန်မ နာမည် ရွှေရောင်"

"ဒီကို မော်ဒယ်လ် လုပ်ဖို့လာတဲ့ ရွှေရောင်ဆိုတာလား"

သူမ အံ့သြသွားသည်။

"ဘယ်လိုသိတာလဲ"

"မင်းက နာမည်ကြီးပဲ"

"ဘယ်လို နာမည်ကြီးတာလဲ"

"မင်းသိချင်မှာ မဟုတ်ပါဘူး .... ကဲ ဒါထားပါ .... အခု ဘယ်လိုကနေ ဘယ်လို မော်ဒယ်လ် မလုပ်ဘဲ စားပွဲထိုး လုပ်နေရတာလဲ"

သူမရဲ့ ဒုက္ခတွေကို ရင်ဖွင့်ရမယ့်သူ မရှိဘဲ ဖြစ်နေတာ ကြာပြီမို့ မေးသူရှိစဉ်မှာ ပွင့်အံကျကာ အစအဆုံး ပြောပြမိသည်။ သူက နောက်တွေ့ချင်မှ တွေ့တော့မယ့်သူ မဟုတ်လား။ ထို့ကြောင့် မပြောသင့်တာတွေ ပြောဆိုညည်းညူမိလည်း သိပ်တော့ ကိစ္စရှိမည်မဟုတ်ဟု တွေးရင်း အားလုံးကို အိတ်သွန်ဖာမှောက် ပြောမိလေတော့သည်။

သူမ စကားအဆုံးမှာ သူက သက်ပြင်းတစ်ချက်ချရင်း "ကိုယ်တောင် နားထောင်ရတာ မောသွားတာပဲ"ဟု ဆိုသည်။ တကယ် ဟုတ်မဟုတ် မသိပေမယ့် သူမရဲ့ဒုက္ခတွေကို လျှောင်ပြောင်မပစ်လိုက်တာကိုပဲ ကျေးဇူးတင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ သင့်တော်မယ့် ယာယီအလုပ်တစ်ခုတော့ ကိုယ့်မှာ ရှိတယ် .... မော်ဒယ်လ်တော့ မော်ဒယ်လ်ပဲ .... ခါတ်ပုံမော်ဒယ်လ်ပေါ့ .... မင်း စိတ်ဝင်စားမလား မသိဘူး"

ကိုသစ်နောင်က သူ ဂျပန်မှာ ကင်မရာ ထရိန်နင် လာယူတာဖြစ်ကြောင်း၊ သူ့အတွက် မော်ဒယ်လ်တစ်ယောက် လိုကြောင်းရှင်းပြသည်။

"မင်းကို ကိုယ်က ပိုက်ဆံအများကြီးတော့ ပေးနိုင်မှာ မဟုတ်ဘူးနော် .... မင်းကြိုက်မှ လုပ်"

သူ့စကားကြောင့် သူမ ပြုံးမိသွားသည်။

"ထမင်းကျွေးရင် ရပါပြီ" ဟု ရယ်ရင်း ပြန်ပြောလိုက်မိသည်။ ကိုယ့်အကြောင်းတွေ ပြောမိခြင်းကြောင့်လား။ အဖော်ငတ်နေလို့လား မသိ။ တစ်ခဏဆိုတဲ့ အချိန်လေးအတွင်းမှာ တစ်သက်လုံး ရင်းနှီးလာသူတွေလို စိတ်ထဲ ခံစားနေရတာလား အံ့သြစရာကောင်းလှသည်။

"ကဲ .... ဒီအချိန်လောက်သွားရင် အတော်ပဲ"

သူပြောမှ ကျန်ခဲ့သည့် သူမ အိတ်ကို သွားယူရန် သတိရတော့သည်။ စကားကောင်းနေသဖြင့် အချိန်ကုန်လို့ ကုန်သွားမှန်းပင် မသိလိုက်။ သူမတို့ ဆိုင်နားမရောက်မီ သူမ ဆိုင်က အကြော်ဆရာကို လှမ်းတွေ့လိုက်သည်။ သူက သူမကိုတွေ့တော့ သူကိုင်လာသည့် သူမရဲ့အိတ်ကို လှမ်းပေးရင်း

"တော်သေးတာပေါ့၊ မင်းဘယ်မှာ နေမှန်းလဲ ငါက မသိဘူး .... သူဌေးကတော့ အကြီးအကျယ်ကို စိတ်ဆိုးနေတယ် .... နင်ပျောက်သွားတော့ ငါ့ကိုပဲ မဲနေတာပေါ့ ... မင်းတို့ မြန်မာတွေက ဘာဖြစ်တယ်၊ ညာဖြစ်တယ်နဲ့ ရစရာ မရှိအောင် ပြောနေတာ နားကို ငြီးနေတာပဲ .... ငါလည်း အလုပ်ပြုတ်မှာ

www.burmeseclassic.com

www.burmeseclassic.com



စိုးလို့သာ မနည်း သည်းခံနေရတာ .... ဆိုင်ကိုတော့ ပြန်သွားဖို့ စိတ်မကူးနဲ့ တော့ .... ကဲ ငါသွားတော့မယ်"

"ဟုတ်ကဲ့ ကျေးဇူးအရမ်းတင်ပါတယ်နော်"

ခပ်သွက်သွက်ထွက်သွားသော အကြော်ဆရာ၏ နောက်ကျောကို လှမ်းငေးနေမိသည်။ သူက အိမ်ကို ပေါင်ကာ ထွက်လာသူတဲ့။ အခုထက်ထိ အိမ်ကို ပြန်မရွေးနိုင်သေး။ အလုပ်ကို တချို့ရက်တွေမှာ နှစ်ဆိုင်း၊ တချို့ ရက်တွေမှာ သုံးဆိုင်းဆင်းနေရသည်။ မနေ့က အပူလောင်ထားတဲ့ လက်က ဒဏ်ရာ သက်သာပြီလားတောင် မမေးလိုက်မိ။ နာနေလည်း အလုပ်က လုပ်နေရရှာတာပါပဲ။ သူ့အကြောင်း တွေးမိသဖြင့် ကိုယ့်ဒုက္ခတွေကိုပင် ခေတ္တမေ့သလို ဖြစ်သွားသည်။

"ဆိုင်ရှင်က ကျွန်မကို လိုက်တော့ ရှာမနေလောက်ပါဘူးနော်"

"အံမယ်လေး .... အခုမှ ကြောက်နေရသေးတယ် .... စောစော ကတော့ ဆွဲခေါ်လာတာကိုတောင် ရန်စွယ်ငေါငေါနဲ့ .... ဆိုင်ရှင်က မင်းကို အပင်ပန်းခံပြီး လိုက်မရှာနေဘူး စိတ်ချ ...."

ကိုသစ်နောင်က သူမကို သူမ တိုက်ခန်းအောက်အထိ ပြန်ပို့ပေး သည်။ အခန်းကို ရောက်တော့ မထူးမြတ် ပြန်ရောက်နေတာကို တွေ့ရသဖြင့် ရင်ထဲ ထိတ်ကနဲ ဖြစ်သွားသည်။ ကိုသစ်နောင်နဲ့အတူ ရယ်မောစကားပြောလာ တာကိုများ မြင်သွားလေမလား။ အို မြင်လည်း ဘာဖြစ်သေးလဲ။ ကိုယ်မဟုတ် တာ လုပ်တာမှ မဟုတ်တာဘဲဟု တွေးကာ ပခုံးတစ်ချက် တွန့်ရင်း ထိုအတွေး ကို မေ့ပစ်လိုက်သည်။

၉၁

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာမှားနေသလဲ .... သိလား"

ကူးပြီးကာစ ဓါတ်ပုံတွေကို ကြည့်နေတုန်း မေးလိုက်သော ကိုသစ်နောင်၏ စကားသံကြောင့် သူမ မော့ကြည့်လိုက်မိသည်။ ကိုသစ်နောင်က သူမနံဘေးမှာ မတ်တပ်ရပ်ရင်း ကိုယ်ကို ကိုင်းကာ သူမ အပေါ်က မိုးပြီး ဓါတ်ပုံတွေကို ငုံ့ကြည့်ရင်း ပြောနေခြင်းဖြစ်သည်။ ရိပ်မိုးနဲ့တောင် ချစ်သူတွေ မဖြစ်ခင်က ဒီလောက် နီးနီးကပ်ကပ် မနေဖူး။ ဒါပေမဲ့ ကိုသစ်နောင်ကို သူစိမ်းယောကျ်ားလေးတစ်ယောက်လို မယူဆမိဘဲ ကိုယ့်အစ်ကိုအရင်းတစ်ယောက်လို ထင်မြင်ယူဆနေမိသဖြင့် စိတ်အနှောင့်အယှက် ဖြစ်မသွား။

သူ့အမေးကို ဖြေရန်အတွက် ခေါင်းပြန်ငုံ့ပြီး ဓါတ်ပုံတွေကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ အရင်က ရိုက်ဖူးတဲ့ ဓါတ်ပုံတွေထက်တောင်လှနေသေးတာပဲ။

"ဘာမှားလို့လဲ .... လှနေသားပဲ"

"အဲဒါခက်တာပေါ့ ...."

ကိုသစ်နောင်က သူမ ဘေးမှာ ဝင်ထိုင်ရင်း သူမလက်ထဲက ဓါတ်ပုံတွေကို ဆွဲယူလိုက်သည်။

"မင်း မျက်နှာကို မင်းပြန်ကြည့်စမ်း .... မျက်နှာက သေနေတယ်.... အပြုံးက လုပ်ပြုံးကြီး .... အဲဒီလို မဖြစ်ရဘူး .... ကိုယ်ဟန်အနေအထားကလည်း ရဲရဲတင်းတင်း မရှိဘူး .... မင်းက လှတယ် .... ဒါပေမဲ့ အဲဒီအလှတွေကိုပြရမှာ မင်းက မဝံ့မရဲဖြစ်နေတဲ့ပုံမျိုး .... ဒီလိုပုံနဲ့ ဘယ်လို မော်ဒယ်လ် လုပ်စားမလဲ .... ဓါတ်ပုံရိုက်တယ်ဆိုတာ မလှရင်တောင်မှ လှအောင်နေတတ်ရမှာ.... ဒီပုံဆိုကြည့် .... ဒီလိုလေး နေလိုက်ရင် မကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ကိုသစ်နောင်က စိတ်ပါလက်ပါ ထကာ အိုက်တင်လုပ်ပြနေသဖြင့် သူမ ကြည့်ရင်း မထိန်းနိုင်တော့ဘဲ အားပါးတရ ရယ်လိုက်မိသည်။ ဂျပန် ရောက်ပြီးကတည်းက သူမ အခုလို စိတ်လက်ပေါ့ပါးစွာ ရယ်မောနိုင်ခြင်း မှာ ပထမဆုံးအကြိမ်ဖြစ်သည်။

"ကောင်းတယ် .... ကောင်းတယ် .... နောက်ဆို ကိုသစ်နောင်က မော်ဒယ်လုပ် .... ရွှေရောင် ဓါတ်ပုံဆရာ လုပ်မယ်"

သူမ ရယ်သံကြောင့် ထင်သည်။ အနားမှ ဖြတ်သွားသည့် လူငယ် တစ်စုက သူမတို့ကို လှည့်ကြည့်သွားကြသည်။ ဂျပန်တွေတော့ မဟုတ်။ မြန်မာတွေများလား။ ဒီမှာတော့ မြန်မာနှင့်တူတိုင်းလည်း မြန်မာဟု ထင်ကာ သွားနှုတ်မဆက်နှင့်။ ယိုးဒယားတို့၊ ကမ္ဘောဒီးယားတို့ ဖြစ်ချင်ဖြစ်နေတတ် သည်။ တချို့မြန်မာတွေဆို ရောက်တာကြာ၍ အသားတွေ ဖြူဖွေးကာ ဂျပန် နှင့်ပင် မှားယူရသည်။ မြန်မာဆိုတာ မပြောလျှင် ဘယ်လိုမှ သိလိမ့်မည် မထင်။ ကိုသစ်နောင်က အသိအကျွမ်း အတော်လေး ပေါပုံရသည်။ သွားလေ ရာမှာ မြန်မာအသိတွေတွေ့ကာ နှုတ်ဆက်လေ့ရှိသည်။ အခုမှ ဂျပန်ရောက် နေတဲ့ မြန်မာတွေ ဘယ်လောက်များတယ်ဆိုတာ သူမ ရိပ်မိစ ပြုလာသည်။

သူမလည်း အဖော်မရှိသဖြင့် ဂျပန်ရောက်ကတည်းက ဘယ်ကိုမှ ဟုတ်တိပတ်တိ မရောက်ဖူးခဲ့။ ကိုသစ်နောင်က သူ့အားရက်တွေမှာ သူမကို ဓါတ်ပုံလျှောက်ရိုက်ရင်း ခေါ်သွားမှ တိုကျိုက နာမည်ကြီးသည့် နေရာအတော် များများကို ရောက်ဖူးတော့သည်။ ပိတ်ရက်ဆိုလျှင် ပန်းခြံတွေထဲမှာ သီချင်း ဆိုတဲ့ အဖွဲ့တွေ၊ ကတဲ့ အဖွဲ့တွေနဲ့ စည်ကားနေတာမျိုးကို သူမ ဘာသာဆိုပါက ပြန်သွားသည့် အချိန်ထိတောင် မြင်ဖူးလိုက်ရမည် မထင်။ ထိုအထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



မြန်မာအဖွဲ့တွေပင် ရှိတတ်သေးသည်။ မြန်မာသီချင်းတွေကြားရတာ မြန်မာတွေကို တွေ့ရတော့ အခိုက်အတန့်အားဖြင့် ကိုယ့်နိုင်ငံကို ပြန်ရောက်သွားသလို ခံစားရသည်။

တစ်ရက်က မှတ်မိသေးသည်။ သူတို့ ပန်းခြံထဲက ရုပ်ထွေးနေတဲ့ လူတွေကို ငေးမောနေဆဲ သူမတို့ ရှေ့ကို ကားကြီးတစ်စင်း ဆိုက်ရောက်လာသည်။ ကားပေါ်မှ လူတွေဆင်းလာပြီး ဘေးက အကာအရံသုံးဖက်ကို ဖွင့်ချလိုက်တော့ ကားပေါ်မှာ တီးဝိုင်းပစ္စည်းတွေအပြည့်။ စတိတ်စင်ကဲ့သို့ ဖြစ်သွားသည့် ထိုကားပေါ်မှာပင် ဆိုကြ၊ တီးကြသည်။ ထို့အပြင် ခရေဇီအဖွဲ့ဆိုတာတွေလည်း ရှိသေးသည်။ ဘီတယ်လ်ခရေဇီအဖွဲ့ဆိုလျှင် ဘီတယ်လ်တွေလို ဝတ်စား၊ သူတို့ပုံတွေဖမ်းကာ သူတို့ သီချင်းတွေကို ဆိုကြသည်။ သူမအကြိုက်ဆုံးကတော့ ပရက်စလေ ခရေဇီအဖွဲ့ပင်။ သီချင်းဆိုသူက အဲလ်ဗစ်ပရက်စလေကဲ့သို့ ဝတ်ထားကာ ဆံပင်ပုံစံကအစ တူအောင်ညှပ်ထားသည်။ 'Don't be cruel'ကို အသံဝါဝါကြီးဖြင့် တူအောင်ဆိုရင်းအဲလ်ဗစ်ပရက်စလေလို တင်လှုပ်ကာ က,တာကို ကြည့်ရတာ အတော်လေး ရယ်ရသည်။

အခုမှ မြင်ဖူးသည့် အသစ်အဆန်းတွေကို ငေးမောရင်း သူမ ချော်လဲမလိုဖြစ်၍ ကိုသစ်နောင်က သတိပေးရတာ ခဏခဏ။ အဲ .... မလုံ့တလုံ ဝတ်ထားတဲ့ ဂျပန်မလေးတွေကို တွေ့လို့ ကိုသစ်နောင်ရဲ့ မျက်လုံးတွေပါသွားပြီဆိုရင် သူမက ပြန်သတိပေးရတဲ့ အလှည့်ပေါ့။

ဂျပန်လူငယ်လေးတွေ ဆံပင်ဆေးဆိုးထားတာကို ကြည့်ရတာ သူမအတွက်တော့ ရယ်စရာဖြစ်နေသည်။ သူတို့ မျက်နှာနှင့် မည်သို့မျှ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖက်ခြင်း မရှိသော သဘာဝနှင့် ကင်းကွာနေသည့် အရောင်ကြောင်ကြောင် ကြားကြားတွေကို သူတို့ ဘယ်လိုများ ကြိုက်နှစ်သက်ကြသည် မသိ။ အဝါရောင်တောက်တောက်၊ အနီရောင်တောက်တောက်နှင့် အစိမ်းရောင်တွေကို ဆိုးကြတာ များသည်။ တချို့ဆိုလျှင် ကြက်အမောက်ကဲ့သို့ဖြစ်အောင် အလယ်က ဆံပင်ကို ထောင်နေအောင် ညှပ်ကာ အနီရောင် ဆိုးထားလေသည်။

ဝတ်စားဆင်ယင်မှုကတော့ ရာသီဥတုပေါ်မှာ မူတည်သည်။ ချမ်းသည့်ကာလတွေမှာ အချမ်းဒဏ်ကို ကာကွယ်နိုင်အောင် အထပ်ထပ်ဝတ်ကြပေမယ့် နည်းနည်း အိုက်လာတာနဲ့ တိုတိုကပ်ကပ်ကလေးတွေ ဝတ်ကြတော့သည်။ သူမကတော့ ဘယ်လောက်ပူပူ ဒူးဖုံးမှ နေရတာ လုံခြုံသည်ဟု ယူဆမိသဖြင့် ဘယ်တော့မှ ဒူးအထက် မဝတ်မိ။ သူမ စိတ်ထဲမှာ ငယ်စဉ်က အဘွားရဲ့ အဆုံးအမတွေ ခေါင်းထဲ စွဲနေသည်။ ထို့ကြောင့်လား မသိ။ သူမ မျက်စိထဲမှာ လုံလုံခြုံခြုံ ဝတ်သူတွေကိုသာ ပိုကြည့်ကောင်းသည်ဟု မြင်မိသည်။ မမြင်သင့်တဲ့အရာတွေကို မြင်ရတဲ့အခါ အထူးအဆန်းမို့ ခဏတဖြုတ် စိတ်ဝင်စားကာ ကြည့်ကောင်းသလို ထင်ရပေမယ့် ကြာလာတော့ ရိုးကာ ရွံသလို ဖြစ်လာသည်။ ယောကျ်ားလေးတွေရဲ့ မျက်စိထဲမှာတော့ မည်သို့နေမည် မပြောတတ်။

သူမရဲ့ တက်ကြွရွှင်လန်းပြီး၊ ကိုယ့်ကိုယ်ကို ယုံကြည်မှု ပိုလာတဲ့ စိတ်ဓါတ်ကြောင့်လား၊ ကိုသစ်နောင် သင်ပေးသလို ကင်မရာကို ရဲရဲကြည့်ကာ အမူအရာတွေ ရဲရဲဝံ့ဝံ့ လုပ်တတ်လာလို့လားတော့ မသိ။ တိုကျိုမြို့ရဲ့ အသည်းနှလုံးလို့ တင်စားခေါ်ဝေါ်ကြတဲ့ ဂင်းဇာမှာတည်ရှိတဲ့ မဂ္ဂနက် အေဂျင်စီက သူမကို စမ်းသုံးကြည့်ရန် လက်ခံလိုက်သည်။ ဒီတော့ မူလအတိုင်း တန်းစီ၊ အရွေးခံမော်ဒယ်လ် ဘဝကို ပြန်လည်ရရှိသွားသည်ပေါ့။ ဒီတစ်ခေါက်

www.burmeseclassic.com

www.burmeseclassic.com



စတင်အရွေးခံရတာကတော့ အဝတ်အစား ကက်တလောက်အတွက်မို့ လုံလုံခြုံခြုံ ဝတ်စုံတွေနှင့် သူမ ရိုက်ခွင့်ရခဲ့သည်။ အဲဒီနောက်ပိုင်းမှာ ကားပြပွဲမှာ ကြော်ငြာမယ်အဖြစ် ရပ်ပေးခဲ့ရသည်။ သူမရဲ့ ရှည်လျားနက်မှောင်တဲ့ ဆံပင်တွေရဲ့ ကျေးဇူးကြောင့် "တက္ကနိုရှန်ပူ"အတွက် မဂ္ဂဇင်းကြော်ငြာ ရိုက်ပေးခဲ့ရသည်။

သူမ အလုပ်သွားနေရပြီဖြစ်ပေမယ့် အလုပ်က ပြန်ချိန်တွေ၊ အားလပ်ရက်တွေမှာ ကိုသစ်နောင်နဲ့ အတူတူ လျှောက်လည်ဖြစ်နေမြဲဖြစ်သည်။ ခင်မင်သူ အားလုံးနဲ့ ဝေးနေတဲ့ အရပ်ဒေသမှာမို့ သူ့ကို ပိုမို တွယ်တာအားကိုးမိခြင်း ဖြစ်ပေလိမ့်မည်။ သူမရဲ့ အခက်အခဲတွေ၊ သူမရဲ့ ညည်းညူသံတွေ၊ သူမရဲ့အတွေးတွေကို စိတ်ရှည်၊ လက်ရှည် နားထောင်ပေးတတ်သူမို့ အစ်ကိုအရင်းတစ်ယောက်လို တစ်နေ့တစ်ခြား သံယောဇဉ်တွေ ပိုမို တွယ်တာလာမိသည်။ သူ့ဘက်ကလည်း သူမကို ဤကဲ့သို့ပင် သဘောထားမည်ဟု သူမ ယုံကြည်မိသည်။ တစ်ခါတစ်ရံ ဓါတ်ပုံရိုက်သည့်အခါမျိုးမှာ သူမရဲ့ ဆံပင်တွေ နေရာမကျရင် လာကာ ပြုပြင်ပေးတာမျိုး၊ လမ်းကူးတဲ့ အခါ၊ ဘတ်စ်ကားပေါ်တက်တဲ့အခါတွေမှာ သူမ လက်ကို ဖျတ်ခနဲ ဆွဲခေါ် သွားတာမျိုးတွေကို သိပြုမိပေမယ့် ဘာမှ မပြောဘဲ နေမိခဲ့သည်။ ဒီမှာက ယောကျ်ားလေးနဲ့ မိန်းကလေး ရိုးရိုးခင်တဲ့ သူငယ်ချင်းတွေလည်း ပခုံးဖက်ပြီး လမ်းလျှောက်ရင်း လျှောက်နေတတ်ကြတာမျိုး မဟုတ်လား။

ဒါပေမယ့် ဒါကို အမြင်တစ်မျိုးမြင်နိုင်တဲ့ မြန်မာပြည်က လူတွေအထိ သူမတို့ အကြောင်းတွေ ပျံ့နှံ့သွားနိုင်တယ်ဆိုတာကိုတော့ သူမ ကြိုမတွေးခဲ့မိပေ။

၉

www.burmeseclassic.com



"ရွှေရောင်" ဆိုတဲ့ မေမေ့ရဲ့ လေသံမာမာနောက်က စကားလုံးမာမာတွေကို နားထောင်ရင်း သူမ အံ့အားသင့်နေမိသည်။

ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံ မိုင်ပေါင်းများစွာ ဝေးကွာပေမယ့် သတင်းတွေး ပျံ့နှံ့တာကျတော့ မြန်လွန်းလှပါလား။ သူ့ထုံးစံအတိုင်း မေမေကသူမကို ပြောခွင့်မပေးဘဲ သူထင်သမျှတွေပြောကာ တစ်ဖက်သတ် ဖိဆူနေသည်။ ကိုသစ်နောင်နှင့် သူမကို အထင်လွဲနေသည့် မေမေ့စကားဆုံးသည်အထိ စိတ်ရှည်လက်ရှည်နှင့် စောင့်ဆိုင်းကာ သူမတို့ အခြေအနေကို အမှန်အတိုင်း ပြန်ရှင်းပြရသည်။ သို့သော်လည်း သူမရဲ့စကားတွေကို ယုံကြည်ပုံမရ။

"ဘယ်လိုပဲဖြစ်ဖြစ်၊ သူစိမ်းယောကျ်ားလေးတစ်ယောက်နဲ့ ဒီလောက် ရင်းရင်းနှီးနှီး နေစရာမလိုဘူး" တဲ့။ ဖုန်းထဲမှာ ကြားရတဲ့အသံပေမယ့် နံဘေးနားကပ်ကာ အဆူခံနေသလို ကြောက်ရွံ့ထိတ်လန့်နေမိဆဲဖြစ်သည်။ မေမေ ဖုန်းချသွားပြီးတော့ တစ်ကိုယ်လုံး နုံးခွေကာ ကျန်ရစ်ခဲ့သည်။ ရိပ်မိုးရဲ့ နောက်ဆုံးစာထဲမှာပါတဲ့ "နင်က သိပ်အားငယ်တတ်တော့ အားကိုးရမယ့် လူတစ်ယောက် အနားမှာ လိုအပ်နေမယ်ဆိုတာကို ငါ နားလည်နိုင်ပါတယ်" ဆိုတဲ့ စာကြောင်းကို ပြန်စဉ်းစားလိုက်မိသည်။ ဒီတစ်ခေါက် သူ့စာက တစ်မျိုးပဲလို့ ထင်မိပေမယ့် ကိုယ်က ရိုးသားသူမို့ ဘာမှ ရှည်ရှည်ဝေးဝေး မတွေးဖြစ်ခဲ့။ သူ သူမကို အထင်လွဲနေပြီလား။ သူမက ကိုသစ်နောင်ကို အစ်ကိုတစ်ယောက်လို၊ သူငယ်ချင်းတစ်ယောက်လိုသာ အားကိုးမိခြင်းဖြစ်ကြောင်း ရှင်းပြသည့် စာတစ်စောင်တော့ ပြန်ရေးရဦးမည်။ သူမစကားတွေကို မယုံကြည်မှာ တွေးတောမိရင်း ရင်ထဲပူလာသည်။ ဘာလို့များ ဒီလို အထင်လွဲရက်ကြတာလဲ။ သူမကို အထင်သေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြတာဟု တွေးရင်း ဝမ်းနည်းလာမိသလို မကျေမနပ်လည်း ဖြစ်မိသည်။ ကိုသစ်နှောင်ကို ခင်မင်တွယ်တာမိတယ်ဆိုပေမယ့် မတွေ့ရမနေနိုင်တဲ့ အနေအထားမျိုးတော့ မဟုတ်။ မေမေ မကြိုက်တဲ့ကိစ္စ။ ချစ်သူအထင်လွဲမယ့်ကိစ္စကို သူမ ဆက်မလုပ်လိုပါ။ သို့ပေမယ့် အမြဲတမ်း တတွဲတွဲနေလာတဲ့ လူတစ်ယောက်ကို ရုတ်တရက်ကြီး မခေါ်မပြော လုပ်ပစ်လိုက်လို့ ကောင်းနိုင်ပါ့မလား။ မော်ဒယ်လ် ဘဝနဲ့ အဆင်ပြေလာလို့ ဘဝင်မြင့်သွားတယ်ဟု အထင်ခံရမှာကိုလည်း စိုးရိမ်နေမိသည်။

ဘာပဲဖြစ်ဖြစ် သူမ မေမေ မကြိုက်တာကို လုပ်ဝံ့သော သတ္တိမရှိသေး။ ရိပ်မိုး အထင်လွဲမှာကိုလည်း ခံနိုင်ရည် လုံးဝ မရှိ။ ထို့ကြောင့် ကိုသစ်နှောင်ကို အလုပ်ပိတ်ရက်များတွင် နေမကောင်းလို့၊ သွားစရာရှိလို့၊ ဘယ်သူနဲ့ ချိန်းထားလို့၊ စသဖြင့်အကြောင်းပြချက်တွေ အမျိုးမျိုးပေးကာ တတ်နိုင်သမျှ ရှောင်နေမိသည်။ အလုပ်ဆင်းချိန်တွေမှာလည်း လာမကြိုရန် အကြောင်းအမျိုးမျိုးပြကာ တားမြစ်ခဲ့မိသည်။ သူကတော့ သူမကို မည်သို့ထင်မည်မသိ။ ဘယ်လိုထင်ထင် ကိစ္စမရှိလှပါ။ သူ တစ်မျိုးထင်မှာထက် ချစ်ရသူထက်ပိုပြီး ဦးစားပေးရမယ့် ယောကျ်ား သူမ ဘဝမှာ တစ်ယောက်မှ မရှိကြောင်း ချစ်သူကို သက်သေပြဖို့က သူမအတွက် ပို အရေးကြီးသည်လေ။

၁၆

"ကဲ .... ဘယ်ပြေးမလဲ .... ဝရမ်းပြေးမလေး"

ရထားပေါ်မှ အဆင်း ကြားလိုက်ရသော ကိုသစ်နှောင်၏ အသံကြောင့် သူမ လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မပြေးပါဘူး .... တကယ် မအားတာပါ"

မုသားစကားတွေကို ဘယ်အချိန်က စတင်သုံးစွဲတတ်ခဲ့မှန်းပင် မသိလိုက်။

"အခုတော့ အားတယ် မဟုတ်လား .... လာ .... တစ်ခုခု စားရင်း စကားပြောရအောင်"

"အာ .... အရမ်းပင်ပန်းနေလို့ ဆောရီးပဲ .... စားလည်း စားခဲ့ပြီး ပြီ"

အတင်းအကျပ်များ ခေါ်မလားလို့ သူမ စိတ်ပူနေပေမယ့် သူက မခေါ်ပါ။

"ဒါဆို အိမ်အောက်ဝအထိ လိုက်ပို့ပေးမယ်လေ"

သူမ စိတ်သက်သာရာရသွားကာ ခေါင်းညိတ်လိုက်သည်။ လိုက်မပို့နဲ့လို့ ငြင်းတဲ့အထိတော့ သူမ ပစ်ပစ်ခါခါ လုပ်ဖို့ မကောင်းဖူး မဟုတ်လား။

"ကိုယ် မြန်မာပြည်ကို ပြန်ရတော့မယ်"

"ဟုတ်လား"

ဝမ်းနည်းကြေကွဲရမည့် အစား အရမ်းပျော်သွားမိသည်။ ဒါဆိုသူ့ကို တကူးတက ရှောင်နေဖို့ မလိုတော့ဘူးပေါ့။

"မနက်ဖြန် ကမာကူရာဘုရားသွားဖူးရအောင် .... အိမ်အတွက် လည်း လက်ဆောင်တွေ လိုက်ဝယ်ချင်တယ် .... အဲဒါ ရွှေရောင် လိုက်ခဲ့ ပါနော် .... ဒီတစ်ခေါက်တော့ မငြင်းပါနဲ့တော့ .... နောက်ဆို ပြန်တွေ့ချင်မှ တွေ့ရတော့မှာ မဟုတ်လား ...."

ကြေကြေကွဲကွဲ ပြောလာသည့် သူ့စကားကြောင့် သူမ တွေဝေ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ မနက်ဖြန်က တနင်္ဂနွေနေ့မို့ သူမလည်း အလုပ်ပိတ်သည်။ နောက်ဆုံးအကြိမ်ဆိုတော့ ငြင်းပစ်လိုက်ဖို့ မကောင်း။ ခင်ခဲ့သည့် သံယောဇဉ်တွေကလည်း ရှိသေးသည်လေ။

"အင်းလေ .... လိုက်ခဲ့ပါ့မယ် ...."

သူမ ခေါင်းညိတ်လိုက်သည်။ သူက သူမကို တိုက်ခန်းအောက်အထိ ပြန်ပို့ခဲ့ပြီး မနက်ဖြန် မနက် (၉)နာရီ လာခေါ်မည်ဆိုကာ နှုတ်ဆက်ပြီးထွက်သွားသည်။ ခါတိုင်းလို နွေးထွေးလှိုက်လှဲစွာ ဆက်ဆံနိုင်စွမ်း မရှိသော ကိုယ့်ကိုယ်ကို သတိထားမိရင်း သူ့ကို အားနာသွားသည်။ မနက်ဖြန်ကျရင်တော့ အရင်လို ခင်ခင်မင်မင် ပြန်နေမည်ဟု တွေးထားလိုက်သည်။ နောက်ဆုံးအနေနဲ့လေ။ သူပြောသလိုပဲ သူနဲ့ သူမက နောက်ဆို တွေ့ချင်မှတောင် ပြန်တွေ့ဖြစ်တော့မယ့် သူတွေမဟုတ်လား။

သူမ အိမ်ပေါ်ကဆင်းလာတော့ အောက်မှာ ကိုသစ်နောင် ရောက်နှင့်နေပြီ။ မထူးမြတ်ရဲ့စည်းကမ်းအရ အိမ်ပေါ်ကို ယောကျာ်းလေး ဧည့်သည်ခေါ်ခွင့်မရှိတာမို့ ကိုသစ်နောင် သူမနှင့်အတူ သွားစရာရှိတိုင်း တိုက်ခန်းအောက်မှာသာ လာစောင့်လေ့ရှိသည်။

လမ်းမှာ ကိုသစ်နောင်က သူ့အစီအစဉ်များကို သူမအား ရှင်းပြသည်။ ပထမ ကမာကူရ ဘုရားကို သွားမည်။ အပြန်ကျမှ ရှီဘူရက ဂျပန်အဘိုးကြီးဆိုင်မှာ အိမ်က အမေနဲ့ ညီမတွေအတွက် ကီမိုနိုဝင်ဝယ်မည်။ ပြီးလျှင် အခိဟာဘရက လျှပ်စစ်ပစ္စည်းဆိုင်တွေကို သွားကာ ကက်ဆက်တို့၊

www.burmeseclassic.com

www.burmeseclassic.com



ကင်မရာတို့ သွားကြည့်မည်ဟု အားတက်သရော ပြောနေလေသည်။ တကယ်တော့ သူတို့ဝယ်မည့် ကီမိုနိုဆိုတာတွေက ကီမိုနို အစစ်တော့ မဟုတ်။ ကီမိုနိုအစစ်က သန်းနဲ့ချီပေးရသည်ဟု ကြားဖူးသည်။ သူမကတော့ အိမ်အတွက် ဘာတစ်ခုမှ ဝယ်မပို့ခဲ့ဖူး။ မေမေက "ဒီမှာလည်း ဝယ်လို့ ရနေတာပဲ၊ ဘာပစ္စည်းမှ ပို့မနေနဲ့ .... ကိုယ့်အတွက်သာ ကြိုးစားလုပ်"ဟု အစကတည်းက ကြိုပြောထားသည်။ ဒီလိုပြောထားလျှက်နဲ့ ဝယ်ပို့လျှင် ကျေးဇူးမတင်ဘဲ အဆူခံရဖို့သာ ရှိသဖြင့် ငွေရောင်နဲ့ ခရမ်းရောင်အတွက် အရုပ်ကလေးတွေ၊ အင်္ကျီကလေးတွေ ဈေးပေါပေါနဲ့တွေ့လို့ ဝယ်ပို့ချင်တာတောင် မပို့ရဲ။

သူမ အလုပ်မရှိတဲ့အချိန်တွေမှာ ကိုသစ်နောင်က ဘယ်သွားသွား အကုန်အကျခံထားသူမို့ ဒီတစ်ကြိမ်တော့ သူမကပဲ အစစအရာရာ အကုန်ခံပါရစေဟု တောင်းဆိုလိုက်မိသည်။ အတော်လေး အတိုက်အခံပြုပြီးမှ ခေါင်းညိတ်တော့သည်။ သူ ပြန်မှာကို ဝမ်းမနည်းပေမယ့် ကိုယ်ပါ လိုက်မပြန်နိုင်သေးတဲ့ ဘဝကို ဝမ်းနည်းရင်း မျက်ရည်ပင် ကျချင်နေမိသည်။

"ကိုယ်လည်း ရွှေရောင်နဲ့ မခွဲချင်ပါဘူးကွာ"

ကမာကူရမှာ ဘုရားဖူးအပြီး ရှုခင်းတွေကို ငေးမောကြည့်ကာ မြန်မာပြည်ကို လွမ်းနေမိဆဲ သူမ လက်ကို ရုတ်တရက် ဆုပ်ကိုင်ကာ ပြောလာသော ကိုသစ်နောင်ကြောင့် လက်ကို ရုန်းရင်း အလန့်တကြား လှည့်ကြည့်လိုက်မိသည်။ ဘုရားရေ။ သူက သူမ ဝမ်းနည်းနေတာ သူ့ကြောင့် လို့ ထင်သွားပြီ ထင်ပါရဲ့။ ဘာပြောရမှန်းမသိဘဲ ငေးကြောင်ကာ ကြည့်နေမိဆဲ သူက ....

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဆက်နေစေချင်တဲ့ ဆန္ဒ ရွှေရောင့်မှာရှိတယ်ဆိုရင် ကိုယ် မပြန်တော့ဘူးလေ .... ဒီမှာပဲ ရွှေရောင်နဲ့အတူ ဆက်နေမယ်" ဟု ဆက်ပြောသည်။ ဒါ ရည်းစားစကားပြောနေတာများလား။ သူမနဲ့ ရိပ်မိုး အကြောင်း သူ့ကို တစ်ခွန်းမကျန် အကုန် ပြောပြခဲ့ဖူးတာပဲ။ မဟုတ်နိုင်လောက် ပါဘူး။

"ပြောပါ ရွှေရောင်ရယ် .... ကိုယ်တို့နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် ဒီလောက် နားလည်နေကြပြီပဲ .... ကိုယ် .... ရွှေရောင့်ကို ချစ်နေတာ ရွှေရောင်သိသလို ကိုယ့်ကို ရွှေရောင် ချစ်နေတာလည်း ကိုယ်သိနေ တာပဲ"

ကိုယ့်နားကို ကိုယ်မယုံချင်သလို ဖြစ်နေစဉ်မှာပင် ပခုံးပေါ်တင်လာ သော လက်တစ်ဖက်ကို ပုတ်ချရင်း သူနှင့် ခပ်ဝေးဝေးသို့ ဆုတ်လိုက်မိ သည်။ သူက အမှန်တကယ် အဲဒီအတိုင်း တစ်ချိန်လုံး ယုံကြည်နေခဲ့ သလား။ သူ ဒီလို ယုံကြည်နေအောင် ငါက ဘယ်လိုများ နေခဲ့မိလို့လဲဟု အပြေးအလွှား စဉ်းစား အဖြေရှာနေမိသည်။

"အခုမှတော့ ရှက်မနေပါတော့ကွာ .... ကိုယ်တို့ကြားမှာ ဘာမှ ကွယ်ဝှက်စရာ မရှိပါဘူး .... ကိုယ်က ရွှေရောင့်ကို ဖွင့်မပြောဘဲ စိတ်မရှည် အောင်လုပ်မိလို့ ရွှေရောင် ကိုယ့်ကို ရှောင်နေတယ်ဆိုတာ ကိုယ်သိပါတယ်.... ဒီအတွက် ကိုယ်တောင်းပန်တယ် .... ကလဲ့စားချေတဲ့အနေနဲ့တော့ ကိုယ့်ကို မငြင်းလိုက်ပါနဲ့နော်"

ကြားရတဲ့စကားတွေကို အလွန်အမင်း အံ့သြနေမိဆဲ အနားသို့ ရောက်လာပြန်သဖြင့် သူ့ရဲ့ ရဲတင်းတဲ့ လက်တွေကို ရှောင်နိုင်ဖို့အတွက် သူမ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို ရို့ကာ တစ်ဖက်သို့ ရွှေ့လိုက်ရသည်။ ခေါင်းငုံ့ရင်း မယုံနိုင်စွာ ကြေကွဲနေမိတာက ရှက်နေတယ်လို့ အထင်မှားစေပြန်သလား။ သူမစိတ်ကို တင်းရင်း ခေါင်းကို ခါယမ်းလိုက်မိသည်။ လည်ချောင်းဝက တစ်ဆို့နေသည့် စကားသံတွေကို အံထုတ်နိုင်အောင် ကြိုးစားလိုက်ရသည်။ သူမဘက်က အခြေအနေကို အမှန်အတိုင်း အမြန်ဆုံး ရှင်းပြမှ ဖြစ်တော့မည့် အခြေအနေ လေ ....။

"မဟုတ်ဘူး ကိုသစ်နောင် .... မှားနေပြီ .... ရွှေရောင်က ကိုသစ်နောင်ကို အစ်ကိုတစ်ယောက်လိုပဲ ခင်ခဲ့၊ အားကိုးခဲ့တာ .... ရွှေရောင့်မှာ ချစ်သူရှိတယ်လို့ ကိုသစ်နောင်ကို ပြောပြခဲ့ပြီးပြီပဲ"

"ချစ်သူဆိုတာကတော့ လူတိုင်းမှာ ရှိခဲ့ဖူးကြတာချည်းပါပဲ"

"မဟုတ်ဘူး .... မဟုတ်ဘူး .... ရွှေရောင်က ကိုသစ်နောင်ကို ချစ်ကို မချစ်နိုင်တာ"

အားတင်းကာ အပြတ်သားဆုံး စကားကို ပြောချလိုက်ပေမယ့် သူက မတုန်မလှုပ် "အဲဒီစကားကိုတော့ မယုံနိုင်ဘူး" ဟု ဆိုသည်။

"ကိုယ့်ကို မချစ်ရင် ဘာလို့ ကိုယ်နဲ့နှစ်ယောက်တည်း သွားဖို့ ခေါ်တိုင်း မငြင်းတာလဲ .... ကိုယ့်ကို ဘာလို့ ဒီလောက် နီးနီးကပ်ကပ် နေခွင့်တွေ ပေးခဲ့တာလဲ .... ကိုယ်သာ အခွင့်အရေးယူတတ်တဲ့ ယောကျ်ားတစ်ယောက်ဆိုရင် အခုအချိန်မှာ ဒါတွေကိုတောင် ပြောနေစရာ လိုတော့မှာ မဟုတ်ဘူး ...."

သူ့စကားက သူမကို အကြီးအကျယ် တုန်လှုပ်သွားစေသည်။ သူမ သူနဲ့ အဲဒီလောက် နီးနီးကပ်ကပ် နေခဲ့မိသလား။ သူမ စိတ်ထဲမှာရိုးသားကာ သူ့ကိုလည်း သူမလိုပဲဟု ယုံကြည်မိသဖြင့် ဒါမျိုး တစ်ခါမှ မတွေးမိ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့။ အခုတော့ သူမ ဘာပြောပြော နောက်ဆုတ်မည့်ပုံ မပေါ်သည့်သူ့ကို ဘယ်လို ငြင်းပယ်ရပါ့မလဲ။

"ကျွန်မ ရှင့်ကို အစ်ကို အရင်းတစ်ယောက်လို ခင်မင်ခဲ့မိတာ .... အဲဒီထက် လုံးဝ မပိုခဲ့တာ အမှန်ပဲ .... ရှင် မယုံဘူးဆိုလည်း ကျွန်မ မတတ်နိုင်ဘူး .... ကျွန်မ သွားတော့မယ် ...."

သူမ အပြေးတစ်ပိုင်းနှင့် လှည့်ထွက်လာမိသည်။ ဖြေရှင်းကာ အတိုက်အခံ ပြောချင်စိတ်လည်း မရှိတော့။ ပိတ်ရက်မို့ ဘုရားမှာ လူတွေ အများကြီးရှိပေမယ့် ဘယ်သူ့ကိုမှ အကူအညီ တောင်းလို့ ရမှာ မဟုတ်မှန်း သူမ သိသည်။ ထို့ကြောင့် နောက်ကို လှည့်မကြည့်ဘဲ ဘုတာရုံသို့ အပြေး တစ်ပိုင်းဖြင့် ထွက်လာခဲ့မိသည်။ ရထားပေါ်ရောက်မှ သူ လိုက်များလာမလား ဟု ပူပန်စွာ လှည့်ကြည့်မိသည်။ အရိပ်အယောင် မမြင်ရတော့မှ စိတ်အေး ကာ သက်ပြင်းချနိုင်တော့သည်။

အိမ်အပြန်လမ်းတစ်လျှောက်မှာ မယုံကြည်နိုင်ခြင်း အခံရခက်ခြင်း တွေနှင့် သူမရင်ထဲမှာ ဗလောင်ဆူနေသည်။ သူက သူ့ကို သူမ ချစ်နေပါ သည်ဟု တပ်အပ်စွဲရလောက်အောင် သူမ အနေအထိုင် မတတ်ခဲ့လေ သလား။ သွေးမတော် သားမစပ် ယောကျ်ားလေးတစ်ယောက်ကို အစ်ကို အရင်းဟု ထင်မြင်ကာ သံယောဇဉ် တွယ်မိခဲ့သော သူမရဲ့ မဟာ အမှားပါပဲ။ ဘေးက ကာကွယ်စောင့်ရှောက်ပေးကြမည့် မိဘ၊ ဆွေမျိုးတွေ၊ မိတ်ဆွေ အသိုင်းအဝိုင်းတွေနဲ့ ဝေးကွာနေချိန်မှာ ကိုယ့်ကိုယ်ကို ပိုမိုထိန်းသိမ်းဖို့ လိုအပ်တယ်ဆိုတဲ့ အချက်ကို ဘာလို့ သူမ မေ့သွားတာပါလိမ့်။ မခင်တဲ့သူ တွေကို လုံးဝ မခင်တတ်သလောက် ကိုယ်ခင်တဲ့လူနည်းစုကလေးကို

www.burmeseclassic.com

www.burmeseclassic.com



အလွန်အမင်းယုံကြည်ကာ စိတ်ရော ကိုယ်ပါ ခင်ပစ်လိုက်တာ သူမရဲ့ အလွန်ဆိုးရွားလှတဲ့ အားနည်းချက်ဆိုတာ သူမ ထင်ထင်ရှားရှား သိမြင်လာသည်။

သင်ယူလို့ မကုန်နိုင်တဲ့ ဘဝသင်ခန်းစာတွေကို လက်တွေ့လေ့လာရင်း သူမ လူရော စိတ်ပါ ပိုမို မာကျောလာတာကိုပဲ အမြတ်လို့ ယူဆရမလား။ အရင်လို နူးညံ့ပျော့ပြောင်းသော၊ ယုံလွယ်သော ကောင်မလေး တစ်ယောက် သူမ ကိုယ်တွင်းက တဖြည်းဖြည်း ထွက်ခွာသွားလေပြီ။ လောလောဆယ်မှာ သူမရဲ့ တကယ့်အဖော်မွန်၊ တကယ့်သူငယ်ချင်းသည် သူမ ကိုယ်တိုင်သာ ဖြစ်တော့သည်။ နောက်ထပ် ဘယ်သူ့ကိုမှ အားမကိုးတတ်အောင် ဘယ်သူ့ကိုမှ မတွယ်တာတတ်အောင် သူမ လေ့ကျင့်ရဦးမည်။

"အဲဒီမော်ဒယ်လ်လာလုပ်တဲ့ ကောင်မလေးက ကိုသစ်နောင်ကို ဒီမှာရှိတုန်း ခဏတွဲပြီး ပြန်ရမယ်လည်းဆိုရော ခွာပြဲလိုက်ရော" ဆိုသည့် မြန်မာအသိုင်းအဝိုင်းမှ လူအချို့၏ စကားတင်းဆိုမှုက သူမ၏ သင်ခန်းစာ အတွက် ပေးဆပ်လိုက်ရသော အဖိုးအခတွေပေါ့။ သို့ပေမဲ့ ဒါတွေကို နားထောင်ကာ ကြေကွဲနေဖို့ သူမမှာ အချိန်မရှိ။ သူမကို ခပ်ပျက်ပျက် ထဲကပါလို့ ပြောကြ၊ ထင်ကြတဲ့သူတွေ ရှိနေမှန်းသိပေမယ့် တကယ်မပျက်ကြောင်း သူမ ကိုယ်တိုင်သာ သိဖို့လိုသည်။

သူမ ဒီကို ရောက်စက "မော်ဒယ်လ်ပဲဖြစ်မလား ဘာပဲဖြစ်မလား မသိဘူး" ဆိုကြသူတွေကိုပင် သူမ မော်ဒယ်လ်မှအပ တခြားဘာမှ မဖြစ်ကြောင်း သက်သေပြနိုင်ခဲ့ပြီ မဟုတ်လား။ အိမ်ကို အရမ်းလွမ်းနေဆဲဖြစ်ပေမယ့် မျက်ရည်တွေ ခန်းကုန်လေပြီသလားမသိ။ နောက်ထပ် မငိုမိတော့။

www.burmeseclassic.com

www.burmeseclassic.com



ထစ်ခနဲဆို အရင်လို လက်ဖျားခြေဖျားတွေ အေးမလာတော့။ ရင်ခုန်သံတွေ မြန်မလာတော့။ ကိုယ့်ဘာသာကိုယ် သတိပြုမိရင်း အံ့ဩရသည်။ ပြဿနာတွေ အားလုံးကို ခေါင်းအေးအေးနှင့် ဖြေရှင်းလာနိုင်သူ၊ ကိုယ်လိုချင်တာကို အေးအေးဆေးဆေးပြောကာ ကိုယ့်အခွင့်အရေးကို ကိုယ်ရအောင် တောင်းတတ်သူ၊ အတင်းအဖျင်းတွေကို အရေးမထားတတ်သူ၊ ကိုယ်ဘာလိုချင်သလဲဆိုတာ ကိုယ်တိုင် တဖြည်းဖြည်း သဘောပေါက်စ ပြုလာသူ .... အဲဒီသူဟာ အရင်တုန်းက အလွန်ကြောက်ရွံ့အားငယ်တတ်တဲ့ ကောင်မလေးတစ်ယောက်ဆိုရင် ဘယ်သူ ယုံနိုင်ပါ့မလဲ။

ဒါပေမဲ့ မပြောင်းလဲတဲ့အရာတွေ သူမမှာ ကျန်ရှိနေသေးသည်။ အဲဒါကတော့ မြန်မာနိုင်ငံကို ပြန်ချင်စိတ်နဲ့ ရိပ်မိုးကို ချစ်တဲ့စိတ်တွေပါပဲ။

၉၆

မလုပ်ပါဘူးလို့ အတန်တန် ငြင်းထားပြီးသားပေမယ့် ပြောသူကလည်း နည်းနည်းမှ မလျှော့။

"နင်က သိပ်လှလို့သာ ဒါမျိုးရိုက်လို့ရတာ .... သူများတွေဆို ရိုက်ချင်လွန်းလို့ တစ်ပိုင်းသေနေတာ .... မလှလို့ ပလတ်စတစ်ဆာဂျရီတောင် လုပ်တဲ့သူတွေ ရှိတယ် .... နင်က သဘာဝအတိုင်း အချိုးကျပြီး ကြွက်သားတွေကလည်း ရှိသင့်တဲ့ နေရာတွေမှာ အပြည့်ရှိနေလို့သာ ငါတို့က ရိုက်ချင်တာ .... ဒီလို အခွင့်အရေးမျိုးဆိုတာ လက်လွတ်ခံဖို့ မကောင်းဘူး .... ဒီပုံနဲ့ဆို နင် တစ်ခါတည်း ကမ္ဘာကျော်သွားမှာပဲ ...."

သူမ တစ်ကိုယ်လုံးကို သိမ်းကျုံးလေ့လာအကဲခတ်ကာ ပြောနေသူ

www.burmeseclassic.com

www.burmeseclassic.com



က သူမတို့ အေဂျင်စီရဲ့ အမျိုးသမီးအမှုဆောင်အရာရှိတစ်ဦးဖြစ်သူ ယူရီကို။

ဘီကနီနဲ့တောင် မရိုက်ပါဘူးဆိုသူကို ဗလာကျင်းကာ ရိုက်ဖို့ စိတ်ရှည်လက်ရှည်လာပြောနေသူကို ပြုံးပြနေရင်းက သူမ နောက်တစ်ကြိမ် ခေါင်းခါလိုက်ရပြန်သည်။

"ဒါမျိုး မရိုက်ဖူးတဲ့ မော်ဒယ်လ်ဆိုတာ မရှိပါဘူး .... တကယ့် ထိပ်တန်းစာရင်းဝင် နာမည်ကြီး မော်ဒယ်လ်တွေတောင် ရိုက်နေတာပဲ .... ကမ္ဘာကျော် Prelli ပြက္ခဒိန်တွေကို ကြည့်ပါလား .... စင်ဒီကရောဖို့ဒ်တို့လို တကယ့်နာမည်ကြီး မော်ဒယ်လ်တွေချည်းပဲ .... နင်စဉ်းစားဦးပေါ့ "ဟုဆိုကာ လက်မလျှော့သေးသည့်ပုံနှင့် ထွက်သွားလေသည်။ ဒီလို အပြောခံရတာ ဒါပါနဲ့ဆို သုံးခါရှိပြီ။ ပထမတစ်ခေါက်က အသားအလှဆီ ကြော်ငြာအတွက်။ သူမ၏ အသားအရေကို ကြိုက်နှစ်သက်လွန်းလို့ဟု ဆိုကာ လာရောက်ကမ်း လှမ်းခဲ့ခြင်း ဖြစ်သည်။ ဒုတိယတစ်ခေါက်ကတော့ ဘာမှ မဆိုင်သည့် နာရီ ကြော်ငြာ။ နာရီကြော်ငြာတာ ဒါမျိုးပုံ လိုလို့လားဟု သူမ တွေးလိုက်မိသည်။ အေးလေ .... ကြော်ငြာဆိုတာကတော့ လူ စိတ်မဝင်စား ဝင်စားအောင် တတ်နိုင်သမျှ လုပ်ရလေတာကိုး။ ဒီတစ်ခေါက်ကတော့ နာမည်ကြီး ရေမွှေးကုမ္ပဏီအတွက် ကြော်ငြာရိုက်ရန်ဖြစ်သည်။ ဟိုကလည်း ဒီအေဂျင်စီ တစ်ခုလုံးမှာမှ သူမကိုပဲ မျက်စိကျသတဲ့။ မေမေလုပ်ခိုင်းခဲ့တဲ့ လေ့ကျင့်ခန်း တွေကို ရေရှည်စွဲလုပ်ခဲ့သူမို့ သူမရဲ့ ခန္ဓာကိုယ်က အပေါ်ယံအလှမဟုတ်ဘဲ ကြွက်သားတွေ အပြည့်ဖြင့် လှပနေတာကို မျက်စိကျကြပုံရသည်။ ဒါပေမဲ့ လှတိုင်း ပြဖို့မှ မလိုအပ်ဘဲ။ ဒီလို လာပြောသူတွေကို သူမ စိတ်လည်း မဆိုး တော့။ ပြုံးပြုံးလေး "ဟင့်အင်း" လုပ်ကာ ကိုယ့်စည်းကမ်းကိုယ်ထိန်းသိမ်း

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ ထို့ကြောင့် အလုပ်တစ်ခုမှ လက်မခံမီ ဘာအတွက်ရိုက်မှာလဲ၊ ဘယ်လိုပုံစံနဲ့ ရိုက်မှာလဲဟု သေသေချာချာ မေးမြန်းစိစစ်ပြီးမှ သူမ လက်ခံသည်။ အရင်လို ဖြစ်လာတော့မှ ကလေးဆန်ဆန် ထွက်ပြေးရတာမျိုး အဖြစ်မခံနိုင်တော့။

လုပ်ဖော်ကိုင်ဖက်တွေရဲ့ စကားတင်းဆိုမှုတွေကို သူမ ဂရုမစိုက်။ သူမ လက်မခံလျှင် အေဂျင်စီအတွက်လည်း နစ်နာမှန်းသိနေ၍ အားနာမိပေမယ့် မတတ်နိုင်။ သူမ ထိုသို့စည်းကမ်းထားသဖြင့် အလုပ်ရှင်တွေနဲ့ မျက်နှာမှာတော့ လေးစားမှုတွေ ပိုလာတာကို တွေ့ရပြီး လုံလုံခြုံခြုံရိုက်ရမည့် ကိစ္စတွေဆိုရင် သူမကို ခေါ်သုံးဖို့ သတိရလာကြသည်။ သူမကလည်း လက်မခံသည့် အလုပ်တွေကို လုံးဝ ပြန်လှည့်မကြည့်သလောက် လက်ခံပြီးပြီဆိုလျှင်လည်း ဘယ်လောက်ပင်ပန်းပါစေ၊ သူတို့လိုချင်သည့် ပုံစံထွက်သည်အထိ လုံးဝ မငြီးညူဘဲ လုပ်ပေးခဲ့သည်။ ဓါတ်ပုံရိုက်ရန် ဝိုင်းထိုးထားသည့် မီးတွေကြားထဲမှာ တစ်နေကုန် ရပ်ရင်း ချွေးတောက်တောက် ကျခဲ့ရတဲ့နေ့တွေ၊ ပင်လယ်ကမ်းခြေက အေးစိမ့်စိမ့်လေးကြားမှာ ရေစိုစိုနှင့် တစ်နေကုန် ခိုက်ခိုက်တုန်ခဲ့ရသည့်နေ့တွေ၊ ပစ္စည်းကြော်ငြာပေးရတဲ့ ပြပွဲတွေမှာ ပို့စ် မပျက်အောင် တစ်နေကုန် ရပ်ရင်း ခြေသလုံး ကြွက်သားတွေ တောင့်လာပေမယ့် မျက်နှာက အပြုံးတစ်စက်မလျော့အောင် နေပေးခဲ့သည့် နေ့တွေကို သူမ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့သည်။

အခုတော့ ဒီလောကမှာ ကျင်လည်ရင်း သူမ ဂျပန်ရောက်ခဲ့တာ (၂)နှစ်ပင် ပြည့်ခဲ့လေပြီ။

၉၉

www.burmeseclassic.com

www.burmeseclassic.com



ဂျပန်တစ်ယောက် မကောင်းတာနှင့် ဂျပန်တွေ မကောင်းဘူးလို့ ပြောလို့မရမှန်း သူမ သိပါသည်။ ထိုကဲ့သို့ပင် မြန်မာတစ်ယောက် မကောင်းတာကို ကြည့်ပြီး မြန်မာတွေ မကောင်းဘူးလို့ ပြောလို့ မရဘူးဆိုတာ လူမျိုးခြားတွေက သိမှ သိကြပါ့မလား။ ထိုသို့ လူမျိုးခြားတွေ ပြောကြမှာကို သူမ အလွန် စိုးရိမ်မိပါသည်။ မြန်မာပြည်မှာ နေခဲ့စဉ်က ကိုယ့်ဘာသာကိုယ်ရှိမှန်းပင် သတိမထားမိသည့် မျိုးချစ်စိတ်တွေက ဒီရောက်မှ ထင်ထင်ရှားရှား ပေါ်လွင်လာသည်။ မြန်မာလို့ ပြောလိုက်တာနဲ့ လေးလေးစားစား ဆက်ဆံကြသည့် အနေအထားမျိုးကို သူမ အလွန်တပ်မက်မိသည်။ သူမကတော့ ဘယ်သူမေးမေး မြန်မာပြည်ကဆိုတာကို ဂုဏ်ယူဝင့်ကြွားစွာ ပြောပြမိသည်။

ဒီကို ရောက်နေသည့် မြန်မာတွေထဲမှာတော့ ကောင်းသူတွေကော မကောင်းသူတွေပါ အများကြီး။ အချင်းချင်း ကူညီယိုင်းပင်းချင်သူတွေ ရှိသလို အချင်းချင်း ခေါင်းပုံဖြတ် အမြတ်ထုတ်ချင်သူတွေကလည်း မနည်း။ မြန်မာလို့ ပြောရမှာ ရှက်ကာ နိုင်ငံခြားသားယောင်ဆောင်နေသူအချို့ကိုတော့ သူမ ဘယ်လိုမှ နားမလည်နိုင်။ သူမနှင့် ခင်မင် ရင်းနှီးခဲ့သည့် မြန်မာမလေးတစ်ယောက်ကျတော့ နဖူးစာရွာလည်ကာ ဂျပန်တစ်ယောက်နှင့် အိမ်ထောင်ကျခဲ့တာတောင် ဂျပန်နိုင်ငံသားအဖြစ်ကို လုံးဝ မခံယူနိုင်ဟု ဆိုသည်။ငါက မြန်မာပဲ။ ငါဟာ မြန်မာနိုင်ငံသားပဲ ဖြစ်ရမယ်တဲ့။

မြန်မာပြည်က လူတွေကတော့ "ကျွန်မတို့ရဲ့ .... ကတော့ ဂျပန်မှာလေ" ဆိုပြီး ဂုဏ်ယူချင်ကြ၊ ကြွားချင်ကြသည်။ ဒီမှာ တကယ်ကြုံတွေ့နေရတဲ့ ဒုက္ခတွေကို သိရင် ဒီလို ကြွားနိုင်ကြပါ့ဦးမလား မသိ။ ဒီကိုလာ အလုပ်လုပ်သူတွေထဲက အဆင်အပြေဆုံးဟု ဆိုနိုင်သူတွေက အလုပ်အလွန်

www.burmeseclassic.com

www.burmeseclassic.com



များကာ ပင်ပန်းလွန်းသူတွေ ဖြစ်သည်။ ကျန်သည့်သူတွေကတော့ အလုပ်အတည်တကျ မရှိသူ။ အလုပ်မရသေးသူတွေ ဖြစ်သည်။ အချို့ကလည်း ဂျပန်ကို နိဗ္ဗာန်ဟုထင်ကာ လာခဲ့ပြီး တကယ်တမ်း ပင်ပင်ပန်းပန်း လုပ်ရမည်ဆိုသောအခါ ဘာမှ မလုပ်ဘဲ ဘဝကို ရေစုန်မျှောပစ်လိုက်ကြသည်။ အချို့ကလည်း သူများကို မှီခိုကာ နေချင်ကြသည်။ ဒီမှာ ရူးသလို ဖြစ်နေကြတဲ့သူတွေလည်း ရှိသည်။ မြန်မာနိုင်ငံမှာ အိမ်ထောင်ရှိသူ၊ ရည်းစားရှိသူတွေရဲ့ ဖောက်ပြန်မှုတွေကို ကြားသိရတော့ သူမ စိတ်မကောင်းဖြစ်မိသည်။ ကိုယ်ကျင့်တရားဆိုတာ နိုင်ငံလေးပြောင်းလိုက်တာနဲ့ ပြောမယ့်သူ မရှိဘူးဆိုတာနဲ့ အလွယ်တကူ ပြောင်းလဲပစ်လို့ ရတဲ့ အရာမျိုးမှ မဟုတ်ဘဲ။ တစ်နေ့က သူမ ရထားပေါ်မှာ တွေ့ခဲ့ရသည့် အမျိုးသမီးကလည်း သူမကို အလွန်အမင်း စိတ်ထိခိုက်စေခဲ့သည်။

သူမ အလုပ်ကအပြန် ရထားပေါ်မှာ သူနှင့် တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။ သူက သူမကို "မြန်မာလား" ဟု မေးကာ သူ့အိတ်ထဲမှ ဓါတ်ပုံတစ်ပုံကို ထုတ်ပြသည်။ ထို့နောက် အဲဒီလူက သူ့ယောကျ်ားဖြစ်ကြောင်း၊ တခြားအမျိုးသမီးတစ်ဦးနှင့် သူ့ထံမှ ထွက်ပြေးသွားကြောင်း၊ ထို့ကြောင့် သူ့ကိုတွေ့ရင် ချက်ခြင်း အကြောင်းကြားပေးပါဆိုပြီး သူ့လိပ်စာနှင့် ဖုန်းနံပါတ်ကဒ်ပြား သူမကို ပေးသွားသည်။ အဲဒီ အမျိုးသမီးဆင်းသွားမှ စောစောက မမြင်သလို မကြားသလို လုပ်နေသူ သူမဘေးမှ မြန်မာ အမျိုးသားတစ်ဦးက ထိုအမျိုးသမီးက နည်းနည်း ကြောင်နေပြီဖြစ်ကြောင်း၊ သူ့ယောကျ်ားကသူ့ဒဏ်ကို မခံနိုင်တော့လို့ ထွက်ပြေးသွားတာဖြစ်ကြောင်း၊ နောက်တွေ့ရင် ရှောင်ဖို့အကြောင်း သူ့ကို သတိပေးသလို ပြောသည်။ ထိုအမျိုးသမီးက မြန်မာပြည်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဆရာဝန်တစ်ဦးဖြစ်သည်တဲ့။

မြန်မာနိုင်ငံမှာသာဆိုရင် သည်လိုအဖြစ်မျိုးတွေ တော်ရုံနှင့်တော့ ကြုံရမည်မထင်။ လင်ပျောက်ရှာသူ အမျိုးသမီးရဲ့ မျက်ဝန်းထဲက စိတ်ပျက်အားလျော့နေသော အားကိုးရာမဲ့ အရိပ်တွေကို သူမ ကိုယ်ချင်းစာစွာ နားလည်မိသည်။ သည်လို တွေ့သမျှလူကို လိုက်အကူအညီတောင်းနေကတည်းက သူ့စိတ်ထဲမှာ ဘယ်လောက်ခံစားနေရလို့ ဒီလိုလုပ်တာလဲဆိုတာ သူမ ရိပ်မိသည်။ အကယ်၍ သူသာ သူမရဲ့ ဆွေမျိုးသားချင်းတစ်ယောက်ဖြစ်ပါက သူမ ဘယ်လိုခံစားရမလဲ။ သူတို့ မြန်မာပြည်မှာ ကလေးတွေကော ကျန်ခဲ့ကြသလား။ တကယ်လို့ အဖေနဲ့ အမေကွဲသွားမယ်ဆိုရင် ကလေးတွေ ဘယ်လိုများ နေပါ့မလဲဟု ရှည်ရှည်ဝေးဝေး လျှောက်တွေးကာ စိတ်ပူနေမိသည်။ တကယ်လို့ ဓါတ်ပုံထဲမှ လူကိုသာ သူမ လမ်းမှာ တွေ့မိပါက အတင်းခေါ်ကာ “မိန်းမကို ခေါ်ပြီး မြန်မာပြည်ကို ပြန်ကြပါတော့”ဟု ကိုယ်နဲ့မဆိုင်ဘဲ ဝင်စွက်ကာ ပြောမိလေမလားမသိ။

ပိုက်ဆံရှာလို့ လွယ်သည်ဆိုသော်လည်း တစ်သက်လုံးနေပစ်လိုက်ဖို့တော့ မည်သို့မျှ မကောင်းသည့်နိုင်ငံဖြစ်သည်။ ဘယ်သူတွေ ဘယ်လောက်ကြာကြာနေနိုင်သလဲ မသိ။ သူမကတော့ ယနေ့ပြန်ခွင့်ရမည်ဆိုလျှင် ယနေ့ပင်ပြေးကာ ပြန်လိုက်ချင်ပါသည်။ နည်းပညာပိုင်းဆိုင်ရာတွေ မြန်မာနိုင်ငံထက် အစစအရာရာ သာလွန်းကာ တိုးတက်ဖွံ့ဖြိုးနေသည့် အရပ်ဒေသတစ်ခုမှာ အတွင်းစိတ်ရဲ့ လုံခြုံနွေးထွေးမှုတွေ ပျောက်ဆုံးနေတာ ဘာကြောင့်များပါလိမ့်။

၄

www.burmeseclassic.com

www.burmeseclassic.com



မွန်းလိုက် ပြက္ခဒိန်ရိုက်အပြီးမှာ သူမတို့ အေဂျင်စီက သူမကို သူမ လုံးဝ မျှော်လင့်မထားသည့် run way မော်ဒယ်လ်အဖြစ် ကမ်းလှမ်းလာသည်။ တကယ်တော့ သင်တန်းတက်စဉ်ကတည်းက သူမလို ၅ပေ ၇လက်မ အောက် အရပ်ရှိသူတစ်ဦးအနေဖြင့် ရှိုးပွဲတွေ လျှောက်ရသည့် run way မော်ဒယ်လ် မဖြစ်နိုင်ဟု ကြိုသိခဲ့ရသည်။ ဒါပေမဲ့ ဘယ်နေရာမှာမဆို ခြွင်းချက်ကတော့ ရှိစမြဲပဲလေ။ သူတို့ ကမ်းလှမ်းတာကို လက်ခံမည်ဆိုလျှင် သူမ လမ်းလျှောက်လေ့ကျင့်ရမည်။ သူတို့နှင့် အနည်းဆုံး (၂)နှစ် စာချုပ်ချုပ်ရမည် ဖြစ်သည်။ ဒီလို အခွင့်အရေးမျိုးရဖို့က အလွန့်အလွန် မလွယ်ကူတဲ့ ကိစ္စမှန်း သိပေမယ့် သူမ ချက်ချင်း ခေါင်းမညိတ်မိ။ "စဉ်းစားဦးမယ်" ဟုသာ ဆိုခဲ့သည်။

သူမနှင့် ခင်မင်ရင်းနှီးနေသော run way မော်ဒယ်လ် ကောင်မလေး၏ စကားများကို ပြန်တွေးနေမိသည်။ သူမက မော်ဒယ်လ်ဘဝဆိုတာ တစ်သက်လုံး လုပ်လို့ရတဲ့အလုပ်မဟုတ်။ အရွယ်ရှိတုန်း၊ ငယ်တုန်းပဲ ကောင်းတာ။ ကြီးလာရင် တခြားလမ်းကို ရွေးဖို့ အခုကတည်းက ကြိုတင်စဉ်းစားထားရတယ်ဟု ပြောဖူးသည်။ မော်ဒယ်လ်ဘဝကနေ သရုပ်ဆောင်လိုင်းဖက်ကူးမလား။ ဒီဇိုင်နာလိုင်းဖက် ကူးမလား။ ဒါမှမဟုတ် စီးပွားရေးလုပ်မလား။ သူဌေးတစ်ယောက်ယောက်ကို ချိတ်နိုင်အောင် ကြိုးစားမလား ဆိုသည့် နည်းလမ်းတွေသာ ရှိသည်တဲ့။ သူက သူမကို ဘယ်နည်းလမ်းကို ရွေးမလဲမေးတော့ သူမမှာ အဖြေမရှိခဲ့။ ဘယ်နည်းလမ်းမှ မကြိုက်တာတော့ အသေအချာပင်။ အဲဒီကောင်မလေးကတော့ အမေရိကားကို သွားကာ မော်ဒယ်လ်လုပ်ရင်း

www.burmeseclassic.com

www.burmeseclassic.com



ဒီဇိုင်နာပညာရပ်ကို သင်မည်။ နောက်တော့ ဒီဇိုင်နာလိုင်းကို ပြောင်းမည်ဟု ဆိုသည်။ အင်္ဂလိပ်စာညံ့လွန်းလှသော ထိုကောင်မလေးက အကူအညီတောင်း သဖြင့် အားလပ်ချိန်တွေမှာ သူမ တတ်သလောက်၊ မှတ်သလောက်ဖြင့် သူ့ကို အင်္ဂလိပ်စာ သင်ပေးရင်း အရမ်းခင်သွားကြခြင်းဖြစ်သည်။ သူတို့ နိုင်ငံက ဒီလောက်ဖွံ့ဖြိုးတိုးတက်နေတာတောင် အမေရိကားကိုမှ အထင်ကြီး ကြသည့် သူတွေကလည်း ရှိသေးသည်။ ကိုယ်ရရှိထားသည့်နေရာနှင့် မရောင့် ရဲနိုင်ကြသော လူတွေ၏ သဘောတရားဟုပင် ဆိုရလေမည်လား။ ဒီဇိုင်နာတွေ ဆိုလျှင်လည်း သူတို့ရဲ့ လက်ရာတွေကို ပြင်သစ်မှာ သွားပြရတာကမှ ဂျပန် မှာ ပြရတာထက် ပိုဂုဏ်ရှိသည်ဟု ထင်မြင်ယူဆကြသည်။

သူမ ဘာဆက်လုပ်ရမလဲ။ သူမ ဘဝအတွက် ဘာကို အမှန်တကယ် လိုချင်သလဲဟု ကိုယ့်ကိုယ်ကို မေးခွန်းထုတ်မိသည်။ run way မော်ဒယ်လ် က မေမေဖြစ်စေချင်သော မေမေရဲ့ သူမအတွက် အိပ်မက်ဖြစ်သည်။ သူမ ပျော်သည့်အလုပ်က စာသင်ပေးသည့် အလုပ်ဖြစ်ကြောင်း ဂျပန်မလေးကို အင်္ဂလိပ်စာသင်ပေးရင်း ပိုမိုသဘောပေါက်လာသည်။ အင်္ဂလိပ်စာကို ကိုယ်တိုင် က တစ်ဖက်ကမ်းခတ်အောင် တော်နေတာ မဟုတ်သလို၊ ဂျပန်စကားကို လည်း ဖွတ်နေအောင် မတတ်သူ တစ်ယောက်က ကိုယ်သိ ကိုယ်တတ်ထား သလောက်ကို တစ်ဖက်လူ နားလည် သဘောပေါက်သွားအောင် သင်ပေးနိုင် တာ ပါရမီလို့ခေါ်မလား။ သူမ ဘာကို လိုချင်တယ်ဆိုတာ သူမကိုယ်သူမ သဘောပေါက်စ ပြုလာသည်။ မြန်မာနိုင်ငံကိုပြန်လျှင် သူမ ဖြစ်ချင်သောဆရာမ ဖြစ်နိုင်တာ၊ မဖြစ်နိုင်တာ ခဏထား၊ သူမ ဒီမှာ နောက်ထပ် (၂)နှစ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်မနေနိုင်တော့တာကတော့ သေချာလွန်းလှသည်။ ထို့အပြင် ရေရှည်မှာ အင်တာနေရှင်နယ် မော်ဒယ်လ်တစ်ယောက်အဖြစ် ရပ်တည်ပါက သူမရဲ့ စည်းကမ်းတွေကို ဆက်လက်ထိန်းသိမ်းထားနိုင်စွမ်း ရှိနိုင်ပါအုံးမလား။ မော်ဒယ်လ်လောကက အပြိုင်အဆိုင် အတိုက်အခံ များလွန်းသည်။ ဒီမှာက မော်ဒယ်လ်တစ်ယောက် အောင်မြင်သွားလျှင် ပရိသတ်က သူ့ကို မင်းသမီး တစ်ယောက်လိုပင် ဝိုင်းအားပေးကြသည်။ သူဝတ်သလို လိုက်ဝတ်ကြသည်။ သူ့ ဆံပင်ပုံစံမျိုး လိုက်ထားကြသည်။ သူ့စတိုင်ကို အတုခိုးကြသည်။ ထို့ကြောင့်လည်း ဒီမှာ မော်ဒယ်လ်ဖြစ်ချင်သူတွေ ဤမျှ များပြားနေခြင်း ဖြစ်သည်။

နောက်ဆုံး သူမ ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခုကို ချကာ အိမ်ကို ဖုန်းဆက်လိုက်သည်။ ဒီတစ်ခါမှာတော့ "သမီးပြန်ရမလား" မဟုတ်တော့။ "သမီး ပြန်လာတော့မယ်" သာဖြစ်သည်။

မေမေက ဆက်နေစေချင်မှန်း သိပေမယ့် သူမ ဆုံးဖြတ်ချက်တွေ က ပြတ်သားနေလေပြီ။ လုပ်ဖော်ကိုင်ဖက်များနှင့် ခင်မင်ခဲ့သော မိတ်ဆွေ အပေါင်းအသင်းများကို နောက်ဆုံးအနေဖြင့် နှုတ်ဆက်လိုက်သည်။ သူမ တစ်ချိန်က သူမ အပေါ်မှာ မကောင်းဟု အထင်လွဲခဲ့သည့် မထူးမြတ်ကိုလည်း ကျေးဇူးတင်ကြောင်း လှိုက်လှိုက်လှဲလှဲ ပြောကာ ကန်တော့လိုက်မိသည်။ မထူးမြတ် သူမကို နေစရာပေးခဲ့တာ အားနာလို့မဟုတ်ကြောင်း သူမ သဘောပေါက်ခဲ့ပြီပဲ။ ဒီလိုနေရာမျိုးမှာ အားနာပါးနာနဲ့ လုပ်ပေးရတယ်ဆိုတာ မရှိ။ တကယ်စေတနာပါလို့သာ သူမကို လက်ခံခဲ့တာဖြစ်ကြောင်း၊ သူမ

www.burmeseclassic.com

www.burmeseclassic.com



အတော်လေးကြာမှ နားလည် သဘောပေါက်ခဲ့ရသည်။ ပါးစပ်ပေါက်ဆိုးပေမယ့် စိတ်သဘောထားကောင်းသော မထူးမြတ် အကြောင်းတွေကို အတူနေရင်းမှ သူမ တဖြည်းဖြည်း လေ့လာခွင့် ရခဲ့သည်။ မြန်မာနိုင်ငံမှ လာသူများကိုစေတနာဖြင့် ဆေးကုသပေးတာ၊ ကူညီတာတွေကိုလည်း သူမ ကြားသိခဲ့ရပြီးဖြစ်သည်။ သူမကို ပန်းတိုင်မရောက်ဘဲ ပျက်စီးသွားမှာ စိုးရိမ်လွန်း၍ ပြောဆိုခဲ့သော စကားတွေကို သူမ နားလည်ခဲ့လေပြီ။ ကျောင်းဆက်တက်ရင်း နိုက်ဂျူတီတွေဆင်းရင်းနှင့် ပင်ပန်းလွန်းလှတဲ့ မထူးမြတ်ရဲ့ အနေအထားကြောင့် မြန်မာပြည်ကနေ မေမေလှမ်းခိုင်းတဲ့ ကိစ္စတွေကို မလုပ်ပေးချင်တာဖြစ်ကြောင်း သိခွင့်ရတော့မှ သူမ မထူးမြတ်ကို အလွန်အမင်း စာနာ သနားမိလေတော့သည်။

မြန်မာနိုင်ငံက ထွက်လာခဲ့စဉ်က ဥမမယ် စာမမြောက် ကလေးတစ်ယောက်လို အသိမျိုး၊ အတွေးအခေါ်မျိုးသာ ရှိခဲ့သော သူမ ကြီးကောင်ဝင်ကာ လူလား မြောက်ခဲ့လေပြီ။ အပေါ်ယံနှင့် တကယ့်အစစ်အမှန်ကို အခုမှ ခွဲခြားတတ်စ ပြုလာသည်။ အတွေ့အကြုံတွေ၊ အသိပညာတွေ၊ တစ်လှေကြီး ရလိုက်သည်မို့ ဒီအချိန်တွေက ဘဝအတွက် အလဟဿ ဆုံးရှုံးလိုက်ရတဲ့ အချိန်တွေလို့တော့ မဆိုနိုင်ပါ။

ပြန်ရမည့်ရက်တွေကို စိတ်မရှည်နိုင်စွာ လက်ချိုးရေတွက်ခဲ့မိသည်။ ပြန်ခါနီး လေဆိပ်ထဲ ဝင်ချိန်တွင်တော့ သူမ စိတ်ထဲမှာ ထူးခြားစွာ ပေါ့ပါးရွှင်မြူးနေလေသည်။ ကိုယ့်မြေ၊ ကိုယ့်ဒေသကို ပြန်ရတော့မယ်ဆိုတဲ့ အသိက သူမရဲ့ ရင်ထဲကို ဘာနဲ့မှ မတူတဲ့ အပျော်တွေ ထည့်ပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ စီးနင်းလာတဲ့ လေယာဉ်ပျံကြီး ကောင်းကင်ပေါ်တက်စဉ်မှာ ကျန်ခဲ့တဲ့ ဂျပန်မြေကို ငုံ့ကြည့်ရင်း သူမ ရင်ထဲက စကားတစ်ခွန်း ဆိုလိုက်မိသည်။

"အပြီး နှုတ်ဆက်ခဲ့ပါတယ် .... ဂျပန်ပြည်ရယ် .... ဆာရိုနာယား"

၁၁

www.burmeseclassic.com

# အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မိမိသဘောအလျှောက် ပြန်လာခဲ့တဲ့ သမီးဖြစ်သူကို မေမေ အရမ်းစိတ်ဆိုးနေမယ်ဆိုတာ ကြိုတင်မျှော်လင့်ထားပြီးသားဖြစ်ပေမယ့် တစ်ပူပေါ်၊ နှစ်ပူဆင့်မိသလို ဖြစ်သွားခြင်းအတွက် သူမ စိတ်မကောင်းပါ။

သူမ ပြန်မလာမီ တစ်ပတ်အလိုခန့်က ဆယ်တန်းဖြေထားသည့် ငွေရောင်တစ်ယောက် သူ့ချစ်သူနောက်သို့ လိုက်သွားခဲ့သည်။ မေမေက ဒီအရွယ်လေးနဲ့ ဒီလို လုပ်ရပါ့မလားဟု အရမ်းစိတ်ဆိုးနေစဉ် သူမကလည်း တားမရ ဆီးမရပြန်လာပြန်တော့ မေမေ ပိုခံစားရမည်မှန်း သူမ သိပါသည်။ ဒါပေမဲ့ မတတ်နိုင်။ လူတွေအားလုံးက ကိုယ်လျှောက်ရမယ့် ဘဝလမ်းကြောင်း ကိုယ်တိုင် ရွေးချယ်ယူကြရတာပဲလေ။ ပညာမစုံမီ အိမ်ထောင်ပြုဖို့ ရွေးချယ်လိုက်ခြင်းကလည်း ငွေရောင်၏ မိုက်ရူးရဲဆန်လှသော ရွေးချယ်မှုမို့ ဘယ်သူတွေ ဘယ်လို စိတ်မကောင်းဖြစ်ကြတယ်ပြောပြော အဲဒီဒဏ်ကို သူ ကိုယ်တိုင်သာ အဓိက ခံစားရမှာ ဖြစ်ကြောင်း စိတ်မသက်သာစွာတွေးမိရင်း အခု ဘယ်လိုများ နေလို့၊ ဘယ်လိုများ စားနေကြပါ့မလဲဟု အစ်မကြီးပီသစွာ ပူပန်နေမိပြန်သည်။ သူ့ကောင်လေးကလည်း ငွေရောင်နှင့် ရွယ်တူမို့ ဘာ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်မှ မရှိသေးသည့် ကျောင်းသားအရွယ်လေးသာ ဖြစ်သည်။ နှစ်ဖက်စလုံးကများ ပြန်မခေါ်ကြဘူးဆိုရင် ခက်ရချည်ရဲ့။

မေမေကတော့ လုံးဝပြန်မခေါ်၊ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံ ကိုယ့်ဘာသာခံကြဟု ဆိုသည်။ ဖေဖေက "ဖြစ်ပြီးတာတွေကို ပြန်ပြင်လို့မှ မရတော့တာကွာ .... ကိုယ်က သမီးရှင် .... ဒီလို ပစ်ထားရင် ကိုယ့်သမီးပဲ မျက်နှာငယ်မှာပေ့ါ" ဟု ဖျောင်းဖျနေလေသည်။ အကျိုးသက်ရောက်မှု မည်မျှပေါ်ထွက်လာမည်ကိုတော့ မသိရသေး။ သူမနှင့် ငွေရောင့်ကိုယ်စား မေမေ့ဒေါသများ စုပြုံကျရာ ထွက်ပေါက်အဖြစ် အိမ်မှာ ကျန်ရှိနေသည့် သူသာ တစ်ချိန်လုံး အဆူခံရကြောင်း၊ ခရမ်းရောင်က သူမကို သနားစဖွယ် ရင်ဖွင့်လေသည်။ ခရမ်းရောင်က အခုဆိုလျှင် (၉)တန်း ကျောင်းသူကြီးပင် ဖြစ်နေလေပြီ။ သူမ သွားနေစဉ်အတွင်း အရပ်တွေ ပိုရှည်ကာ ဖွံ့ထွားလာသော ညီမဖြစ်သူကို ကြည့်ရင်း သူမ အံ့ဩနေမိသည်။ ခရမ်းရောင်က သူမ မသွားခင်ကတည်းက သူမအရပ်ကို မှီလုနီးပါး ဖြစ်နေပေမယ့် မိန်းကလေးမို့ မကြာခင် ရပ်သွားမှာပဲဟု ထင်ခဲ့မိသည်။ အခုတော့ သူ့အရပ်က သူမထက်ပင် ပိုမြင့်နေလေပြီ။

"နင့်အရပ်က ရှည်လိုက်တာဟယ် .... ဘယ်လောက်တောင် ရှိသွားပြီလဲ" လို့ မေးမိတော့ ....

"ငါးပေ၊ ၇လက်မခွဲ" တဲ့ ....။

သူမ ပြန်လာတော့ သူမကို မဲစရာရသွားသဖြင့် ခရမ်းရောင် အတော်လေး သက်သာရာရသွားသည်။ (၂)နှစ်ကျော်ကျော်လေးအတွင်းမှာ အတော်လေး အိုကျသွားသော မေမေ့ကို ကြည့်ရင်း သူမ သနားနေမိသည်။ အရင်က

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သူမနှင့် ညီအစ်မလား ထင်မှတ်မှားရအောင် နုပျိုနေခဲ့သူ။ အေးလေ .... အသက်ကလည်း ငါးဆယ်ကျော်လာပြီကိုး။ စီးပွားရေးလုပ်ငန်းတွေကလည်း အရင်ကထက် အပြိုင်အဆိုင်တွေ ပိုများလာပြီမို့ စိတ်ဖိစီးမှုတွေ ပိုခံစားနေ ပုံရသည်။ သူ နည်းနည်း စိတ်တိုလာပြီဆိုလျှင် ....

"သမီးတွေမွေးထားတာ အားလုံးက ထင်ရာလုပ်ကြတယ် .... ညည်းတို့ကို မွေးရကျိုးကို မနပ်ဘူး .... ဟိုတစ်ယောက်ကရော ဘယ်လို လာအုံးမယ် မသိဘူး" စသဖြင့် ခရမ်းရောင်ကိုပါ ရောနှောကာ ဆူနေတတ်သည်။ အရင်တုန်းကဆိုလျှင် မေမေ ဆူလိုက်တာနဲ့ ထစ်ခနဲဆို သူမ မျက်ရည်ကျချင်နေပြီ။ စိတ်ထဲကလည်း ဆူရက်လေခြင်းဆိုပြီး ဝမ်းနည်းအားငယ်တာက တစ်ဖက်၊ မကျေနပ်စိတ်က တစ်ဖက်နှင့် ရင်ထဲမှာ ဗလောင်ဆူနေတတ်သည်။ အခုတော့ သူမ မည်သို့မျှ မခံစားရတော့။ မေမေ့ကို သနားတာ တစ်ခုသာ ရှိတော့သည်။

သူမ ကျောင်းက ယူခဲ့သည့် ခွင့်(၂)နှစ်ဆိုသည့် ကာလကို ကျော်လွန်ခဲ့ပြီမို့ မေမေက ....

"ညည်းတော့ မျောက်သစ်ကိုင်းလွတ် ဖြစ်ပြီ" ဟု ဆိုလေသည်။ သူမကတော့ အစကတည်းက ကျောင်းပြန်တက်ခွင့်မရရင် ဘာဆက်လုပ်မည်ဆိုသည့် အစီအစဉ်ဆွဲထားပြီးမှ ပြန်လာသူမို့ မေမေ့စကားကို မတုန်လှုပ်မိပါ။

သို့ပေမဲ့ ကျောင်းက သူမကို သက်ညှာစွာ စဉ်းစားပြီး ပြန်လည်လက်ခံခဲ့ခြင်းကိုတော့ သူမ အလွန်အမင်း ဝမ်းသာ ကျေးဇူးတင်မိပါသည်။ ကျောင်းစပြန်တက်ရတော့ ရင်းနှီးနေသည့် ပတ်ဝန်းကျင်မှာ မျက်နှာစိမ်းလေး

www.burmeseclassic.com

www.burmeseclassic.com



တွေကသာ ကြီးစိုးနေသည်။ သူမ သူငယ်ချင်းတွေက ဟောက်ဆာဂျင်တွေ ဖြစ်ကုန်ပြီမို့ ကျောင်းမှာ မရှိကြတော့။ ကျောင်းစတက်တာနဲ့ အတန်းဖော်တွေက သူမကို ဂျပန်မှာ မော်ဒယ်လ်လုပ်လာသူဆိုပြီး စူးစမ်းတဲ့ အကြည့်တွေနဲ့ ကြည့်ကြ မေးကြ မြန်းကြပေမယ့် သူမ အရင်လို စိတ်မကျဉ်းကြပ်တော့ပါ။ ဒီမှာလည်း Miss Visit Myanmar Year ပြီးကတည်းက မော်ဒယ်လ်ဆိုသည့် စကားလုံးနှင့် ရင်းနှီးလာကြပြီမို့ ပိုမို စိတ်ဝင်စားနေကြခြင်း ဖြစ်သည်။ တချို့ကလည်း

"နိုင်ငံခြားမှာတောင် မော်ဒယ်လ် သွားလုပ်လာတာဆိုတော့ အတွေ့အကြုံတွေကတော့ အတော်လေး ရခဲ့၊ စုံခဲ့မှာပေါ့နော်" ဟု ရိုသလိုလို ဆိုကြသည်။ တချို့ကျပြန်တော့ "အစ်မက သိပ်ချောတာပဲ .... ဒါကြောင့် နိုင်ငံခြားကတောင် လက်ခံတာနေမှာ" ဟု အထင်တကြီး ဆိုကြသည်။ ငယ်ငယ်တုန်းကထက် ပေါင်းသင်းဆက်ဆံရေးပညာကို များစွာ တတ်ကျွမ်းလာခဲ့ပြီမို့ သူမကို လိုလားသူများနှင့်ကော၊ မလိုလားသူများနှင့်ပါ အဆင်ပြေအောင် နေတတ်၊ ထိုင်တတ် လာခဲ့သည်။ ကျောင်းစာတွေကို မေ့ကုန်ပြီမို့ ပြန်လိုက်နိုင်အောင် မနည်းလုပ်နေရသည်။ တစ်တန်းပြီး၊ တစ်တန်းတက်ခဲ့စဉ်က ပြီးခဲ့သည့်နှစ်က စာတွေကို ဘာမှ မမှတ်မိတော့သလို ခံစားရသဖြင့် ဘာမှ ပြန်အသုံးမဝင်ဟု ထင်ခဲ့မိသည်။ တကယ်တော့ အသေးစိတ်အချက်အလက်တွေကိုသာ မေ့ပြီး အခြေခံအချက်အလက်တွေကို မှတ်မိသင့်သလောက် မှတ်မိနေလို့သာ နောက်တစ်တန်းက စာတွေကို ကောင်းမွန်စွာ လိုက်နိုင်ခဲ့ခြင်း ဖြစ်သည်။

စာတွေ ကျက်ရခက်တိုင်း သူမ ရိပ်မိုးကို ပိုသတိရမိသည်။ သူမ

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာတော့လည်း လာမတွေ့။ သူ့အိမ်ကို သွားတော့လည်း အိမ်တံခါး ပိတ်ထားသည်။ ဘေးအိမ်ကို မေးကြည့်တော့ နယ်ကို ပြောင်းသွားကြသည် တဲ့။ လိပ်စာကို မေးတော့ မသိဘူးဟု ဆိုသည်။ ဘာလို့ သူမကို အဆက် အသွယ်ဖြတ်သွားရတာလဲ ချစ်သူရယ်။ မယုံချင်လို့ မရတော့တဲ့ အခြေအနေ တစ်ခုကို ကြေကွဲစွာ လက်ခံရင်း "သူ ဘာလို့ စွန့်သွားရတာလဲ" ဆိုတဲ့ ဖြေသူမဲ့ မေးခွန်းလေးကို တစ်ယောက်တည်း အထပ်ထပ် မေးနေမိသည်။ "မီးဝေးတော့ ချိတ်မာ"၊ "တစ်ခြုံကွယ် တစ်မယ်မေ့" ဆိုတဲ့ စကားတွေ လို သွေးအေးသွားလို့လား၊ သူတို့ နှစ်ယောက်ကြားက ခိုင်မာတဲ့ သံယောဇဉ် တွေ ဒီလို လွယ်လွယ်နဲ့ ပျက်ကြွေသွားတယ်ဆိုတာကို သူမ ဘယ်လိုမှ မယုံချင်ပါ။

သူ .... သူမ ပြန်လာတာကိုများ မသိလို့လား။ သူမဆီ စာတွေ ထည့်ပေမယ့် တစ်စောင်မှ မရောက်ခဲ့တာလား။ အလွန်ဖြစ်နိုင်ချေနည်းလွန်း လှတဲ့ နောက်ဆုံး မျှော်လင့်ချက်ကလေးကိုပဲ ရင်ထဲမှာ ဆုပ်ကိုင်ထားရင်း မပျက်ယွင်းတဲ့ သစ္စာတရားတွေနဲ့ ချစ်ရသူကို သူမ ရင်ခုန်သံတွေ ရပ်သွားတဲ့ အချိန်အထိ စောင့်မျှော်နေအုံးမှာပဲဆိုတာ ချစ်သူက သိမှ သိပါ့မလားကွာ....။

၀၀

ဖိုင်နယ်ပါ့တ်ဝမ်းခေါ် နောက်ဆုံးနှစ်အပိုင်း(က)မှာ သွားရသည့် ဆေးရုံတွေက သဘ္ဘဒ်အမ်ဘီထက် ပိုများလာသည်။ သဘ္ဘဒ်အမ်ဘီမှာ ဆင်းခဲ့ ရသော ဆာဂျရီနှင့် မက်ဒီဆင်အပြင်၊ အိုဂျီဟု သူမတို့ အတိုကောက်ခေါ်ကြ သည့် သားဖွားမီးယပ်၊ ချိုင်းဟု အတိုကောက်ခေါ်သည့် ကလေးဆေးရုံတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ပါ ဆင်းကြရသည်။ သူမတို့ ပီအမ်အက်စ်ဟု အတိုကောက်ခေါ်သည့် လူမှုရေးနှင့် ကာကွယ်ရေးပညာကိုလည်း လက်တွေ့ပိုင်းအတွက် ပို့စ်တင်တစ်ခုအနေဖြင့် ဆင်းရသည်။ ထို့အပြင် ပီအက်စ်အမ် tripအနေဖြင့် နယ်သို့ သုံးပတ်သွားကာ ကွင်းဆင်းလေ့လာရမည်ဖြစ်သည်။ ထိုပီအက်စ်အမ် trip ကတော့ ပါ့တ်ဝမ်းကျောင်းသား၊ ကျောင်းသူတွေအတွက် ရင်အခုန်ဆုံး ခရီးဖြစ်သည်။ နှစ်စကတည်းက tripအတွက် ကြိုတင်ကာ လူစုနေကြသည့် ကျောင်းသား၊ ကျောင်းသူများကို ကြည့်ရင်း သူငယ်ချင်းတွေကို လွမ်းနေမိသည်။ တကယ်လို့ သူငယ်ချင်းတွေနဲ့ အတူသွားရမယ့် ခရီးသာဆိုရင် ဘယ်လောက်များ ပျော်စရာကောင်းလိုက်မလဲ။

အဖွဲ့တစ်ဖွဲ့မှာ ယောကျာ်းလေးတစ်ယောက် အနည်းဆုံးပါမှ ဖြစ်မည်မို့ အခုအချိန်မှာ ယောကျာ်းလေးတွေ အလွန်ဈေးကောင်းနေသည်။ စာတော်သည့်၊ အေးသည့် သူတွေဆိုလျှင် သူ့အဖွဲ့နှင့်လိုက်ပါ၊ ငါ့အဖွဲ့နှင့်လိုက်ပါဟု ဝိုင်းကာပင် လုခံနေကြရသည်။ အစကတည်းက အလွန်ခင်မင်သည့် ယောကျာ်းလေးသူငယ်ချင်း ရှိထားသူတွေကတော့ သဘ္ဒအမ်ဘီလောက်ကတည်းက ကြိုတင် ဘိုကင်လုပ်ထားသဖြင့် အဆင်ပြေနေကြသည်။ သို့သော် တချို့ယောကျာ်းလေးတွေက အရမ်းခင်သည့် သူငယ်ချင်းကောင်မလေးတွေက သူတို့ကို အရမ်းနိုင်ကြကာ၊ ဟိုမှာ အရမ်းခိုင်းမှာ စိုးသဖြင့် အတူမလိုက်ချင်ကြပြန်။ ခရီးအတူသွားရင်းမှ ဇာတ်လမ်းကလေးတွေလည်း ဖြစ်သွားနိုင်သဖြင့် တချို့ကောင်လေးတွေက သူတို့ သဘောကျနေသည့် ကောင်မလေးတွေနှင့် တစ်ဖွဲ့တည်း အတူသွားခွင့်ရရန် ကြိုးပမ်းနေကြသည်။

သူမကတော့ သည်ခရီးအတွက် စိတ်လှုပ်ရှားမှု ကင်းမဲ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မသွားလို့ မဖြစ်တဲ့ခရီးမို့သာ အလုပ်သဘောအရ သွားရမည်ဖြစ်သည်။ သူမနှင့် လက်ရှိတွဲနေသည့် ယဉ်မင်းသူတို့အဖွဲ့က သူတို့နှင့်အတူ သွားရန်ပြောထားသဖြင့် အဖွဲ့ရှာဖို့အတွက်တော့ သူမ မပူရပါ။ သူမတို့အဖွဲ့နှင့်အတူလိုက်မည့် ကောင်လေးက ယဉ်မင်းဖြူ၏ ချစ်သူဖြစ်သည်။ သူက ခပ်အေးအေးသမားမို့ သူမတို့အားလုံးနှင့် အဆင်ပြေမည်ဟု ယူဆရသည်။

ဖုန်းရှိသော သူငယ်ချင်းတွေအိမ်ကို သူမ ပြန်ရောက်ကတည်းက ဖုန်းဆက်ကာ ဆက်သွယ်ဖို့ ကြိုးစားခဲ့ပေမယ့် "မရှိဘူး" ဆိုသည့် တုန့်ပြန်မှုတွေကိုသာ ရရှိခဲ့သည်။ ဘယ်ဆေးရုံတွေမှာ ဟောက်စ်ဆင်းနေကြမှန်းလည်း မသိသဖြင့် သူတို့ကို သွားမတွေ့ဖြစ်ခဲ့။

မနေ့ကတော့ သူမရဲ့ လက်ရှိပို့စ်တင်ဖြစ်တဲ့ ကလေးဆေးရုံမှာ ဝေဝေခိုင်ကို ရိပ်ခနဲ လှမ်းတွေ့လိုက်သည်။ အဲဒီက ဟောက်ဆာဂျင်တွေကို မေးကြည့်တော့ ဝေဝေခိုင်က ယူနစ်တူးမှာဟု ဆိုသည်။ သူတို့ ကျေးဇူးကြောင့် ရတနာက ယူနစ်ဝမ်းမှာ၊ ယမင်းက ခွဲစိတ်ဆောင်မှာ၊ ရဲသွေးနှင့် မျိုးကိုက နီယိုနိတ်(မွေးကင်းစကလေးဆောင်)မှာ လက်ရှိတာဝန်ကျနေကြောင်းကိုပါ သိခွင့်ရခဲ့သည်။ သစ်ထွန်းတစ်ယောက်သာ ဗဟိုအမျိုးသမီးဆေးရုံကို ရောက်နေသည်တဲ့။ ရိပ်မိုးကိုမေးတော့ သူတို့က သူမကို အံ့သြသလို ကြည့်ကြတာ သတိပြုလိုက်မိသည်။ ရိပ်မိုး ဒီမှာ ဟောက်စ်မဆင်းကြောင်း၊ နယ်မှာ သွားဆင်းသည်ဟု ကြားရကြောင်း၊ ဘယ်မှာဆိုတာတော့ သူတို့ မသိကြောင်း၊ သူမကို ပြောပြသည်။ ထို ဟောက်ဆာဂျင်အဖွဲ့က သူမ ဂျပန်မသွားခင်က သူမနှင့် တစ်တန်းတည်းပေမယ့် သူမနှင့် သိပ်မရင်းနှီးသည့် အဖွဲ့ဖြစ်သည်။ သူတို့ ရိပ်မိုး ဘယ်မှာ ဆင်းနေတယ် ဆိုတာကို မသိကြပေမယ့် ရတနာတို့ကတော့

www.burmeseclassic.com

www.burmeseclassic.com



သိမှာပဲဟု တွေးရင်း သူငယ်ချင်းတွေနှင့် ပြန်ဆုံရတော့မည်မို့ သူမ ရင်ခုန်ဝမ်းသာ ပျော်ရွှင်နေမိသည်။

ထို့ကြောင့် နေ့လယ် ထမင်းစားချိန်ရောက်တော့ ကျောင်းကို မသွားသေးဘဲ သူတို့ကို လိုက်ရှာနေမိသည်။ ဝါဒ်တွေထဲမှာ တစ်ယောက်မှ မတွေ့ရ၍ အနားက မုန့်ဈေးတန်းသို့ သွားရာမှ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေကြတဲ့ သူငယ်ချင်းတွေကို လှမ်းတွေ့လိုက်ရသည်။

"ဟော့ကောင်တွေ .... ငါ နင်တို့ကို လိုက်ရှာတာ နံ့နေတာပဲ"

သူမ သူတို့အနားသို့ အပြေးသွားရင်း ဝမ်းသာအားရ ပြောလိုက်မိသည်။ အားလုံးက သူမကို မမြင်ဖူးသူတစ်ယောက်ကို တွေ့ရသည်အလားအေးစက် စိမ်းကားသည့် အကြည့်များဖြင့် ကြည့်ကြသည်။

"ပိုက်ဆံရှင်းမယ်ဟေ့"

ရဲသွေးက လှမ်းအော်ကာ ပိုက်ဆံရှင်းပေးပြီးနောက် အားလုံးထသွားကြသည်။ သူမကို ဘယ်သူကမှ အဖက်မလုပ်ချင်သည့် အမူအရာတွေနှင့်။ သူမ ဘာလုပ်ရမှန်းမသိဘဲ အံ့သြမင်တက်နေမိစဉ် နောက်ဆုံးကျန်ခဲ့သည့် ရတနာက သူမဘက်ကို လှည့်ကာ မျက်နှာထားတင်းတင်းနှင့်

"ငါတို့အားလုံး နင့်ကို သိပ်စိတ်ဆိုးနေကြတယ် ရွှေရောင်" ဟု ဆိုလေသည်။

"ဘာ .... ဘာဖြစ်လို့လဲ"

သူမ နားမလည်နိုင်စွာ ပြန်မေးလိုက်မိသည်။

"နင် ရိပ်မိုးကို လုပ်သွားတာကြောင့်ပေါ့ .... နင့်သတင်းကြားတဲ့အချိန်က ငါတို့ ပါ့တ်တူးဖြေဖို့ တစ်လပဲ လိုတော့တဲ့အချိန် .... နင့်ကြောင့် သာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ခဲ့ရင် ရိပ်မိုးက ပါ့တ်တူးမှာ အနည်းဆုံး ဆာဂျရီတော့ ဒီထွက် မှာပဲ .... နင် သိပ်ရက်စက်တယ် ရွှေရောင် ....”

“ငါ .... ငါ”

ဘာမှ ပြန်မမေးနိုင်သေးမီ စကားစလို့ မရဖြစ်နေသည့် သူမကို ထားရစ်ခဲ့ကာ ရတနာ လှည့်ထွက်သွားတော့သည်။ သူမတို့ အဖြစ်အပျက် တွေကို ဝိုင်းကြည့်နေကြသည့် ပတ်ဝန်းကျင်က လူတွေကို သတိထားမိရင်း သူမ လှည့်ထွက်လာခဲ့သည်။ ရှက်ခြင်းထက် နားမလည်နိုင်ခြင်း၊ စိတ် မကောင်းဖြစ်ခြင်းက ပိုမို ကြီးစိုးနေသည်။ ငယ်ငယ်ကလို စိတ်မျိုးနှင့်သာ ဆိုရင် ထိုနေရာပင် ချုံးပွဲချကာ ငိုမိမည်ထင်သည်။

စိတ်တွေကို တည်ငြိမ်အောင် ထိန်းကာ ညနေပိုင်းအတန်းတွေ တက်ရန်အတွက် လမ်းမတော်ဆေးကျောင်းသို့ ကားမောင်းထွက်ခဲ့သည်။ ရတနာ့စကားတွေကို တစိမ့်စိမ့်ပြန်စဉ်းစားရင်း တတ်စွမ်းသမျှ အဓိပ္ပါယ်ဖော် နေမိသည်။ သူငယ်ချင်းတွေအားလုံး သူမကို စကားမပြောချင်၊ မတွေ့ချင် လောက်အောင် စိတ်ဆိုးနေကြခြင်းမှာ ဘာကြောင့်လဲ။ ရိပ်မိုးကို သူမ ဘာလုပ်မိလို့လဲ။ ရိပ်မိုးကသာ သူမကို အဆက်အသွယ်ဖြတ်ခဲ့တာ မဟုတ်လား။ နင့်သတင်းတဲ့ ဘာသတင်းလဲ။ ကိုသစ်နောင်နဲ့သတင်းက ပြီးခဲ့တဲ့နှစ်ကတည်းက ပြီးဆုံးခဲ့ပြီမို့ မဖြစ်နိုင်။ ပါ့တ်တူးဖြေခါနီးမှ ဘာ သတင်းတွေ ရခဲ့တာလဲ။ သူမလည်း ကိုသစ်နောင်ကိစ္စဖြစ်ပြီးခဲ့တဲ့နောက်ပိုင်း မှာ ယောကျာ်းဆိုရင် မြန်မာရော၊ ဂျပန်ပါ အားလုံးရှောင်ခဲ့တာပဲ။ အလုပ် သဘောအရ ဆက်ဆံမှုအပြင် တွဲသွားတွဲလာတောင် မရှိခဲ့။ ရိပ်မိုး သူမကြောင့် အရမ်းခံစားရကာ ပါ့တ်တူးမှာ ဒီတစ်လုံးမှတောင် မထွက်ဘူးဆိုတာကို

www.burmeseclassic.com

www.burmeseclassic.com



သူမ စိတ်မကောင်းပေမယ့် ဘယ်လိုမှ နားမလည်နိုင်ပါ။ ရလိုက်တဲ့ အချက်အလက်တွေထဲက အကောင်းဆုံးဟု ယူဆရသည့် အချက်ကတော့ ရိပ်မိုး သူမကို စိတ်ကုန်သွားခြင်း မဟုတ်ဘဲ၊ စိတ်နာနေခြင်းသာ ဖြစ်နိုင်သည် ဆိုသည့်အချက်ပင်။

ငါ့ကို ဘာတွေများ အထင်လွဲနေရတာလဲ ချစ်သူရယ်။ တကယ်ဆို အကျိုးအကြောင်းပြောပြပြီး ဖြေရှင်းချက်ကလေးတော့ တောင်းသင့်ပါတယ်။ အခုတော့ ငါ နင့်ကို ဘယ်လိုက်ရှာရမှာလဲ။ ဘယ်လိုဆက်သွယ်ရမှာလဲ။ နင်ကရော ငါ့ကိုမတွေ့ချင်၊ မမြင်ချင်လောက်အောင် ဖြစ်နေပြီလား။ သူငယ်ချင်းတွေကတောင် ဒီလောက်ဖြစ်နေတယ်ဆိုတော့ ကာယကံရှင်က ပိုဆိုးမည်မှန်း သူမ သဘောပေါက်မိသည်။

ငါ နင့်ကို အခုအချိန်အထိ သစ္စာမပျက်၊ ချစ်နေလျက်ဆိုတာ နင်သိစေချင်လိုက်တာ။ နင်အရင်က ပြောခဲ့သလို နင့်ဝိညာဉ်လေးက ငါ့အနားမှာ အမြဲရှိနေမယ်ဆိုရင် နင်တကယ်မသိဘဲ မနေပါဘူး ရိပ်မိုးရယ်။

ကုန်ခမ်းနေပြီလို့ ထင်ထားတဲ့ မျက်ရည်စတွေ ပါးပြင်ပေါ် လိမ့်ဆင်းလာသည်။ ခိုင်မာစွာ ချည်နှောင်ခဲ့တဲ့ သံယောဇဉ်ကြိုးတွေကို ဒီလို လွယ်လွယ်နဲ့ဖြတ်ပစ်လို့ ရစတမ်းလား ချစ်သူရယ်။

၉

နေ့စဉ်နှင့်အမျှ မျှော်လင့်နေသူက သူမထံ ရောက်မလာဘဲ လုံးဝ မျှော်လင့်မထားမိသူက သူမထံသို့ ရောက်ရှိလာသည်။ ညနေ ကျောင်းဆင်းချိန်တစ်ခုမှာ အတန်းရှေ့သို့ ရောက်လာသည့်သူက ကိုသစ်နောင်။

www.burmeseclassic.com

www.burmeseclassic.com



"ပြန်ရောက်နေတာတောင် ဖုန်းမဆက်ဘူး .... သူများတွေ ပြောမှပဲ သိရတော့တယ်"

ကိုသစ်နောင်ရဲ့ ပိုင်စိုးပိုင်နင်း နိုင်လွန်းလှသည့် လေသံကြောင့် သူမ အလွန် ဒေါသထွက်သွားသည်။ ဘေးမှ ဖြတ်သွားသူ အချို့က သူမတို့ကို လှည့်ကြည့်သွားကြသည်။

"ကျွန်မနဲ့ရှင်နဲ့ ကြားမှာနောက်ထပ် ပတ်သက်စရာ မရှိတော့ဘူးလို့ ကျွန်မထင်ပါတယ်"

သူမရဲ့ မျက်နှာနဲ့ လေသံတို့ရဲ့ တင်းမာမှုတွေက သူ့ကို ဘယ်လိုမှ သက်ရောက်မှု ရှိပုံမပေါ်ပါ။

"ကိုယ့်ဘက်ကတော့ မင်းကို အမြဲတမ်း ပတ်သက်ချင်နေတယ်"

မသိမသာရော သိသိသာသာပါ အကဲခတ်နေကြသည့်မျက်လုံးတွေကို သတိပြုလိုက်မိသည်။ ကျောင်းဆင်းချိန်မို့ ကျောင်းကားစောင့်နေသူတွေ၊ အိမ်က လာကြိုသည့် ကားစောင့်နေသူတွေ၊ ပတ်ဝန်းကျင်မှာ ရှိနေကြသည်။ မဟုတ်တဲ့ အထင်ခံရရင်ဆိုသည့် အတွေးက သူမကို အလွန်အမင်း စိတ်အနှောင့်အယှက်ဖြစ်နေစေသည်။

"ကျွန်မဘက်ကတော့ ရှင့်ကို အပြတ်သားဆုံး ပြောခဲ့ပြီးပြီပဲ .... ရှင် ကျွန်မကို ထပ်နှောင့်ယှက်ဖို့ မကောင်းပါဘူး .... ကျွန်မ သွားတော့မယ်"

"ဟော့ .... နေဦးလေ .... ရွှေရောင်"

သူမ နောက်ကို လှည့်မကြည့်ဘဲ ကားထားရာနေရာသို့ အမြန်လျှောက်လာခဲ့သည်။ ကိုသစ်နောင်လို တဇွတ်ထိုးနိုင်သည့် လူတစ်ယောက်ကို ကောင်းကောင်းမွန်မွန် ပြောလို့လည်း ဘယ်လိုမှ ရမှာ မဟုတ်တာ သေချာနေ

www.burmeseclassic.com

www.burmeseclassic.com



သည်လေ။ ဒီမှာတော့ ဂျပန်မှာတုန်းကလို အတင့်ရဲဝံ့မည့်ပုံမပေါ်။ အတင့်ရဲခဲ့ရင်လည်း ပတ်ဝန်းကျင်မှ သူများက ဒီအတိုင်း လက်ပိုက်ကြည့်နေကြမည်မထင်ပါ။ ကိုယ့်အရပ် ကိုယ့်ဒေသမှာ နေထိုင်ခြင်းအတွက် ရရှိသည့် လုံခြုံမှုကို သူမ နွေးထွေးစွာ ခံစားလိုက်ရသည်။

သူမရဲ့ မသိနားမလည်စွာ မိုက်မဲခဲ့မှုရဲ့ အရှိန်က အခုထက်ထိ မသေနိုင်သေးဘူးလား။ ကိုသစ်နောင်က ဘာလို့ သူမကို အခုအချိန်အထိ လက်မလျှော့နိုင်ရသေးတာလဲ။ ရိပ်မိုးသာ အနားမှာရှိခဲ့ရင် သူမအတွက် ဘယ်လောက်များ လုံခြုံလိုက်မလဲဟု တမ်းတလိုက်မိသည်။

နင် ငါ့အဖြစ်တွေကို မြင်စမ်းစေချင်တယ် ချစ်သူရယ် ....။

ပါ့တ်ဝမ်းအပြီးမှာ သူမကို မော်ဒယ်လ်အေဂျင်စီတစ်ခုက မော်ဒယ်လ်လုပ်ရန် ကမ်းလှမ်းလာသည်။ သူမ ငြင်းပယ်လိုက်ခြင်းကို မေမေကတော့ သိပ်မကျေနပ်။

"အခုဟာက ကိုယ့်နိုင်ငံမှာ ကိုယ်လုပ်ရမှာပဲ .... ကျောင်းတက်ရင်းလည်း လုပ်လို့ရနေတာကို .... ဘာများ အပမ်းကြီးလို့လဲ" ဟု ဆိုသည်။ သူမ မလုပ်ချင်သည့် အရာတစ်ခုဟု သေသေချာချာ သိကာ အပြီးအပိုင် စွန့်လွှတ်ခဲ့ပြီးသားမို့ ဘာတစ်ခုမှ ပြန်မစလိုတော့ပါ။ အခြားအေဂျင်စီတစ်ခုကတော့ သူမကို မော်ဒယ်လ်သင်တန်းမှာ နည်းပြအဖြစ် ဆောင်ရွက်ရန် လာရောက်ကမ်းလှမ်းသည်။ သူတို့က ဟိုမှာ မော်ဒယ်လ် လုပ်ခဲ့ဖူးတယ် ဆိုတာကို ကြားရရုံနှင့် သူမကို အရမ်းကာရော အထင်ကြီးပစ်လိုက်ကြခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူမကတော့ သူများကို ပြန်သင်ပေးရလောက်အောင် သူမမှာ အရည်အချင်းမရှိသေးဟု ထင်မြင်ယူဆမိသည်။

အခုတော့ ဒီမှာလည်း မော်ဒယ်လ်ဖြစ်ချင်သူတွေ အတော်လေး များလာကြလေပြီ။ ထို့ကြောင့် သင်တန်းဖွင့်လျှင် စီးပွားရေးအရ တွက်ခြေကိုက်စရာရှိမှန်း စီးပွားရေးသမားတွေက အကွက်မြင်ကြသည်။ သို့သော် တကယ်တမ်း သင်နိုင်သူက များများစားစားမရှိ။

သူမက မော်ဒယ်လ်အဖြစ် လက်မခံတော့ ခရမ်းရောင်ကို တွေ့သွားကာ စိတ်ဝင်စားကြပြန်သည်။ ခရမ်းရောင်က အရပ်မြင့်ပြီး ခန္ဓာကိုယ်မှာ အဆီပို လုံးဝမရှိပေမယ့် ပိန်ကပ်နေတာမျိုး မဟုတ်ဘဲ အချိုးအစားကျနသည်။ ထို့ကြောင့် ခရမ်းရောင်ကို ပြုပြင်စရာမလိုဘဲ မော်ဒယ်လ်ဖြစ်ဖို့ မွေးဖွားလာသူ ဟုပင် ဆိုရမလို ဖြစ်နေသည်။ ခရမ်းရောင် ကိုယ်တိုင်ကလည်း မော်ဒယ်လ်ဖြစ်ဖို့ စိတ်ဝင်စားသည်။ မေမေက ဒါကို သဘောကျပေမယ့် ဆယ်တန်းအောင်ပြီးမှ စလုပ်ခွင့်ပြုမည်ဟု ဆိုသည်။

ငွေရောင်ကတော့ ယောက္ခမအိမ်မှာပဲနေရင်း သမီးလေးတစ်ယောက် မွေးသည်။ မြေးမျက်နှာကို မြင်ရသည့်အခါမှာတော့ မေမေ ငွေရောင့်ကို ဆက်လက်တင်းထားနိုင်စွမ်းမရှိတော့ပါ။ ငွေရောင့်မျက်နှာကို တစ်သက်လုံး မကြည့်တော့ဘူး ဆိုသူက အခုတော့လည်း ကလေးကို တွေ့ချင်သဖြင့် ငွေရောင့်ကို သူပဲ တစ်ချိန်လုံး ဖုန်းဆက်ကာ ခေါ်နေလေသည်။ ငွေရောင်က ကျောင်းဆက်မတက်ချင်တော့ဟု ဆိုသဖြင့် သူမက စာပေးစာယူနဲ့ ဘွဲ့တစ်ခုတော့ ရအောင် ယူထားသင့်ကြောင်း တိုက်တွန်းမိသည်။ သူ့ယောကျ်ားက သီချင်းဆိုဖို့ ကြိုးစားနေသူတစ်ဦးမို့ သူတို့ရှေ့ရေးက သိပ်မရေရာလှ။ မေမေ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ အဆိုတော် ရူးရူးနေသည့် သူ့သားမက်ကို လက်ကြောတင်းအောင် အလုပ်မလုပ်ချင်သူဟု ယူဆကာ သိပ်မကြည်လင်လှ။

ငွေရောင့်သမီးလေးကို မေမေက သူ့ထုံးစံအတိုင်း "ရောင်"ပါသည့် အမည်ပဲ မှည့်ချင်သည်။ သူက "အဖြူရောင်"လို့ ပေးချင်ပေမယ့် ငွေရောင့်ယောကျ်ားက သူတို့နာမည်တွေထည့်ကာ "ဖြူငွေစိုး"ဟု ပေးချင်သည်။ ငွေရောင်ကလည်း မေမေ့သြဇာ မသက်ရောက်ဆုံးသမီးမို့ မေမေ့စကားကို အလွယ်တကူ ခေါင်းမညိတ်သဖြင့် အခုထက်ထိ ကလေးကို ကင်ပွန်းမတပ်ရသေး။ ဖြူတစ်လုံးကိုတော့ နှစ်ဖက်စလုံးက သဘောတူကြသဖြင့် အိမ်နာမည်က ဖြူလေးဖြစ်နေသည်။

ခရမ်းရောင်ခမျာလည်း ငွေရောင်လုပ်ခဲ့သည့် စနက်ကြောင့် ပိုမိုကြပ်မတ်ခံနေရသည်။ ကျောင်းသွား၊ ကျောင်းပြန်၊ ကျူရှင်အကြိုအပို့ကအစ အားလုံးကို မေမေက တစ်စက်မှ အလွတ်မပေးဘဲ လိုက်ကြို၊ လိုက်ပို့ လုပ်သည်။ ခရမ်းရောင်ရဲ့ လှုပ်ရှားမှု မှန်သမျှကိုလည်း မျက်စိဒေါက်ထောက်ကာ ကြည့်လေသည်။ သူမကိုတော့ စိတ်လျှော့လိုက်ပြီမို့ ခရမ်းရောင်တစ်ယောက်သာ မေမေ့ အာရုံစူးစိုက်ရာ ဖြစ်နေလေသည်။ ထို့ကြောင့် အနေရကြပ်ကာ ယောကျ်ားလေးတွေနဲ့ စကားပြောတာတွေ့တိုင်း အဆူခံနေရသည့် ညီမငယ်ကို သနားသောကြောင့် တစ်ခါတစ်ရံ ဝင်ကာ ကူပြောပေးမိတော့ သူမပါ အဆူခံရပြန်သည်။ သူမကတော့ သူမ အလှည့်တုန်းကလို ညီမလေး စိတ်အားငယ်ကာ ကိုယ့်ကိုယ်ကို မယုံမကြည်ဖြစ်မှာကိုပဲ ပူပန်နေမိသည်။

ခရမ်းရောင်က ငွေရောင့်လိုမဟုတ်။ သူမနှင့်ပိုတူကာ သူမလိုပဲ စိတ်ညစ်တတ်၊ ကြောက်တတ်သည်။ မေမေဆူလိုက်လျှင် သူမ ငယ်ငယ်

www.burmeseclassic.com

www.burmeseclassic.com



တုန်းကလိုပင် ခံနိုင်ရည် မရှိရှာ။

သူ့ကို မကြောက်ဖို့၊ စိတ်မညစ်ဖို့ အားပေးရင်း တစ်ဖက်ကလည်း မေမေ့ကို အထင်မလွဲဖို့၊ စိတ်မကွက်ဖို့ ရှင်းပြရသည်။ မေမေက ဒီလို ဆူတာ၊ အော်တာ၊ သူများနဲ့နှိုင်းယှဉ်ပြီး သိမ်ငယ်စိတ်ဝင်အောင် ပြောတတ်တာတွေက တကယ်တော့ အကျင့်ပါနေလို့ ပြောတာသာဖြစ်လို့ စိတ်ထဲ မထားဖို့၊ အရွဲ့မတိုက်ဖို့၊ ကိုယ့်ဘာသာကိုယ် ကောင်းအောင်နေဖို့သာ အရေးကြီးကြောင်း၊ မေမေက သူမတို့ကို အလွန်ချစ်ကြောင်းတွေကို ခရမ်းရောင် မေမေဆူထားလို့ ဝမ်းနည်းစွာ ငိုကြွေးနေတဲ့အချိန်တွေမှာ ပြောဆိုရှင်းပြရင်း သူမ ကိုယ်တိုင်လည်း မေမေ့ကို အတော်လေး သဘောပေါက် နားလည်နေပြီ ဖြစ်ကြောင်း သတိပြုမိလာသည်။

မေမေက သူမတို့ကို ဘယ်လိုပင် ဆူဆူပြောပြော အခြားသူတွေ ရှေ့မှာတော့ သူ့သမီးတွေ ဘယ်လိုတော်ကြောင်း၊ လိမ္မာကြောင်းကိုသာ ပြောတတ်သူဖြစ်သည်။ သူသာ ဆူပေ၊ ပြောပေမယ့် သူမတို့ကို သူများပြောလျှင် တစ်စက်ကလေးမှ ခံနိုင်သူ မဟုတ်ပေ။ ပစ္စည်းဥစ္စာနှင့်ပတ်သက်လာလျှင်လည်း သူမတို့ကို လိုလေသေးမရှိအောင် ပြည့်ပြည့်စုံစုံ ထားပေးချင်သူ။

မေမေ့ကို သူမ ချစ်လည်းချစ် သနားလည်း သနားမိသည်။ သူမ ဖတ်ဖူးသည့် စိတ်ပညာ ဆောင်းပါးတစ်ပုဒ်ထဲမှာ Type A ဆိုသည့် လူစားမျိုးသည် မေမေနှင့် အလွန်ကိုက်ညီနေကြောင်း သူမ တွေ့ရှိရသည်။ စိတ်ကြီးသော၊ ကိုယ်ဖြစ်ချင်တာကို မဖြစ်မနေရအောင် လုပ်သော၊ မိမိပတ်ဝန်းကျင်မှ သူများကိုလည်း စိတ်တိုင်းမကျသော မေမေ့လို လူမျိုးတွေက သွေးတိုးတို့၊ နှလုံးရောဂါတို့ ပိုရလွယ်ကြောင်း ဖတ်ရသဖြင့် သူမ မေမေ့ကို စိတ်ပူမိသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ တကယ်တော့ အမေဆိုတာကလည်း သာမန်လူသားတစ်ယောက်မို့ သူ့မှာလည်း လူပီသစွာ အားနည်းချက်တွေ ရှိတာပါပဲ။ ဒါပေမဲ့ ကိုးလလွယ်၊ ဆယ်လမွေးကာ လူလားမြောက်အောင် ကျွေးမွေးပြုစုခဲ့တဲ့ ကျေးဇူးနဲ့ သူမတို့အပေါ်မှာ ထားရှိတဲ့ မေတ္တာ၊ စေတနာတွေက ဒါတွေနှင့် ချေဖျက်၊ လဲလှယ်ပစ်လို့ မရအောင် ကြီးမားလွန်းလှသည်။ ကမ္ဘာပေါ်မှာ သူမတို့အတွက် အဖေနှင့်အမေထက် ပိုကောင်းနိုင်သူ တစ်ယောက်မှ မရှိကြောင်း သူမရဲ့(၂)နှစ်ကျော်ကျော် တက်ခဲ့ရသည့် ဘဝသင်တန်းကတစ်ဆင့် သူမ သိရှိခဲ့ပြီးဖြစ်သည်။ သူမက နေပူထဲ ရောက်ခဲ့ဖူးသူမို့ မိဘအရိပ်အာဝါသရဲ့ အေးချမ်းမှုကို ကောင်းမွန်စွာ သဘောပေါက်နားလည်နေပြီဖြစ်သည်။

သူမ မေမေ့ကို နားစေချင်နေပြီ။ နားဖို့ အချိန်ရောက်နေပြီလို့လည်း ထင်မြင်မိသည်။ ဘုရားသွား၊ ကျောင်းတက်ရင်းစ အိမ်မှာ အေးချမ်းစွာနေစေချင်ပေမယ့် မေမေကတော့ နားဦးမည့်ပုံမပေါ်။ အခြားလုပ်ငန်းတွေကို ရပ်နားပြီး ဆေးတင်သွင်းသည့် ကုမ္ပဏီတစ်ခုထောင်ဖို့ စိုင်းပြင်းနေသည်။ မေမေက သူ့ရဲ့မိတ်ဆွေတွေ သူ့ထက်ပိုအဆင်ပြေ၊ ပိုအလုပ်ဖြစ်နေတာကို မြင်လျှင် သူ့စိတ်ထဲမှာ ခံနိုင်ရည် မရှိတာမို့ အမြဲတမ်း ယှဉ်ပြိုင်စိတ်နှင့် အလုပ်လုပ်ချင်နေသည်။ ဘာပဲဖြစ်ဖြစ် အလုပ်လုပ်တာကလည်း အသက်ရှည်စေတဲ့ နည်းလမ်းတစ်ခုပဲမို့ ဒါလည်း ကောင်းတာပါပဲဟု တွေးရင်း သူမ သက်ပြင်းချလိုက်မိပါတော့သည်။

၁၇

www.burmeseclassic.com

www.burmeseclassic.com



ဆေးကျောင်းမှာ စက္ကင်းအမ်ဘီနှင့် ပါ့တ်တူး [နောက်ဆုံးနှစ် အပိုင်း(ခ)]က အခက်ဆုံးဆိုသော်လည်း ပါ့တ်တူးမှာ စာကို ဘယ်လိုကျက်ရမည်ဟု သိလာပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုလည်း အနည်းငယ်ပိုလာသဖြင့် စက္ကင်းအမ်ဘီကလောက်တော့ မခံစားရပါ။ သို့သော် စာများလွန်းခြင်းနှင့် ခန့်မှန်းလို့မရသော လက်တွေ့ပိုင်းစာမေးပွဲတွေက ရေးဖြေနှင့်တန်းတူအရေးကြီးလာခြင်းတွေကြောင့် စာမေးပွဲနီးလာချိန်မှာ ပျာယာခတ်ရတာကတော့ စက္ကင်းအမ်ဘီတုန်းကနှင့် အတူတူပင် ဖြစ်သည်။ ဘယ်လိုကျက်ကျက် မပြီးနိုင်တော့ဟု ယူဆရသည့် စာတွေကို တစ်ယောက်တည်း ကြိုးစားကျက်ရင်း စိတ်ဓါတ်ကျသလို ဖြစ်လာလျှင် သူမကို အားပေးတတ်သည့် ရိပ်မိုးကို သတိရ တမ်းတမိပြန်သည်။

ဟောက်စ်ပြီးလို့ ဆရာဝန်တွေဖြစ်နေကြပြီဖြစ်သော သူငယ်ချင်းတွေကို ဆေးရုံမှာ အမှတ်တမဲ့ လှမ်းတွေ့ရတိုင်း သူမကို မမြင်သလို လုပ်သွားကြသဖြင့် သူမ အလွန်အမင်း ထိခိုက်ခံစားရသည်။ သူမကို မခေါ်ချင်မပြောချင်ဖြစ်ရလောက်အောင် သူမက ဘယ်လောက်ကြီးကျယ်တဲ့ ပြစ်မှုကြီးကို ကျူးလွန်ထားမိလို့လဲ။

ပါ့တ်တူးစာမေးပွဲကို ချောမောစွာ ဖြေဆိုအောင်မြင်ခဲ့ပြီးတဲ့နောက်မှာ ကျောင်းသားဘဝနှင့် ဆရာဝန်ဘဝကြား အကူးအပြောင်းကာလဖြစ်သည့် ဟောက်ဆာဂျင်ဘဝသို့ ရောက်ရှိလာသည်။ ကျောင်းသားဘဝကလို စာမကျက်ရ၊ စာမေးပွဲ မဖြေရသလို ဆရာဝန်တစ်ယောက်လိုလည်း တာဝန်မကြီးသေးသည့် ဟောက်ဆာဂျင်ဘဝကို ဆရာဝန်တစ်ယောက်ရဲ့ တစ်သက်တာမှာ အပျော်ဆုံး အချိန်ဟု ဆိုကြသည်။ သို့ပေမဲ့ ဆရာဝန်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အတွက် လိုအပ်သည့် တာဝန်ဝတ္တရားတွေကို သင်ယူရင်း ကျောင်းသူ၊ ကျောင်းသားတွေလို ရယ်မောနောက်ပြောင်ရင်း ပျော်စရာကောင်းတဲ့ နေ့ရက်တွေ ရှိသလို စိတ်ညစ်စရာကောင်းတဲ့ နေ့ရက်တွေကိုလည်း ရှောင်လွဲမရခဲ့ပါ။

ဘယ်သူက ဘယ်ဘာသာရပ်ပိုင်းဆိုင်ရာကို အရင်ဆင်းရမည်ဆိုသည့် ဟောက်စ်ဆာဂျင်အဖွဲ့ကြီးတွေကို နာမည်နဲ့ ခွဲတာဖြစ်ပေမယ့် ဘယ်သူက ဘယ်ဝါ့ဒ်မှာ ဆင်းရမည်ဆိုသည်ကိုတော့ မဲနှိုက်ကာ ဆုံးဖြတ်ကြခြင်းဖြစ်သည်။ တချို့သူတွေကတော့ ခင်မင်ရင်းနှီးသူတွေ စုကာ ဘယ်ဆေးရုံမှာ ဆင်းချင်သည်ဟု တောင်းယူကြသည်။ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးနှင့် ဆေးရုံသစ်ကြီးက ဝါ့ဒ်တွေကိုတော့ ဒါမျိုးတောင်းယူလို့မရ။ ပယ်ရီဖရယ် ဟု ခေါ်သည့် အရှေ့ပိုင်းဆေးရုံ၊ အနောက်ပိုင်းဆေးရုံ၊ အလုပ်သမားဆေးရုံ၊ တောင်ဥက္ကလာ အစရှိသည့် ဆေးရုံတွေကိုသာ တောင်းလို့ရသည်။ သူမကတော့ အတူတူ ဆင်းရလောက်အောင် ရင်းနှီးသူတွေလည်း မရှိ။ ဘယ်မှာ ဆင်းရ ဆင်းရလည်း အရေးမကြီးသူမို့ မဲနှိုက်ပြီး ရသည့် ဝါ့ဒ်ကိုသာ ယူခဲ့သည်။

သူမနှင့်အတူ တစ်ဝါ့ဒ်ထဲဆင်းရသည့်အဖွဲ့က ယောကျ်ားလေးများသည့်အဖွဲ့မို့ ဘရုတ်အလွန်ကျသဖြင့် တစ်ချိန်လုံး ရယ်နေရသည်။ သူတို့ အနားမှာနေတိုင်း သစ်ထွန်း၊ ရဲသွေးနှင့် မင်းနိုင်တို့ကို သတိရမိသည်။ ယောကျ်ားလေးတွေက အရာရာကို ရယ်စရာလုပ်ပစ်တတ်ကြပေမယ့်အလုပ်လုပ်ရာမှာလည်း လက်ရဲဇက်ရဲ ရှိသဖြင့် တစ်ခုခုဆို သူတို့က အရင်တတ်ကြသည်။ ထို့ကြောင့် ကျောင်းတုန်းက စာတွေ့သာ သင်ခဲ့ရသည့် နှာခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ထည့်တာ၊ ဆီးပိုက်ထည့်တာတွေ သူတို့ထံမှ ပြန်တပည့်ခံကာ သင်ယူရသည်။ တကယ်တော့ သူမက လက်တွေ့ပိုင်းကို လေ့လာမှု အားနည်းကာ အလေ့အကျင့်တစ်ခါမှ မရှိခဲ့တာမို့ အသားဆေးထိုးတာ၊ အကြောဆေးထိုးတာ၊ ဒရစ်လိုင်းချိတ်တာ၊ သွေးသွင်းတာ အစရှိသည့် အရာတွေကိုပင် ကျွမ်းကျင်မှု သိပ်မရှိ။ လူနာတွေနှင့် စာသင်ခဲ့ဖူးသော်လည်း ကုသရေးပိုင်းမှာ အခုမှ နဖူးတွေ့၊ ဒူးတွေ့ စတင်ရင်ဆိုင်ရသဖြင့် ချွေးပြန်ရတာ မကြာခဏ။ ဒရစ်လိုင်းပိတ်ရင်၊ သွေးပုလင်းက သွေးမကျရင် ဘာလုပ်ရမလဲ။ သွေးကြောပျောက်နေတာကို ဘယ်လိုရှာရမလဲ အစရှိသည့် အသေးအဖွဲဟု ထင်ထားသည့် အရာလေးတွေက သူမကို ကောင်းကောင်း ဒုက္ခပေးလေတော့သည်။ ဆေးရုံသို့ အခုမှ စရောက်လာသည့် လူနာများ၏ရောဂါရာဇဝင် မေးရတာကအစ ကျောင်းသူဘဝကလို တစ်နာရီအချိန်ယူကာ မေးလို့မရ။ တိုတိုနှင့်လိုရင်းကို (၁၀)မိနစ်ခန့်အချိန်အတွင်းမှာ ထိထိရောက်ရောက် မေးတတ်အောင် ကြိုးစားရတာ ပထမပိုင်းမှာ သူမအတွက် သိပ်မလွယ်လှ။

အားလုံးထက် အခက်ဆုံးမှာ အခွင့်အရေးယူချင်သော အမျိုးသားဆရာဝန်များကို ရှောင်ရှားရခြင်း ဖြစ်သည်။ လှတဲ့မိန်းကလေးတစ်ယောက်ရဲ့ဘဝက ဘယ်တော့မှ လုံခြုံမှု မရှိနိုင်တော့ဘူးလား။ အခုတော့ သူမအပေါ်မှာ ဘယ်သူက ရိုးသားပြီး၊ ဘယ်သူက မရိုးသားဘူး ဆိုတာကို မျက်လုံးအကြည့်နှင့်ပင် အကဲခတ်တတ်လာပြီမို့ ကြိုတင်ကာ ရှောင်နိုင်လေသည်။ အတူတွဲဆင်းရသည့် ဆရာဝန်တွေထဲမှာ သူမကို ကိုယ့်ညီမလို၊ ကိုယ့်သမီးလို သဘောထားကာ သင်ပြပေးရင်း ကူညီစောင့်ရှောက်သည့်သူတွေ

www.burmeseclassic.com

www.burmeseclassic.com



က အများစုပေမယ့် နေရာတိုင်းမှာ စုန်းပြူးတွေက ရှိနေတော့ ခက်သည်။

ထိုအထဲမှာ တစ်ယောက်ကတော့ အဆိုးဆုံးဟု ဆိုရမည် ထင်သည်။ သူက အစကတည်းက ထိုကိစ္စမျိုးတွေနှင့် နာမည်ကြီးပြီးသားမို့ ဂရုစိုက်ကာ အထူးတလည် ရှောင်ကာမှ သူကလည်း သူမနှင့် ဂျူတီမတူတူအောင် လိုက်လဲတတ်လေသည်။ မိန်းကလေးတွေ အားလုံးက သူနဲ့ တွဲဆင်းရမှာ ကြောက်သဖြင့် သူနှင့်ဂျူတီတူလျှင် လဲရန် အလွန်ခက်သည်။ ယောကျ်ားလေးတွေကိုသာ အကူအညီတောင်းရသည်။ အဲဒီ တစ်ခေါက်ကတော့ ယောကျ်ားလေးတွေကလည်း ဂျူတီတွေ အရမ်းကပ်နေသဖြင့် ဘယ်လိုမှ လဲလို့မရ။ သို့နှင့် နောက်ဆုံးမှာ ဆေးရုံမှာ တာဝန်ကျတဲ့ သူနာပြုဆရာမတွေရော၊ လူနာရှင်တွေ၊ လူနာတွေပါ ရှိနေတာပဲ ဘာကြောက်စရာရှိလဲဟု တွေးရင်း သူမ အားတင်းကာ ဆင်းခဲ့သည်။

ညနေဖက် တခြားသူတွေ ပြန်သွားတော့ သူက သူမအလုပ်လုပ်နေသည့် နေရာကိုလာကာ စကားပြောရင်းရောဖို့ ကြိုးစားသည်။ သူမက အလိုက်အထိုက်သာပြောပြီး လုပ်စရာရှိတာတွေကို ဆက်လုပ်နေသော်လည်း ထိုသူက နေရာမှ တော်တော်နှင့်မခွာ။ သူမကို နိုင်ငံခြားမှာ မော်ဒယ်လ် လုပ်ခဲ့ဖူးတယ်ဆိုတော့ ဟိုပုံတွေကော မရိုက်ခဲ့ဖူးလားဟု မေးလာတော့ သူမက ရိုက်ခဲ့တဲ့ပုံတွေအားလုံး မြန်မာနိုင်ငံမှာ ဘယ်သူ့ကိုမဆို ပြန်ပြရဲတဲ့ ပုံတွေချည်းပဲဟု ခေါင်းမော့ကာ ပြောပစ်လိုက်သည်။ ထိုထက်ပိုဆိုးသည်က "ဟောက်စ်အခန်းက သရဲခြောက်တယ်ဆို .... မကြောက်ဖူးလား .... ညကျရင် ကိုယ့်အခန်းမှာ လာအိပ်ပါလား" ဆိုသည့် စကားဖြစ်သည်။

"နေပါစေ .... ကျွန်မ သရဲမကြောက်တတ်ပါဘူး .... လူပဲ

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းကြောက်တတ်တာပါ”ဟု ပြောရင်း ထိုင်ရာမှ ထကာ လူနာခုတင်တွေနား ထွက်ခဲ့သည်။ ညရောက်လို့ ဆေးထိုးစရာတွေ အားလုံးထိုးပြီး အိပ်မလို့ပြင်လိုက်စဉ် သူမ တံခါးကို လာခေါက်ပြန်သည်။ မဖွင့်ပေးလို့ မကောင်းလို့ ဖွင့်ပေးရပြန်တော့ အခန်းထဲဝင်လာကာ စကားမရှိ စကားရှာ ကာပြောပြန်သည်။ ပါးစပ်ကလည်း အရက်နံ့ တထောင်းထောင်း၊ အဆုံးမတော့ သူမ အဲဒီညက အခန်းထဲမှာ မနေရဲသဖြင့် လူနာခုတင်တွေ နားက စားပွဲမှာထိုင်ရင်း ငုတ်တုတ် မိုးလင်းခဲ့သည်။

နောက်ထပ်တွေ့ရသည့် သူတွေကတော့ သူ့လောက် တစ်ယောက်မှ မဆိုးကြသဖြင့် သူမ ကိုယ့်ကိုယ်ကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်ခဲ့သည်။ မိန်းကလေး ဟောက်စ်ဆာဂျင်တွေကြားထဲမှာ ဆရာဝန်တစ်ယောက်က အခွင့်အရေးယူကာ ခါးကို သွားဖက်သဖြင့် ကျွန်မက ယောင်တတ်လို့ဆိုပြီး ပါးရိုက်ပစ်လိုက်တော့ သူနာပြုဆရာမလေး၏ သတင်းက အားကျ ဂုဏ်ယူစရာဖြစ်နေသည်။ ဒီလောကထဲမှာ ကင်းလို့မရသဖြင့် တစ်ယောက်နှင့်တစ်ယောက် အမှီအခိုပြုကာ ရင်းရင်းနှီးနှီး ဆက်ဆံနေကြရသူချင်း မောင်နှမလို စာနာစိတ်ထားကြစေချင်သည်။ ယောကျ်ားလေးတွေရဲ့ အခွင့်အရေးယူတတ်တဲ့ အကျင့်ကတော့ ဘယ်နိုင်ငံမှာမဆို အတူတူပဲဟုပင် ဆိုရမလို ဖြစ်သည်။ သို့သော် ဒီမှာတော့ ပတ်ဝန်းကျင်က ကိုယ်နှင့်မဆိုင်သလိုမနေဘဲ စောင့်ရှောက်ပေးကြတာမို့ သူများနိုင်ငံမှာ နေရတာထက်စာလျှင် အများကြီး လုံခြုံမှု ပိုရှိသဖြင့် တော်သေးသည်ဟု ဆိုရပေမည်။

ဟောက်စ်ဆာဂျင်ဘဝမှာ လူနာတွေ ကြင်နာ၊ သနားစိတ်ဖြင့် အတတ်နိုင်ဆုံး ပြုစုစောင့်ရှောက်ပေးခဲ့ပေမယ့် ဒီဆရာဝန်အလုပ်က သူမနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ညီတဲ့အလုပ်၊ သူမ စိတ်ပါဝင်စားတဲ့ အလုပ်တစ်ခုမဟုတ်ကြောင်း လုပ်ရင်းဖြင့် သူမ သိရှိသဘောပေါက်လာခဲ့သည်။ အတူဆင်းတဲ့ ဟောက်စ် ဆာဂျင်တွေထဲမှာ ဖစ်စင်ရှင်(သမားတော်ကြီး)ဖြစ်ချင်သူ၊ အိုဂျီဖြစ်ချင်သူ၊ ကလေးအထူးကုဖြစ်ချင်သူ၊ ဆာဂျင်ဖြစ်ချင်သူများကို ကွဲပြားစွာ တွေ့ရှိရ သည်။ သူမရော ဘာဖြစ်ချင်သလဲ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်မိ တော့ သူမ ဒီဘာသာရပ်အားလုံးကို တစ်ခုမှ ဟုတ်တိပတ်တိ စိတ်မဝင်စား ကြောင်း အဖြေထွက်လာသည်။ သူမ ဘာဖြစ်ချင်သလဲဆိုတာကိုလည်း သူမကိုယ်တိုင် ရှင်းရှင်းလင်းလင်း မြင်ထားခဲ့ပြီးမှတော့ တခြားလမ်းကြောင်း တွေကို ထပ်မံ စမ်းသပ်၊ လျှောက်လှမ်းကြည့်ဖို့ သူမမှာ ရည်ရွယ်ချက်မရှိ တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

အချိန်တွေကုန်တာ မြန်လွန်းလှသည်။ ဂီတရေစီးကြောင်းတွင် ဟစ်ပ်–ဟော့ပ်ဆိုသည့် ဂီတသစ်တစ်ခုပင် နေရာယူလာချေပြီ။ သူမတို့ ငယ်စဉ်က နိုင်ငံခြားအဆိုတော်ဆိုလို့ မက်ဒေါနားနဲ့ မိုက်ကယ်ဂျက်ဆင်လောက်သာ သိခဲ့ဖူးသည်။ အခုတော့ ခရမ်းရောင်နဲ့ စိုးတေဇတို့ရဲ့ ကျေးဇူးတွေကြောင့် အင်မီနမ်၊ လင့်ပ်ဘစ်ကစ်၊ ဘရစ်တနီစပီးယား၊ ခရစ်စတီနာအဂွလီယာ၊ ဒိုင်ဒို၊ အန်စင့်ခ်၊ လင်ကင်ပါ့က် စသဖြင့် နာမည်ပေါင်းများစွာ အဖွဲ့ပေါင်းများစွာကို သိရှိနားထောင်ခွင့်ရလာခဲ့သည်။ သူမ ဂျပန်မှာရှိစဉ်က ဟိုမှာ အလွန်ခေတ်စားနေသည့် ကာရာအိုကေ ရေစီးကြောင်းကလည်း မြန်မာနိုင်ငံကို တောရော၊ မြို့ပါ အတော်လေး ကူးစက် ပျံ့နှံ့နေလေပြီ။

သူမရဲ့ တူမလေး ဖြူလေးကတော့ လေးနှစ်ပြည့်လို့ မူကြိုပင်သွားနေလေပြီ။ သူမငယ်စဉ်က ကိုင်ဇာရဲ့သီချင်းထဲက "မိုးရွာရင် မိုးရေချိုးမယ်" ဆိုတဲ့ စာသားလေးကို ရွတ်ဆိုရင်း ကတတ်ခဲ့သလို သူကလည်း အက်စ်ရဲ့ "ငါပြောမယ် စိတ်မညစ်နဲ့ အခုထက" ဆိုတဲ့ စာသားနဲ့ က,တတ်လေရဲ့။ သူ့ရဲ့ကျောင်းနာမည်ကတော့ နှစ်ဦးနှစ်ဖက် သဘောကျ

www.burmeseclassic.com

www.burmeseclassic.com



လက်ခံသည့် သူမ ရွေးချယ်ပေးခဲ့သော "ကြယ်စင်ဖြူ" ဆိုသည့် အမည် ဖြစ်သည်။ တီတီတာတာ ပြောတတ်၊ မေးတတ်ကာ၊ အရာရာ သင်လွယ်၊ တတ်လွယ်သည့် ချစ်စရာ အရွယ်လေးမို့ တစ်အိမ်လုံးရဲ့ အသည်းကျော် ဖြစ်နေတာ အဆန်းတော့ မဟုတ်။ ငွေရောင်ကလည်း နောက်ထပ် ကလေးမရတော့တာမို့ သူသာ ပြိုင်ဖက်မရှိ ဆိုးနွဲ့ခွင့်ရနေလေသည်။

အခုတော့ သူမကို အဆိုတော် စိုးတေဇ၏ မရီး၊ မော်ဒယ်လ် ခရမ်းရောင်၏ အစ်မအဖြစ်နှင့်သာ ရည်ညွှန်းကာ သိကြတော့သည်။ စိတ်ရော၊ ရုပ်ပါ မေမေနှင့် လုံးဝမတူဟု ထင်ထားခဲ့မိသော ငွေရောင်က မေမေ့လို စီးပွားရေးလုပ်ငန်းမှာ စိတ်ပါကာ မေမေရဲ့ ဆေးကုမ္ပဏီကို အောင်မြင်စွာ ဦးစီးအုပ်ချုပ်ပေးနေသဖြင့် မေမေ အတော်လေး မျက်နှာလွှဲနိုင်နေပြီဖြစ်သည်။

သူမကတော့ ဘွဲ့ရအပြီးမှာ သူမ ဝါသနာပါသည့် စာသင်ကြားသည့် လိုင်းဘက်သို့ ရွေးချယ်ကာ လျှောက်ခဲ့သဖြင့် ဆေးတက္ကသိုလ်(၁)က ခန္ဓာဗေဒဌာနမှာ သရုပ်ပြဆရာမဖြစ်လာခဲ့သည်။ ကိုယ်အမှန်တကယ် လုပ်ချင်သောအလုပ်ကို လုပ်ခွင့်ရသည့်အတွက် အလုပ်ထဲမှာ စိတ်ရော၊ ကိုယ်ပါ မြှုပ်နှံရင်း စာအသင်အပြကောင်းတဲ့ ဆရာမတစ်ယောက်အဖြစ် ကျောင်းသူ၊ ကျောင်းသားတွေကြားမှာ နာမည်ရခဲ့သည်။

အခုတော့ သူမ တစ်ချိန်က အလွန်ကြောက်ခဲ့ရတဲ့ ခန္ဓာဗေဒကို သူမ ကိုယ်တိုင် ကျွမ်းကျင်စွာ သင်ပြနိုင်နေလေပြီ။ ကျောင်းသားတွေကို စာသင်ပြရတာ တစ်ခါမှ သူမ ငြီးငွေ့သွားတယ်လို့ မရှိခဲ့ဖူး။ သူမ သင်ရသည့် ကျူတိုရီယယ်အဖွဲ့ကို အခြားအဖွဲ့မှ ကျောင်းသားများပင်

www.burmeseclassic.com

www.burmeseclassic.com



လာကာနားထောင်တတ်ကြသည်။ သူမ ငယ်ငယ်ကတည်းက ရင်ခုန်ခဲ့သည့် ဆရာမဆိုသည့် နေရာတစ်ခုကို ပိုင်ဆိုင်ခွင့်ရတာ တခြားသူတွေအတွက် သိပ်ထူးခြားမှာ မဟုတ်သော်လည်း သူမအတွက်တော့ အလွန့်အလွန်ပင် ထူးခြားလှသည်။

ကျောင်းသား၊ ကျောင်းသူတွေကို စာသင်ပေးရုံတင်မကဘဲ သူတို့ရဲ့ အခက်အခဲလေးတွေကိုပါ မြင်တတ်အောင်ကြည့်ရင်း တတ်နိုင်သလောက် ကြိုးစား ဖြေရှင်းပေးခဲ့သည်။ သူမတုန်းကလို စိတ်အားငယ်တဲ့ ကလေးတွေ၊ စာကိုစိတ်မဝင်စားတဲ့ ကလေးတွေ၊ ဝါသနာမပါဘဲ မှားယွင်းကာ ရောက်လာသည့် ကလေးတွေ စသဖြင့် သူတို့တစ်ယောက်ချင်းစီရဲ့ အနေအထားကို စောင့်ကြည့်ရင်း နားလည်မှုတွေနဲ့ လိုအပ်ချက်တွေကို တတ်နိုင်သမျှ ဖြည့်ဆည်း၊ အကြံပေးနိုင်ရန် ကြိုးစားခဲ့သည်။ ရိပ်မိုးလို ရည်မှန်းချက်ကြီးပြီး စာကို စိတ်ဝင်စားတဲ့ ကလေးတွေကို တွေ့ရပြန်တော့ လမ်းကြောင်းမှန်ပေါ်မှာ ရောက်နေတဲ့ သူတို့ရဲ့ ကိုယ်ရည်ကိုယ်သွေးလေးတွေကို ပိုမို လင်းလက်တောက်ပလာအောင် အရောင်တင်ပေးမိပြန်သည်။

စာသင်ကောင်းသည့် သူမကို ကျူရှင်သင်ပေးဖို့ လာရောက်တောင်းဆိုကြပေမယ့် သူမ လက်မခံခဲ့။ မသိတဲ့စာတွေကို ကြုံကြိုက်တဲ့အချိန်မှာ ကြုံကြိုက်သလို လာမေးနိုင်တယ်လို့ ခွင့်ပေးရင်း အားလုံးကို တန်းတူရည်တူ သင်ပေးခဲ့သည်။ ထို့အတွက် သူမမှာ အားလပ်ချိန်တွေ နည်းသွားပေမယ့် သူမ ပျော်သည်။

သူမ လိုချင်သည့် ရိုးစင်းအေးချမ်းလှသော ဘဝကလေးကို ပိုင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရခဲ့ပြီမို့ သူမ အလွန်ကျေနပ်မိသည်။ မေမေလည်း သူမကို နားလည်နိုင်ခဲ့ပြီဟု ထင်မိသည်။ သူမရဲ့အဆုံးအဖြတ်တွေနဲ့ ပတ်သက်လို့ ဘာမှကန့်ကွက်ပြောဆိုခြင်း မပြုတော့။ ခရမ်းရောင်က မေမေ့ဆန္ဒကို ဖြည့်ဆည်းပေးကာ အောင်မြင်သည့် မော်ဒယ်လ်တစ်ဦးဖြစ်နေပြီ မဟုတ်လား။ ရှိုးပွဲတွေမှာသာမက ကြော်ငြာတွေမှာပါ နေရာယူနိုင်အောင် အောင်မြင်ခဲ့ပြီး အခု ဆိုလျှင် ရုပ်ရှင်ရိုက်ဖို့ပါ ကမ်းလှမ်းခံနေရပြီဖြစ်သည်။ သူ့ဆီကို မိတ်ဆက်စာရေးတဲ့ ပရိသတ်တွေက မြန်မာပြည်အနယ်နယ်အရပ်ရပ်က တင်မက၊ နိုင်ငံရပ်ခြားမှာရှိနေသော မြန်မာတွေထံမှပင် မိတ်ဆက်စာများ လာတတ်သည်။

အောင်မြင်လာသည့် ညီမငယ်ကို အစ်မတစ်ယောက်အနေဖြင့် ကိုယ်ရရှိခဲ့သော အတွေ့အကြုံများကို အခြေခံကာ သတိပေးတာတွေ ပြောမိသည်။ အဓိကကတော့ အောင်မြင်ချင်ဇောဖြင့် သူများခိုင်းတိုင်း မလုပ်မိဖို့၊ တစ်ချိန်မှာ ကိုယ်ပြန်နှောင်တရမည့် အလုပ်တွေကို မလုပ်မိဖို့ ဖြစ်သည်။ မလုံမခြုံဝတ်စားဆင်ယင်ခြင်းဖြင့် လူတွေကို ဆွဲဆောင်ခြင်းမှာ မမြင်ဖူးတာတွေကို မြင်ရတာမို့ အထူးအဆန်းဖြစ်ကာ အခိုက်အတန့်အားဖြင့်တော့ နာမည်ကြီးမှာ သေချာလှသည်။ သို့သော် ဒီနည်းဖြင့် အောင်မြင်မှုကို ရေရှည်ထိန်းထားလို့ မရသည့်အပြင် ကိုယ့်မှာရှိသော ကျက်သရေအလှပါ ယုတ်လျော့ပျက်စီးကာ တန်ဘိုးမဲ့သွားမှာဖြစ်ကြောင်း ခေတ်လူငယ်ဖြစ်သူ ညီမငယ်ကို သူမ နားလည်အောင် ရှင်းပြမိသည်။ မြင်ရသမျှကို ပြုံးပြုံးကြည့်ကာ၊ အားပေးကြသူ ပုရိသတွေကိုယ်တိုင်ကိုက ကွယ်ရာမှ မကောင်းပြောကြ၊ လှောင်ကြ၊ နှိမ်ကြ၊ အထင်သေးကြမှာ ဖြစ်ကြောင်း၊ ညီမငယ် သိနားလည်

www.burmeseclassic.com

www.burmeseclassic.com



အောင် ပြောပြခဲ့သည်။ သူမနှင့် စိတ်သဘောထားချင်း တူညီသော ခရမ်းရောင်ကလည်း သူမလိုပင် ဘယ်သူဘာပြောပြော ကိုယ့်အခွင့်အရေးကို ကိုယ်ကာကွယ်တတ်သည့် မလုံမခြုံ မဝတ်တတ်သည့် တန်ဖိုးမြင့် မော်ဒယ်လ်တစ်ယောက်အဖြစ် ထင်ရှားလေသည်။ သူ့ကိုတော့ မြန်မာ့ယဉ်ကျေးမှုနှင့် ကောမိသားစုရဲ့ကွပ်ကဲမှုနှင့်ပါ ထိန်းချုပ်ကာကွယ်ပေးထာတာမို့ ခရမ်းရောင်ရဲ့ဘဝက သူမ ဖြတ်သန်းခဲ့ရသည့် အနေအထားထက် များစွာ လုံခြုံမှုရှိပါသည်။

၂၀၀၂ခုနှစ် Pirelliပြက္ခဒိန်ကို ပထမဆုံးအကြိမ်အဖြစ် ဝတ်စုံပြည့်နှင့်ရိုက်မည်ဟု ကြားသိလိုက်ရတော့ သူမကို ဂျပန်မှာ ဖော်ချွတ်ရန် တိုက်တွန်းခဲ့သည်များကို သတိရကာ ပြုံးလိုက်မိသည်။ ဒါဟာ ဒီလိုနည်းနဲ့ လူတွေရဲ့ စိတ်ကို ရေရှည် ဆွဲဆောင်လို့ မရဘူးဆိုတာ သက်သေပြချက်တစ်ခုပဲ မဟုတ်လား။

မေမေက အသက်လည်း ကြီးလာပြီမို့ စကားတွေကို ထပ်ခါထပ်ခါ ပြောစပြုလာသည်။ မေ့လည်း မေ့တတ်စပြုလာပြီ။ စကားလည်း အတော်များလာသည်။ တစ်ခါတစ်ရံ လူတွေရှေ့မှာ “ဒါက ကျွန်မ သမီး ရွှေရောင် .... ဂျပန်မှာ မော်ဒယ်လ် လုပ်ခဲ့တာပေါ့ .... ဟင်း .... ဟင်း .... ပပဝင်းတို့သွားတယ်ဆိုတာ နောက်မှ .... ကျွန်မသမီးက သူတို့ထက် အများကြီးစောတာပေါ့” ဟု ပြောတတ်သဖြင့် သူမ မျက်နှာ ဘယ်မှာထားရမှန်း မသိအောင်ရှက်မိသည်။ ဒီကိစ္စတွေကို တတ်နိုင်လျှင် မေ့ထားချင်သည်။ ဂုဏ်ယူလို့လည်း မရ။

“မေမေရယ် မပြောပါနဲ့” လို့ လူကွယ်ရာမှာ အခါခါ တားမြစ်

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် မရတဲ့အဆုံး မေမေ စိတ်ချမ်းသာသလို ပြောပါစေတော့ ဟု တွေးကာ လျစ်လျူရှုထားလိုက်ရသည်။

အသက်(၃၀)နားကပ်လာပြီဖြစ်သည့် သူမကို မိတ်ဆွေ၊ အပေါင်းအသင်းတွေက "တစ်သက်လုံး အပျိုကြီးပဲ လုပ်တော့မှာလား" ဟု မေးကြသည်။ ဒီလိုအမေးခံရတိုင်း စိတ်ထဲက ရိပ်မိုးကို သတိရရင်း "ဖြစ်တော့မယ်နဲ့တူပါရဲ့" ဟု ဆိုမိသည်။

လက်မလျှော့သေးသည့် ကိုသစ်နောင်ကို ငြင်းရတာလည်း မောလှပြီ။ ဒေါသနှင့်ငြင်းလို့မရတော့ တောင်းပန်ကာ အနှောင့်အယှက် မပြုရန် ငြင်းခဲ့သည်။ ဘယ်လိုပဲဖြစ်ဖြစ် စောင့်နေမယ်ဆိုတော့ မခက်ပါလား။

မေမေကပင် သူမကို နှစ်ပေါင်းများစွာ စောင့်ဆိုင်းနေသည့် ကိုသစ်နောင်ကို သဘောကျနေပုံရသည်။ သူ တည်ထောင်ထားသည့် "မိုင်းလ်စတုန်း မီဒီယာ" ဗီဒီယို ဓါတ်ပုံရိုက်ကူးရေးကလည်း အတော်လေး နာမည်ရကာ အောင်မြင်နေလေသည်။ သူ့မိဘတွေက နာမည်ကြီး စီးပွားရေး သမားတွေမို့ ကျောထောက်နောက်ခံကလည်း တောင့်တင်းသည်လေ။ ထို့အပြင် လူရိပ်လူကဲသိကာ ပေါင်းသင်းဆက်ဆံရေးကောင်းလှသော ကိုသစ်နောင်က မေမေ့ကို ဘယ်လို ဝင်ရမလဲဆိုတာ ကောင်းကောင်းသိထားလေတော့ မေမေ့ဆီက အမှတ်တွေရနေတာ သိပ်မဆန်းလှပါ။ အိမ်ကို အဝင်အထွက်လုပ်ခွင့်ရအောင်၊ လူကြီးတွေနှင့်ရော ကလေးတွေနှင့်ပါ ရင်းနှီးအောင်လုပ်တတ်သူမို့ သူ့ကို အားလုံးက ခင်မင်နေကြပြီး သူမသာ လက်ခံမည်ဆိုပါက ဝမ်းမြောက်ဝမ်းသာ သဘောတူကြမည့် သူတွေချည်း ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ တစ်ချိန်က အစ်ကိုတစ်ယောက်လို ခင်ခဲ့ဖူးသော သူတစ်ယောက်ကို ပစ်ပစ်ခါခါ မလုပ်ချင်ပေမယ့် နောက်တစ်ကြိမ် မျှော်လင့်ချက်ပေးတယ်လို့ အဖြစ်မခံနိုင်တော့၍ ပြတ်ပြတ်သားသားသာ ဆက်ဆံခဲ့သည်။ ဒီကြားထဲမှာ သူမကို ကမ်းလှမ်းလာကြတဲ့ အခြားသူတွေရှိပေမယ့် သူမ စိတ်မဝင်စားခဲ့။ မေမေကတော့ သူမကို အပျိုကြီးဖြစ်မှာစိုး၍ အရွယ်မလွန်ခင် သင့်တော်သူ တစ်ယောက်ယောက်ကို လက်ခံလိုက်ရန် မကြာခဏ နားပူတတ်သည်။ သူမရဲ့ရင်ထဲမှာတော့ ငယ်ချစ်ဦး ရိပ်မိုးတစ်ယောက်သာ စွဲထင်နေဆဲမို့ ဘယ်သူ့ကိုမှ စိတ်ဝင်စားလို့မရ။

သူ့သတင်းတွေကို ရှာဖွေနေမိပေမယ့် ကိုယ်က မိန်းကလေးဆိုတော့ သိသိသာသာကြီး မစုံစမ်းရဲ။ အရင်က အတန်းဖော်တွေကလည်း သူမကို ဟက်ဟက်ပက်ပက် သိပ်မရှိကြ။

မကျူးလွန်ခဲ့တဲ့ ပြစ်မှုအတွက် ပေးဆပ်နေရသလိုပါပဲ။ အမှတ်ရစရာ လက်ကျန်ဖြစ်တဲ့ စာလေးတွေနဲ့ သူပေးခဲ့တဲ့ ကက်ဆက်ခွေကလေးကို မပျောက်ပျက်အောင် ထိန်းသိမ်းရင်း လွမ်းမြဲလွမ်းဆဲဆိုတာ သူ သိရဲ့လား။ ဘယ်လိုပဲဖြစ်ဖြစ် သူ သူမကို ချစ်နေဆဲလို့ ယုံထားချင်သည်။ မျှော်လင့်ချက်တွေ ဝေးကွာနေပေမယ့် ထာဝရဆက်ချစ်နေဦးမယ့် သူပါ ချစ်သူရယ် ....

၁၁

"မမရွှေရောင် ဆိုတာလားဟင် ...."

ကျောင်းပိတ်ရက်တစ်ရက်မှာ အိမ်သားတွေ အပြင်သွားကြလို့ သူမ တစ်ယောက်တည်း ဧည့်ခန်းမှာ စာအုပ်ထိုင်ဖတ်နေတုန်း ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အိမ်ထဲဝင်လာကာ မေးလိုက်ခြင်းဖြစ်သည်။ ငယ်နုသည့် မျက်နှာလေးက ခရမ်းရောင်နှင့်မှ ရွယ်တူလောက်ရှိမည်ဟု ယူဆရသည်။ သူမရဲ့ ကျောင်းသူတစ်ယောက်ယောက်များလား။ သူမရဲ့ကျောင်းသူတွေက ဆေးကျောင်းရဲ့ ထုံးစံအတိုင်း သူမကို "မမ"လို့ ခေါ်ကြပေမယ့် မမရွှေရောင်လို့တော့ ဘယ်သူမှ မခေါ်။

"ဟုတ်ပါတယ် .... ထိုင်ပါဦး .... ဘာကိစ္စလဲမသိဘူး"

ကောင်မလေးက သူ့ရှေ့မှာ မဝံ့မရဲဖြင့် ဝင်ထိုင်သည်။

"ဟို .... သမီးက .... ကိုနောင် .... အဲ .... ကိုသစ်နောင်ရဲ့ .... ဟိုဒင်း .... ချစ်သူပါ"

ကိုသစ်နောင်က သူ့မှာ ချစ်သူတွေရှိကြောင်း ပြောခဲ့ဖူးပေမယ့် ဒီလောက် သူနဲ့ အသက်ကွာတဲ့ ကောင်မလေးတစ်ယောက်နှင့်တော့ ချစ်သူဖြစ်လိမ့်မည်ဟု သူမ မထင်ခဲ့သဖြင့် အနည်းငယ် အံ့အားသင့်သွားမိသည်။ ကောင်မလေးက စကားဆက်ရန် မဝံ့မရဲပုံစံဖြစ်နေသဖြင့် သူမက

"ပြောလေ ညီမ .... အစ်မ ဘာကူညီပေးရမလဲ" ဟု အားပေးသလို ပြောလိုက်သည်။

ကောင်မလေးက ခေါင်းငုံ့ကာ အတန်ကြာ ငြိမ်သက်နေပြီးမှ

"ကိုသစ်နောင်နဲ့ သမီးက ဟို .... ချစ်နေတာကြာပြီ .... အဲ .... အဲဒါ အခုတော့ သမီးမှာ ကိုယ်ဝန်ရှိနေပြီ .... သူက .... မမကလွဲလို့ ဘယ်သူ့ကိုမှ မယူဘူးတဲ့ .... သမီးကိုယ်ဝန်ကို ဖျက်ချခိုင်းတယ် မမရဲ့"

"အို .... ဖြစ်ရလေ"

"သမီးကတော့ သူနဲ့လက်ထပ်ပြီး ဒီကလေးကို မွေးချင်တယ် ....

www.burmeseclassic.com



အဲဒါ မမ နောက်ဆုတ်ပေးနိုင်မလားဟင်”

ပြောရင်းနဲ့ မျက်ရည်တွေတွေကျနေတဲ့ ကောင်မလေးကို စိတ်မကောင်းစွာ ကြည့်ရင်း ဘယ်လို အားပေးနှစ်သိမ့်ရမှန်းမသိ ဖြစ်နေသည်။ တစ်ဆက်တည်းမှာပဲ ကိုသစ်နောင်ကိုလည်း အလွန်အမင်း စက်ဆုတ်ရွံရှာသွားမိသည်။ သူလည်း လူကြီးလူကောင်း ယောင်ဆောင်နေတဲ့ ကြောင်သူတော်တစ်ယောက်ပဲ။

“နောက်ဆုတ်ပေးစရာမလိုပါဘူး ညီမရယ် .... သူနဲ့မမက ဘာမှ ပတ်သက်တာမှ မဟုတ်တာ .... မမ သူ့ကို ဘယ်တော့မှ လက်ခံလာမှာ မဟုတ်ဘူးဆိုတာကို သူလည်း သိနေသားပဲ ....”

ကောင်မလေးက သူ့ကို မျက်ရည်ကြားမှ မယုံသလို မော့ကြည့်သည်။

“မမက သူနဲ့ချစ်နေတာကြာပြီဆိုတာ မဟုတ်ဘူးလားဟင် ... ဒီဓါတ်ပုံက မမ သူ့ကို ပေးထားတာဆို .... သမီး မမကို ရှာဖို့ သူ့ပိုက်ဆံအိတ်ထဲက ခိုးလာတာ”

ကောင်မလေး ထုတ်ပြတဲ့ ဓါတ်ပုံက သူမကို ကိုသစ်နောင် ဂျပန်မှာ ရိုက်ပေးခဲ့တဲ့ ဓါတ်ပုံတွေထဲက အလှဆုံးပုံဖြစ်သည်။ သူမကို ကိုသစ်နောင်က အမှတ်တရ လက်မှတ်ထိုးပေးပါဆိုလို့ ပုံရဲ့အနောက်မှာ

“ခင်တဲ့ ကိုသစ်နောင်အတွက်” ဟု ရေးကာ သူမ လက်မှတ်ထိုးပေးခဲ့သည်။ ခင်တဲ့ကို ချစ်တဲ့လို့ ပြောင်းရတာ လွယ်ကူလွန်းလှမှန်း သူမ ထိုစဉ်က မတွေးမိခဲ့။ သူမ ယူရေးခဲ့တာက သူ့ဘောလ်ပင်မို့ မှင်ရောင်ချင်းတူနေတာကလည်း အံ့သြစရာ မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ ကောင်မလေးပြသည့် ဓါတ်ပုံကို ကြည့်ပြီး ဒေါသထွက်လွန်း၍ စိတ်မထိန်းနိုင်စွာ ဆွဲဆုတ်ပစ်လိုက်မိသည်။ သူ ဒီစာသားကို လူ ဘယ်နှစ်ယောက်ကိုများ ပြခဲ့ပြီးပြီလဲ။ ကောင်မလေးပြန်သွားချိန်မှာတော့ သူ ကိုသစ်နောင်နှင့်တွေ့ကာ စကားပြောရန် အဆင့်သင့် ဖြစ်နေသည်။

ဒီတစ်ကြိမ်မှာတော့ သူမကို ထပ်မံ မနှောင့်ယှက်ရန် တောင်းပန်ဖို့ ဒေါသဖြင့် ရန်တွေ့ဖို့ မဟုတ်တော့။ သူနှင့် ကိုယ်ဝန်ရှိခဲ့သော ကောင်မလေးကို တာဝန်မဲ့စွာ လက်မထပ်ပါက သူမဘက်က တရားလိုပြသက်သေအဖြစ် လိုက်လံ သက်သေခံပေးရန် အဆင်သင့်ရှိကြောင်း အသိပေးရန်သာ ဖြစ်သည်။

"တကယ် .... တကယ်ပြောနေတာလား ...."

သူမတို့ ဆေးကုမ္ပဏီ၏ အရောင်းမြှင့်တင်ရေးအတွက် ရှမ်းပြည်နယ်ဘက်ကို ခရီးထွက်သွားရာမှ ပြန်လာသော ငွေရောင်ရဲ့စကားတွေကို သူမ ရုတ်တရက် ယုံလို့မရ။

"ဩော် .... မကြီးကလည်း .... ငွေရောင့်မျက်စိနဲ့ တပ်အပ်တွေ့လာခဲ့တာ .... ကိုရိပ်မိုး အမျိုးသမီးက ရန်ကုန်ကပဲ .... ကလေးတစ်ယောက်တောင် ရနေပြီတဲ့ .... ယောကျ်ားလေး ဖြူလေးထက် (၂)နှစ်လောက် ငယ်မယ်ထင်တယ်"

ကိုယ်ထဲမှာ ရှိသမျှ အင်အားတွေကို ဆွဲထုတ်ယူသွားသလို ခံစားလိုက်ရကာ လူတစ်ကိုယ်လုံး နုံးခွေကျသွားသည်။ အဆက်အသွယ်

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘဲ စိမ်းကား ပြတ်တောက်စွာ နေနိုင်ခဲ့ခြင်းရဲ့ အဖြေက ဒါပဲကိုး။

ပြန်မဆုံနိုင်အောင် ဝေးပြီဆိုတဲ့ အသိနဲ့အတူ မျှော်လင့်ချက်တွေ အားလုံး ကြေမွ ပျောက်ဆုံးသွားပေမယ့် သူမ စိတ်နာလို့မရတာ အံ့ဩစရာ ကောင်းလှသည်။

ငွေရောင်အခန်းထဲက ထွက်သွားတော့ စိတ်တင်းကာ ထိန်းထား ရသည့် မျက်ရည်စတွေ ကြွေကျလာသည်။ သို့သော် ခဏတာမျှသာ။ သူမ အချိန်ဖြုန်းလို့ မဖြစ်ဖူးလေ။ အခု သူမက အနက်တမီအမ်အက်စ်စီ ကျောင်းသူ တစ်ပိုင်းပါ ဖြစ်နေပြီမို့ စာကျက်ရင်း နောက်တစ်နေ့ သင်ခန်းစာတွေ အတွက် ပြင်ဆင်ရဦးမည်။

အချစ်မဲ့ခြင်းက ဘဝပျက်ခြင်း မဟုတ်ကြောင်း သူမရဲ့ အသည်း ကွဲလာတဲ့ တပည့်လေးတွေကိုတောင် သူမ အားပေးဆုံးမနေနိုင်ခဲ့သေးတာ ပဲ။ တကယ်တော့ အသက်အရွယ်နဲ့ ဆရာမဆိုသော ဂုဏ်သိက္ခာ အခြေ အနေအရ ရင့်ကျက်ချင်ယောင်ဆောင်နေရပေမယ့် သူမရဲ့ အသည်းနှလုံး ကတော့ အချစ်နှင့်ပတ်သက်လာလျှင် ဆယ်ကျော်သက်ကလေးလို နုဆတ် နေဆဲပါပဲ။ တစ်သက်မှာ တစ်ယောက်တည်းကိုသာ ချစ်ခဲ့ဖူးတာမို့ ဒီလောက် နာကျင် ကြေကွဲနေမိတာ အပြစ်ဆိုစရာတော့ ရှိမည်မထင်ပါ။

ကိုသစ်နောင် သူမကို လက်လျှော့ကာ လက်ထပ်သွားခြင်းအတွက် သူမ စိတ်လွတ်လပ်ပေါ့ပါးသွားကာ ကောင်မလေးအတွက်လည်း ဝမ်းသာမိ သည်။ ကိုသစ်နောင်တို့ မင်္ဂလာပွဲကို သူမတို့ တစ်မိသားစုလုံး သွားဖြစ်ခဲ့ ကြသည်။ ကိုသစ်နောင်လိုလူမျိုးကို သူမ လက်မခံခဲ့တာ မှားတယ်လို့ ထင်နေသေးတဲ့ မေမေ့ကို အကြောင်းစုံရှင်းပြလိုစိတ် မရှိတာကြောင့် ခပ်မ

www.burmeseclassic.com

www.burmeseclassic.com



ဆိတ်သာ နေခဲ့မိသည်။

အခုတော့ ကျောင်းမှာ တွယ်တာစရာ ကျောင်းသား၊ ကျောင်းသူတွေ၊ အိမ်မှာ တွယ်တာစရာ တူမလေး ကြယ်စင်ဖြူနှင့် ဟာနေခဲ့သော အသည်းနှလုံးက ကွက်လပ်တွေကို ကြိုးစား ဖြည့်ထားခဲ့သည်။ ပူလောင်တဲ့ အချစ်မျိုးတွေကို မလိုချင်တော့။ သူမအတွက် လိုလည်း မလိုအပ်တော့ဟု ထင်မိသည်။

ခရမ်းရောင်ရဲ့ သူငယ်ချင်းတွေကတော့ သူမကို အသက်သုံးဆယ်ပြည့်ပြီးပြီလို့ မထင်မှတ်ရလောက်အောင် နုပျိုသည်ဟု ဆိုကြသည်။ သူမထက် ခြောက်နှစ်ငယ်သော ငွေရောင်ကို သူမရဲ့အစ်မဟု ထင်ကြကာ သူမကို အငယ်ဟု ထင်နေကြသဖြင့် ဖြေရှင်းရတာ ခဏခဏ။ ငွေရောင်က ကလေးမွေးပြီးကတည်းက သူ့ကိုယ်သူ ထိန်းသိမ်းခြင်းမရှိလို့ အနည်းငယ် ပုံပျက်ကာ ဝနေသောကြောင့် သူမကို အငယ်လို့ ထင်ကြတာ တော်သေးသော်လည်း တစ်ခါတစ်ရံ ခရမ်းရောင်နှင့် သူမ ဘယ်သူက အငယ်လဲလို့ မေးလာကြတာကတော့ အံ့ဩစရာ ကောင်းသည်။ လေ့ကျင့်ခန်းမှန်မှန်လုပ်တဲ့ ကျေးဇူးတွေကြောင့်လား၊ အသီးအနှံ အမြဲစားတတ်လို့လား၊ ကိုယ်ဝါသနာပါတဲ့ အလုပ်ကို လုပ်ရတဲ့ ကျေးဇူးတွေကြောင့်လား မသိ။ သူမ အသက်ကို ပြောပြလျှင် အံ့ဩသွားတတ်ကြတာ များသည်။

ထို့ကြောင့် ကမ်းလှမ်းချက်တွေ သူမထံကို တိုက်ရိုက်ရော၊ မိဘတွေဆီက တစ်ဆင့်ပါ အဆက်မပြတ် ဝင်နေသေးတာကို သူမ တားဆီးနိုင်စွမ်းမရှိသေး။ ဒီလောက် ချောလှနေလျှက်နဲ့ ဘာလို့ အပျိုကြီးဖြစ်နေရတာလဲလို့ လာရောက်စပ်စုကြသူတွေကို အဖြေမပေးဘဲ ရယ်၍သာ နေမိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျက်ပြီလို့ထင်ထားပေမယ့် တကယ် မကျက်သေးတဲ့ ဒဏ်ရာတစ်ခု ရင်ထဲမှာ ရှိနေဆဲဆိုတာ တစ်ခါတစ်ရံမက်တတ်တဲ့ အိပ်မက်တွေနဲ့ သတိရတတ်တဲ့ အတွင်းစိတ်တွေက သူမကို သတိပေးနေတတ်ဆဲဖြစ်သည်။ မေ့သင့် မေ့ထိုက်တဲ့ အချိန်ရောက်နေပြီဖြစ်ပေမယ့် မေ့လို့မရသေးတာဟာ အချစ်ဦးမို့ ရှုံးတာဖြစ်မှာပါလို့ တွေးရင်း မေ့ပျောက်ဖို့ လမ်းစတွေကို သူမ ထပ်မံ ရှာဖွေနေမိပြန်တော့သည်။

၁၆

www.burmeseclassic.com

www.burmeseclassic.com

အခုတလော မက်ခဲ့ဖူးတဲ့ အိပ်မက်ကလေးကိုပဲ သူ ထပ်ကာတလဲလဲ ပြန်မက်နေသည်။ အိပ်မက်ထဲမှာ ရွှေရောင်က သူ့ကို ပြုံးပြကာ လက်ယပ်ခေါ်နေသည်။ သူ အနီးကိုရောက်တော့ ရှာမတွေ့။ ဘယ်ကိုများ ပျောက်သွားရတာလဲ။ အိပ်မက်က လန့်နိုးသည်အထိ သူ လိုက်လံ ရှာဖွေနေမိဆဲ။ အသိစိတ်တွေ ဝင်လာကာ အိပ်မက်မှန်း သိလိုက်ရတော့ ရင်ထဲမှာ ဟာကာ ကျန်ရစ်ခဲ့သည်။

အလုပ်တွေကြားထဲ ကိုယ့်ကိုယ်ကို နစ်မြှုပ်ထားရင်း စိတ်မအားလူမအားရှိနေစဉ်မှာ မေ့သယောင်ယောင်ထင်ရပေမယ့် မသိစိတ်တွေထဲမှာ ခိုဝင်ပြီး ကျန်ရစ်နေလို့များ အိပ်မက်တွေ မက်နေတာများလား။ ကိုယ့်ကို စွန့်ခွာသွားခဲ့သူ မိန်းကလေးတစ်ယောက်ကို နှစ်ပေါင်းများစွာ စွဲလမ်းကျန်ရစ်နေရလောက်အောင် သူက စိတ်ဓါတ်ပျော့ညံ့သူတစ်ဦးလား။ လူနာပေါင်းမြောက်မြားစွာတို့ရဲ့ အသက်တွေကို ကယ်တင်ခဲ့တဲ့၊ လူပေါင်းမြောက်မြားစွာတို့ရဲ့အားကိုးခြင်းကို ခံနေရတဲ့ ဒေါက်တာရိပ်မိုးမှာ အလွန်နူးညံ့ပြီး အားနည်းလွန်းလှတဲ့ နှလုံးသားတစ်ခုရှိနေတယ်လို့ ဘယ်သူကများ ရိပ်မိပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်မှာများ ရှိနေမလဲ။ ဘယ်လိုပုံသဏ္ဍာန်များ ဖြစ်နေသလဲ။ ဘာတွေလုပ်နေသလဲ။ သိချင်ပေမယ့် မစုံစမ်းရဲ။ မေ့နေပါပြီလို့ သူငယ်ချင်းတွေကို လိမ်ညာရင်း သူ့အကြောင်း ဘာမှမမေးမိအောင် စိတ်တင်းထားနိုင်ပေမယ့် ကိုယ့်ကိုယ်ကို လိမ်ညာရတာကျတော့ ခက်လွန်းလှသည်။

တလောက မန္တလေးကို တက်ကာ ဆေးဝယ်တော့ သစ်ထွန်းနှင့်တွေ့သည်။ ရွှေရောင့်အကြောင်း ဘာများ ထပ်ကြားသေးသလဲ မေးချင်ပေမယ့် သူကလည်း စကားမဟ။ ကိုယ်ကလည်း မဟဝံ့။ နောက်ဆုံးနှစ် စာမေးပွဲအပြီး အောင်စာရင်းတွေထွက်တော့ သူငယ်ချင်းတွေ သူ့ကို အရမ်းစိတ်ဆိုးခဲ့ကြတာ သူမှတ်မိသည်။ သူ့လို ရည်မှန်းချက်ကြီးသူ၊ နှစ်တိုင်းဘာသာစုံ ဒီထွက်အောင် ဖြေနိုင်ခဲ့သူတစ်ဦးက ဒီလို မိန်းကလေးတစ်ယောက်အတွက်နဲ့ ဘာဒီတစ်ခုမှ ပါမလာအောင် ဖြစ်ရတာကို ဂရုဏာဒေါသောနဲ့ ယူကျုံးမရဖြစ်ကြတာကို သူသိသဖြင့် သူကိုယ်တိုင်လည်း စိတ်မကောင်း။ တကယ်တော့ သူ့စိတ်ကို သူ ဒီ့ထက်ပို ထိန်းနိုင်သင့်သည်လေ။ အမှတ်စာရင်းထွက်တော့ တစ်နှစ်လုံးကြိုးစားခဲ့သည့်ရလာဒ်ကြောင့် ဘာသာစုံ ဂရိုက်ဖိုးဝင်လို့ တော်သေးတယ်ဟု ဆိုကြသည်။

ဒါပေမဲ့ သူ့အတွက်ကတော့ အဲဒီအချိန်က တစ်ခါမှ မခံစားဖူးတဲ့ အသည်းကွဲတယ်ဆိုတဲ့ ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားနေရချိန်မို့ တခြားဘာကိုမှ အရေးကြီးတယ်လို့ ထင်လို့မရခဲ့။ အချစ်ဆိုတာ အလွန်ပူလောင်တဲ့ မီးဆိုတာကို ကိုယ်တိုင်လောင်မြိုက်ခံရဖူးသူတွေ ကိုယ်တိုင်သာ ကိုယ်ချင်းစာလို့ ရမည်ထင်သည်။

အမှန်အတိုင်း ဖွင့်ပြောပြကာ သူ့ကို အဆက်အသွယ်ဖြတ်သွားလျှင်

www.burmeseclassic.com

www.burmeseclassic.com



ပင် သူ နားလည်မှုများဖြင့် ဖြေသိမ့်နိုင်စွမ်းရှိအုံးမည်ထင်သည်။ အခုတော့ သူ့ကို ညာရက်ခဲ့တာကို သူ ခံနိုင်ရည်မရှိခြင်း။ သူတစ်ယောက်သာ သူမကို ကမ္ဘာပေါ်မှာ နားအလည်ဆုံး၊ သူ့ကိုသာ အားအကိုးဆုံး၊ သူ့ကိုသာ အချစ်ဆုံးဆိုပြီး ဘာကြောင့်များ ဒီလို ညာရက်ခဲ့ရတာလဲ။

ကိုသစ်နောင်ဆိုသည့် ကင်မရာမန်းနှင့် သတင်းတွေ သူထံသို့ ရောက်ကာ စိတ်အနှောင့်အယှက်ပြုခဲ့ပေမယ့် ဖြေရှင်းသည့် စာလေးတစ်စောင်ဖြင့် သူကျေနပ် ယုံကြည်ပစ်ခဲ့သည်။ နောက်ထပ်ပင် ထပ်မမေးမိအောင် ချစ်ရသူရဲ့ ရိုးသားဖြူစင်မှုကို သူ သံသယတွေ ကင်းစင်နေခဲ့သည်။ စာအလာကျဲသွားရတာ အလုပ်တွေ အရမ်းများနေလို့ပါဆိုသည့် အကြောင်းပြချက်ကို ယုံကြည်စွာ လက်ခံခဲ့သည်။

တစ်နှစ်နီးပါး အလှည့်စားခံနေခဲ့ရမှန်း သိလိုက်ရတော့ သူ မယုံနိုင်လောက်အောင် ဖြစ်ကာ အဆုံးစွန်အထိ ကြေကွဲခဲ့ရသည်။ ဝေဝေခိုင်၏ အစ်မသာ ကိုသစ်နောင်နှင့် တက္ကသိုလ်တုန်းက ကျောင်းနေဖက်သူငယ်ချင်းတွေ မဟုတ်ခဲ့ပါက သူ ဘယ်လောက်ကြာကြာ အလှည့်စားခံနေရဦးမည်မသိ။ ရွှေရောင့်အကြောင်းတွေ အားလုံး၊ ရွှေရောင့်ရဲ့ စိတ်နေသဘောထားတွေ အားလုံးကို သူ့ထက်ပိုသိသူ၊ နားလည်သူမရှိဟု ကိုယ့်ကိုယ်ကို အထင်ကြီး စိတ်ကြီးဝင်နေရာမှ သူဟာ ရွှေရောင်ဆိုတဲ့ ကောင်မလေးတစ်ယောက် လှည့်သမျှခံနေရတဲ့ နလပိန်းတုန်းတစ်ယောက်သာ ဖြစ်နေပါလားလို့ သိလိုက်ရချိန်မှာ သူ ခံနိုင်ရည်တွေ ကင်းမဲ့ခဲ့ရသည်။

ဝေဝေခိုင် သယ်ဆောင်လာသည့် သတင်းကို ပထမတော့ လုံးဝမယုံပါ။ သို့ပေမဲ့ သူ မယုံချင်လို့ မရအောင် ဝေဝေခိုင်အစ်မကကော၊

www.burmeseclassic.com

www.burmeseclassic.com



ကိုသစ်နောင်ကပါ သက်သေခံပေးကြသည်။ ရွှေရောင်ဟာ ကိုသစ်နောင်နဲ့ လက်ထပ်ဖို့ ကတိရှိခဲ့ပြီးသားတဲ့။ ကိုသစ်နောင်မှာရှိတဲ့ ရွှေရောင့်ဓါတ်ပုံတွေကို တွေ့သွားသည့် ဝေဝေခိုင်အစ်မက မေးတော့မှ ကိုသစ်နောင်က သူနဲ့လက်ထပ်မယ့် မိန်းကလေးလို့ ရယ်ပြီး ဝန်ခံတာတဲ့။ ဓါတ်ပုံတစ်ပုံရဲ့ နောက်ကျောမှာရေးထားတဲ့ "ချစ်တဲ့ ကိုသစ်နောင်အတွက်" ဆိုတဲ့ စာသားနဲ့ လက်မှတ်ပါ တွေ့လာတာလို့ ဝေဝေခိုင်အစ်မက သူ့ကို သက်သေသက္ကာယ ဖြင့်ပြောတော့ သူ ဘယ်လိုအင်အားနဲ့ တင်းခံကာ မယုံဘူးလို့ ဆက်ငြင်းနိုင်ပါတော့မလဲ။ ရွှေရောင့်စာတွေထဲမှာ ဒီကိစ္စနဲ့ပတ်သက်လို့ သံသယဝင်စရာ လေသံလေးပင် မပါခဲ့။ ရွှေရောင့်ထံမှာ ဖြေရှင်းချက်တောင်းရင် ငြင်းမှာပဲမို့ သူငယ်ချင်းတွေ ဝိုင်းဝန်းတားမြစ်နေတဲ့ကြားက သူ ကိုသစ်နောင်ကို သွားတွေ့ခဲ့သည်။

ကိုသစ်နောင်က သူ့ကို လူကြီးလူကောင်းဆန်စွာ ကြိုဆိုပြီး စကားလက်ခံပြောပါသည်။ ရွှေရောင်က သူ့ကို သူ စိတ်မကောင်းဖြစ်သွားမှာစိုးလို့ မပြောတာ နေမှာပါတဲ့။ သူတို့ အကြောင်းတွေအားလုံးကို ရွှေရောင်က သူ့ကို ပြောပြခဲ့ပြီးသားတဲ့။ သဘောထားကြီးပုံရသော ကိုသစ်နောင်က သူ့ကို ရွှေရောင့်ကိုယ်စား ဖြေရှင်းချက်တွေ ပေးကာ ကာကွယ်ဖို့ ကြိုးစားပါသေးသည်။ လူကြီးဆန်သော ကိုသစ်နောင်က သူ့ထက်ပိုကာ ရွှေရောင့်ကို နားလည်ပေးနိုင်မယ်ဆိုတာ သူ သံသယဖြစ်စရာ မရှိတာမို့ ရွှေရောင့်ဘဝအတွက် သူ ဝမ်းသာပေးလိုက်ဖို့ ကောင်းပေမယ့် သူ ဘယ်လိုမှ ဝမ်းသာလို့ မရခဲ့။

ကာယကံရှင်ကိုယ်တိုင်က အတည်ပြုနေမှတော့ သူ့မှာ ဘာမျှော်လင့်ချက်များ ကျန်ဦးမှာလဲ။ အားတင်းကာ ဝေဝေခိုင့်အစ်မပြောတဲ့ ဓါတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



လေးကို ကြည့်ခွင့်တောင်းခဲ့မိသည်။ သူ့ရဲ့နောက်ဆုံးမျှော်လင့်ချက်ပါပဲ။ ဓါတ်ပုံက လက်ရေးနဲ့ လက်မှတ်က ရွှေရောင့်ရဲ့ လက်ရေးနဲ့ လက်မှတ်အစစ်ပဲဆိုတာကို တွေ့လိုက်ရတဲ့အခါ သူ့ရဲ့ နောက်ဆုံး ကောက်ရိုးတစ်မျှင်လည်း ကြေမွသွားခဲ့သည်။

အနေဝေးနေလို့ စိတ်ပြောင်းသွားခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို သူ အပြစ်တွေ ဆိုနေလို့လဲ အပိုပဲ မဟုတ်လား။ သူ့ထံ ဆက်လက်၍လာနေဆဲ ရွှေရောင့်ထံမှ စာတွေကို မဖောက်ဘဲ ဖျက်ဆီးပစ်လိုက်သည်။ ဘာဖြေရှင်းချက်တွေကိုမှ မကြားလို။ မသိလိုတော့။ အတူရှိခဲ့ဖူးတဲ့ နေရာတွေကိုတောင် မတွေ့ချင်၊ မမြင်ချင်လောက်အောင် စိတ်နာနေဆဲ သူ့အဖေ တောင်ကြီးရွှေ့ဖို့ အော်ဒါထွက်လာခြင်းက သူ့အတွက် စိတ်ထွက်ပေါက်တစ်ခု ဖြစ်စေခဲ့သည်။ ထို့ကြောင့် ဟောက်စ်ကို တောင်ကြီးမှာ သွားဆင်းဖို့ လျှောက်လွှာတင်ပြီး သူ့အဖေနှင့်အတူ လိုက်သွားခဲ့သည်။ သူတို့သွားပြီး မကြာမီမှာပင် အမေက လည်း ကျန်းမာရေးအခြေအနေအရ ဆေးပင်စင်ယူလိုက်ရသဖြင့် သူတို့ တစ်မိသားစုလုံး တောင်ကြီးမြို့သို့ ရောက်လာခဲ့သည်။

ဘွဲ့ကိုပင် အဝေးရောက်ယူခဲ့ကာ ရန်ကုန်သို့ မပြန်ဖြစ်တော့။ အလုပ်လျှောက်တော့လည်း ဆရာဝန် ပိုလိုအပ်မည့် ဝေးလံခေါင်ဖျားဒေသတွေကိုသာ သူ ဦးစားပေးကာ လျှောက်ခဲ့သည်။ သူ ရောက်ရှိခဲ့တဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းက ရိုးသားလွန်းလှတဲ့ နယ်သူနယ်သားတွေရဲ့ ယုံကြည်ကိုးစားမှုကို ရအောင် သူ ရှမ်းကုတွေနှင့် ယှဉ်ပြိုင်ကာ ကြိုးစားခဲ့ရသည်။ သူ ဝါသနာပါကာ နားလည်ကျွမ်းကျင်သည့် ခွဲစိတ်ကုသခြင်း အတတ်ပညာက သူ့ကို များစွာ အထောက်အကူ ပြုခဲ့သဖြင့် နယ်သားတွေ၏ ယုံကြည်မှုကို သူ

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း ရရှိလာခဲ့သည်။ ဆေးကုသရင်း ဆေးပညာဗဟုသုတတွေ ဖြန့်ဝေရင်း အစွဲအလန်းကြီးလွန်းမှုတွေကို လျှော့ချနိုင်အောင်ကြိုးစားရင်း အခက်အခဲတွေကို ရင်ဆိုင်ရင်း အချိန်တွေ မည်သို့ ကုန်သွားသည်ကိုပင် မသိလိုက်။ အခုဆို သူ ဒီဒေသကို ရောက်ရှိခဲ့ကာ သုံးနှစ်ဆိုသည့် ကာလကိုပင် ကျော်လွန်ခဲ့ပြီဖြစ်သည်။

ဆေးပညာဆိုင်ရာ ပြဿနာတွေကို သူ ခေါင်းအေးအေးထားကာ ဖြေရှင်းပေးနိုင်ခဲ့သော်လည်း သူ ကိုယ်တိုင် ခံစားလာရသည့် လူမှုရေးဆိုင်ရာ ပြဿနာတွေကိုတော့ မည်သို့ ဖြေရှင်းရမည်မှန်း သူ မသိပါ။ ရိုးသားကာ အစွဲအလန်းကြီးလှသည့် နယ်သူနယ်သားတွေက သူ့ကို ယုံကြည်မှုတွေ ပိုလာကာ သူမှ သူ ဖြစ်လာကြတော့ သူ့ကို ဒီဒေသမှ ထွက်ခွာသွားမှာကို စိုးရိမ်ကြပြန်သည်။ သူ့ကို နယ်ခံမိန်းကလေးတစ်ဦးနှင့် လက်ဆက်ပေးလိုက်လျှင် သူ ဒီမှာ မြဲသွားမှာပဲဟု ယူဆကာ သူ့ကို သားမက်တော်ချင်သူတွေ များပြားလာသည်။ သူ လိမ္မာပါးနပ်စွာ အကြိမ်ပေါင်းများစွာ ငြင်းပယ်နိုင်ခဲ့ပေမယ့် တစ်ကြိမ်မှာတော့ သူ ကံကောင်းလို့သာ သီသီလေး လွတ်သွားတာဟု ဆိုရပေမည်။ ဆယ်ကျော်သက်အရွယ်သာရှိသေးသော ထိုကောင်မလေး သူ့ကို သံယောဇဉ် ရှိနေမှန်း သူ ရိပ်မိသလို၊ သူ့မိဘတွေကလည်း သူ့ကို လိုလားနေမှန်း သူ သိပေမယ့် သူ မသိချင်ယောင်ဆောင်နေခဲ့သည်။ မျှော်လင့်ချက်တွေ ပိုတိုးကာ စိတ်လှုပ်ရှားလွယ်သော အရွယ်ဖြစ်သည့် ကောင်မလေး ခံစားရမည်စိုး၍ သူတို့ မိသားစုနှင့် သူ တတ်နိုင်သမျှ ကင်းကင်းနေခဲ့သည်။ ဒီအရွယ်ရဲ့ စိတ်ကစားတတ်မှုကို သူ နားလည်ထားတာမို့ မျှော်လင့်ချက် မရှိတဲ့အခါ မကြာခင်မှာ ပြေပျောက်သွားမှာပဲဟု သူ ယူဆ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ ထို့ကြောင့် သူတို့အိမ်မှ ထမင်းဖိတ်ကျွေးတာမျိုးကိုပင် သူ အကြောင်းအမျိုးမျိုးပြကာ ငြင်းခဲ့သည်။ မိသားစုဝင်တစ်ဦးဦးနေထိုင်မကောင်းဖြစ်ကာ မသွားမဖြစ်သည့် အနေအထားမျိုးရောက်မှသာ သူ ထိုအိမ်သို့ ရောက်ဖြစ်လေသည်။

အဲဒီနေ့က ကောင်မလေး အတော် ဗိုက်အောင့်နေလို့ ချက်ချင်းလာခဲ့ပါလို့ ကောင်မလေးအစ်ကို သူ့ကို လာခေါ်တော့ ညနေ မှောင်ရီပျိုးစပြုနေသည့်အချိန်။ သူ ဆေးအိတ်ကို ဆွဲကာ ချက်ချင်းထလိုက်ခဲ့တော့ သူ့အစ်ကိုက လမ်းမှာ အိမ်တစ်အိမ် ဝင်စရာရှိသည်ဆိုကာ ချန်နေရစ်ခဲ့သည်။ သူ ထိုအိမ်သို့ မရောက်မီတွင် ထိုကောင်မလေး အိမ်ဘေးမှာနေသည့် သူ့ကို အစ်ကိုလိုခင်နေသော ကောင်လေးက သူ့ကို လှမ်းတားကာ ထိုအိမ်သို့ မသွားရန်ပြောသည်။ သူက မသွားလို့ မဖြစ်ကြောင်း၊ တကယ်လို့ အသက်အန္တရာယ်ရှိတဲ့ကိစ္စသာဆို ဒုက္ခရောက်မည်ဖြစ်ကြောင်း ပြောကာ ဆက်သွားရန်ပြင်မှ ထိုကောင်လေးက သူ့ကို အကြောင်းစုံ ရှင်းပြသည်။ ထိုအိမ်မှာ လောလောဆယ် အဲဒီကောင်မလေးတစ်ယောက်သာ ရှိကြောင်း၊ သူ့အိမ်သားတွေက အပြင်ထွက်ကာ ခဏရှောင်နေကြကြောင်း၊ သူ အိမ်ထဲဝင်မှ သူနှင့်ကောင်မလေးကို ဝိုင်းဖမ်းကြရန် စီစဉ်နေကြတာ သူကြားခဲ့ရကြောင်း ပြောပြတော့ သူ တော်တော် ကြက်သီးထသွားမိသည်။ သူ ကောင်လေးကိုလည်း အလွန်အမင်း ကျေးဇူးတင်မိသွားသည်။ သူသာ မကယ်လျှင် သူ့ဘဝက ဘာတွေ ဆက်ဖြစ်မည်မသိ။ သို့ပေမဲ့ အဲဒီအစီအစဉ်အတိုင်း တကယ်မဟုတ်ခဲ့ဘဲ ကောင်မလေး တကယ်နေမကောင်းတာဆိုရင် မခက်ပါလားဆိုသည် ဆရာဝန်စိတ်၊ ဆရာဝန်အတွေးနှင့် သူ ရွာလူကြီးတွေကို ခေါ်ကာ ထိုအိမ်သို့ ရောက်အောင် သွားခဲ့လေသည်။ ဘာရောဂါလက္ခဏာမှ မတွေ့မှ

www.burmeseclassic.com

www.burmeseclassic.com



အုံ့သြနေသည့် ကောင်မလေးကို ဂျဲလ်မက်တစ်လုံးပေးပြီး နှုတ်ဆက်ကာ ပြန်လာခဲ့သည်။

တကယ်တော့ သူတို့ကို ကျောင်းမှာကတည်းက မိန်းကလေးလူနာ တစ်ယောက်ကို စမ်းသပ်တော့မည်ဆိုလျှင် အနားမှာ မိန်းမဖော်တစ်ယောက် ရှိကိုရှိရမည်လို့ ဆရာတွေက သင်ပေးခဲ့သားပဲ။ ဒါဟာ သူ့အတွက်ကော၊ ကိုယ့်အတွက်ပါ နှစ်ဦးနှစ်ဖက် လုံခြုံမှုရမည့် ကိစ္စဖြစ်ပေမယ့် စိတ်လော တတ်သည့် သူ့အကျင့်ကြောင့် တစ်ခါတစ်ရံ မည်သူ့ကိုမှ အဖော်မခေါ်ဘဲ လူနာထံ သွားမိခဲ့ခြင်းဖြစ်သည်။ လူနာရှင်တွေထဲက တစ်ယောက်မဟုတ် တစ်ယောက်တော့ အိမ်မှာရှိနေမှာပဲလို့ တွေးထင်ထားတဲ့အတိုင်း ဖြစ်မလာ ခဲ့ပါက မည်သို့ ပြုလုပ်ရမည်နည်း။ ထိုကဲ့သို့ဖြစ်ပြီး နောက်ပိုင်းမှာတော့ သူ လူနာလာပင့်လျှင် အကူကောင်လေးတစ်ယောက် ဒါမှမဟုတ် သူနာပြု ဆရာမတစ်ယောက် မပါဘဲ ထလိုက်သွားလေ့ မရှိတော့။

အခုတော့ သူ သံယောဇဉ် တွယ်စပြုနေသော ဒီဒေသနှင့် ခွဲခွာကာ ဆေးပညာနောက်တစ်ဆင့်တက်ရန် ရန်ကုန်သို့ သွားရတော့မည်။ သူ ဖြေဆို ခဲ့သည့် ခွဲစိတ်ကုပညာဘွဲ့လွန်သင်တန်း ဝင်ခွင့် အောင်မြင်ခဲသဖြင့် ဘွဲ့လွန် သင်တန်းတက်ရန် သွားရခြင်းဖြစ်သည်။

သူ့ရဲ့ ငယ်အိပ်မက်ဖြစ်တဲ့ ခွဲစိတ်အထူးကုဆရာဝန်ဆိုတဲ့ ဘွဲ့ကိုရဖို့ လမ်းကြောင်းပေါ်ကို သူ စတင်ရောက်ရှိလာခဲ့ပြီ။ အိပ်မက်တွေ တကယ်ဖြစ်လာ ဖို့ အိပ်မက်တွေရှိဖို့ လိုတယ်ဆိုတဲ့ စကားကို သူ အမှန်တကယ် ယုံကြည်မိ ပါသည်။ သူ့အိပ်မက်တွေ အားလုံး ဖြစ်မလာနိုင်ခဲ့ပေမယ့် တစ်ခုလောက်ဖြစ်ခွင့် ရခဲ့တယ်ဆိုရင်ကို သူ့အတွက် ကျေနပ်သင့်သည် မဟုတ်ပါလား။

၉၁

www.burmeseclassic.com

www.burmeseclassic.com



နယ်မှာနေခဲ့ရသည့် ကာလက ရှည်ကြာခဲ့သည်မို့ မြို့တော် ရန်ကုန်က သူ့အတွက် မျက်စိတွေရော၊ နားတွေပါ ရှုပ်နေစေတော့သည်။ ထို့ကြောင့် တာဝန်ကျသည့် ဆေးရုံ၊ အိမ်နှင့် ကျောင်းကလွဲလို့ သူ ဘယ်မှ မထွက်ဘဲ အတော်ကြာအောင် နေမိခဲ့သည်။ အိမ်ထောင်ကျနေပြီဖြစ်သည့် အလတ်မ မိုးနွယ်က သူတို့ ကျောက်မြောင်းက အိမ်မှာ ပြန်နေနေသဖြင့် သူလည်း ထိုအိမ်ကပဲ ကျောင်းတက်ဖြစ်သည်။ မိုးသွယ်ကတော့ ဘွဲ့ရပြီး တောင်ကြီး ကောလိပ်မှာပဲ ဆရာမလုပ်နေသည်။ တောင်ကြီးမြို့ကလေးကို နေရင်း သဘောကျနေကြသဖြင့် အဖေကလည်း သူ ပင်စင်ယူပြီးရင် တောင်ကြီးမှာပဲ နေတော့မည်ဟု ဆိုသည်။ အဖေက ပင်စင်ယူရန် (၂)နှစ်သာ လိုတော့သည်။ အမေကလည်း တောင်ကြီးနှင့် တည့်ပုံရသည်။ သူ ရန်ကုန် မလာမီ အိမ်ကို တစ်ခေါက်ပြန်တော့ အသားအရေတွေ စိုပြေကာ အတော်ကျန်းမာနေလေပြီ။

သူက နေ့လည်ဘက် ကျောင်းတက်ကာ ညဂျူတီကို ငါးရက်တစ်ခါလောက် ဆင်းနေရသဖြင့် အပြင် ဘယ်မှ သိပ်မထွက်နိုင်။ သူငယ်ချင်းတွေထဲမှာ လင်းလင်းနှင့် ရဲသွေးသာ ရန်ကုန်မှာရှိသည်။ လင်းလင်းက ပက်သိုလော်ဂျီကို အမ်အက်စီတက်နေခြင်းဖြစ်ပြီး ရဲသွေးကတော့ အလုပ်ထွက်ကာ စီးပွားရေးလုပ်နေသည်။ ရဲသွေးက သူ့ဆီကို မကြာခဏလာတတ်သည်။ သူ လမ်းမတော် ကျောင်းဘက်ကို ရောက်လျှင်တော့ ပက်သိုဌာနသို့ သွားကာ လင်းလင်းနှင့် စကားပြေဖြစ်သည်။ လင်းလင်းက သူ့ထက် တစ်နှစ်စောကာ အမ်အက်စီတက်ခဲ့သဖြင့် အခုဆိုလျှင် ဒုတိယနှစ်သို့ ရောက်နေပြီဖြစ်သည်။

ရဲသွေးက သူ လင်းလင်းကို ပရိုပို့စ်လုပ်ထားကြောင်း ပြောပြတော့ သူ အံ့ဩကာ ရယ်ချင်သွားသည်။ ကျောင်းတုန်းကတော့ သူတို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်လိုမှ ဆက်စပ်ကြည့်လို့ မရခဲ့။ သူငယ်ချင်းတွေ အချင်းချင်းထဲက ဆိုတော့ အကြောင်းသိတွေပဲဟာ ကောင်းတာပေါ့လို့ဆိုရင်း သူပါ လင်းလင်းကို လက်ခံရန် တိုက်တွန်းမိသည်။ အိုဂျီဖြစ်ချင်သည့် ရတနာကတော့ ဝင်ခွင့်စာမေးပွဲ တစ်ခါကျထားသည်။ နောက်တစ်ခါဆိုရင်တော့ အောင်ကိုအောင်ရမယ်လို့ သူရေးလာတဲ့စာထဲမှာ ကြိမ်းဝါးနေကြောင်း လင်းလင်းက သူ့ကိုရယ်ကာ ပြောပြသည်။ ရတနာက မန္တလေးမှာ တာဝန်ကျနေသည်။ သစ်ထွန်းနှင့် အတူတူ ဖြစ်သည်။ မင်းနိုင်ကတော့ မော်လမြိုင်မှာ။ မော်လမြိုင်သူ တစ်ယောက်နှင့် အဆင်ပြေနေသည်။ သူ မင်္ဂလာဆောင်ရင် သူငယ်ချင်းတွေ အားလုံး လာရမည်ဟု ဆိုလေသည်။ မျိုးကိုက ပြည်မှာ။ သူကတော့ ရန်ကုန်ကို မကြာခဏ ရောက်တတ်သည်။ သူ့ကိုလည်း အိမ်က သဘောတူထားသည့် မိန်းကလေးတစ်ယောက်နှင့် နေရာချပေးတော့မည်ဟု ကြားရသည်။ သူ့ကောင်မလေးက အတော်ချောသဖြင့် မျိုးကို ကိုယ်တိုင်ကလည်း သဘောကျနေသည်။ ရဲသွေးကတော့ သူ့ကိုတွေ့တိုင်း "အေး .... မင်းကိုယ်တိုင်က အစွမ်းအစမရှိတော့လည်း အိမ်က ပေးစားတာပဲ ယူရတာပေါ့ကွာ" ဟုဆိုကာ နှိပ်ကွပ်တတ်သည်။ ယမင်းကတော့ သူ့အမျိုးတွေရှိရာ အမေရိကားသို့ သွားကာ ဘွဲ့လွန် ဆက်တက်နေသည်။

သူငယ်ချင်းတွေအကြောင်း ပြောမိတိုင်း သူ ရွှေရောင့်ကို သတိရလာသည်။ သူတို့တွေကတော့ ရွှေရောင့်အကြောင်းကို ယောင်လို့တောင် မဟကြ။ သူတို့ပြောခဲ့သလို ရွှေရောင်ကို တကယ်ပဲ သူငယ်ချင်းစာရင်းထဲက ပယ်ဖျက်လိုက်ကြပုံပေါ်သည်။

သူတို့တွေကတောင် ဒီလောက်ပြတ်သားနိုင်သေးတာ သူက ဘာလို့ မပြတ်သားဘဲ သတိရနေတတ်တာလဲ။ နှစ်တွေကြာလာလို့ နာကျင်မှုတွေကို

www.burmeseclassic.com

www.burmeseclassic.com



ရော မေ့လျော့သွားခဲ့တာလား။ သူ့ရဲ့ အသည်းနှလုံးက အမှတ်သညာရော ရှိတတ်ရဲ့လားလို့ တစ်ခါတစ်ခါ သူ့ကိုယ်သူ ပြန်မေးနေမိသည်။

တစ်ခါတစ်ခါ လွမ်းဆွတ်တဲ့ဝေဒနာက မခံမရပ်နိုင်လောက်အောင် ပြင်းထန်သည်။ ဒီလို အချိန်တွေမှာ သူ ဘာလို့ နောက်ဆုတ် အရှုံးပေးခဲ့မိတာလဲလို့ ကိုယ့်ကိုယ်ကို အပြစ်တင်မိပြန်သည်။ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးလို့တောင် ဆိုထားတာပဲ။ သူ အရင်ဆုံးချစ်ခဲ့ရတဲ့ ချစ်ဦးသူကို သူ ပြန်လည် လုယူခွင့် မရှိဘူးလား။ နင် ငါ့ကိုပဲ ချစ်ရမယ်။ ငါ့ဆီကိုပဲ ပြန်လာခဲ့ပါလို့ သူ ဘာလို့ မတောင်းဆိုဘဲ ရှောင်ထွက်ပြေးခဲ့မိတာပါလိမ့်။ ကိုယ်လိုချင်မှန်း သေချာလွန်းနေတဲ့ အရာတစ်ခုကို ဘာလို့ ရအောင် မယူမိတာလည်းဆိုတဲ့ နောင်တက သူ့ကို တစ်ခါတစ်ရံမှာ လာရောက်နှိပ်စက်ညှဉ်းပမ်း နေတတ်သည်။

အခုတော့ အချိန်တွေ သိပ်လွန်ခဲ့ပြီ။ ပြန်ပြင်လို့ မရတဲ့အမှားတွေက သူ့ရင်ကို နာကျင်ကြေမွနေစေဆဲ။ဘယ်သူ့ကိုမှ ချစ်လို့မရခဲ့တာ၊ ဘယ်သူနဲ့မှ အစားထိုးလို့ မရခဲ့တာ ကြာလာလေ ထင်ရှားလာလေပါပဲ။ သူ့တစ်ယောက်ထဲကို ချစ်ခဲ့တာမို့ ပိုင်ဆိုင်ခွင့်တွေကိုလည်း သူ အမှန်တကယ်တပ်မက်မိပါသည်။ ပြီးဆုံးခဲ့ပြီလို့ ထင်ထားခဲ့တဲ့ ဇာတ်လမ်းတစ်ပုဒ်က သူ့ရင်ထဲမှာ မပျောက်ပျက်နိုင်စွာ ဆက်လက်တည်ရှိနေလိမ့်မယ်လို့ သူ ဘယ်တုန်းကမှ မျှော်လင့်မထားမိခဲ့။ အဲဒီအချိန်တွေကိုသာ ပြန်ရနိုင်မယ်ဆိုရင် သူ့ဘဝတစ်ခုလုံးကိုတောင်မှ သူ ပုံပေးနိုင်ပါသည်။ သူ ကြည့်ဖူးတဲ့ နိုင်ငံခြား ရုပ်ရှင်တွေထဲက Time-machine လိုဟာမျိုးသာ အပြင်မှာ တကယ်ရှိမယ်ဆိုရင် သူ အတိတ်ကာလတွေကို ပြန်သွားပြီး အဖြစ်အပျက်တွေအားလုံးကို ပြောင်းလဲပစ်လိုက်ချင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အခါခါ ရှောင်လွှဲခဲ့တဲ့ နေရာကို လာခဲ့တာ မှားပြီထင်သည်။ အတိတ်က မေ့နိုင်အောင် ကြိုးစားထားခဲ့တာတွေ အားလုံး အလဟဿဖြစ်ကာ ဝေဒနာတွေ အကုန်လုံး အသစ်ပြန်ဖြစ်ကုန်ပြီ။

သူ လွင့်မျောနေတဲ့ အတွေးတွေနဲ့ ဒီခန္ဓာဗေဒ ခွဲစိတ်ခန်းထဲမှာ ဘယ်လောက်ကြာအောင် ထိုင်နေမိသည်မသိ။ အခန်းဝက ခြေသံဖွဖွကို ကြားလိုက်ရမှ အသိစိတ်တွေ ပြန်ဝင်လာကာ ထိုင်ရာမှ ထရန် ပြင်လိုက်သည်။

"ဟဲ့ .... ဒီမှာ ဘာလာလုပ်နေတာလဲ .... အတန်းမတက်ဘူးလား.... ဩော် .... ဆောရီး .... ကျွန်မက ကျောင်းသားအောက်မေ့လို့"

ကြားဖူးနေကြ ရင်းနှီးလွန်းတဲ့အသံ။ အရင်လို မဝံ့မရဲ မဟုတ်တော့ဘဲ ပြတ်သားကာ ဩဇာသံပါလာတာ တစ်ခုသာ ကွာခြားသည်။ မပိုင်ဆိုင်ခဲ့ရတဲ့ လှနေဆဲ ချစ်ခဲ့ဖူးသူကို သူ အတန်ကြာအောင် မှင်တက်စွာ ငေးကြည့်နေမိသည်။ အရင်လို အချိုးအဆက်ပြေပြေပြစ်တဲ့ ခန္ဓာကိုယ်၊ ဝင်းပဆဲ အသားအရေ၊ ဒုတိယနှစ်ဆေးကျောင်းသူလေးလို နုပျိုဆဲ မျက်နှာမှာ ဖြည့်စွက်ထားတဲ့ ရင့်ကျက်တည်ငြိမ်ခြင်းနဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုများ ....။ သူမ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူ့ကို ချက်ချင်း မှတ်မိသွားပုံရသည်။

“ရွှေရောင်”

“ရိပ်မိုး”

နှစ်ဦးစလုံးရဲ့ အသံတွေ တုန်ခါနေကြတာ ကိုယ်စီ သတိထားမိကြသည်။ ပြောစရာတွေများလွန်းလို့ ဘယ်ကနေ စပြောရမှန်းပင် မသိ။ ရင်ထဲမှာ စကားလုံးတွေနှင့် တင်းကြပ်ကာ ဆို့နင့်နေကြသည်။ ဘာကြောင့် ရင်တွေ ခုန်နေသေးတာလဲ။ ပထမဆုံးအကြိမ် တွေ့ဖူးခဲ့စဉ်တုန်းက ခံစားချက်မျိုး ဒီအချိန်မှာ သူ မခံစားသင့်တော့ဘူးလေ။

စိတ်တွေကို ငြိမ်သက်အောင် ထိန်းသိမ်းရင်း အကြည့်တွေကို အသီးသီးလွှဲဖယ်ကြရင် ပြိုင်တူ စကားစမိကြသည်။

“နင့် အမျိုးသမီးရော နေကောင်းရဲ့လား”

“ကိုသစ်နောင်ရော နေကောင်းရဲ့လား”

သူ့အမေးစကားကို ရွှေရောင်က မချိပြုံးပြုံးကာ

“ကိုသစ်နောင်နဲ့ မတွေ့ဖြစ်တာ ကြာပါပြီ .... နင် မေးခွန်းမှားနေတယ် .... ဒီမေးခွန်းက သူ့အမျိုးသမီးကို မေးရမှာ” ဟု ဆိုလေသည်။

“ဒါဆို နင် ....”

“ဟုတ်တယ်လေ .... အပျိုကြီးပဲပေါ့ .... နေပါဦး .... နင်က ဒီကို ဘာလာလုပ်တာလဲ .... နင့် မိန်းမနဲ့ကလေးကော”

သူ့ရင်ထဲမှာ မျှော်လင့်ချက်ရောင်ခြည်တွေ ပြန်လည်ရှင်သန်လာသည်။

“ငါ အိမ်ထောင်ကျနေပြီလို့ ဘယ်သူက ပြောလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ငွေရောင်က သူ နယ်ကို ဆေးလ်ပရိုမိုးရှင်းသွားတုန်းက နင့်အမျိုးသမီးနဲ့ ကလေးရဲ့ပုံကို နင် တာဝန်ကျနေတဲ့ မြို့မှာ တွေ့ခဲ့တယ်လို့ ပြောတာပဲ"

သူ ဟက်ဟက်ပက်ပက် ရယ်ချလိုက်မိသည်။ သူ ဒီလို စိတ်လက်ပေါ့ပါးစွာ ရယ်လို့ မရတာ အတော်လေးကြာခဲ့လေပြီ။

"အဲဒါ မိုးနွယ်နဲ့ သူ့ကလေးပုံတွေ .... အဲဒီမှာ သားမက် ဖမ်းချင်တဲ့ လူတွေရဲ့ရန်က လွတ်အောင်ဆိုပြီး မိန်းမနဲ့ကလေးလို့ တမင်ပြောထားရတာ .... မမေ့အစီအစဉ်တွေပေါ့ ...."

"ဒါဆိုရင် နင်က ...."

"နင့်လိုပဲပေါ့"

အပြုံးလေးနဲ့ ဝင်းပသွားတဲ့ မျက်နှာကို ငေးကြည့်ရင်း ရင်ထဲမှာ ဘာတွေရှိလဲဆိုတာ မပြောဘဲ နားလည်လိုက်သည်။

"ငါ နင့်ကို ချစ်နေတုန်းပဲ ရွှေရောင် ...."

မျက်တောင်နက်တွေနဲ့ ဖုံးကွယ်ထားတဲ့ မျက်ဝန်းအောက်က လွင့်စင်ကျလာတဲ့ မျက်ရည်တစ်စက အဖြေပဲလား။

"ငါတို့ ဘာလို့ ဒီလောက်ကြာအောင် ဝေးနေကြရတာလဲဟင်"

ရှိုက်သံသဲ့သဲ့ပါတဲ့ မေးခွန်းကြောင့် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်ချင်လောက်အောင် ဖြစ်သွားသည်။ အထင်လွဲမှုတွေ နာကြည်းမှုတွေ သူ့တစ်ကိုယ်လုံး ဘယ်နေရာမှာမှ ရှာလို့မတွေ့တော့။ ဒုတိယနှစ်ဆေးကျောင်းသားလေး ဘဝတုန်းကအတိုင်း ရင်ခုန်သံတွေ မြန်ကာ စိတ်တွေ လှုပ်ရှားနေမှန်း ကိုယ့်ကိုယ်ကို သတိပြုလိုက်မိသည်။

"ငါတို့ တစ်သက်လုံး နောက်ထပ် ဘယ်တော့မှ မဝေးစေရတော့

www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ ငါ ကတိပေးတယ်ဟာ”

“တကယ်ပြောတာနော်”

သူမရဲ့ လက်ဖျားလေးတွေလည်း အေးစက်နေတာပါပဲလား။ တိတ်ဆိတ်နေတဲ့ အခန်းကျယ်ထဲမှာ ရင်ခုန်သံ နှစ်ခုရဲ့ မြည်သံကသာ ကျယ်လောင်လို့ နေတော့သည်။

မေးခွန်းတွေ မေးနေစရာ၊ ဖြေနေစရာ မလိုတော့။ နှလုံးသားရဲ့ စာမျက်နှာတွေကို အပြန်အလှန် ကိုယ်စီ ဖတ်တတ်နေကြပြီပဲ။ ကုန်ဆုံးခဲ့တဲ့ ဝေးကွာချိန်တွေကို ပြန်တွေးကာ နှမျောရင်း အမြန်ဆုံး ပြန်လည် ဖြည့်ဆည်းဖို့ ဆုံးဖြတ်မိကြသည်။

ဒီတစ်ကြိမ်မှာတော့ သူတို့နှစ်ယောက်စလုံး နှလုံးသားအိပ်မက်တွေနဲ့ရော။ ဘဝအိပ်မက်တွေနဲ့ပါ နောက်ထပ် ဝေးကွာစရာအကြောင်း လုံးဝမရှိကြတော့တာ သေချာလွန်းလှပါသည်။။။

**ကျွန်း**

**၂၇၊ ၁၂၊ ၀၁**

www.burmeseclassic.com

www.burmeseclassic.com




ဂျူး

# အိပ်မက်တို့ဝေရာ

www.burmeseclassic.com